ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏာမြို့။

## စစ်ကိုင်းစာသင်တိုက်

# သိမ်သမိုင်း



နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ ကြီးမှူး၍

သံဃာတော်(၁၃၂)ပါး သိမ်သမုတ်တော်မူနေကြစဉ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့

နှင်းဆီကုန်း ( က ) ရပ်ကွက်၊

# စစ်ကိုင်းစာသင်တိုက် ဆရာတော်

၏

# သိမ်သမိုင်း



၁၃၆၈-ခုသီတင်းကျွတ်လ ၊ (၂၀၀၆၊အောက်တိုဘာလ)

၁၉-၁၁-၂၀၁၀

ဘဒ္ဒန္တဓမ္မာနန္ဒ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယဥက္ကဋ္ဌ)
ကမ္ဘာအေးမရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်း။


သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၉၄၆၃
ရက်စွဲ ၂၄-၁၁-၁၀
သုတေသနစာကြည့်တိုက်



သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
(မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂၄၀၅)က ပုံနှိပ်ထုတ်ဝေပါသည်။

## တိုက်တွန်းတောင်းပန်

ဦးကြွင် – ဥက္ကဋ္ဌ
တိုက်အမှတ် (၄၇) အခန်း(၁)၊ဂန့်ဂေါ်မြိုင်လမ်း၊
စုပေါင်း၊ သုဝဏ္ဏ။

သိမ်ကျောင်းဆောက်လုပ်၍ ရေစက်ချအခမ်းအနားပွဲပြုလုပ်ပြီး နောက် သိမ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ တကာကြီးဦးကြွင် က ပုဇွန်တောင်မြသိန်းတန်ကျောင်းတိုက်၏ သိမ်သမိုင်းစာအုပ်ကလေးယူလာ ပြီး တခြားကျောင်းတွေမှာ အမှတ်တရ သိမ်သမိုင်း၊ သိမ်မော်ကွန်း ဆိုပြီး စာအုပ်ကလေးတွေ ပုံနှိပ်ထုတ်ဝေတာတွေ့ရတယ်ဘုရား၊ တပည့်တော်တို့ လဲ ယခုသိမ်ပြီးမြောက်အောင်မြင်သွားပြီ၊ အမှတ်တရသိမ်သမိုင်းစာအုပ်ရှိ သင့်သည်ဟု အကြံဖြစ်ပေါ်လာတာနဲ့ အရှင်ဘုရားအား သိမ်သမိုင်းစာအုပ် ရေးသားရန် လျှောက်ထားရင်း ဒီစာအုပ်ကလေးကြည့်ရအောင် လာပြီးကပ် တာပါဘုရားဟု လွန်ခဲ့တဲ့(၄–၅)နှစ်က လျှောက်ထားခဲ့ပါသည်။

တကာကြီးဦးကြွင်၏လိုလိုချင်ချင်အမျှော်အမြင်ကြီးစွာတိုက်တွန်း တောင်းပန်လျှောက်ထားချက်အရမဖြစ်မနေရေးရမဲ့တာဝန်ဖြစ်လာပါသည်။ တာဝန်ရှိသည်အားလျော်စွာ သိမ်ဖြစ်မြောက်ရေးစတင်ဆောင်ရွက်သည်မှ စ၍ ရေးမှတ်ထားသောစာအုပ်စာတမ်း ဖိတ်စာ၊ပင့်စာများရှာဖွေစုဆောင်း ပြီး သိမ်သမိုင်းစာအုပ်ရေးရန် စီစဉ်ရပါတော့သည်။ရေးသားတဲ့အခါမှာလဲ သိမ်သမိုင်းချည်းသက်သက်မဟုတ်ဘဲ အပိုင်းသုံးပိုင်းဖြင့် ခွဲခြားရေးသား လျှင် ပြည့်ပြည့်စုံစုံဖြစ်လိမ့်မည်ဟု စဉ်းစားလျှက်

၁ ။ ပထမပိုင်း သိမ်ဖြစ်ပေါ်လာပုံ သိမ်သမိုင်း
၂ ။ ဒုတိယပိုင်း ကျောင်းတိုက်ဖြစ်ပေါ်လာပုံ ကျောင်းသမိုင်း
၃ ။ တတိယပိုင်း စာသင်တိုက် စတင်တည်ထောင်သော

**ဆရာတော် ၏ ပုဂ္ဂိုလ်သမိုင်း**

ဤကဲ့သို့အပိုင်းသုံးပိုင်းဖြင့် သိမ်သမိုင်းစာအုပ်ရေးသာမည်ဖြစ် ကြောင်းဖော်ပြအပ်ပါသည်။

ရေးတတ်၍ရေးသည်မဟုတ်၊အရေးခိုင်း၍ရေးရသောကြောင့်တကယ့်ဖြစ်စဉ် များဟုတ်တိုင်းမှန်စွာရေးသော် ဖတ်လိုတော့ကောင်းမည်မဟုတ်ပါ။

# ဓမ္မဒါနအလှူရှင်

(၁) ဦးစောစံ + ဒေါ်ဝင်းကြည်

သမီး မဝင်းသန္တာ၊

သား မောင်စံဝင်းဖြိုး၊ မောင်ပြည့်ဖြိုးထက်

အမှတ်(၂၈)၊ အင်ကြင်းမြိုင်လမ်းသွယ်(၅)၊

(၂၃)ရပ်ကွက်၊ သုဝဏ္ဏမြို့။

● အလှူငွေကျပ်(၁၂)သိန်း

(၂) ဦးတေဇိန္ဒ

အုတ်ဖိုကျုံးရိုးကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

● အလှူငွေကျပ်(၁၅၀၀၀၀ိ/)

(၃) ဦးတင်အေး + ဒေါ်တင်ကြည်

'သိန်းထိုက်အောင်ဆန့်ပွဲရုံ'၊ စစ်ကိုင်းမြို့။

● အလှူငွေကျပ်(၁)သိန်း

## ကျေးဇူးတင်လွှာ

သိမ်သမိုင်းစာအုပ် ပုံနှိပ် ထုတ်လုပ်နိုင်ရန် ညွှန်ကြားပေးသော သာသနာရေးဝန်ကြီး ဦးစီးဌာနမှ ညွှန်ကြားချက်အရ မေတ္တာ စေတနာ အပြည့်အဝဖြင့် အစအဆုံး ဆောင်ရွက်ပေးသော သာသနာရေး ဦးစီးဌာနမှ ဦးထွန်းလှ ညွှန်ကြားရေးမှူး၊ သာသနာရေး ဦးစီးဌာနနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းနောင်အားလည်းကောင်း အထူး ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။

### ကွန်ပျူတာ

ဤ သိမ်သမိုင်းစာအုပ် ဖြစ်ပေါ်လာရန် အကြိမ်ကြိမ် စီစစ်၍ ကွန်ပျူတာ စာစီရိုက်နှိပ်ပေးသော ဦးဥတ္တရ (စာချ-ဓမ္မာစရိယ မြို့နယ်-တိုင်း ဝိနည်းဓိုရ်)နှင့် မောင်အောင်ဇော်မင်း(BRAVO)အား အထူး ကျေးဇူးတင် ဂုဏ်ပြု မှတ်တမ်းတင်ပါသည်။

### ပုံနှိပ်တိုက်

ဤသိမ်သမိုင်းစာအုပ် ဖြစ်ပေါ်လာရန် အဘက်ဘက်မှ ကူညီပေးသော ကိုအောင်နိုင်နိုင် (ကလျာ ပုံနှိပ်တိုက်)၊ တိုက်(၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊ စုပေါင်း၊ သုဝဏ္ဏအား အထူး ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

## မာတိကာ

“ သာသနာ့ဌိတိက ပုဗ္ဗာရုံသိမ်တော်ကြီးဖြစ်ပေါ်လာပုံ ”


၁။ “ သိမ်နှုတ်ဖြစ်ပေါ်လာပုံ ” .................................. ၁
၂။ “ သိမ်သမုတ် ”
၃။ “ သိမ်အုဋ္ဌ်မြစ်ချ ”
၄။ “ သိမ်ကျောင်းဆောက် ”
၅။ “ ဆောက်လုပ်ပြီးစီး ” .................................. ၂
၆။ “ သိမ်ကျောင်းရေစက်ချ ”
၇။ “ အကြောင်းအရာ ”
၈။ “ ရဟန်းခံ ” .................................. ၃
၉။ “ သိမ်အစုရေရွေးဝိုင်းက ”
၁၀။ “ သိမ်တက်ပြီးပြီလား ” .................................. ၄
၁၁။ “ သိမ်ရှိဖို့ကောင်း ”
၁၂။ “ နယ်သိမ်းသိမ်ရပါသလား ”
၁၃။ “ ကောင်စီတပိုင်သိမ်း ” .................................. ၅
၁၄။ “ တိုက်တွန်းညွှန်ကြား ”
၁၅။ “ ငွေထုပ်ကြီးပေး ”
၁၆။ “ အချိန်အခါရောက် ” .................................. ၆
၁၇။ “ ရက်သတ်မှတ် ”
၁၈။ “ သာသနဥဿျောင် ”
၁၉။ “ ဂုဏ်ကျေးဇူး ” .................................. ၇
၂၀။ “ ငွေနှစ်ထောင် ”
၂၁။ “ တိုင်ပင်ညှိနှိုင်း ”
၂၂။ “ တာဝန်ယူ ” .................................. ၈
၂၃။ “ ငြိမ်းအေးချမ်းသာ ”
၂၄။ “ ညောင်စောင်းကွက် ”
၂၅။ “ စစ်ဆေးကြည့်ရှု ” .................................. ၉
၂၆။ “ တန်ကြေးအရှိဆုံး ”
၂၇။ “ သိမ်မြေပြင်တိုင်း ” .................................. ၁၁
၂၈။ “ ပန္နက်ရိုက် ”

၂၉။ " ညောင်စောင်းကွက်ဖေါ် "............................ ၁၁
၃၀။ " အောင်လံထူ " ............................ ၁၂
၃၁။ " ကမ္ဘဝါညှို "
၃၂။ " ခရုပတ်နှုတ်နည်း "
၃၃။ " တစ်ဖန်သတိပေး "
၃၄။ " ကော်မတီဖွဲ့ " ............................ ၁၃
၃၅။ " ပွဲတမျှစီကား "
၃၆။ " ဆရာတော်နှစ်ပါးကြွ "
၃၇။ " ရင်ဘောင်တန်း " ............................ ၁၄
၃၈။ " ထောင့်တန်းယက်ကန်းခတ် "
၃၉။ " ပုရွက်ကြောင်းနှုတ်နည်း "
၄၀။ " ရင်ဘောင်တန်းနည်း " ............................ ၁၅
၄၁။ " ရေစုံတိုက်နည်း "
၄၂။ " ဒေါင့်တန်းနည်း "
၄၃။ " ကြက်ခြေခတ်နည်း "
၄၄။ " ဒေါင်တန်းကြီးနုတ်နည်း " ............................ ၁၆
၄၅။ " ဖါတဝက်စာ "
၄၆။ " ကျင်းတူးရေလောင်း "
၄၇။ " ပျားကြီးစွဲ " ............................ ၁၇
၄၈။ " သက်ကြီးစကားသက်ငယ်ကြား "
၄၉။ " ဆရာတော်ကြီးပင်ပန်း "
၅၀။ " မြင့်မိုရ်တက်နည်း "
၅၁။ " ငါးဌာနနုတ်နည်း " ............................ ၁၈
၅၂။ " သိမ်နုတ်ရခြင်းအကြောင်း "............................ ၁၉
၅၃။ " သိမ်မဖြစ် "
၅၄။ " နောင်လာနောက်သား " ............................ ၂၀
၅၅။ " သိမ်(၅၀)ကျော် "
၅၆။ " ရှေးဆရာတော်ကြီးများ၏ သိမ်နှုတ်ပုံလက်ာ ............ ၂၁

၅၇။ " တစ်နည်း "
၅၈။ " သိမ်သမုတ်ပွဲ ပင့်လျှောက်လွှာပါဘုရား " ............... ၂၁
၅၉။ " လျှို့ဝှက် " ........................ ၂၆
၆၀။ " မဟာနာယက ဆရာတော်ကြီးများ " .................. ၂၇
၆၁။ " ကြိုဆိုညှိခံ "
၆၂။ " အခမ်းအနား အစီအစဉ် " ........................ ၂၉
၆၃။ " အခမ်းအနား ကြေငြာ " ........................ ၃၂
၆၄။ " အခမ်းအနားဖွင့် "
၆၅။ " ဆန္ဒကြားရန်ကိစ္စမရှိ "
၆၆။ " သိမ်သုံးကြိမ်နှုတ် "
၆၇။ " နိမိတ်စောင့်ချ " ........................ ၃၃
၆၈။ " အပြင်နိမိတ်ကြား "
၆၉။ " အတွင်းနိမိတ်ကြား "
၇၀။ " သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါ "
၇၁။ " အဝိပ္ပဝါသသီမ သမ္မုတိ ကမ္မဝါ "
၇၂။ " သိမ်သမုတ် အောင်မြင် " ........................ ၃၄
၇၃။ " သြဘာစာဖတ် "
၇၄။ " သာဓု ခေါ်၍ရုပ်သိမ်း "
၇၅။ " သိမ်အောင်မင်္ဂလာ သြဘာစာ " ........................ ၃၅
၇၆။ " ဆရာတော်ကြီးများပြန်ကြွ " ........................ ၄၀
၇၇။ " သိမ်ပနက်ယူ "
၇၈။ " အာရုဏ်ဆွမ်း "
၇၉။ " နေ့ဆွမ်း "
၈၀။ " အချိုပွဲ "
၈၁။ " အမျှဝေ " ........................ ၄၁
၈၂။ " နိမိတ်တိုင်စိုက်ထူ "
၈၃။ " သိမ်အုဋ်မြစ်ချပွဲ " ........................ ၄၂
၈၄။ " သာသနာ္ဒိတိကပုဗ္ဗာရုံသိမ်တော်ကြီးအုဋ်မြစ်ချအခမ်းအနားအစီအ

၈၅။ " အစီအစဉ် " .......................... ၄၂
၈၆။ " သာသနာ့ဒွိတိကပုဗ္ဗာရုံ သိမ်တော်ကြီး အုဋ္ဌမြစ်ချပွဲ အခမ်းအနား
၈၇။ " ဝမ်းသာလို့မဆုံး " ............................ ၄၃
၈၈။ " သံဃာပင့်ဆောင် "
၈၉။ " ကြိုဆိုဖူးမြော် " ............................ ၄၄
၉၀။ " အုဋ္ဌမြစ်ချမင်္ဂလာ "
၉၁။ " သီလပေးရေစက်ချချီးမြင့် "
၉၂။ " သိမ်ကျောင်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်း"......... ၄၅
၉၃။ " ဇေတဝန်ကျောင်းရေစက်ချတရား "..................... ၄၈
၉၄။ " ဝေဠုဝန်ကျောင်းရေစက်ချတရား "
၉၅။ " သိမ်ကျောင်းခွင့်ပြုရခြင်းအကြောင်း "
၉၆။ " သိမ်ဖြစ်ပေါ်လာပုံ " .......................... ၄၉
၉၇။ " သာသနဒွိတိက ပုဗ္ဗာရုံ သိမ်တော်ကြီး စတင်ဆောက် "
၉၈။ " အကျယ်အဝန်း " .................................. ၅၂
၉၉။ " ဒုတိယအကြိမ် " .................................. ၅၃
၁၀၀။ " ပြီးဆုံးအောင်မြင် " .................................. ၅၄
၁၀၁။ " သာသနဒွိတိကပုဗ္ဗာရုံ သိမ်တော်ကြီး ရေစက်ချပွဲ "......၅၅
၁၀၂။ " မီးခသည် " .................................. ၅၆
၁၀၃။ " သိမ်တော်ကြီးရေစက်ချပွဲ အခမ်းအနားကျင်းပ "
၁၀၄။ " သိမ်ရေစက်ချပွဲသို့ ကြွရောက်တော်မူကြသော............ ၅၇
ဆရာတော်ကြီးများ "
၁၀၅။ " သီလပေးရေစက်ချ " .................................. ၅၉
၁၀၆။ " လှူဒါန်းရပ်သိမ်း " .................................. ၆၀
၁၀၇။ " သိမ်အောင်ညြဘာစာတန်း " .............................. ၆၁
၁၀၈။ " အဝိပ္ပဝါသ သီမသမ္မုတိ ကမ္မဝါစာရွတ်ဖတ်ရာဝယ် ".....၆၄
၁၀၉။ " နန္ဒွင်းကုန်းကျောင်း " .......................... ၇၄
၁၁၀။ " ရတနာဝင်းလှအောင်သိဒ္ဓိသိမ်တော်ကြီး ".................. ၇၉
၁၁၁။ " သာသနဝိပုလာကာရီသိမ်တော် "......................... ၈၃

၁၁၂။ “ သမိုင်း ’ မော်ကွန်း ” .............................. ၈၅
၁၁၃။ “ သမိုင်း ”
၁၁၄။ “ မော်ကွန်း ”
၁၁၅။ “ ကျောင်းသမိုင်းမော်ကွန်း ”.............................. ၈၆
၁၁၆။ “ စစ်ကိုင်းစာသင်တိုက် ”
၁၁၇။ “ သာသနာ့သုံးရပ် ” .............................. ၈၇
၁၁၈။ “ အတ္တဟိတ–ပရဟိတ ”
၁၁၉။ “ ပရဟိတ ”
၁၂၀။ “ ပဝေဏီတန္တိ ” .............................. ၈၈
၁၂၁။ “ ပရိယတ္တိသာမူလ ”
၁၂၂။ “ အနက် ”
၁၂၃။ “ ပရိယတ္တိဟူသည် ”
၁၂၄။ “ ဥယျာဉ်နှင့်တူပုံ ” .............................. ၈၉
၁၂၅။ “ အတူလက်တွဲ ”
၁၂၆။ “ ရွှေ့တန်းနှင့်ရိက္ခာ ”
၁၂၇။ “ ရန်သူဝိုင်းဝိုင်းလည် ” .............................. ၉၀
၁၂၈။ “ ခွင့်ထူးခံပုဂ္ဂိုလ် ”
၁၂၉။ “ လှူလို့မွဲ ”
၁၃၀။ “ အားနည်းချက် ” .............................. ၉၁
၁၃၁။ “ အများတာဝန် ”
၁၃၂။ “ အတွဲညီလို့သာသနာတည် ”
၁၃၃။ “ သံဃါယနာတင်ခဲ့ပုံ ”
၁၃၄။ “ သာသနာတိုးပုံဆုတ်ပုံ ” .............................. ၉၂
၁၃၅။ “ ပရိယတ္တိကွယ်ပုံ ”
၁၃၆။ “ အောင်ပွဲခံ ” .............................. ၉၃
၁၃၇။ “ ခေတ်ငါးခေတ် ”
၁၃၈။ “ သာသနာနှင့်ခေတ် ”
၁၃၉။ “ ဝိမုတ္တိယုဂခေတ် ” .............................. ၉၄

၁၄၀။ “ ခေတ်ပြောင်းပုံ ” .............................. ၉၄
၁၄၁။ “ သာသနာ့နှစ်တွက်နည်း ”
၁၄၂။ “ ဆိုလိုရင်းကား ”
၁၄၃။ “ ၁၁၈၂–ယူရကြောင်းကား ”
၁၄၄။ “ မစိုက်ပျိုးက မစားရ ” .............................. ၉၅
၁၄၅။ “ ပညာတက်သည်နှင့်တူ၏ ”
၁၄၆။ “ ပညာတန်ဆာ ” .............................. ၉၆
၁၄၇။ “ သာသနာပြုရန်မိန့်မြွက်သံ ”
၁၄၈။ “ ငယ်ကဝါသနာ ”
၁၄၉။ “ စာချပုံ ” .............................. ၉၇
၁၅၀။ “ ဖျောက်နိုင်ခဲ၏ ”
၁၅၁။ “ ရဟန္တာ နှင့် ဝါသနာ ”
၁၅၂။ “ ခံယူချက် ” .............................. ၉၈
၁၅၃။ “ အကြောင်းကြောင့်အကျိုး ”
၁၅၄။ “ စစ်ကိုင်းစာသင်တိုက် ” .............................. ၉၉
၁၅၅။ “ ဖြစ်ပေါ်လာခြင်းအကြောင်း ”
၁၅၆။ “ ဆွမ်းကပ် ” .............................. ၁၀၀
၁၅၇။ “ သံဃာများများမွေးရန် ” .............................. ၁၀၁
၁၅၈။ “ လျှောက်ထားတောင်းပန် ”
၁၅၉။ “ ဆွေးနွေးဆုံးဖြတ် ”
၁၆၀။ “ ဓနံသဗ္ဗပယောဇနံ ” .............................. ၁၀၂
၁၆၁။ “ အလှူခံဖြတ်ပိုင်း ”
၁၆၂။ “ ကျောင်းတကာရည်ညွှန်းဦးအောင်ထွန်း ”.............. ၁၀၂
၁၆၃။ “ တိုင်ပင်လျှောက်အမိန့်ခွာန်ချက် ”.............................. ၁၀၃
၁၆၄။ “ အတ္တာဟိ အတ္တနောနာထော ”
၁၆၅။ “ နယ်လှည့်ခရီးစဉ် ”
၁၆၆။ “ ကျေးရွာကြီးလှ ကုလားကျွန်းမှ ”...................... ၁၀၄
၁၆၇။ “ ဟသ်ာတဘက်ခရီးဆက် ”

၁၆၈။ “ အညာဆန်ရင်း – ကျွဲပွဲ ’ ရမည်းသင်း ”............ ၁၀၅
၁၆၉။ “ ဇာတိချက်ကြွေ စစ်ကိုင်းမြေ ”
၁၇၀။ “ မိဘရှိရာသာဒွန်းရှာ ” ......................... ၁၀၆
၁၇၁။ “ မြင်းမူတဖန်သွားရပြန် ”
၁၇၂။ “ ကျေးဇူးတော်ရှင် ရှိခိုးဦးတင် ”
၁၇၃။ “ (၁၈)ဝါမြောက် စကုမှော်ရောက် ”......................... ၁၀၇
၁၇၂။ “ ပါဠိတော်ချမှဘုရားတွေ့ရ ”
၁၇၃။ “ တလ(၁၂)ရက်ခရီးထွက် ”
၁၇၄။ “ ကျောင်းနေရာတဖန်ရှာရပြန် ” ......................... ၁၀၈
၁၇၅။ “ ဂေါစဂါမ်ရှောင် ” ......................... ၁၀၉
၁၇၆။ “ ပရှက်ဆိပ်ကုန်းနှင့်မဂ်လာဒုံ ”
၁၇၇။ “ တောင်ဥက္ကလာ–ငမိုးရိပ်–ဘောက်ထော်–အေဝမ်းခြံ ”
၁၇၈။ “ ရှစ်မိုင်–မြောက်ဥက္ကလာ–ဘဝမြင့် ”......................... ၁၁၀
၁၇၉။ “ ဦးခမ္မိကလက်ကျိုး ”
၁၈၀။ “ စတားကွင်း ”
၁၈၁။ “ စိတ်ဆိုးကြသည် ” ......................... ၁၁၁
၁၈၂။ “ စာချုပ်ခါမှပျက်သွားရ ”
၁၈၃။ “ ခဲလေသမျှ သဲရေကျ ”
၁၈၄။ “ စိတ္တာဘောဂေါ အခေါဥဒ္ဒံ ” ......................... ၁၁၂
၁၈၅။ “ ဆုတောင်းပတ္ထနာ ”
၁၈၆။ “ ဒုက္ခသည် သုခ၏အကြောင်း ” ......................... ၁၁၃
၁၈၇။ “ မေးပါများစကားရ ”
၁၈၈။ “ အများသဘောလိုက်လျှော ”
၁၈၉။ “ ကဆုန်လပြည့် ဗုဒ္ဓနေ့ ” ......................... ၁၁၄
၁၉၀။ “ ညစ်ကြေးကင်းကွာလပမာ ”
၁၉၁။ “ ဂုယှဿဝစန် ဂုယှမေဝသာဓု ” ......................... ၁၁၅
၁၉၂။ “ စာချုပ်ပြီးလှူဒါန်း ”
၁၉၃။ “ နေ့ထူးနေ့မြတ် ” ......................... ၁၁၆

၁၉၄။ “ တဲအိမ်ကလေး ” ....................... ၁၁၆
၁၉၅။ “ အာရုံအတွက် ” ....................... ၁၁၇
၁၉၆။ “ တောင်းပန်(၂)ဘက် ”
၁၉၇။ “ ရန်ကုန်သစ်မှုနှင်းဆီကုန်း ”
၁၉၈။ “ ဦးထွန်းရှိန် မှ ရေပေး ” ....................... ၁၁၈
၁၉၉။ “ စာပို့လုလင်နှင့်ကုဋ္ဌီကျင်း ”
၂၀၀။ “ပုံသကူအခေါင်းပျဉ်”
၂၀၁။ “သစ်မရှိသေးခင် ဝါးပေါင်းကွပ်” ....................... ၁၁၉
၂၀၂။ “သာသနာပြုရကျိုးနပ်”
၂၀၃။ “ရေစက်ချပွဲ” ....................... ၁၂၀
၂၀၄။ “ကိုအောင်ထွန်းမှမိတ်ဆက်”
၂၀၅။ “ ဦးစိန်လင်းမှတိုက်တွန်း ”
၂၀၆။ “သီလယူမေတ္တာပို့” ....................... ၁၂၁
၂၀၇။ “ ဩဝါဒပေး ”
၂၀၈။ “ မြေစမ်းခရမ်းပျိုး ” ....................... ၁၂၂
၂၀၉။ “ဓိနသာသနံ စိရံတိဋ္ဌတု”
၂၁၀။ “အမည်ပေး” ....................... ၁၂၃
၂၁၁။ “နေ့စဉ်ဆွမ်းဝတ်”
၂၁၂။ “ဆွမ်းဆန်စိမ်းခံထွက်ကြပြန်” ....................... ၁၂၄
၂၁၃။ “အောင်စည်ဆော်လိုက်စာသင်တိုက်” ....................... ၁၂၅
၂၁၄။ “ကျောင်းသား(၅)ယောက်”
၂၁၅။ “အဓိကပုဂ္ဂိုလ်များ” ....................... ၁၂၆
၂၁၆။ “နိုင်ကြော်စာရုံဆောင်”
၂၁၇။ “မိဂဒါဝုန်ဆောင်”
၂၁၈။ “ဝေဠုဝန်ဆောင်”
၂၁၉။ “ကုဋ္ဌီဆောက်” ....................... ၁၂၇
၂၂၀။ “ဇေတဝန်ဆောင်”
၂၂၁။ “ဂန္ဓကုဋီဆောင်” ....................... ၁၂၈

၂၂၂။ " ဒေါ်သော်ဂီနှင့်ကျောင်းတကာ " ........................ ၁၂၈
၂၂၃။ "သာသနာ့ဒွိတိကပုဗ္ဗာရုံသိမ်တော်ကြီး"........................ ၁၂၉
၂၂၄။ "အုဋ္ဌတံတိုင်းခတ်"
၂၂၅။ "တာဝတိံသာသုံးထပ်ဆောင်" ........................ ၁၃၀
၂၂၆။ "မုခ်ဦး"
၂၂၇။ "နိုင်လွန်ကတ္တရာလမ်းခင်းခြင်း" ........................ ၁၃၁
၂၂၈။ "ကသိကာရုံ"
၂၂၉။ "မိဂဒါဝုန်ဆောင်သစ်" ........................ ၁၃၂
၂၃၀။ "မီးခ"
၂၃၁။ "မုခ်ဦးထားပုံ"
၂၃၂။ "အခွန်လွတ် သာသနာ့မြေ" ........................ ၁၃၃
၂၃၃။ "ကျောင်းတိုက်ဖြစ်ပေါ်လာပုံနောက်ခံသမိုင်း" ...... ၁၃၄
၂၃၄။ "ဆရာစဉ်ဆက်အုပ်ချုပ်မှု" ........................ ၁၃၅
၂၃၅။ "ပရိယတ္တိအားထုတ်မှု"
၂၃၆။ "သာသနာရေးဆောင်ရွက်မှု"
၂၃၇။ "နှစ်စဉ်ဝါဆိုသံဃာစာရင်းလက်ခံမှု"
၂၃၈။ "နိုင်ငံတော်ဘွဲ့တံဆိပ်တော်ဆက်ကပ်မှု" .............. ၁၃၆
၂၃၉။ "သံဃာတော်များတိုးတက်လာပုံ" .................... ၁၃၇
၂၄၀။ "တိုက်တည်မှစ၍ စာချဘုန်းကြီးများ" .............. ၁၃၈
၂၄၁။ "လက်ရှိစာသင်တိုက်တာဝန်ထမ်းဆောင်လျက်ရှိသောပုဂ္ဂိုလ်များ"
၂၄၂။ "ပရိယတ္တိစာပေသင်ကြားတိုးတက်မှု".......................... ၁၃၉
၂၄၃။ "ပါဠိတော်များချပေးပါ"
၂၄၄။ "စာမချရလျှင်ပျင်း" ........................ ၁၄၀
၂၄၅။ "ဆရာ့ကျေးဇူးကျေပြီ" ........................ ၁၄၁
၂၄၆။ "ကျေးဇူးဆပ်"
၂၄၇။ "စာမေးပွဲများ"
၂၄၈။ "အခြေပြု ငယ်-လတ်-ကြီး စံချိန်"........................ ၁၄၂
၂၄၉။ "၁၃၆၄-ခု ၂၀၀၃-ခုနှစ် အောင်စာရင်း"

၂၅၀။ "ကျောင်းထိုင်ဘုန်းကြီးများ"
၂၅၁။ "ပုဂ္ဂိုလ်သမိုင်း" ........................ ၁၄၃
၂၅၂။ "စစ်ကိုင်းမြို့တည်"
၂၅၃။ "သတ်'သတ်'သော'မှာ၊သန်ယာ၊တည်ခါရှစ်စံမို"
၂၅၄။ "စစ်ကိုင်းမည်ကြောင်း"
၂၅၅။ "ဘုရားလေးဆူလက်ထက်" ........................ ၁၄၄
၂၅၆။ "ဦးပုည၏အတွင်းမှဋ္ဌောသမိုင်း(၈၀)ဖေါ်တေးထပ်"
၂၅၇။ "ဘုရားဂုဏ်တော်(၉)ပါးရည်စူး၍တည်ပုံ"............ ၁၄၅
၂၅၈။ "ဤဖေယျာပုရစစ်ကိုင်းတွင်"
၂၅၉။ "တောပျော်ဆရာတော်များ"
၂၆၀။ "ချောင်(၉)ချောင်" ........................ ၁၄၆
၂၆၁။ "အင်း(၉)အင်း"
၂၆၂။ "မှော်(၉)မှော်" ........................ ၁၄၇
၂၆၃။ "သိမ်(၉)သိမ်"
၂၆၄။ "စေတီ(၉)ဆူ"
၂၆၅။ "သိကြား(၉)ပါး"
၂၆၆။ "ဝါတွင်းပွဲတော်(၁၄)"
၂၆၇။ "ဖေယျာပုရတိုင်းစစ်ကိုင်းမြို့ (ပဌမ)"............. ၁၄၈
၂၆၈။ "ဖေယျာပုရမည်ပုံ(ပဌမ)"
၂၆၉။ "ဒုတိယ အတ္တဝိကပ်" ...................... ၁၄၉
၂၇၀။ "တတိယ အတ္တဝိကပ်" ...................... ၁၅၀
၂၇၁။ "စတုတ္ထအတ္တဝိကပ်" ........................ ၁၅၁
၂၇၂။ "စစ်ကိုင်းမင်း(၇)ဆက်"
၂၇၃။ " တဲကြီးတိုက်နယ် " ........................ ၁၅၂
၂၇၄။ " တဲကြီးမည်ပုံ "
၂၇၅။ " တောင်ပိုင်းနယ် "
၂၇၆။ " တန့်တည်အင်း " ........................ ၁၅၃
၂၇၇။ " မုခကထာ- ကိရကထာ "

၂၇၉။ “ မင်းဦးတင်ဘုရား ” ....................... ၁၅၄
၂၈၀။ “ မင်းဦးတင်ရွာ (မအူပင်ရွာ)”
၂၈၁။ “ ပွဲတော်ကျင်းပ ” ....................... ၁၅၅
၂၈၂။ “ မင်းဦးတင် မှ မအူပင်လေးရွာ ”
၂၈၃။ “ သာဒွန်းရွာ ”
၂၈၄။ “ ဒေါင်းမရွာ ” ....................... ၁၅၆
၂၈၉။ “ သမိုင်းဝင်ရွာများ ”
၂၉၀။ “ နောင်လာ နောက်သား သိစေရန် ”....................... ၁၅၇
၂၉၁။ “ရွှေမုဋ္ဌော ဓါတ်ပေါင်းစေတီတော်ကြီး”.................. ၁၅၈
၂၉၂။ “ဒေါင်းမကျောင်းဆုတောင်းပြည့်ဘုရားကျောက်စာ”........ ၁၆၅
၂၉၃။ “ မိုးကြိုးကျောင်းဘုရားကျောက်စာ ”
၂၉၄။ “ သာဒွန်းရွာဇာတိ ” ....................... ၁၆၆
၂၉၅။ “မျိုးရိုးစဉ်ဆက်”
၂၉၆။ “မွေးဖွါး” .................. ၁၆၇
၂၉၇။ “ရဟန်းဖြစ်ရက်ချုပ်” ....................... ၁၆၉
၂၉၈။ “ကမ္မဝါစာဆရာတော်များ”
၂၉၉။ “ဖြေဆိုခဲ့သောစာမေးပွဲများ” ........................... ၁၇၀
၃၀၀။ “မန္တလေးမစိုးရိမ်”
၃၀၁။ “မိုးကုတ်မြို့နေစဉ်”
၃၀၂။ “မေမြို့နေစဉ်” ........................... ၁၇၁
၃၀၃။ “မှော်ဘီသဲအင်းဂူ” ............................. ၁၇၂
၃၀၄။ “ပုသိမ်”
၃၀၅။ “ရာဟုဂြိုလ်” ............................. ၁၇၄
၃၀၆။ “ပါဠိတက္ကသိုလ်ပျက်”
၃၀၇။ “အလုံဇမ္ဗုရိတနာရောက်” ........................... ၁၇၅
၃၀၈။ “ထွက်ပြေးတိမ်းရှောင်”
၃၀၉။ “သိမ်နှုတ်တာဝန်” ............................. ၁၇၆
၃၁၀။ “ဒေသန္တရစရီးစဉ်” ............................. ၁၇၇

၃၁၁။ "သာသနာမှာကျေးဇူးများ"
၃၁၂။ "ကျုံမငေးရောက်" ................................ ၁၇၈
၃၁၃။ "အုံးပင်ကျောင်းစာသင်တိုက်ဖွင့်" ........................... ၁၇၉
၃၁၄။ "ညီညွတ်မှုရှိ"
၃၁၅။ " ကရင်လေးတွေယဉ်ကျေးလာ "............................ ၁၈၀
၃၁၆။ "တရားမဟောရန်တားမြစ်" ................................ ၁၈၁
၃၁၇။ "သာကေတပြန်ရောက်" ................................ ၁၈၂
၃၁၈။ "ရန်ကုန်သစ်ရောက်"
၃၁၉။ "ထေရာဝံသပရမ္ပရစာတမ်း" ................................ ၁၈၃
၃၂၀။ " ပရိယတ္တိသာသနာဟိတရေ "........................... ၁၈၅
၃၂၁။ " ဘွဲ့တော်ဆက်ကပ်ခြင်း "
၃၂၂။ " အဂ္ဂမဟာပဏ္ဍိတ "
၃၂၃။ " နိုင်ငံတော်ဝိနည်းမိုရ် "
၃၂၄။ " ကမ္ဘာဗုဒ္ဓဘာသာညီလာခံ "
၃၂၅။ " ကြုံကြိုက်ခဲ့သော ထီးတင်ပွဲ " ........................ ၁၈၆
၃၂၆။ " အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲ "
၃၂၇။ " စစ်ကိုင်းအရှင်၏ သမိုင်းစဉ် " ရတုပါဘုရား ................ ၁၈၈
၃၂၈။ " ထပ်ကွန့် ( ၀၀ ) ပေါ် တေးထပ် " ........................ ၁၉၀
၃၂၉။ " ရှစ်ဆယ်ပေါ် ထပ်တွန့်တေးထပ် " ........................ ၁၉၂
၃၃၀။ " သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ "................ ၁၉၃



စစ်ကိုင်းမြို့ ၊ စစ်ကိုင်းတောင်ရိုး

“ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ ၊ သံဃမဟာနာယက

နိုင်ငံတော်ဝိနယဓရ ၊ အဂ္ဂမဟာပဏ္ဍိတ”

စကုမှော်ဆရာတော်ကြီး


ဘိုကလေးဆရာတော်ကြီး


ပဲခူးမြို့မဆရာတော်ကြီး


မင်းကွန်းတိပိဋကဆရာတော်ကြီး



ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့
စစ်ကိုင်းစာသင်တိုက်
ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ
အဂ္ဂမဟာပဏ္ဍိတ

## ရောင်ခြည်တော်(၆)သွယ်နှင့် ဗုဒ္ဓသာသနာ့အလံ




ယခု ဗုဒ္ဓသာသနာ့အလံသည် မြတ်စွာဘုရား၏ ရောင်ခြည်တော် (၆)သွယ်ကို ဖော်ကျူး ထားခြင်းဖြစ်သည်။ အမေရိကန်လူမျိုး ဗိုလ်မှူးကြီး (အငြိမ်းစား)ဟင်နရီစတီးလ်အော်လကော့ (ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလာသူ)၏ စေတနာနှင့် ပညာကြောင့် ဗုဒ္ဓ၏ ရောင်ခြည်တော် (၆)သွယ်ကို စိတ်ကူးတီထွင်ကာ ဗုဒ္ဓသာသနာ့အလံဟူ၍ (၁၈၈၅)ခုနှစ်ကတည်းက သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှာ လွှင့်ထူနိုင်ခဲ့သည်။

(၁၉၅၀)ပြည့်နှစ် သီရိလင်္ကာမှာကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးတွင် ထိုအလံတော်ကို တစ်ကမ္ဘာလုံးက ဗုဒ္ဓသာသနာ့ အလံတော်အဖြစ် အတည်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင်မူ ၁၉၅၆ (၁၃၁၈)ခု ဆဋ္ဌသင်္ဂါယနာတင်ပွဲတော် (မဟာပါသာဏလိုဏ်ဂူ၊ ကမ္ဘာအေးဘုရား)မှာ ဗုဒ္ဓသာသနာ့အလံကို စတင်လွှင့်ထူခဲ့ပေသည်။



## " သာသနာဒ္ဓိတိက ပုဗ္ဗာရုံသိမ်တော်ကြီးဖြစ်ပေါ်လာပုံ "
## " သိမ်နုတ်ဖြစ်ပေါ်လာပုံ "

၁။ ဤသိမ်တော်ကြီးကို ၁၃၄၆–ခုနှစ် ကဆုန်လဆန်း(၂)ရက်(၁–၅ –၈၄) ရက်နေ့ မှစ၍ကဆုန်လဆန်း(၁၀)ရက်(၉–၅–၈၄)ရက်နေ့တိုင် ဧရာဝတီတိုင်းဘိုကလေးမြို့နယ်ဗဟိုဝန်ဆောင်ပေချောင်းကြီးဆရာတော် (ယခုကန့်ကော်တထောင်)ဘဒ္ဒန္တကုက္ကန္ဒကြီးမှူး၍သံဃာတော်အပါး(၃၀)ကျော် တို့နှင့်သိမ်နုတ်တော်မူခဲ့ကြပါသည်။

## " သိမ်သမုတ် "

၂။ ၁၃၄၆–ခုနှစ် ကဆုန်လဆန်း(၁၂)ရက်(၁၁–၅–၈၄) သောကြာနေ့တွင် တွဲဘက် အကျိုးတော်ဆောင် ဘဒ္ဒန္တဝဏ္ဏသိရိဆရာတော်ဦးဆောင်လျက် နိုင်ငံတော်သံဃမဟာ နာယကဆရာတော်(၁၆)ပါးကြီးမှူး၍ သံဃာတော် (၁၃၂)ပါးတို့ဖြင့်ည(၁၂)နာရီအချိန်တွင် နယ်သိမ်းသိမ်သမုတ်တော်မူခဲ့ ကြပါသည်။

## " သိမ်အုဋ်မြစ်ချ "

၃။၁၃၄၇–ခုနှစ် တပို့တွဲလပြည့်ကျော်(၅)ရက်(၁–၃–၈၆)စနေနေ့ နံနက်(၉)နာရီ (၄၅)မိနစ်အချိန်တွင် နိုင်ငံတော်သံဃာ့မဟာနာယက ဥက္ကဋ္ဌအဘိဓဇမဟာဂုရု ဘဒ္ဒန္တကုက္ကန္ဒစာရ ပဲခူးမြို့မဆရာတော် နိုင်ငံတော်သံဃာ့မဟာနာယက အကျိုးတော်ဆောင်အဘိဓဇမဟာဂုရု တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးနှစ်ပါး ကိုယ်တိုင် ကြွရောက်ချီးမြှောက်တော်မူကြ၍နိုင်ငံတော်သံဃမဟာနာယကဆရာတော် (၁၅)ပါး၊မြို့နယ်ရပ်ကွက် သံဃာတော်များဖြင့် အုဋ်မြစ်ချတော်မူခဲ့ ကြပါသည်။

## " သိမ်ကျောင်းဆောက် "

၄။ ၁၃၄၈–ခုနှစ် တန်ခူးလပြည့်ကျော်(၁)ရက်(၂၅–၄–၈၆) သောကြာနေ့မှစ၍ ပန်းရံ၊လက်သမားများစတင်ဆောက်လုပ်ကြပါသည်။ ဆောက်လုပ်ရာ၌စေတနာရှင် ဒါယကာ၊ဒါယကာမများ လှူဒါန်းပါဝင် သော ဝတ္ထုငွေဖြင့် အများစုပေါင်းကောင်းမှု ဖြစ်ပါသည်။

" ဆောက်လုပ်ပြီးစီး "

၅။ ၁၃၄၉–ခုနှစ် ဝါခေါင်လဆန်း(၉)ရက်နေ့တွင် အလျား(၇၂)ပေ၊ အနံ(၄၅)ပေ၊ (၅)ခန်း၊(၉)ခန်း နှစ်ထပ်တိုက်သိမ်တော်ကြီး ဆောက်လုပ်ပြီးစီးအောင်မြင်ပါသည်။ ကုန်ကျငွေမှာ ငါးသိန်းသုံးသောင်းနှစ်ထောင်လေးရာ(၅၃၂၄၀၀ိ/)ကုန်ကျပါသည်။

" သိမ်ကျောင်းရေစက်ချ "

၆။ ၁၃၄၉–ခုနှစ်တပို့တွဲလပြည့်ကျော်(၁၂)ရက်(၁၄–၂–၈၈) တနင်္ဂနွေနေ့ နံနက် (၉)နာရီခွဲအချိန်တွင် သိမ်ကျောင်းရေစက်ချပွဲနှင့် တိပိဋကဓရဆရာတော်ကြီးများ၊အဂ္ဂမဟာပဏ္ဍိတဆရာတော်များ ပူဇော်ပွဲကိုပါ ပူးတွဲကျင်းပခဲ့ကြပါသည်။ထိုရေစက်ချပူဇော်ပွဲ၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး(၁၇)ပါးနှင့် တိပိဋကဓရဆရာတော် ဘဒ္ဒန္တကောသလ္လ ပဥ္စနိကာယဆရာတော်နှင့် ဘဒ္ဒန္တသုမင်္ဂလ မဟာဂန္ဓာရုံဆရာတော်နှစ်ပါးသာ ကြွရောက် လာနိုင်ပြီး ရပ်ကွက်မြို့နယ်မှ သံဃာ(၁၀၇)ပါးကြွရောက်ပါသည်။နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဘိဓဇမဟာဂုရု ပဲခူးမြို့မဆရာတော်ကြီးမှ သီလပေး၍ တိပိဋကဓရ ပြည်ဆရာတော် ဦးကောသလ္လ က တရားဟော ရေစက်ချပါသည်။

" အကြောင်းအရာ "

သိမ်ဖြစ်ပေါ်လာခြင်း၏အကြောင်းမှာ(၁၃၄၅)ခုနှစ်တပေါင်းလဆန်း (၁၂)ရက် နေ့မှာသုဝဏ္ဏ(၂၅)ရပ်ကွက်၊ တိုက်(၂၇၈)၊အခန်း(၈)နေ ဦးသန်းမြင့်+ဒေါ်သန်းမြင့်မိသားစုတို့က ရဟန်းခံရှင်ပြုပွဲပြုလုပ်ပါသည်။ ထိုအချိန်ကမိမိ၏ကျေးဇူးရှင်ဖြစ်သော မန္တလေးမစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တသိရိန္ဒ အဂ္ဂမဟာပဏ္ဍိတ က ကမ္ဘာအေးမှာအလှည့်ကျ တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

ကြုံကြိုက်တဲ့အခါမိမိ၏ဆရာသမားကိုပင့်လိုသောဆန္ဒရှိဒါနဲ့ အလှူရှင်များနဲ့ တိုင်ပင်ပြီးဆရာတော်ကိုရှင်ပြုရဟန်းခံကြွရန်ပင့်ပါတယ်။ဘယ်နှစ်ပါးပင့်မှာလဲလို့ဆရာတော်ကမေးပါတယ်။ဆရာတော်သဘောအတိုင်း ပါဘဲဘုရား။တခြားပင့်ထားတာမရှိသေး ပါလို့လျှောက်တော့။အဲသလိုဆိုရင်

ဒီက(၃)ပါးကြွမယ်။(၉)နာရီ လောက်လာပင့် ဟု အမိန့်ရှိလိုက်ပါသည်။

"ရဟန်းခံ"

ဒုလ္လဘရဟန်းများကိုတော့တပေါင်းလဆန်း(၁၁)ရက်နေ့ညနေ (၃)နာရီမှာ ဘုရားသုံးဆူသိမ်သို့သွားပြီးရဟန်းခံပေးထားပါတယ်။ သိမ်ကလဲ နာရီဝက်လောက် ဝေးတဲ့ ဘုရားသုံးဆူကိုသွားရတာဆိုတော့ မနက်မှ သိမ်တက်မယ်ဆိုလျှင်သိမ်ဆင်း လောင်းရမှာနဲ့၊ ညှိပရိတ်သတ်များ ညှိခံရမှာနဲ့ အချိန်မရတဲ့အတွက် ရှင်းရှင်းလင်းလင်း ညနေကဘဲ သိမ်တက်ထားရလေသည်။

တပေါင်းလဆန်း(၁၂)ရက်နေ့နံနက်(၈)နာရီခွဲအချိန်ကမ္ဘာအေး ဆရာတော်များ သီတင်းသုံးရာဇမ္ဗူဒီပကျောင်းဆောင်သို့ ကားဖြင့် သွားကြိုပါသည်။ဆရာတော်များ အဆင်သင့်စောင့်နေပါသည်။ဆရာတော် (၃)ပါးမှာ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တဥာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမိုးကောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိ(အဂ္ဂမဟာပဏ္ဍိတ)၊ သံလျှင်မင်းကျောင်းဆရာတော်များ ဖြစ်ပါသည်။(၉)နာရီအချိန် သုဝဏ္ဏ စစ်ကိုင်းကျောင်းသို့ရောက်ရှိ ပါသည်။ အလှူ့အမကြီးဒေါ်ပုနှင့် သားသမီးဆွေမျိုးသားချင်း မိတ်သင်္ဂဟများ အစုံအညီအဆင်သင့်ရှိနေပြီသားဖြစ်သည့်အတွက် သီလပေး၊ ရေစက်ချ၊ တရားနာအစီအစဉ်ကိုရှေးဦးစွာ ဆောင်ရွက်ချီး မြှင့်တော်မူကြပါသည်။ဘဒ္ဒန္တဥာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီးက သီလပေး၊တရားဟော၊ရေစက်ချချီးမြှင့်တော်မူပါသည်။

"သိမ်အစုရေနွေးဝိုင်းက"

(၁၀)နာရီခွဲအချိန်ဆွမ်းဘောဇဉ်များဆက်ကပ်ကြပြီး ဆက်လက်၍ ရေနွေးကြမ်းနှင့်ဘွယ်ဘွယ်ရာရာအချိုပွဲများ ဆက်ကပ်ဘုဉ်းပေးတော်မူကြ ပါသည်။ဆရာတော်များဟာရေနွေးပွဲ ဘုဉ်းပေးပြီဆိုလျှင် ထုံးတမ်းစဉ်လာ အရ အေးအေးဆေးဆေး တစ်ပါးနှင့်တစ်ပါးဟိုဟို ဒီဒီစပ်မိစပ်ရာ ရယ်ရယ်မောမောအလွှာပ သလ္လာပ စကားများပြောဆိုလေ့ရှိကြပါသည်။

" သိမ်တက်ပြီးပြီလား "

ယခုလည်းဆရာတော်များနှင့် ရေနွေးဝိုင်း အချိုပွဲဘုဉ်းပေးနေစဉ်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ က 'ကိုယ်တော်တို့ရဟန်းလောင်းတွေ သိမ်တက်ပြီးပြီလား'။ 'မှန်ပါ'။ မနေ့ညနေကဘဲသိမ်တက်ထားလိုက်ပါတယ်ဘုရား။ 'သိမ်ကနီးသလား၊ဘယ်လောက် ဝေးသလဲ' 'အနီးကြီးတော့ မဟုတ်ပါဘုရား ဒီကနေ(၆)ဖာလုံလောက်ဝေးပါတယ်။ မိနစ်(၂၀) နာရီဝက်နီးပန်းသွားရပါတယ်။ကံကြီးကံငယ်ကိစ္စရှိလျှင်အနီးကပ်ဆုံးဖြစ်တဲ့ ဒီဘုရားသုံးဆူသိမ်ကိုဘဲပြုလုပ်ကြရပါတယ်ဘုရား။

" သိမ်ရှိဖို့ကောင်း "

ဒီလိုဆိုကိုယ်တော့ကျောင်း'သိမ်ရှိဖို့ကောင်း'တယ်၊ မိုးရွာမရွာနေပူမရွာင် ကံကြီးကံငယ်ရှိတိုင်းတခြားဝေးတဲ့နေရာသွားနေရမယ်ဆိုလျှင် ရေရှည်ကြတော့မလွယ်ကူလှဘူး။ကိုယ်တော့ဆရာမစိုးရိမ်ဆရာတော်တို့ တပည့်တော်တို့အလှည့်ကျရှိနေတဲ့ အခါသိမ်လုပ်ကြရအောင်၊ တပည့်တော်တို့တာဝန်ယူပြီးလုပ်ပေးပါ့မယ်" ဟု သာသနာစိတ်ဓာတ်အပြည့်အဝဖြင့် ဆရာတပည့်လည်းမတော်စပ်၊ ရှေးကရင်းရင်းနှီးနှီးလဲမရှိခဲ့ဘူး၊အခုမှ ပထမဆုံးအခါတွေ့ရှိရသော်လည်း ဆရာရင်း၊တပည့်ရင်းဆွေရင်းမျိုးရင်း ပမာ ကူညီရမည့်ကိစ္စများကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးကြီးမားသောမေတ္တာစေတနာဖြင့် အမိန့်ရှိလိုက်သော အခါ ဆင်းရဲနွမ်းပါးသောသူသည် ရွှေအိုးကြီးကောက်ရသကဲ့သို့ နှစ်ရက်သုံးရက် ထမင်းမစားရသောသူ ထမင်းစားရသကဲ့သို့ မိမိရဲ့နှလုံးသားထဲမှာ နှစ်သက်လို့မဆုံးဝမ်းသာလို့မဆုံးဖြစ်ခဲ့ ရပါသည်။

" နယ်သိမ်းသိမ်ရပါသလား "

ဆရာတော်များကတာဝန်ယူပြီးလုပ်ပေးမယ်ဆိုတော့ ဝမ်းသာလှပါတယ် ဘုရား၊တပည့်တော်ကလည်း သိပ်လုပ်ချင်တဲ့ ဆန္ဒရှိပါတယ်ဘုရား၊ဘယ်လိုလုပ်ရ မှန်းမသိတာနဲ့စဉ်းစားနေပါတယ်ဘုရား၊ သိမ်လုပ်တယ်ဆိုနယ်သိမ်းသိမ်လုပ်ရမှာဆိုတော့ အချို့ဆရာတော်များရဲ့ အယူဝါဒမှာမြို့မှာဆိုလျှင် ကြေးနန်းဓာတ်တိုင်များနှင့် ဆက်သွယ်နေတာမို့နယ်သိမ်းသိမ်သမုတ်လို့မရဘူး ဟု အယူရှိကြပါသည်ဘုရား၊

နယ်သိမ်းသိမ်သမုတ်လို့ ရပါသလားဘုရား။

" ကောင်စီတပိုင်သိမ်း "

သိမ်သမုတ်မည့်သိမ်မြေပြင်အတွင်းကြေးနန်း ဓာတ်တိုင်များ ရှိနေတယ်ဆိုလျှင်တော့ သံသယဖြစ်စရာရှိပါတယ်။သိမ်မြေပြင်ထဲ ကြေးနန်းဓာတ်တိုင်များမရှိဘူးဆိုလျှင် သံသယဖြစ်စရာမလိုပါဘူး။ ကြေးနန်းဓာတ်တိုင်ကတခြား၊ သိမ်ကတခြားတစ်ခုနှင့်တစ်ခု ထိစပ်မှု မရှိသည့်အတွက်လွတ်ကင်းနေပါတယ်။တောနယ် တွေမှာတော့ သူကြီးတပိုင် တစ်ဂါမ၊မြို့မှာတော့ကောင်စီတပိုင်တစ်ရပ်ကွက်အဲသလို အစိုးရမင်းများက သတ်မှတ်ပိုင်းခြားထားတာဖြစ်သောကြောင့် တောနယ်တွေမှာ သူကြီး တပိုင်သိမ်းရတယ်။မြို့မှာကောင်စီတပိုင်အတွင်း သိမ်းရတယ်။ကိုယ်တော်တို့ ရပ်ကွက်က ဘာရပ်ကွက်လဲ။နှင်းဆီကုန်း ရပ်ကွက်ပါဘုရား။ ဒီလိုဆို နှင်းဆီကုန်း ရပ်ကွက်ကောင်စီတပိုင် အတွင်းသိမ်းလျှင်ပြီးတာပဲ။စဉ်းစား မနေပါနဲ့တပည့်တော်တို့ လုပ်ပေးပါမယ်ဟု ပြတ်ပြတ်သားသားဆုံးဖြတ် ချက်ချသွားတော်မူ ကြပါသည်။

" တိုက်တွန်းညွှန်ကြား "

ဆရာတော်ကြီးသုံးပါးလုံးက တက်တက်ကြွကြွ စိတ်ပါလက်ပါ နှင့် "ကူညီသင့်သောသူ ကူညီရမည့်အချိန် ၊ ကူညီနိုင်သည့်အခါ ကူညီ ရမည်" ဟူသောပညာရှိ သူတော်ကောင်းတို့၏ထားရှိရမည့် ဂုဏ်အင်္ဂါနှင့် အညီမွန်မြတ်သောစိတ်ထားဖြင့် စာသင်တိုက်တစ်တိုက်၏ အဓိကလိုအပ်နေသောသိမ်တစ်သိမ်ကို နောင်အနာဂါတ် သာသနာ ကြီးပွားတိုးတက်စည်ပင်ပြန့်ပွား အကျိုးများမည့်ကိုမျှော်ကိုး၍ အားပေး တိုက်တွန်း ညွှန်ကြားတော်မူကြသည်။

" ငွေထုပ်ကြီးပေး "

ကူညီနိုင်သောအသိဉာဏ်အမျှော်အမြင်ကြီးမားသောပုဂ္ဂိုလ်များက အကူညီ ထိုက်ထိုက်တန်တန်ပေးကြသော်လည်း အကူညီခံရသူက ဉာဏ်မမှီ အမျှော်အမြင်နည်းပါး သောအခါငွေထုပ်ကြီးပေးသော်လည်း ငွေထုပ်ကြီး ရင်မှာပိုက်ပြီး ဘယ်လိုအသုံးချရမှန်း မသိသလို၊

မျက်စေ့မမြင်သောသူဟာ စမ်းတဝါးဝါးနဲ့ဘယ်ကိုသွားရမှန်းမသိသလို၊ ဆရာတော်များရဲ့ကူညီ ပံ့ပိုးမှုဟာ သာသနာတော်ကြီးမှာ အကြီးမားဆုံး၊ အဘိုးမဖြတ်နိုင်ဆုံး ကူညီမှုကြီးဖြစ်နေသဖြင့် တိုတောင်းသောအချိန်ကာလကလေးအတွင်းမှာရှေ့ဆက်ပြီး ဘာလုပ်ရမှန်းမသိ၊ မနိုင်ဝန်ကြီးထမ်းရမှာမို့ဟို အားကိုးရမလို လို၊ဒီအားကိုးရမလိုလို ဟိုမျှော်ကြည့် ဒီမျှော်ကြည့်နဲ့ရောင်တောင်တောင် ဝါးတားတားဖြစ်နေခဲ့ရပါသည်။

"အချိန်အခါရောက်"

လောကကြီးဟာဆန်းကြယ်လွန်းလှပါတယ်၊ခက်ခက်ခဲခဲလုပ်ရမည့်ကိစ္စဟု ထင်မှတ်သော်လည်းလွယ်ချင်လွယ်တတ်ပါတယ်။ အလွယ်တကူလုပ်ရမည့်ကိစ္စဟု ထင်မှတ်မိသော်လည်း ခက်ချင်ခက်နေတတ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ဖြစ်သင့်တာကိုဖြစ်ချင်တဲ့လူတွေ ချည်းပါဘဲ၊ ဒါပေမယ့် ဖြစ်ချင်တာရယ်, ဖြစ်နိုင်တာရယ်, ဖြစ်သင့်သောအချိန်အခါရယ်, ဖြစ်လာတာရယ်, ဆိုတဲ့အတိုင်းဖြစ်ချင်တယ် ဖြစ်နိုင်တယ် ဖြစ်သင့်သောအချိန်ရောက်လျှင် တော့ဖြစ်လာရတာပါဘဲ။ "ယောကျ်ားတို့ဘုန်း လူတို့ထုံးကား ချိန်ဆုံးခါသင့် ပန်းနယ်ပွင့်၏"ဟုဆိုသလို ဖြစ်သင့်တဲ့အချိန်အခါရောက်လို့ဖြစ်လာရသည်ဟု ဆိုရမှာပါဘဲ။

"ရက်သတ်မှတ်"

သကြံန်ကလည်းကျခါနီးလာပြီ၊ကြိုတင်ပြင်ဆင်မှုကလည်း မလုပ်ရသေး၊တန်ခူးလထဲရောက်လာတော့ ကမ္ဘာအေးကနေ မစိုးရိမ်ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)က ဖုံးဆက်ပြီး သကြံန်အပြီး ကဆုန်လဆန်း(၁၂)ရက်နေ့ငါတို့အားတယ်၊ သိမ်သမုတ်ရန် စီစဉ်ထားပါ၊ဘိုကလေး ဆရာတော်ကြီးနှင့်တိုင်ပင်ပြီး သိမ်နှုတ်ကိစ္စကို ကြိုတင်လုပ်ထားပါ၊ ငါတို့အားတဲ့တစ်နေ့လာကြည့်အုံးမည် ဟု ရက်ပါတခါတည်းသတ်မှတ်ခါ အမိန့်ရှိလိုက်ပါတော့သည်။

"သာသနဥဿျောင်"

"ဂတိသစ္စာ တည်သောခါကား ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" "လူမှာဂတိ မင်းမှာသစ္စာ" ဆိုသည့်အတိုင်း ဆရာတော်ကြီးများဟာလုပ်ပေးမယ်ဆိုတဲ့ ဂတိအတိုင်း မိမိတို့ရဲ့

စကားတစ်ခွန်းကို အလေးအနက်ထားခါလုပ်ကိုင်ဆောင်ရွက်ပေး သည်ကိုကိုယ်တိုင်ခံစားရ၍ဤကဲ့သို့ဂတိသစ္စာတည်လို့ ဩဇာအာဏာရှိကဲ့ သာသနာ ဥဿျောင်ထိပ်ခေါင်တင် ဆရာတော်ကြီးများဖြစ်ကြတာပါဘဲလို့ ဂုဏ်ယူလို့မဆုံး၊ အံ့ဩလို့မဆုံး၊ ချီးမွမ်းလို့မဆုံး၊ကျေးဇူးတင်လို့မဆုံး ဖြစ်ခဲ့ရပါသည်။

" ဂုဏ်ကျေးဇူး "

ဆရာတော်ကြီးများရဲ့ ဂုဏ်ကျေးဇူးကြောင့် ဖြစ်ပေါ်လာရမည့် သိမ်အတွက်ပေါ့ပေါ့တန်တန်နေလို့မရ၊ ရှောင်တိမ်းလို့မဖြစ်၊ မလွဲမသွေ လုပ်ရမည့်တာဝန်ကြီးတစ်ခု ဖြစ်လာပါတော့သည်။သိမ်သမုတ်တဲ့အခါမှာ သိမ်ကိုအဓိကတာဝန်ယူရတဲ့ ဝိနည်းအရာမှာ ကျွမ်းကျင်လိမ္မာတဲ့ ဝိနည်းဓိုရ် ဆရာတော်ကြီးများလည်းရှိရပါတယ်။ဝေယျာဝစ္စလုပ်မည့် တကာ တကာမများလည်းရှိရပါတယ်။ဝတ္ထုကြေးငွေကလည်း အသင့်အတင့်ရှိ ရပါတယ်။ အဲဒီအင်္ဂါနှင့်လည်း ညီရပါတယ်။

" ငွေနှစ်ထောင် "

အခုတော့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကဦးဆောင်ပြီး တာဝန်ယူဆောင်ရွက်ပေးမှာဖြစ်သည့်အတွက်ဝိနည်းဓိုရ် ဆရာတော်ကြီး ဘက်ကတော့ ထိုက်ထိုက်တန်တန်ပြည့်စုံနေပါပြီ။တကာတကာမ များနှင့်ဝတ္ထုကြေးငွေ မေးကြည့်တော့ ဝတ္ထုငွေ(၂၀၀၀)(နှစ်ထောင်ကျပ်) ဘဲရှိတယ်လို့ပြောပါတယ်။ထိုဝတ္ထုငွေနှင့်ဘဲ 'မ'တည် ခဲ့ရပါတယ်။

" တိုင်ပင်ညှိနှိုင်း "

ဆရာတော်ကြီးများကချည်ပြီးတုတ်ပြီးတစ်ခါတည်းအတိအကျ သေချာပေါက် ရက်သတ်မှတ်ပေးလိုက်သဖြင့် (မဖြစ်မနေအရေးတကြီး) ကျောင်းမှာ အမြဲတမ်းဝေယျာဝစ္စဆောင်ရွက်နေကြသော ဒါယိကာကြီး ဦးကြင်၊ ဦးစောအောင်၊ဦးဖုံးလွင်၊ဦးသိန်းလှိုင်၊ ဦးလှကြည်တို့ကို သိမ်ကိစ္စတိုင်ပင်ဆွေးနွေးစရာရှိပါသဖြင့်ဒီကနေ့ညနေ(၆)နာရီ အရောက် ကျောင်းသို့လာခဲ့ကြပါရန်မဖြစ်မနေအရေးတကြီးဟုကိုရင်ကလေးများကို ခေါ်ခိုင်းလိုက်ရပါသည်။တကာကြီး(၅)ယောက်စလုံးစုံစုံညီညီ ရောက်လာ ကြပါသည်။

" တာဝန်ယူ "

တကာကြီးတို့ကို ယခုအရေးပေါ်ခေါ်ရတဲ့ ကိစ္စကတော့တခြား မဟုတ်ပါဘူး၊ ဒီကနေ့နေ့လည်(၂)နာရီလောက်ကကမ္ဘာအေးကနေမစိုးရိမ် ဆရာတော်ကြီးက ဖုံးဆက်ပြီးအမိန့်ရှိတယ်။ကဆုန်လဆန်း(၁၂)ရက်နေ့ သိမ်သမုတ်ရန်ရက်သတ်မှတ်လိုက်ပြီးပြီ၊ လုပ်စရာရှိတာအစဉ်သင့် လုပ်ထားပါတဲ့၊ဒီကိစ္စအတွက်တိုင်ပင်ညှိနှိုင်း ရအောင်ခေါ်တာပါပဲလို့ ပြောလိုက်သောအခါ တကာကြီးများကဝမ်းသာအားရ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများကိုယ်တိုင်ဦးစီးဦးဆောင်ပြုလုပ်ပြီး တာဝန်ယူဆောင်ရွက်ပေးမည်ဟုသိရသည့်အတွက် ဝမ်းသာလို့မဆုံး ဖြစ်မိကြပါသည်ဘုရား။ သိမ်ဖြစ်ဘို့ဆိုတာမလွယ်ကူပါဘုရား၊ တပည့်တော်တို့တစ်သက်သိမ်သမုတ်တယ်ဆိုတာတစ်ခါမှမတွေ့ဘူး ပါဘုရား၊ အခုကုသိုလ်ကံထူးလို့တိုက်တိုက်ဆိုင်ဆိုင်တွေ့ရတာပါဘုရား၊ တကာမများတွေဘက်ကဆောင်ရွက်ရမည့်ကိစ္စဟူသမျှကိုအစအဆုံးတာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလျှောက်ထားအပ်ပါသည်ဘုရား ဟုလျှောက်ထားကြပါသည်။

" ငြိမ်းအေးချမ်းသာ "

ဝိနည်းမှာ သိမ်ဆိုသည့်အတိုင်း တသက်မှတခါတွေ့ရခဲ ကြုံကြိုက်ခဲသော သိမ်တကာသိမ်အမဖြစ်ရမဲ့ ကုသိုလ်ထူးကြီး ရကြတော့မှာမို့ တက်တက်ကြွကြွသဒ္ဒါတရား ထက်သန်စွာဖြင့် တာဝန်ယူသွား ကြသဖြင့် မနိုင့်တနိုင်ထမ်းပိုးထားရတဲ့ ဝန်ကြီးကျသွား သလိုရင်ထဲမှာဆိုနစ်နေတဲ့စိုးရိမ်ပူပန်မှုအလုံးကြီးကျသွားခါကိုယ်စိတ်များ ပေါ့ပါးပြီး ငြိမ်းအေးချမ်းသာမှု ရခဲ့ပါတော့သည်။

" ညောင်စောင်းကွက် "

ထိုအချိန်မှစပြီးဆရာတကာလက်တွဲခါသိမ်ပြုလုပ်မည့် ကွင်းကို ရှင်းကြရပါ တော့သည်။အလယ်တိုက်ကြီးသဖွယ် ဓမ္မာရုံလဲဖြစ်၊ သိမ်လဲ ဖြစ်စေရန်ရည်ရွယ်၍ အလျားပေ(၇၈)၊အနံပေ(၅၄)ယူလိုသဖြင့် မလွတ်တဲ့ သရက်ပင်၊အုန်းပင်များနှင့် လေးခန်းသုံးခန်းရှိမိဂဒါဂုန်ကျောင်း ကလေးပါအနောက်ဘက်ကွင်းထဲသို့ရွှေ့ဆောက်ခဲ့ရပါသည်။

(အာဒါသတလံဝိယ)ဆိုတဲ့အတိုင်းသိမ်မြေနေရာကိုမှန်ကဲ့သို့ညီနေရမည် ဟုဆိုသဖြင့် ညီညွတ်အောင်ပြုလုပ်ပြီး ဦးလှကြည်နှင့်အင်ဂျင်နီယာ ဦးတင်မောင်၊ ဦးကျော်ညွန့်တို့တာဝန်ယူလျှက် ၁၃၄၅–ခု တခူးလပြည့်ကျော်(၈)ရက်(၂၃–၄–၈၄) တနင်္လာနေ့တွင် ရှေးဆရာတော်ကြီးများ၏ နည်းနာနိဿယအတိုင်းတကာ၊တကာမများ လေးစားကြည်ညိုဘွယ်ဖြစ်စေရန် (၄)တောင်၊(၂)တောင်ညောင်စောင်းကွက်ပေါင်း(၁၁၇)ကွက် ရိုက်ပြီး ထုံးဖြူးခါရာဇမတ်များကာထားခြင်းသာသနအလံများသွယ်တန်းစိုက်ထားခြင်း ပြုလုပ်ကြပါသည်။

" စစ်ဆေးကြည့်ရှု "

ကဆုန်လဆန်း(၅)ရက်နေ့(၁၂)နာရီအချိန်လောက်တွင်တခြားတနေရာမှ ဆွမ်းစားအပြန် မစိုးရိမ်ဆရာတော်နှင့် သံလျှင်ကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိတို့(၂)ပါး ကြွလာပြီး သိမ်အခြေအနေ စစ်ဆေးကြည့်ရှုတော်မူကြပါသည်။သိမ်ညောင်စောင်း ကွက်များကြည့်ပြီးသိမ်ကြီးက အကျယ်ကြီးပါလား။တပည့်တော်သိမ်ကျယ်တယ် မှတ်တယ်။ ညောင်စောင်းကွက်ဘယ်လောက်ရှိသလဲလို့မေးပြီး သူကိုယ်တိုင်ရေတွက် သွားပါသည်။ထိုစဉ်ကကျောင်းမှာဘိုကလေးဆရာတော်ရှိနေသဖြင့် ဆရာတော်ကြီး အပ်နှံခါပြန်ကြွသွားကြပါသည်။

" တန်ခြေးအရှိဆုံး "

မြန်မာတို့ရဲ့လွှက်ရည်ဝိုင်းသည်စိတ်ဝင်စားစရာနှစ်သက်စရာ၊ မြတ်နိုးစရာ၊ ပျော်ရွှင်စရာ၊တိုင်ပင်ဆွေးနွေးစရာတခုဟုဆိုရပေမည်။ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ တိုင်းရေးပြည်ရေး၊ နိုင်ငံရေး၊ ဘာသာရေး စတဲ့အရေးပေါင်းမြောက်များစွာ အရေးပေါင်း မြောက်များ စွာဟာလွှက်ရည်ဝိုင်းကဘဲစလာကြပါသည်။မယုံမရှိနဲ့ ကိုယ်တွေ့ဆိုသလို ဤသိမ်မြေဖြစ်ပေါ်လာရခြင်းသည်လွှက်ရည်ဝိုင်းကစတင်ဖြစ်ပေါ် လာဒါမို့နှစ်သက်စရာအကောင်းဆုံး၊မြတ်နိုးစရာအကောင်းဆုံး၊ ပျော်ရွှင် ဝမ်းမြောက်စရာ အကောင်းဆုံး၊စိတ်ဝင်စားစရာအကောင်းဆုံး၊အမြတ်ဆုံး၊ အဘိုးမဖြတ်နိုင်လောက်အောင် တန်ခြေအရှိဆုံး လွှက်ရည်ဝိုင်းဟု နှလုံးသားထဲမှာ ဖြစ်ပေါ်လာသောအတိုင်း တင်ပြလိုက်ရပါတော့သတည်း။

၁၃၆၄-ခု နတ်တော်လဆန်း(၇)ရက်(၁၁-၁၂-၂၀၀၂)ဗုဒ္ဓဟူးနေ့ နံနက်(၁၀)နာရီခွဲ

အနဥ္ဇံ ဂုဏံ ဗုဒ္ဓဿ၊ အနဥ္ဇံ ဓေန ဒေသိတံ။
အနဥ္ဇံ တဿ သံဃံပိ၊ အနဥ္ဇံ ဇိန သာသနံ။

အနဥ္ဇဒေသနာဝမှ-ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊ ဂုဏံ-ဂုဏ်ကျေးဇူးတော်သည်၊ အနဥ္ဇံ-အဖိုးအတိုင်းမသိ ထိုက်တန်တော်မူပါပေ၏။ ဓေန- ထိုဘုရားရှင်ကိုယ် တော်မြတ်ကြီးသည်၊ဒေသိတံ-ဟောကြားတော်မူအပ်သော တရားတော်သည်လည်း၊ အနဥ္ဇံ-အဖိုးအတိုင်းမသိထိုက်တန်တော်မူပါပေ၏။တဿ- ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သံဃံပိ-သံဃာတော်အရှင်မြတ် သည်လည်း၊ အနဥ္ဇံ-အဖိုးအတိုင်း မသိထိုက်တန်တော်မူပါပေ၏။ဇိနသာသနံ-ဘုရားရှင်၏ သာသနာတော်သည်လည်း၊ အနဥ္ဇံ-အဖိုးအတိုင်းမသိထိုက်တန်တော်မူပါပေ၏။

ဤဂါထာဖြင့်သာသနာတော်ဝယ်အဘိုးအတိုင်းမသိ ထိုက်တန်သော သိမ်တစ်လုံး ဖြစ်ပေါ်လာပုံ ဖော်ညွှန်းလိုက်ရပါတော့သည်။

သိမ်ဖြစ်ပေါ်လာပုံအကြောင်း နိဒါန်းတည်း။ ။

## ရန်ကုန်တိုင်း၊သင်္ကန်းကျွန်း မြို့နယ်
## သုဝဏ္ဏ မြို့သစ်၊နှင်းဆီကုန်းရပ်ကွက်
## စစ်ကိုင်းစာသင်တိုက်
## သာသနဓဇ္ဇတိက ပုဗ္ဗာရုံသိမ်တော်ကြီး၏
## သမိုင်းမော်ကွန်း

*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

### " သိမ်မြေပြင်တိုင်း "

သာသနဓဇ္ဇတိကပုဗ္ဗာရုံသိမ်တော်ကြီး ဖြစ်ပေါ်လာရခြင်း၏ သမိုင်းအစမှာ (၁၃၄၆)ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁)ရက်၊ (၁၉၈၄)ခုနှစ်၊ ဧပြီလ(၂၃)ရက်၊တနင်္လာနေ့တွင်နှင်းဆီကုန်း(က)ရပ်ကွက်၊ သရဖီလမ်းနေ မြေတိုင်းဌာနအင်ဂျင်နီယာပင်စင်စား ဦးတင်မောင်နှင့် ဦးသိန်းလွင်၊ ဦးလှကြည်၊ဦးကျော်ညွန့်တို့ဦးဆောင်၍ စစ်ကိုင်းစာသင်တိုက် ဆရာတော်၏ညွှန်ကြားချက်အရ သိမ်မြေပြင်တိုင်းတာခြင်းကို ပဏာမအနေနဲ့ပြုလုပ်ခဲ့ကြပါသည်။

### " ပန္နက်ရိုက် "

၁၃၄၆ ခုနှစ်၊ကဆုန်လဆန်း(၂)ရက်၊၁၉၈၄ ခုနှစ်၊မေလ(၁)ရက် အင်္ဂါနေ့ နံနက်(၆)နာရီ (၄၀)မိနစ်အချိန်တွင် ဦးတင်မောင်၊ ဦးလှကြည်၊ ဦးစောအောင်တို့ ဦးစီးကာအချောကိုင်အတည်ပြု သိမ်ပန္နက်ရိုက်ကြပါသည်။

### " ညောင်စောင်းကွက်ပေါ် "

၎င်းကဆုန်လဆန်း(၂)ရက်နေ့ပန္နက်မှန်ရိုက်အပြီးတွင်ဆက်လက်၍ နိုင်ငံတော်သံဃနာယက ဗဟိုရ်ဝန်ဆောင်ဖြစ်တော်မူသော ဘိုကလေး မြို့နယ်၊ပေချောင်းကြီးကျေးရွာ၊ဆရာတော်ဘဒ္ဒန္တဣန္ဒသက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၇)ဝါရှိဆရာတော် ဘုရားကြီးကိုယ်တိုင်ကြီးကြပ်၍ အဋ္ဌကထာ၊ဋီကာလာရှေးရှေးဆရာစဉ်ဆက်အလေးဂရုအသုံး ပြုခဲ့သော သိမ်ပုံညောင်စောင်ကွက်များကိုအကွက်ဖေါ်ရာ နံနက်(၈)နာရီ(၁၅)မိနစ် အချိန်တွင်ပြီးလေသည်။ညောင်စောင်းကွက်(၁၁၇)ကွက်ရှိသည်။

" အောင်လံထူ "

၄င်းကဆုန်လဆန်း(၂)ရက်နေ့မှာပင် နေ့ဆွမ်းစားအပြီး သိမ်နှုတ်ရန်အတွက်သာသနအလံတော်များကိုသိမ်၏ အလယ်ဗဟိုရ်နှင့် ထောင့်လေးထောင့်များ၌အလံ(၅) ခုစိုက်ထူ ကြပြီးသိမ်၏ ဘေးပတ် ချာလည်ဝါးတိုင်များစိုက်ထူကာသာသနအလံကလေးများသွယ်တန်းခြင်း၊ မီးကြိုး၊မီးသီး၊ဖန်ချောင်း၊ရောင်စုံမီးများကို တိုက်ကြပ်ဘုန်းကြီး ဦးသောဘနကကြီးမှူး၍ ဦးပဍ္ဍင်း၊ကိုရင်များဖြင့်တပ်ဆင်ကြသည်။

" ကမ္မဝါညှိ "

၄င်း(၂)ရက်နေ့ညနေ(၄)နာရီအချိန်တွင်ကမ္မဝါဖတ်ကြမည့်သံဃာ တော်များအား ဆရာတော်ကြီးသီတင်းသုံးနေတော်မူသော ဂန္ဓကုဋိ တိုက်ကျောင်းအောက်ထပ်သို့ခေါ်၍ ဘိုကလေးဆရာတော်ကြီးက ကမ္မဝါဖတ်ပုံဖတ်နည်း ညီညွှတ်မှုရှိ အောင် ကမ္မဝါညှိတော်မူပါသည်။

" သိမ်စပြီးနှုတ် "

" ခရုပတ်နှုတ်နည်း "

၄င်း(၂)ရက်နေ့ ညနေ(၅)နာရီအချိန်မှစ၍ သံဃာတော်အပါး (၂၀)နှင့် .အရှေ့မြောက်တနင်္ဂနွေထောင့်မှစ၍ ညောင်စောင်းကွက် တစ်ကွက်လျှင် (၃)ပါးစီ ထိုင်စေ၍သီမန္တရိတ်ပါမကြခရုပတ်နည်းဖြင့် အဝိပ္ပဝါသ+သမာနသံဝါသကမ္မဝါ (၂)စောင်တဆက်တည်း ရွတ်ဖတ် ကြ၍ နှုတ်တော်မူကြရာည(၈)နာရီ(၁၅)မိနစ် အချိန်တွင်ပြီးပါသည်။

" တစ်ဖန်သတိပေး "

၄င်း(၂)ရက်နေ့ညနေ(၃)နာရီခွဲအချိန်တွင်ကမ္ဘာအေးမစိုးရိမ် ဆရာတော်ကြီးထံမှ တဖန်ဖုံးဆက်ပြီး ကဆုန်လဆန်း (၁၃၊၁၄၊၁၅)ရက် နေ့များမှာ စစ်ကိုင်းကို သွားစရာရှိသည်၊(၁၂)ရက်နေ့လုပ်ဖြစ်အောင် လုပ်ပါ၊ လပြည့်ကျော်သွားလျှင်မိုးနဲ့ လေနဲ့အစဉ်ပြေမှာမဟုတ်ဘူး– ဟု အမိန့်ရှိပြန်ပါသည်။တကယ်အမှန်တော့ ဒီမှာ လုပ်ကိုင်ဆောင်ရွက် နေတဲ့အကြောင်းကိုဆရာတော်များထံသွားပြီးအကြောင်းကြားရမှာဖြစ် သော်လည်း အကြောင်းမကြားမိသည့်အတွက်စိုးရိမ်ပြီး တဖန်သတိပေး ခြင်းဖြစ်ပါသည်။ဒီကနေ့မှစပြီး ဘိုကလေးဆရာတော်ကြီး ကြီးမှူးပြီး

သိမ်နှုတ်ပွဲ အခမ်းအနားပြုလုပ်တော့မည်ဖြစ်ကြောင်း ပြန်ကြားလျှောက်ထားလိုက်ရပါသည်။

" ကော်မတီဖွဲ့ "

၄င်း(၂)ရက်နေ့ည(၈)နာရီအချိန်သိမ်နှုတ်အပြီးမှာသိမ်ဖြစ်မြောက်ရေးကော်မတီဖွဲ့ကြပါသည်။ဥက္ကဋ္ဌဦးကြင်၊ အတွင်းရေးမှူး ဦးသိန်းလှိုင်၊ ဘဏ္ဍာထိန်း ဦးဘုံးလွင်၊ ဦးလှကြည်၊ ဦးစောအောင်၊ဦးသိန်းလွင်တို့နီးစပ်ရာဖွဲ့ထားလိုက်ကြခြင်းဖြစ်ပါသည်။

" ပွဲတမျှစီကား "

သိမ်နှုတ်ပွဲကို ကဆုန်လဆန်း(၂)ရက်နေ့မှ(၁၁)ရက်နေ့အထိ နံနက်အာရုံဆွမ်း စားပြီး (၆)နာရီခွဲမှ(၈)နာရီတစ်ကြိမ်၊ ညနေ(၅)နာရီမှ ည(၈)နာရီခွဲလောက်အထိတစ်ကြိမ်နှုတ်တော်မူကြပါသည်။သိမ်နှုတ်ပွဲဆိုသည့်အတိုင်းပွဲလေး တမျှစီကား လှပါသည်။နေပိုင်းဆိုလျှင်ကလေးလူကြီးတစ်ရာကျော် နှစ်ရာလောက် နေ့စဉ်နေ့တိုင်း တခါမှမမြင်ဘူး၊ မတွေ့ဘူးကြလေတော့ ထူးထူးဆန်းဆန်းကြည့်ညိုဖူးမျှော်ကြပါသည်။ သကြားလုံး၊ ဆေးလိပ်၊ကွမ်းယာ၊အဖျော်ယမကာများနှင့် ကြက်သွန်သုတ်၊ ညဂျင်းသုတ်များလည်း အလျှံပယ် လိုလေသေးမရှိလှူဒါန်းကြပါသည်။ ကဆုန်လဆန်း(၁၂)ရက်နေ့သိမ်သမုတ်ပြီး၊(၁၃)ရက်နေ့အာရုံဆွမ်းမှာတော့ အမှူးဆောင်လူကြီးဖြစ်တဲ့နှင်းဆီကုန်းရပ်ကွက်၊ သရဖီလမ်းနေ ဦးလှကြည်+ဒေါ်ခင်ထွေးရီ သမီး-မဥမ္မာ၊မစန္ဒာတို့မိသားစုက မုန့်ဟင်းခါးဆွမ်းဆက်ကပ်ပြီး နေ့ဆွမ်းမှာတော့ အများကောင်းမှုဘုံဆွမ်းဆက် ကပ် ကြပါသည်။ကျောင်းသံဃာ(၉၉)ပါးနှင့် ညကျိမ်းသံဃာအပါး(၃၀)တို့အား နံနက်ဆွမ်းနေ့ဆွမ်းဆက်ကပ်ကြပါသည်။

" ဆရာတော်နှစ်ပါးကြွ "

ကဆုန်လဆန်း(၅)ရက်နေ့နေ့(၁၂)နာရီအချိန်လောက်တွင်တခြားတစ်နေရာမှ ဆွမ်းစားအပြန်တွင်မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသနှင့်သံလျင်မင်းကျောင်း ဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရိ ဆရာတော်ကြီးနှစ်ပါးကြွကာ သိမ်အခြေအနေကိုကြည့်ရှုစစ်ဆေးတော်မူကြပါသည်။ ဆရာတော်ကြီးနှစ်ပါးကလည်း သိမ်ညောင်စောင်းနှင့် ပြင်ဆင်ထားတာကိုကြည့်ပြီး

ဝမ်းမြောက်တော် မူကြပါသည်။ သိမ်၏အကျယ်၊ အလျားအနံ၊ ညောင်စောင်းကွက်များမေးမြန်းမှတ်သားပြီးဘိုကလေးဆရာတော်ကြီးကို အပ်နှံ ခါပြန်ကြွသွားကြပါသည်။တကာ,တကာမများကလည်း လေးလေးစားစား ဂရုတစိုက်မေတ္တာတရားရှေ့ထားပြီး ဆရာတော်ကြီးများ ကိုယ်တိုင်ကြွရောက်တော်မူပြီး အားပေးစကားပြောသွားကြသည်ကို ဝမ်းသာလို့မဆုံးဖြစ်မိကြပါသည်။

" ရင်ဘောင်တန်း "

ကဆုန်လဆန်း(၃)ရက်နေ့ နံနက်(၇)နာရီမှစ၍သံဃာအပါး (၂၀)နှင့်အရှေ့မှ အနောက်သို့လှည့်ခါ ရင်ဘောင်တန်းနှုတ်နည်းဖြင့် ညောင်စောင်း တစ်ကွက်လျှင် (၃)ပါးစီထိုင်လျှက်အဝိပ္ပဝါသ၊ သမာနသံဝါသကမ္မဝါ နှစ်စောင်တစ်ဆက်တည်းရွတ်ဖတ်၍သိမ်နှုတ်ကြပါသည်။(၈)နာရီခွဲ ဆွမ်းခံကြွကြသဖြင့် ရပ်ထားခဲ့ပြီး ကျန်ရှိသောအကွက်များကို ညနေ(၅)နာရီမှသံဃာ(၂၈)ပါးနှင့်ဆက်လက်နှုတ်ကြသည်။ညွှန်ပရိသတ်များက စိတ်ပါဝင်စားစွာကြည့်ရှုနေကြသဖြင့် ရာဟုထောင့်မှအင်္ဂါထောင့် မျက်နှာမူကာထောင့်တန်းနှုတ်နည်းဖြင့် ည(၉)နာရီအချိန်တိုင်နှုတ်ကြပါသည်။

" ထောင့်တန်းယက်ကန်းခတ် "

၄င်း(၄)ရက်နေ့နံနက်(၇)နာရီမှာသံဃာ(၁၈)ပါးဖြင့် ထောင့်တန်းနှုတ်နည်းဖြင့် ကျန်ရှိနေသောအကွက်များကို ဆက်လက်နှုတ်၍ ညနေ(၅)နာရီတွင်သံဃာ(၃၁)ပါးဖြင့်မြောက်ဘက်မှ တောင်ဘက်သို့ လှည့်လျက် ရက်ကန်းခတ်နှုတ်နည်းဖြင့်နှုတ်ကြသည်။

" ပုရွက်ကြောင်းနှုတ်နည်း "

၄င်းကဆုန်လဆန်း(၅)ရက်နေ့တွင်သံဃာ(၁၈)နှင့် ရက်ကန်းခတ်နှုတ်နည်းကိုဆက်လက်နှုတ်ပြီး ညနေ(၅)နာရီမှာ သံဃာ(၃၂)ပါးနှင့် သိမ်၏ အလယ်ဗဟိုရ်အတွင်းမှစ၍ လက်ဝဲရစ်လှည့်ကာတနင်္ဂနွေထောင့် သို့တိုင်အောင်ပုရွက်ဆိတ်များ တွင်းမှထွက်သည့်ပမာ ရှေ့သို့မျက်နှာမူ တန်းစီပြီးနှုတ်တဲ့နည်းမို့ ရှေးဆရာတော် ကြီးများက'ပုရွက်ကြောင်း နှုတ်နည်း'ဟု ခေါ်စမှတ်ပြုတော်မူခဲ့ကြပါသည်။

စစ်ကိုင်းစာသင်တိုက် သိမ်သမိုင်း ၁



သိမ်ပန္နက်ရိုက်ပုံ



ဩဘာင်စောင်းကွက်ချပုံ



သိမ်နုတ်ပုံ



သိမ်နိမိတ်တွင်း
ရေလောင်းပုံ

"ရင်ဘောင်တန်းနည်း"

ငင်း(၆)ရက်နေ့တွင် နံနက်(၇)နာရီမှစ၍ သံဃာ(၁၇)ပါးနှင့် အနောက်မှအရှေ့သို့မျက်နှာမူပြီးတောင်မြောက်တန်းကာ 'ရင်ဘောင်တန်းနည်း' ဖြင့် နှုတ် တော်မူကြလျှက်(၈)နာရီအချိန်အနားယူကာ ညနေ(၅)နာရီအချိန်၌သံဃာ(၃၂)ပါးနှင့် ဆက်လက်နှုတ်တော်မူကြပြီး ည(၇)နာရီခွဲအချိန်မှာ နားကြပါသည်။

ငင်း(၇)ရက် (၆-၅-၈၄)ရက်နေ့မှာတော့ ကျန်ရှိသော ရင်ဘောင်တန်းကို ဆက်လက်နုတ်ပြီး သံဃာ(၃၂)ပါးနှင့် ပျားကြီးစွဲနုတ်နည်းကိုနုတ်ကြသည်။ပျားအုံများမှာပျားအုံရဲ့အလယ်မှာ ပျားဘုရင်များ နေပြီး ဒေါင့်လေးဒေါင့်မှပျားကင်းများချထားသလို သိမ်၏ အလယ်ဗဟိုနှင့်ဒေါင့်လေးဒေါင့်(သိမ်ကျယ်လျှင်ရှစ်နေရာလောက်စပ်မိအောင်) သံဃာအားလုံးတနေရာတည်းစုပြီး(၅)နေရာနုတ်တဲ့နည်းကို ပျားကြီးစွဲနည်း ဟု သုံးနှုံးကြသည်။

"ရေစုံတိုက်နည်း"

ငင်းလဆန်း(၈)ရက်(၇-၅-၈၄)ရက်နေ့မှာသံဃာ(၃၅)ပါးဖြင့် တောင်ဘက်မှ မြောက်ဘက်သို့မျက်နှာပြု၍ အရှေ့အနောက် ညောင်စောင်း တကွက်လျှင်(၃)ပါးစီ တန်းစီထိုင်ခါကောက်များရိပ်သလိုပိုက်ကွန်ဖြင့် ရေစုံတိုက်သလိုနုတ်တဲ့နည်းဟုဘိုကလေးဆရာတော်ကြီးက မိန့်တော် မူသည်။

"ဒေါင့်တန်းနည်း"

ငင်းကဆုန်လဆန်း(၈)ရက်နေ့ညမှာပင် အချိန်ကလဲစော ဒါကာ၊ ဒါကာမများကလဲ ကြည်ညိုလို့အားမရဘဲတဖွဲ့ဖွဲ့များလာကြသဖြင့် ဘုရားသုံးဆူ ဆရာတော်ဦးဝါသဝ က ဆက်လက်ပြီး နုတ်ဘို့ ပြောကြား သောကြောင့် အင်္ဂါဒေါင့်မှရာဟုဒေါင့်၊တနင်္ဂနွေ ဒေါင့်မှစနေဒေါင့်သို့ တန်းစီခါ ဒေါင့်တန်းနည်း နုတ်ကြပါသည်။

"ကြက်ခြေခတ်နည်း"

ဆက်လက်ပြီးတကာ၊တကာမများလဲစိတ်ဝင်စားအောင် အမြန်လဲပြီးအောင် အရှေ့အရပ်မှမြောက် အရပ်ကြက်ခြေခတ်သဏ္ဍာန်

သံယာတော် (၁၅)ပါးတန်းစီကာ နုတ်ကြပါသည်။ဤနည်းကိုကြက်ခတ်နည်းဟုခေါ်ဝေါ်ကြပါသည်။ ညဉ့်(၈)နာရီ(၁၅) မိနစ်ရှိသွားသဖြင့်ရပ်နားပြီး အမျော်ယမကာများအကြမ်းကပ်လှူခါန်းကြပါသည်။

" ခေါင်တန်းကြီးနုတ်နည်း "

ငှင်းကဆုန်လဆန်း(၉)ရက်(၈=၅=၈၄)နေ့မှာ သံယာတော်များ အလှည့်ကျ၍ မင်းမနားအေး ကြောင့် နံနက်ပိုင်းအစီအစဉ်များရပ်နားခဲ့ကြပြီး ညနေ(၅)နာရီမှာ သံယာ (၁၈)ပါးဖြင့် စနေခေါင်ကစပြီး တနင်္ဂနွေခေါင်သို့ မျက်နှာမူလျှက်ညှော်စောင်းကွက် အစဉ်အတိုင်းကွက်စုံ ခေါင်တန်းကြီးနုတ်နည်းဖြင့် နုတ်ကြသည်။

" ပါးတာဝပ်တ "

သိမ်သမုတ်မည့်ရက်ကလဲ တာပြေးပြေးနီးလာပြီဖြစ်သည့်အတွက် ဤသိမ်က ရေနိမိတ်အား၍ သမုတ်မည့်သိမ်ဖြစ်သောကြောင့် သိမ်သမုတ်ပြီးသည့်အချိန်တိုင်အောင် အနည်းဆုံး သိမ်နိမိတ်ကျင်းထဲ၌ (ပါးတာဝပ်တ) လက်လေးသစ်လောက် ရေရှိနေမှ သိမ်အောင်မြင်မှုဖြစ်သဖြင့် ရေများ အသအားကျ၍မခမ်းနိုင်အောင်(၃)လေးရက်ကြိုတင်ပြီး ကျင်းများတူးခါ ရေလောင်းထားကြရလေသည်။

" ကျင်းတူးရေလောင်း "

ငှင်းလဆန်း(၉)ရက်နေ့မှာပင် ဘိုကလေးဆရာတော်ဘုရားကြီးက နိမိတ်ကျင်း များတူးစေ၍ရေထည့်ထားရန်အမိန့်ရှိသဖြင့် နံနက်အာရုံဆွမ်းပြီးချိန်မှစ၍တကာများနှင့် ကိုရင်များက တယောက်တကျင်း တာဝန်ယူကြလျှက်အရပ်ရှစ် မျက်နှာ(၁၆)ကျင်း အနက် တတောင့်ထွာပမာဏရှိသော နိမိတ်ကျင်းများတူး၍ ရေများအလျှင်မို၍ မခန်းအောင်လောင်းထည့်ထားရလေသည်။ဤသိမ်နိမိတ်ရေလောင်းထည့်လျှင် အသက်ရှည်တယ်။ ဘေးအန္တရာယ်ကင်းတယ်။စီးပွားတိုးတက်တယ်။ကုသိုလ်ရတယ်ဆိုပြီး ကလေး၊လူကြီး အပြေးအလွှား အလုအရက်ပျော်ပျော်ပါးပါး မိမိတို့ နေ့နံသင့်ရာကျင်းထဲသို့ ဆိုးကလေး၊ ခွက်ကလေးတွေနဲ့သက်ရေလောင်း လှူကြလေသည်။

### " မြှားကြီးခွဲ "

ငှင်းကဆုန်လဆန်း(၁၀)ရက်(၉=၅=၈၄)ရက်နေ့မှာ မတော်ဝန်းကျင် အနီးအနား ကျောင်းများမှ မဟာသုတရာမှိုးလိုတဲ့ သံဃာတော်များ များပြားလှသဖြင့် မဟာသုတာဖြစ်စေရန်ရည်သန်၍ မြှားကြီးခွဲနုတ်နည်း ကိုပင် ဆပ်မံခါနုတ်တော်မူကြသည်။ဘုရားသုံး ဆူဆရာတော် ဦးဝါသဝ သက်တော်(၆၈)နှစ်ရှိဆရာတော် က မြှားကြီးခွဲပုံကလေး ရှင်းပြပါဆုံးဟု အမိန့်ရှိသဖြင့် မဟာသုတာဖြစ်စေရန် ရှင်းပြရပါသည်။

### " သက်ကြီးစကားသက်ငယ်ကြား "

သက်ကြီးစကားသက်ငယ်ကြားဆိုသလိုရှေးဆရာတော်ကြီးများ ထံမှ ကြားနာ မှတ်သားခဲ့ဘူးသည်မှာ မြှားတို့ရဲ့သဘာဝ မြှားဆုံကြီးရဲ့ အလယ် ဗဟိုမှာ မြှားဘုရင်နဲ့ ဘုရင်မကြီးများနေကြပြီး မတ်ချာလည်များစစ်သည် တွေတပ်မကြီးခွဲလျက် အရပ်ရှစ်မျက်နှာက အစုလိုက် အစုလိုက်များကင်း တပ်သားများထိုင်းရံခါ ရန်သူများလာလျှင် ကြိုတင်ကာကွယ်နိုင်အောင် ကင်းဘုတ်များချထားပြီးစောင့်ရှောက်နေသည့် မြှားဆုံရဲ့ ပုံမှာလိုသိမ်နုတ်တဲ့ အခါမှာလဲသိမ်ရဲ့ အလယ်ဗဟိုတည့်တည့်မှာ သံဃာများစုဝေး လျက် ရှေးဦးစွာနုတ်ပြီးသိမ်ကျဉ်းလျှင် ခေါင်လေးခေါင်ကျယ်လျှင်အရပ်ရှစ်မျက်နှာ တနေရာတည်း သံဃာကုန်စုဝေးပြီးနုတ်တဲ့နည်းကို မြှားကြီးခွဲနည်းဟု အမည်ပေးခဲ့ကြပါသည်ဟု ပြောပြသောအခါသံဃာတော်များက စိတ်ဝင်စားပြီး ထိုနေ့က သံဃာတော်(၄၆)ပါးဖြင့် မြှားကြီးခွဲနည်းကို ဆပ်မံနုတ်ကြခြင်းဖြစ်ပါသည်။

### " ဆရာတော်ကြီးမင်မန်း "

ငှင်းကဆုန်လဆန်း(၁၁)ရက်(၈=၅=၈၄)ရက်နေ့မှာ သိမ်နုတ်ရာ၌ ဦးစီးနာယက ဖြစ်တော်မူသော အိုကလေးဆရာတော်ဘုရားကြီးသည် သက်တော်ကလဲ(၇၆)နှစ်၊ ဝါတော်(၅၇)ဝါရှိနေသဖြင့် (၁၀)ရက်တိုင်တိုင် နေ့စဉ်ရဟန်းငယ်များနှင့် အတူ ထိုင်လိုက်ထလိုက် ပြေးခင်းလိုက် ရွှေ့လိုက်နဲ့ မင်မန်းပြီး များချွေးဝင်ခါဝမ်းအနည်းငယ်မကောင်းသဖြင့် ဆရာဝန်ခေါက်တာဘုန်းမော်ကိုခေါ်ပြီး ကုသရာဆေးထိုးမခံရဲလို့ စားဆေးနဲ့ဘဲပျောက်ကင်းသွားသဖြင့် အားလုံးဝမ်းသာကြရပါသည်။

ရှေးဆရာတော်ကြီးဟာဝိနည်းကိုအထူးလေးစားတော်မူကြပါသည်။ ပေါ့ပေါ့တန်တန် ပြီးလျှင်ပြီးရောဆိုတဲ့သဘောနဲ့ဖြစ်ကတတ်ဆန်း မလုပ်ကြပါဘူး။ရှေးဆရာ တော်ကြီးများရဲ့နည်းအတိုင်း တသွေမတိမ်း စေ့စေ့စပ်စပ်သံသယကင်းအောင် အဆင်းရဲအပင်ပန်းခံပြီး ဝိနည်းတော်နှင့် အညီ ဆောင်ရွက်တော်မူကြတာကိုတွေ့ကြရပါသည်။

" မြင့်မိုရ်တက်နည်း "

ထိုနေ့ကဆရာတော်ကြီးကွင်းထဲမဆင်းနိုင်သဖြင့် မိမိကိုယ်တိုင် ဦးဆောင်ပြီး သံဃာတော်(၄၈)ပါးနှင့် မြင့်မိုရ်တက်၊ မြင့်မိုရ်ဆင်း နှတ်နည်းဖြင့်နှုတ်ကြပါသည်။

မြင့်မိုရ်တက်နည်းဆိုသည်မှာမြင့်မိုရ်တောင်ကြီးကိုတက် သောအခါ တောင်ခြေကနေ တောင်ထိပ်သွားရသလိုသိမ်၏ အရပ်လေး မျက်နှာကြိုက်ရာကနေပြီး ညောင်စောင်းကွက်အစဉ်အတိုင်း အလယ်ဗဟို ရောက်အောင်တဖြေးဖြေးတန်းစီပြီး ရှေ့သို့တက်တက်ပြီး နုတ်တဲ့နည်းကို မြင့်မိုရ်တက်နည်း။အလယ်ဗဟိုကနေစပြီး အရှေ့အနောက်တောင်မြောက် အေးနှုတ်ခမ်းရောက်အောင်တဖြေးဖြေးဆင်းသွားတာကို မြင့်မိုရ်ဆင်းနည်း ဟုခေါ်ဝေါ်ကြပါသည်။(အဆင်းအတက်ပြောင်းပြန်အယူဝါဒကွဲလည်းရှိ သည်။)ယနေ့မှာအနောက်ကတက်၍အရှေ့ဘက်ကဆင်းပြီး ဒုတိယအကြိမ် တောင်ဘက်ကတက်ပြီး မြောက်ဘက်ကိုဆင်းတဲ့နည်းနှုတ်ဖြစ်ပါသည်။

" ငါးဋ္ဌာနနှုတ်နည်း "

အချိန်ကလည်းစောနေသေးတကာ၊တကာမနှစ်ရာလောက် ကလည်းစိတ်ပါဝင်စားစွာကြည်ရှုဖူးမျှော်ကြည်ညိုနေကြသဖြင့် ငါးဋ္ဌာနနှုတ်နည်းဖြင့် ဆက်လက်နှုတ်ကြပါသည်။ငါးဋ္ဌာနဆိုတာ ဒေါင့်လေးဒေါင့်နှင့်အလယ်ဗဟိုဖြစ်ပါသည်။အခုမှာတော့ဆရာတော်က စနေသားဖြစ်လို့စနေဒေါင့်မှစပြီး သံဃာတော်များအားလုံးစု၍ နှုတ်ကြပါသည်။နောက်မှ ရာဟု,တနင်္ဂနွေ,အင်္ဂါ,အလယ်ဗဟို ဤငါးဋ္ဌာန နှုတ်ပြီး ည(၈)နာရီ(၃၀)မိနစ်ရှိသွားပြီမို့ရပ်နားကာ ညအခါဂျင်းသုတ်၊ ဆေးလိပ်၊ ကွမ်းယာ၊ သကြားလုံး၊အဖျော်ယမကာများဖြင့် ဆက်ကပ်ကြပါသည်။

" သိမ်နုတ်ရခြင်းအကြောင်း "

ငှင်းကဆုန်လဆန်း(၁၁)ရက်(၈–၅–၈၄)ရက်နေ့ည(၈)နာရီအချိန် အစည်းအဝေးဖိတ်ခေါ်ထားသဖြင့် မြို့နယ်ကောင်စီအတွင်းရေးမှူး ဦးအေးကြည်နှင့် မြို့နယ်ကောင်စီဝင်များ၊ မြို့နယ်သာသနာရေးမှူး ဦးညွန့်တင်နှင့် အဖွဲ့ရပ်ကွက်အသီးသီးမှ ရပ်ကွက်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသိမ်ဖြစ်မြောက်ရေးလူကြီးများ စုံစုံညီညီ ဂန္ဓကုဋီတိုက် ကျောင်းပေါ်သို့ရောက်ရှိနေကြပါသည်။သံဃာတော်များသိမ်နုတ်တဲ့ အကြောင်းနှင့်ပတ်သက်ပြီး အချင်းချင်းတစ်ဦးနှင့်တစ်ဦးစပ်မိစပ်ရာ ပြောဆိုရင်း ဘုန်းကြီးရောက်သွားတော့လည်း သိမ်တသိမ်ဖြစ်ဖို့ရာ မလွယ်ကူကြောင်း အခုမှတွေ့ဖူးပါသည်ဘုရား။သိမ်နုတ်ရတဲ့ အကြောင်းတပည့်တော်တို့ကို ရှင်းပြပါဦးဘုရားလို့ဦးအေးကြည်က လျှောက်ထားသဖြင့်သိမ်နုတ်ရတယ်ဆိုတာ ယခု သိမ်အသစ်သမုတ်မည့် နေရာမှာ ရှေးတုန်းကသိမ်ဟောင်းများရှိနေမှာစိုးလို့ အဲဒီသိမ်ဟောင်း များပျက်သွားအောင် သိမ်မဟုတ်တော့ပဲပကတိသာမန်မြေဖြစ် သွားအောင်နုတ်ပြစ်ရခြင်း ဖြစ်ပါတယ်။

မနုတ်ပဲနဲ့သမုတ်လိုက်လို့ရှိရင် အောက်ကသိမ်ရှိနေတဲ့နေရာမှာ သိမ် ဟောင်းပေါ် တစိပ်သော်လည်းကောင်း၊ တခြမ်းသော်လည်းကောင်း၊ တဝက်သော်လည်းကောင်း၊ ဆက်စပ်နေသော်လည်းကောင်း အဲဒီသိမ်ဟာ သိမ်မဖြစ်တော့ဘူး။ သိမ်ပျက်လို့ခေါ်တယ်။တစိပ်တဒေသမဟုတ်ဘဲ အကုန်လုံးထပ်နေရင်လည်းသိမ်ထပ်လို့ခေါ်တယ်။ဒါကြောင့် သိမ်ဟောင်း တွေကိုတစွန်းတစဘယ်နေရာမှမကျန် ရအောင်သိမ်အသစ်လုပ်မည့်နေရာ တကွင်းလုံးအထပ်ထပ်စပ်အောင်နုတ်ပြီးကျွတ်လောက်ပြီ၊ ပကတိမြေ ဖြစ်လောက်ပြီဟု သံဃာအများသံသယကင်းလောက်တဲ့ အခါကျမှ နောက်ထပ် သိမ်အသစ်တဖန်သမုတ်ရပါတယ်။အဲဒါကိုသိမ်နုတ်တယ်၊ သိမ်သမုတ်တယ်လို့ ခေါ်ပါတယ်။

" သိမ်မပြစ် "

ရှေးကသိမ်ဟောင်းမရှိဘူးဆိုရင်တော့နုတ်နေစရာမလိုပါဘူး။သိမ် သမုတ်လိုက်လျှင်သိ‹ ဖြစ်တော့ဒါပါဘဲ။ဒါပေမဲ့ရှေးကရွာဟောင်းတွေ၊

သိမ်ဟောင်းတွေရှိမရှိမသိရတော့ဒီနေရာမှာမတော်တဆ သိမ်ဟောင်းများ ရှိနေခဲ့သော်မနုတ်ဘဲနဲ့သမုတ်လိုက်လျှင် သိမ်မဖြစ်တော့ပဲ သိမ်ပျက် ဖြစ်သွားမှာစိုးလို့ပိုပြီးစိတ်ချသေချာအောင် သိမ်နုတ်ကြရပါတယ်။

## " နှောင်လာနောက်သား "

သိမ်နုတ်တဲ့နေရာမှာ နည်းအမျိုးမျိုးနဲ့နုတ်တော်မူကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးသိမ်ဟောင်းကယခုသမုတ်မည့် သိမ်ရဲ့ တနေရာရာ ဘယ်နေရာမှာရှိနေတယ်လို့တိုက်ရိုက်မသိရတဲ့အတွက် သံသယကင်းအောင် သိမ်မြေအပြင် တခုလုံးစပ်မိအောင်နုတ်ကြရ ပါတယ်။တနည်းဘဲနုတ်နုတ်၊နည်းမျိုးစုံနဲ့ဘဲနုတ်နုတ် သိမ်ဟောင်း ရှိတဲ့နေရာ ကမ္ဘာပါမတ်မိသွားတယ်ဆိုလျှင် သိမ်နုတ်ခြင်းကိစ္စပြီးဆုံး အောင်မြင်သွားတာပါဘဲ။ဒါပေမဲ့ ပိုပြီးစိတ်ချသေချာအောင် ရှေးဆရာ တော်ကြီးများက အဋ္ဌကထာ၊ ဋီကာလာသောနည်းအတိုင်း နာမည် အမျိုးမျိုးဖြင့်ရက်ရလျှင် ရသလိုအချိန်ယူပြီးနောင်လာ နောက်သားများ နည်းရစေရန် ရည်သန်လျှက် အဆင်းရဲ၊အပင်ပန်းခံကာ သိမ်နုတ်ခြင်း ကိစ္စကိုဆောင်ရွက်တော်မူကြလေသည်။

## " သိမ်(၅၀)ကျော် "

ဘုန်းကြီးတို့ရဲ့ကျေးဇူးရှင်ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသောနိုင်ငံတော် ဗိနယဓရအဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂါယနာဩဝါဒါစရိယ စစ်ကိုင်းတိုင်း သုဓမ္မာဂိုဏ်းချုပ်ဖြစ်တော်မူသော တောလေးထပ်စကုမေဒ် ဆရာတော် ဘုရားကြီးသည် သိမ်နုတ်၊ သိမ်သမုတ်တဲ့နေရာမှာ အလွန်တရာစေ့စပ် တော်မူလှပါပေသည်။ စစ်ကိုင်း၊၊ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနားစတဲ့ စစ်ကိုင်းတိုင်းအတွင်းမှာ ဆရာတော်ကြီးဦးဆောင်ပြီး သမုတ်ခဲ့တဲ့ သိမ်ပေါင်း (၅၀)ကျော်ရှိကြောင်းတပည့်ကြီးများ ပြောပြသဖြင့် သိရပါသည်။

အခုလည်းနက်မန်ခါ(၁၃၄၆)ခုကဆုန်လဆန်း(၁၂)ရက်(၄=၅=၈၄)ရက်နေ့မှာ သိမ်သမုတ်ပွဲကျင်းပရတော့တာမို့ သိမ်နုတ်နည်း ကုန်အောင်နုတ်ရန်အချိန် မရတော့သဖြင့် (၁၃)နည်းနဲ့ပဲ ရပ်ဆိုင်း လိုက်ရပါတော့တယ်။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
တမ္ဘာအေး၊ ရန်ကုန်။



## " ရှေးဆရာတော်ကြီးများ၏ သိမ်နှုတ်ပုံလင်္ကာ "

မျှားမန်း၊ကြက်ခြေ၊တစ္ဆေခေါင်ဒံ တန်း၊ရင်အောင်တန်းနှင့်၊ ရက်ကန်းတစ်ဖြာ၊ တက်ကာမေရု၊ ဆင်းပြုံပုံဟန်၊ မျှားစွဲမှန်လို့၊ ရွှေပြန်ခရု၊ ထွက်ပြုတမန်၊ မုရုက်ကြောင်းဟန်၊ သိမန်ပိုင်းခြား၊ ဆိုဆယ်ပါးနှင့်၊ မမှားကိုးဌာန၊ သိမ်နှုတ်ကြသည်၊ မှတ်ပါစိန်ရွှယ၊ ထုံးတန်းတည်း။

### " တစ်နည်း "

(၁) ကြက်ခြေ,ခေါင်တန်း,ရင်အောင်တန်း၊လယ်လမ်းထောင့်မသဿာ၊
(၂) ခရု,မျှားကြီး၊လယ်ဆုံ စည်း၊ပြင်စည်းဧါးမျိုးလော။

### " သိမ်သမုတ်ပွဲ မင်္ဂလာကျွှာပါအုရား "

ဆရာတော်အရှင်သူမြတ်တို့ဘုရား၊သင်္ကန်းကျွန်းမြို့နယ်၊သုဝဏ္ဏ၊ နှင်းဆီကုန်း(က)ရပ်ကွက်၊စစ်ကိုင်းတောင်တိုက်အတွင်း၌ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး(၁၆)ပါးတို့ကဦးစီး၍၊ (၁၃၄၆)ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်၊ (၁၁=၅=၈၄)သောကြာနေ့ ညှ(၁၂)နာရီ အချိန်တွင် သိမ်သမုတ်ပွဲကျင်းပမည်ဖြစ်ပါသောကြောင့် ညှ(၁၀)နာရီ အရောက် စစ်ကိုင်းတောင်တိုက်သို့ကြွရောက်ချီးမြှောက်တော်မူပါရန် ရိုသေစွာပင့်လျှောက်ပါသည် အရှင်သူမြတ်တို့ဘုရား။

### "မှတ်ချက်"

### "သိမ်သမုတ်ပွဲ အစီအစဉ် အစည်းအဝေးပွဲ"

ကဆုန်လဆန်း(၁၂)ရက်၊(၁၁=၅=၈၄)သောကြာနေ့၊ ညှ(၁၂)နာရီ အချိန် သိမ်သမုတ်ပွဲကြီး စတင်ကျင်းပရတော့မှာဖြစ်တဲ့အတွက် ကဆုန်လဆန်း(၁၁)ရက်၊(၁၀=၅=၈၄)ကြာသပတေးနေ့၊ ညှ(၈)နာရီအချိန် သင်္ကန်းကျွန်းမြို့နယ်၊ မြို့နယ်ကောင်စီအတွင်းရေးမှူး ဦးအေးကြည်မှ တဆင့် နှင်းဆီကုန်း(က)ရပ်ကွက်ကောင်စီ၊သုဝဏ္ဏ၊(၂၅)ရပ်ကွက် ကောင်စီ၊ သုဝဏ္ဏ၊စုပေါင်းကြီးရပ်ကွက်ကောင်စီဥက္ကဋ္ဌများနှင့် မြို့နယ် သာသနာရေးမှူး ဦးညွှန့်တင်၊ သိမ်ဖြစ်မြောက်ရေးအဖွဲ့လူကြီးများကို ဖိတ်ခေါ်၍အစည်းအဝေးတရပ်ကျင်းပရလေသည်။

၂၇၄၉၄

မှတ်ချက်–

(၈)နာရီအချိန်ဝန်းကျင်မှာ အားလုံးရောက်ရှိနေကြသည်။ သံဃာတော်များ သိမ်နှုတ်နေဆဲအချိန်ဖြစ်သောကြောင့် သိမ်နှုတ်ပုံကို ကြည့်ရှုနေကြပါသည်။ဖျော်ရည်၊ညဂျင်းသုတ်၊သကြားလုံး၊ ဆေးလိပ်၊ ကွမ်းယာစသည့် ကပ်လှူကြသော စေတနာရှင်များနှင့် ကြည့်ရှုကြည်ညို ကြသော ပရိသတ်များများပြားလှသဖြင့် အမှူးဆောင်လူကြီးများက သိမ်၏ ပတ်ချာလည် မှာနေရာထိုင်ခင်းဖျာများခင်းကျင်း စီစဉ်ထားပေးရ လေသည်။ ကမ္မဝါဖတ်ပြီးပြီဆိုလျှင် သံဃာတော်များအား အဖျော်၊ ဂျင်းသုတ် စသည်များကို ကပ်သူများက ကပ်ကြ၊ သိမ်တော်တွင်းကို ရေလောင်းသူများက ရေလောင်းကြနဲ့သိမ်ကွင်း တစ်ကွင်းလုံးပြေးလွှား ဆူညံရုတ်ရုက်ခတ် နေလေတော့သည်။ည(၈)နာရီခွဲမှ သိမ်နှုတ်၍ ပြီးဆုံးပါသဖြင့် အစည်းအဝေး ဖိတ်ထားသူများလည်း အစုံအညီရောက် ရှိနေကြ၍ ထိုအချိန်မှာပဲ ဂန္ဓကုဋီတိုက်ကျောင်းပေါ်မှာ အစည်းအဝေး ကျင်းပကြပါသည်။ ပရိသတ်များကိုနှုတ်ဆက်ပြီး အစည်းအဝေး ဖိတ်ခေါ်ရခြင်း အကြောင်းကိုရှေးဦးစွာပြောကြားပါသည်။အစည်းအဝေး မစမီမြို့နယ်ကောင်စီအတွင်းရေးမှူးဦးအေးကြည်မှ သိမ်နှုတ်ရခြင်း အကြောင်းကို မေးလျှောက်ထားသောကြောင့် ရှေးဦးစွာရှင်းပြရပါသည်။ သိမ်နှုတ်ပုံအစီအစဉ်မှာပါသည့်အတိုင်းသိမ်နှုတ်ရခြင်း၏အကြောင်းကိုရှင်းပြပြီး သိမ်သမုတ်ရမည့် အစီအစဉ်ကို ဆက်လက်ဆွေးနွေးရပါသည်။ သိမ်နှုတ်ကိစ္စကတော့ ဒီကနေ့ပြီးဆုံးသွားပါပြီ။မနက်ဖန်ညမှ သိမ်သမုတ်ရတော့မှာမို့ အခုလိုအပ်သည်များကို ဆောင်ရွက်ကြရန် ဖိတ်ခေါ်ရခြင်းဖြစ်ပါသည်။ အခုသမုတ်ရမည့် သိမ်ကနယ်သိမ်း သိမ်သမုတ်ရမှာဆိုတော့ နယ်စောင့်ရမည့်သူတော်တော်များများ လိုအပ် မှာဖြစ်ပါတယ်။

ရှေးအင်္ဂလိပ်မင်းများလက်ထက်ကတော့ သူကြီးမင်း အုပ်ချုပ် ရာရွာ၊နယ်မြေ တပိုင်ကို နယ်တနယ်လို့သတ်မှတ်ကြောင်းသိရပါတယ်။ အဲဒီသူကြီးပိုင်နယ်တစ် နယ်ကိုတစ်ရွာ၊နှစ်ရွာ၊သုံးရွာစသည် ဘယ်နှစ်ရွာရှိရှိ ဂါမခေတ်တစ်ခေတ်၊ဂါမသိမ်တစ်သိမ်ဖြစ်ပါတယ်။



ပဲခူးမြို့မဆရာတော်ကြီးနှင့်
အမှုဆောင်လူကြီးများအမှတ်တရပုံ




အမှုဆောင်လူကြီးများ
ဦးဘုန်းလွင် + ဦးသိန်းလှိုင် + ဦးကြွင် + ဦးဝင်းကြည်




ကားယာဉ်ဖြင့်ပင့်ဆောင်လာရာ၌ ကြိုဆိုပုံ



ကားယာဉ်ဖြင့်ပင့်ဆောင်လာပုံ

ဥပမာ–ယခုနှင်းဆီကုန်း(က)ရပ်ကွက်ဟာကောင်စီတပိုင်၊ သူကြီး တပိုင်ဖြစ်သည့်အတွက် ဝိနည်းတော်အရ ဂါမသိမ်ကြီးတစ်သိမ်ဖြစ်ပါတယ်။ အဲဒီသူကြီးတပိုင်ဖြစ်တဲ့ဂါမသိမ် အတွင်းထဲမှာအိမ်ပေါ်မှာဖြစ်စေ၊ ကွင်းထဲမှာမဏ္ဍပ်ထိုးလို့ဖြစ်စေ၊ဘယ်နေရာမဆို ရဟန်းခံခြင်းစတဲ့ ကံကြီးကံငယ်ဟူသမျှကို ပြုလုပ် ဆောင်ရွက်နိုင်ပါတယ်။ အဲသလို ရဟန်းခံခြင်းစတဲ့ ကံကြီးကံငယ်ဆောင်နေတဲ့ အချိန်အခါမှာ သူကြီး တပိုင်ကောင်စီတပိုင်ဖြစ်တဲ့ (က)ရပ်ကွက်အတွင်းမှာရှိတဲ့ ကျောင်းလေးကျောင်းမှသံဃာအားလုံးကျောင်းမှာဖြစ်စေ၊ရပ်ကွက်အတွင်းမှာဖြစ်စေ၊ အာဂန္တု ရဟန်းများရှိနေလျှင်လည်း အာဂန္တုအားလုံး၌ရဟန်းခံမည့်နေရာသို့ ပင့်ဆောင်ကြွရောက်ရပါတယ်။မကြွလာနိုင်ပါက သဘောတူကြောင်း ဝိနည်းတော်နှင့်အညီ(ဆန္ဒ)ပေးရပါတယ်။

ရဟန်းခံကံဆောင်နေတဲ့အချိန်အတွင်း၌သူကြီးတပိုင် အတွင်းနယ်မြေထဲမှာ တခြားမှရဟန်း သံဃာတော်များဖြတ်သန်းသွားလာခြင်း၊ ဝင်လာခြင်းမရှိရအောင် အဝင်အထွက်များတဲ့လမ်းဆုံလမ်းမတွေကနေပြီး သိနားလည်တဲ့လူသာမဏေတွေက စောင့်ပြီးနေရပါတယ်။ပတ်ချာလယ်နယ်စပ်တွေမှာလဲ ရဟန်းများဝင်လာဖြတ်သန်း သွားလျှင်မြင်ရအောင် တခေါ်လောက်တခေါ်လောက်နှစ်ယောက်တတွဲ၊ သုံးယောက်တတွဲစောင့်ရပါတယ်။တကယ်လို့ရဟန်းတော်များ လှည်း၊လှေ၊သင်္ဘော၊ ကားပေါ်စသည့်တို့တွင်ပါလာပါက ကံဆောင်နေပါသဖြင့် ဒီရွာ၊ဒီနယ်ထဲသို့ မဝင်ရောက်စေဘဲ တခြားနယ်ထဲသို့ခေတ္တသတင်းသုံးရန် လျှောက်ထားပင့်ဆောင်ထားပြီး ကံဆောင်လို့ပြီးကြောင်း ကြေးစီထိုးမောင်းဖြင့်ဖြစ်စေ၊ သေနတ်ဖေါက်၍ဖြစ်စေတဦးနှင့်တဦးမီးထိုးပြီးဖြစ်စေ အချက်ပြတဲ့အခါကြမှ ဝင်ခွင့်ပြုရပါတယ်။ကံပြုနေတဲ့အချိန်မှာ ဒီနယ်မြေအတွင်း ရဟန်းတော်များရှိနေခဲ့သော်၄င်း၊ သို့မဟုတ်တခြား တနယ်ကအာဂန္တုများဝင်လာဒါကိုမသိခဲ့သော်၄င်း၊ ရဟန်းခံခြင်းစတဲ့ ကံကြီးကံငယ်များ မအောင်မြင်တော့ဘဲပျက်သွားပါတယ်။ဒါကြောင့် သူကြီးတပိုင်ဂါမခေတ်တခေတ်အတွင်းသိမ်တသိမ်ဖြစ်လို့ ရဟန်းခံခြင်းစတဲ့ ကံကြီးကံငယ်များပြုနိုင်ကြောင်းသော်လဲခုနပြောခဲ့တဲ့နယ်စောင့်ရှိသမျှသံဃာတော်များဟာတ္တပါတ်အတွင်း

စုစည်းမိအောင်ပင့်ဆောင်သိမ်းသွင်းရတဲ့တာဝန်တွေကြီးလွန်းသဖြင့် တာဝန်ပေါ့ ကံဆောင်၍လွယ်ကူစေရန် ရွာကြီးထဲမှ ရွာငယ်ကလေးဖြစ်အောင် ပေ(၃၀)၊ ပေ(၄၀)စသည်ဖြင့်လိုသလောက်သီးခြားပိုင်းခြားခါ ဝိသုံဂါမသိမ်၊ နယ်သိမ်း ခဏ္ဍာသိမ်၊ ဗဒ္ဓသိမ်များ သမုတ်ကြရပါတယ်။

သိမ်ကနယ်သိမ်းသိမ်သမုတ်ရမှာဆိုတော့နယ်ကိုအဓိကသိချင်ပါတယ်။ အဲဒါကြောင့် ရေးကသူကြီးတပိုင်နဲ့ အခုခေတ်ကောင်စီတပိုင်နဲ့ အုပ်ချုပ်ပုံ တူမတူရယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်ရဲ့ နယ်နိမိတ်အပိုင်းအခြားရယ်၊ မီးရထားလမ်း ပါမပါရယ် အများသိအောင် ဦးအေးကြည်က ရှင်းပြပေးစေလိုပါတယ်။မှန်လှပါ။ ရှေးကသူကြီးတပိုင်အုပ်ချုပ်ပုံနဲ့ အခု ကောင်စီတပိုင်အုပ်ချုပ်ပုံနဲ့ အခုကောင်စီ တပိုင်အုပ်ချုပ်ပုံဟာ အတူတူပါဘဲဘုရား။မီးရထားလမ်းကတော့အစိုးရပိုင်ဖြစ်ပါတယ်။ ဘယ်ရပ်ကွက်ထဲမှမပါပါဘူး။မီးရထားပိုင်သတ်မှတ်ထားတဲ့ နယ်နိမိတ်ရှိပါတယ်။အဲဒီနယ်နိမိတ်အထိရပ်ကွက်ကပိုင်ပါတယ်။မီးရထားသံလမ်း နှစ်လမ်းရှိတဲ့အထဲကအမှုအခင်းဖြစ်လာလျှင်ဒီဘက်သံလမ်း ပေါ်ဖြစ်လျှင် (က)ရပ်ကွက် ကောင်စီကတာဝန်ယူပြီး၊ဟိုဘက်သံလမ်းဖြစ်လျှင် ဆယ်သိန်း ကောင်စီကတာဝန်ယူဆောင်ရွက်ရပါတယ်။မီးရထားနဲ့ ပတ်သက်လို့သံသယမဖြစ်ပါနဲ့ဘုရားလို့လျှောက်ထားပါတယ်။

(က)ရပ်ကွက်အပိုင်းကိုတော့ရပ်ကွက်ကောင်စီအတွင်းရေးမှူး မောင်လှစိုးက ရှင်းပြပါလိမ့်မည်ဘုရား။တပည့်တော်တို့ (က)ရပ်ကွက် အပိုင်းကတော့တောင်ဘက် က အရှင်ဘုရားကျောင်းတောင်ဘက်မှာရှိတဲ့ ဇေယျာသုခလမ်းမြောက်ဘက်ကမီးရထား သံလမ်းအထိ၊အရှေ့ဘက်က ဦးစိုးမောင် ကျောင်းလမ်းကနေအဘူဘောဂါလမ်းအထိ၊ အနောက်ဘက်က အားကစားလမ်း၊ဂန္ဓမာလမ်းအထိဖြစ်ပါတယ်ဘုရားလို့လျှောက်ထားပါသည်။

" သုံးရပ်ကွက်လုံးသိမ်း "

ဒီလိုကိုလှစိုးလျှောက်ထားတဲ့အတိုင်းဆိုတကာကြီး ဦးအေးကြည် ဦးပဥ္စင်း ကတော့ ပိုပြီးစိတ်ချရအောင်(သုံးရပ်ကွက်သိမ်းချင်တယ်) ဘာဖြစ်လို့လဲဆိုတော့ ကောင်စီအပိုင်တွေအုပ်ချုပ်တဲ့နေရာမှာ ရပ်ကွက်တွေရောနေတယ်။ဒီအရှေ့ဘက်က ကံကုန်းအိမ်တွေဟာ ဇေယျာသုခလမ်း၊

ဒီဘက်(က)ရပ်ကွက်ထဲပါနေပါလျှက် မဲဆန္ဒနယ်ကြတော့(၂၅)ရပ်ကွက် ဦးဘိုရဲ့အပိုင်ထဲမှာပါနေတယ်။ဒီအနောက်ဘက် ဦးတင်ဝင်းတို့ရဲ့ နေတဲ့ရပ်ကွက်ကြတော့(၂၅)ရပ်ကွက်အပိုင်းဓေယျသုခလမ်း တောင်ဘက် ရောက်နေပါလျှက် မဲဆန္ဒနယ်ကြတော့နှင်းဆီကုန်း(က)ရပ်ကွက် ဦးတင်ဝင်း မဲဆန္ဒနယ်ထဲမှာပါနေပါတယ်။

(က)ရပ်ကွက်အနောက်ပိုင်းကြတော့လည်း ဟိန္ဒူဘုရားကျောင်း၊ အ–မ–က(၁၄) မူလတန်းကျောင်းရပ်ကွက်၊ ဟိုအနောက် အားကစား ကွင်းလမ်းဆုံဘက် ဂန္ဓမာလမ်း၊မဥ္ဇူလမ်းတို့ကြတော့လည်း စုပေါင်းကြီး ရပ်ကွက်ထဲရောက်နေပါလျှက်မဲဆန္ဒနယ်ကြတော့(က)ရပ်ကွက် ကောင်စီတပိုင် ဖြစ်နေပြန်တယ်။ဒါကြောင့်(က) ရပ်ကွက်၊(၂၅)ရပ်ကွက်၊ စုပေါင်းကြီးရပ်ကွက်သုံးရပ်ကွက်လုံးကောင်စီသုံးပိုင်ပေါင်းပြီး သိမ်း လိုက်လျှင်ပိုပြီး သံသယကင်းပြီးစိတ်ချရမယ်လို့ထင်ပါတယ်။ဒါကြောင့် ဒီသုံး ရပ်ကွက်သိမ်းလုံးချင်တယ်။ အဲသလိုပြောပြလိုက်တဲ့အခါ အားလုံးကကောင်းလှပါတယ်ဘုရား လို့လျှောက်ထားကြလေသည်။ သုဝဏ္ဏ (၂၅)ရပ်ကွက်နဲ့ စုပေါင်းရပ်ကွက်ကတော့ ဘုန်းကြီးကျောင်း မရှိလို့ သိမ်းစရာမလိုတော့ပါဘူး၊ အိမ်တွေမှာ အာဂန္တုရဟန်းများနဲ့ ဒုလ္လဘရဟန်းများ ရှိ/မရှိ စစ်ဆေးဖို့လိုပါတယ်။ (၂၅)ရပ်ကွက် ကောင်စီဥက္ကဋ္ဌအဖွဲ့များက(ဂ)ရပ်ကွက်၊ အဘူဘောဂါလမ်းမှရဲစခန်း အရှေ့သံသုမာလမ်းအထိ၊ သံသုမာလမ်းတလျှောက် မဟော်ဂနီ၊ ချယ်ရီ၊ စိန်ပန်းမြိုင်၊ ငုရွှေမြိုင်၊ ပျဉ်းမမြိုင်လမ်းတိုင်အောင်၊စုပေါင်းဥက္ကဋ္ဌအဖွဲ့က ပျဉ်းမမြိုင်လမ်းကနေဆက်ပြီး စရည်းပင်လမ်း၊ ကျွန်းရွှေမြိုင်လမ်း၊ သစ်ရာပင်လမ်း၊ဝေဇယန္တာလမ်း၊မီးရထားလမ်းတိုင်အောင် အသီးအသီး တာဝန်ယူအစောင့်များထားရမှာဖြစ်ပါတယ်။အခြားက ရဟန်းသံဃာများ လာခဲ့လျှင်သိမ်သမုတ်ပွဲရှိနေပါသဖြင့် ခဏခေတ္တလွတ်ရာ၌ သီတင်းသုံး နေပါဦးဘုရား၊ပြီးလျှင်တပည့်တော်တို့လိုက်ပို့ပါမည်ဘုရားလို့နယ်စောင့်တကာ များကလေးလေးစားစားမေတ္တာရပ်ခံလျှောက်ထားတတ်ဖို့လည်း လိုအပ် ပါတယ်။ဦးပဥ္စင်းတို့စစ်ကိုင်းစာသင်တိုက်က (က)ရပ်ကွက် ကောင်စီ တပိုင်ထဲနေတာဆိုတော့(က)ရပ်ကွက်ကောင်စီက အဓိကဖြစ်နေပါသဖြင့်

လူအင်အားများ များလိုအပ်မှာဖြစ်ပါတယ်။ဝေဇယန္တာလမ်း၊သံလမ်းဆုံမှ စံပယ်လမ်း၊ဂမုန်းလမ်း၊ အင်ကြင်းလမ်း၊ဇေယျသုခ၊ သရဖီ၊ သဇင်ပန်း၊ ဇကဝါ၊ မြစိမ်း၊ နတ်စင်လမ်း၊ ဦးစိုးမောင်ကျောင်းလမ်း၊ ကြိုးစက်လမ်း၊ အဘူဘောဂါလမ်း၊ ရဲစခန်းအထိ၊ သံလမ်းတလျှောက်ကတော့ အသွားအလာလည်းများ ဘုန်းကြီးကျောင်းတွေကလည်းရှိနေတာမို့ လူများများ မနီးမဝေးခပ်စိပ်စိပ်နေရာချထားပေးဖို့အရေးကြီးတယ်။လမ်းစဉ်လူငယ်၊ မီးသတ်ကလေးတွေပါအကူအညီတောင်း ရမှာဖြစ်ပါတယ်။

(က)ရပ်ကွက်အတွင်းမှာဘုန်းကြီးကျောင်း(၄)ကျောင်းရှိတာဆိုတော့ အဲဒီကျောင်းတွေမှာရှိတဲ့ ရဟန်းသံဃာအားလုံး အာဂန္တုပါမကျန် သိမ်သမုတ်ရန်ကြွဘို့ကျောင်းထိုင်ဆရာတော်များကို ကြိုတင်လျှောက်ထားပြီးပါပြီ။နေ့စဉ်လည်းသိမ်နှုတ် ပွဲသို့ကြွနေကြပါတယ်။ကိုလူစိုးတို့က ရပ်ကွက်ထဲက အိမ်တွေမှာ အာဂန္တုရဟန်း များနဲ့ဒုလ္လဘများ ရှိ/မရှိ စစ်ဆေးစုံစမ်းဘို့အရေးကြီးပါတယ်။ရှိတယ်ဆိုလျှင် ကျောင်းကို ပင့်ခဲ့ပါ။မလိုက်နိုင်ဘူးဆိုလျှင်လည်း ဒီကဦးပဥ္ဇင်းတစ်ပါးလွှတ်ပြီး ဆန္ဒတောင်းရပါမယ်။ကုလားအိမ်တွေရောဗမာအိမ်တွေရော တစ်အိမ်တက်ဆင်းညွှန်းစာရင်းစစ်သလိုလမ်းကောင်စီ၊ အပိုင်ကောင်စီအလိုက် တာဝန်ယူဆောင်ရွက်သွားမယ်ဆိုလျှင် လွယ်ကူလောက်ပါတယ်။

" လျှို့ဝှက် "

ရပ်ကွက်ထဲမှာ သံဃာရှိ/မရှိ၊ ရှာတဲ့အခါမှာလည်း ဘာ့ကြောင့် ရှာတယ်လို့မသိစေဘဲ တစ်စုံတစ်ခုကိစ္စကြောင့်ရှာတဲ့နည်းနဲ့ "လျှို့ဝှက်" ပြီးရှာမှဖြစ်မယ်။သံဃာတွေရပ်ကွက်ထဲတစ်နေရာရာမှာရှိတယ်ဆိုလျှင် သိမ်သမုတ်တာမအောင်မြင် ဘူးတဲ့လို့ သိသွားရင်အသမာစိတ်ရှိတဲ့၊ ဖျက်လို့ဖျက်ဆီးလုပ်လိုတဲ့ပုဂ္ဂိုလ်တွေက တစ်အိမ်အိမ်မှာ ပုန်းအောင် နေမယ်၊ ဝှက်ထားမယ်ဆိုလျှင် ခက်ခက်ခဲခဲကြိုးကြိုးစားစားလုပ်ရတဲ့ သိမ်သမုတ်ပွဲကြီးဟာပျက်ဆီးသွားနိုင်တယ်။ဒါကြောင့် ဒီရှာရတဲ့ ကိစ္စနဲ့ပတ်သက်လို့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များသာသိစေပြီး၊ တခြားပုဂ္ဂိုလ် တွေအတတ်နိုင်ဆုံး မသိအောင် 'လျှို့ဝှက်'ထားနိုင်ရင်ပိုပြီး ကောင်းပါတယ်။ဒီသိမ်သမုတ်ပွဲကြီး ပြီးစီးအောင်မြင်သွားအောင်

ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

အရှင်ဘုရားယခုလိုရှင်းပြသည့်အတွက်တပည့်တော်များ အားလုံး သဘောပေါက်ကြပါသည်ဘုရား၊အရင်ကမကြားဘူး၊မသိဘူး၊ အတွေ့အကြုံမရှိဘူးပေမယ့် ယခုတော့သာသနာတော်မှာ သိမ်တစ်လုံး ဖြစ်လာဖို့ရာက အလွန်ခက်ခဲပြီး မလွယ်ကူကြောင်းသိရှိနားလည် ရပါသည်ဘုရား၊တပည့်တော်တို့ဘက်ကလည်းအရှင် ဘုရားဖြစ်စေချင်တဲ့ အတိုင်းအားလုံးတာဝန်ယူဆောင်ရွက်ပါမည်ဘုရား–ဟုမြို့နယ် ကောင်စီ အတွင်းရေးမှူးဦးအေးကြည်ကလျှောက်ထားပြီး ရပ်ကွက်များကို တရား ဝင်စာထုတ်ထားကြောင်း မိတ္တူစာရွက်ကို ဆက်ကပ်ပါသည်။

" မဟာနာယက ဆရာတော်ကြီးများ "

ည(၁၀)နာရီအချိန်တွင်ကမ္ဘာအေးမှ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ သက်တော်(၈၇)၊ သိက္ခာတော်(၆၈)ဝါရှိ ဦးပညာစက္က (အဂ္ဂမဟာပဏ္ဍိတ) ဖျာပုံ ဆရာတော်၊ ဦးသောဘိတ(အဂ္ဂမဟာပဏ္ဍိတ) မြင်းခြံဆရာတော်၊ ဦးသြဘာသ (အဂ္ဂမဟာပဏ္ဍိတ)သရက်တောကျောင်း တိုက်(ရန်ကုန်)၊ဦးကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ)စလင်း၊ ဦးဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)တွဲဘက်အကျိုးတော်ဆောင်မိုးကောင်း ကျောင်းတိုက် (မန္တလေး)၊ ဦးဝဏ္ဏသိရိ (အဂ္ဂမဟာပဏ္ဍိတ) တွဲဘက်အကျိုးတော် ဆောင် သံလျင်မင်းကျောင်း၊ ဦးသိရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) မစိုးရိမ်တိုက်သစ်(မန္တလေး)၊ဦးကုမုဒ(ကြခင်း)၊ဦးက္လေန္ဒောဘာသ (ပုသိမ်)၊ ဦးဥတ္တရာဘိဓဇ(ကြို့ပင်ကောက်)၊ဦးကုမာရ(မကွေး)၊ ဦးကေလာဘိဝံသ (မိတ္ထီလာ)၊ ဦးပညာဝံသ(မုံရွာ)၊ ဦးနန္ဒဝံသ(တွံတေး)၊ ဦးလာဘာသာမိ (ဟသ်ာတ)၊ ဦးသြသဓာဘိဝံသ(ညောင်တုန်း)၊ ဦးအာစိဏ္ဏာဘိဝံသ (ထားဝယ်)၊ဦးတိလောက(ရဝေထွန်း–မလှိုင်)ဆရာတော်(၁၆)ပါး ကြွလာပါသည်။

" ကြိုဆိုညှော်ခံ "

ရှေးဦးစွာရောက်နှင့်ကြသော မြို့နယ်သံဃနာယက ဆရာတော်များ နှင့်တကာ၊တကာမများက ကျောင်းမုခ်ဦးဝမှစ၍ သာသနာ့အလံကလေး တွေကိုင်ကာလမ်းဟိုဘက်ဒီဘက်မျက်နှာချင်းဆိုင်တန်းစီကာ

လက်အုပ်ကလေးတွေချီမိုးလျှက်ဝမ်းပန်း တသာကြွေးဆိုကြလေသည်။ ခေတ္တခဏနားနေချိန် အတွင်းမှာ ဆရာတော်များအား သစ်သီးစုံဖျော်ရည်၊ ဓိုးဖျော်ရည်၊ ဘာလီရည်၊ ကြံရည်၊စတုမဓု၊ ညဂျင်းသုတ်၊ ဆေးလိပ်၊ ကွမ်းယာတို့ဖြင့် သူထက်ငါ အပြိုင်အဆိုင်ဆက်ကပ်ကြပါသည်။ သိမ်သမုတ်ပွဲကိုစိတ်ပါဝင်စားကာ လာပြီး ကြည်ညိုကြသောပရိသတ်များကလည်း သိမ်နိမိတ်ကျင်းထဲရေလောင်းသူကလောင်း ဖျော်ယမကာတိုက်သူကတိုက်၊ကောက် ညှင်းပေါင်း၊ ရေနွေးဝိုင်း၊ လ္ဘက်၊ ဂျင်းသုတ်တို့ဖြင့် ဧည့်ခံသူကဧည့်ခံကြနှင့် (ဆရာတော်ကြီးများကဒီလောက်စည်ကားတဲ့သိမ်သမုတ် ပွဲမတွေ့ဖူးသေးဘူး ဟု အမိန့်ရှိတော်မူကြပါသည်) သိမ်သမုတ်ပွဲပြီးသည့်တိုင်အောင်ကြည်ညိုနေကြသူများဟာ ပွဲလေးတမျှစီကားလှသည်။

ခေတ္တခဏနားနေချိန် အခမ်းအနားအစီအစဉ်များ ရေးဆွဲပြီး ည(၁၁)နာရီ အချိန်တွင် အခမ်းအနားမှူးဖြစ်တော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တွဲဘက်အကျိုးတော်ဆောင် ဆရာတော်ဦးဝဏ္ဏသိရီ(အဂ္ဂမဟာပဏ္ဍိတ)သံလျှင်က သံဃာတော်များနှင့်လူပရိတ်သတ်များကြိုတင်သိရှိစေရန်၊ အခမ်းအနားအစီအစဉ်များကိုဖတ်ကြားလျှောက်ထားတော်မူသည်။

“ အခမ်းအနား အစီအစဉ် ”
ရန်ကုန်တိုင်း
သင်္ဃန်းကျွန်းမြို့နယ်
နှင်းဆီကုန်း(က)ရပ်ကွက်

စစ်ကိုင်းစာသင်တိုက်အတွင်း၌ အလျား(၇၈)ပေ၊ အနံ(၅၄)ပေရှိ မြေယာတွင် (၁၃၄၆)ခုနှစ် ကဆုန်လဆန်း(၁၂)ရက်(၁၁-၅-၈၄)ရက် သောကြာနေ့ ည(၁၂)နာရီအချိန် ကျင်းပပြုလုပ်မည့်

သိမ်သမုတ်ပွဲအခမ်းအနား အစီအစဉ် –

(၁) ည(၁၂)နာရီအချိန်တွင် ကြေးစည်ခေါင်းလောင်းအုံးမောင်းထိုး၍ သိမ်ရာ အတွင်းသံဃာတော်များစည်းဝေးတော်မူကြရန်။

(၂) သံဃာတော်များဟတ္ထပါသ်အတွင်းသို့စုံစုံညီညီရောက် မရောက် စစ်ဆေးရန်။

(၃) ယူဆောင်လာသောဆန္ဒရှိပါက သံဃာတော်အားလျှောက်ထားရန်။

(၄) သိမ်သမုတ်ဖွင့်ပွဲအခမ်းအနားကြီးကို သမန္တာအစ၊နမောတဿ အဆုံး၊မေတသုတ္တန်၊ ဘဝတုသဗ္ဗမင်္ဂလံသုံးဂါထာကို ရွတ်ဆို တော်မူလျက်ဖွင့်လစ်တော်မူကြရန်။

(၅) သိမ်ရာကို သုံးကြိမ်ထပ်မံ၍ နူတ်တော်မူကြရန်။

(က) ဦးကုမုဒ–ကြခင်းဆရာတော်(ကြခင်း)၊
ဦးဣန္ဒောဘာသ–ရေကြည်မင်္ဂလာ(ပုသိမ်)၊
ဦးဥတ္တရာဘိဓဇ(ကြို့ပင်ကောက်)၊

(ခ) ဦးဉာဏာဘိဝံသ (မန္တလေး)၊
ဦးဝဏ္ဏသိရီ(သံလျင်)၊
ဦးလာဘသာမိ(ဟသ်ာတ)၊

(ဂ) ဦးသြသဓာဘိဝံသ(ညောင်တုန်း)၊
ဦးအာစိဏ္ဏာဘိဝံသ(ထားဝယ်)၊
ဦးသိရိန္ဒာဘိဝံသ(မန္တလေး)၊

(၆) သိမ်နိမိတ်စောင့်များချထားရန်–
သိမ်နိမိတ်စောင့်အဖြစ်ဆောင်ရွက်မည့် ဆရာတော်များ
(၁) အရှေ့မြောက်ဒေါင့်တနင်္ဂနွေသား ဦးဥက္ကံသမြို့နယ်အဖွဲ့ဝင် (အောင်မြေရွှေကူကျောင်း)၊
(၂) အရှေ့အရပ် တနင်္လာသား ဦးခေမိန္ဒမြို့နယ် ဥက္ကဋ္ဌ (ကျိုက္ကဆံအရှေ့ကျောင်း)၊
(၃) အရှေ့တောင်ဒေါင့်အရပ်–အင်္ဂါသား ဦးစက္ကိန္ဒ–မြို့နယ်အဖွဲ့ဝင် (ရတနာသိဒ္ဓိကျောင်း)
(၄) တောင်အရပ် ဗုဒ္ဓဟူးသား ဦးဝိမလ မြို့နယ်အဖွဲ့ဝင် (ဓမ္မသိဒ္ဓိကျောင်း)၊
(၅) အနောက်တောင်ဒေါင့်အရပ်စနေသား ဦးဓမ္မာနန္ဒ မြို့နယ်အတွင်းရေးမှူး (စစ်ကိုင်းစာသင်တိုက်)၊
(၆) အနောက်အရပ် ကြာသပတေးသား ဦးမေဃဝံသ မြို့နယ်အဖွဲ့ဝင် (မေဃဝံသကျောင်း)၊
(၇) အနောက်မြောက်ဒေါင့်အရပ် ရာဟုသား ဦးဝိစိတ္တစာရ ဗဟိုဝင်ဆောင် (အသောကသိတဂူကျောင်း)၊
(၈) မြောက်အရပ် သောကြာသား ဦးသာကေတ မြို့နယ်အဖွဲ့ဝင် (ဓမ္မာလောကကျောင်း)၊

(၇) သိမ်နိမိတ်ကြားတော်မူရန်
အပြင်နိမိတ်ကြားဆရာတော်များ–
(က) ဦးဥာဏာဘိဝံသ (မန္တလေး)၊
(ခ) ဦးဝဏ္ဏသိရီ (သံလျင်)၊
(ဂ) ဦးသိရိန္ဒာဘိဝံသ (မန္တလေး)၊
အတွင်းနိမိတ်ကြားဆရာတော်များ–
(က) ဦးသောဘိတ (မြင်းခြံ)၊
(ခ) ဦးညိဘာသာဘိဝံသ (သရက်တော–ရန်ကုန်)၊



ဆရာတော်ဦးဝဏ္ဏသီရိ သိမ်နိမိတ်ကြားပုံ



ဆရာတော်ဦးဝဏ္ဏသီရိ
အစမ်းအနားအစီအစဉ်ရေးဆွဲပုံ



သိမ်သမုတ်ကြွလာသော သံဃာတော်များ
အဖျော်ယမကာကပ်နေပုံ



ဦးဝဏ္ဏသိရိ
သိမ်အောင်ဩဘာ
စာဖတ်ကြားပုံ

(၈) သမာနသံဝါသ သိမသမ္မုတိကံ ဆောင်ရွက်တော်မူကြရန်၊

(က) ဦးကုမုဒ(အဂ္ဂမဟာပဏ္ဍိတ)(အဖွဲ့ဝင်) (ကြခင်း)
ဦးဣန္ဒောဘာသ ( ။ ) ( ။ ) (ပုသိမ်)
ဦးဥတ္တရာဘိဓ ( ။ ) ( ။ ) (ကြို့ပင်ကောက်)

(ခ) ဦးသောဘိတ ( ။ )(ဒု-ဥက္ကဋ္ဌ) (မြင်းခြံ)
ဦးကိတ္တိ ( ။ ) (အဖွဲ့ဝင် ) (စလင်း)
ဦးကုမာရ ( ။ ) ( ။ ) (မကွေး)

(ဂ) ဦးဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) (တွဲဘက်အကျိုး
တော်ဆောင်)(မန္တလေး)
ဦးဝဏ္ဏသိရိ ( ။ ) ( ။) (သံလျင်)
ဦးသိရိန္ဒာဘိဝံသ ( ။ ) ( ။) (မန္တလေး)

(ဃ) ဦးကေလာသာဘိဝံသ( ။ ) (အဖွဲ့ဝင်) (မိတ္ထီလာ)
ဦးပညာဝံသ ( ။ )(တွဲဘက်အကျိုးတော်ဆောင်)(မုံရွာ)
ဦးနန္ဒဝံသ ( ။ ) ( အဖွဲ့ဝင် ) (တွံတေး)

၉။ အဝိပ္ပဝါသ သိမသမုတိကံဆောင်ရွက်တော်မူကြရန်-

(က) ဦးလာဘာသာမိ (အဂ္ဂမဟာပဏ္ဍိတ)(အဖွဲ့ဝင်) (ဟင်္သာတ)
ဦးဩသမာဘိဝံသ ( ။ ) ( ။ ) (ညောင်တုန်း)
ဦးအာစိဏ္ဏာဘိဝံသ( ။ ) ( ။ ) (ထားဝယ်)

(ခ) ဦးဣန္ဒ (ဗဟိုဝန်ဆောင်) (ဘိုကလေး)
ဦးဓမ္မာနန္ဒ (မြို့နယ်အကျိုးတော်ဆောင်)
(စစ်ကိုင်းစာသင်တိုက်)
ဦးကုဝေရ ( ဂဏဝါစက) ( ။ )

(ဂ) ဦးတိလောက(ရဝေထွန်း)(ဗဟိုဝန်ဆောင်) (မလိုင်)
ဦးဣန္ဒာစက္က ( ဂဏဝါစက) (စစ်ကိုင်းစာသင်တိုက်)
ဦးစက္ကိန္ဒ ( မြို့နယ်အဖွဲ့ဝင်) (ရတနာသိင်္ဂီကျောင်း)

(ဃ) ဦးခေမိန္ဒ ( မြို့နယ်ဥက္ကဋ္ဌ) (ကျုံကြံ့စံအရှေ့)
ဦးဝိစိတ္တစာရ ( ဗဟိုဝန်ဆောင်) (အသောကသိတဂူ)
ဦးဥက္ကံသ ( မြို့နယ်အဖွဲ့ဝင်) (အောင်မြေရွှေကူ)

၁၀။ ဇယန္တော ဗောဓိယာ မူလေ–ကစ၍ ပုဗ္ဗဏှသုတ်အဆုံးအထိ သံဃာတော်များက ရွတ်ဆိုတော်မူပြီးနောက် သိမ်အောင်ဩဘာစာကို အခမ်းအနားမှူးက ဖတ်ကြားလျှက် ပြီးဆုံးသည့်အခါ ရဟန်းရှင် လူ အပေါင်းတို့ကသာဓု(၃)ကြိမ်ခေါ်ပြီး ကြေးစည်၊ ခေါင်းလောင်း၊ အုန်းမောင်း ထိုးလျှက်သိမ်သမုတ်မင်္ဂလာ အခမ်းအနားကြီးကို ရုပ်သိမ်းရန်။

"အခမ်းအနား ကြေငြာ"

ည(၁၁)နာရီ (၄၅)မိနစ်အချိန်တွင် အခမ်းအနားမှူးဖြစ်တော်မူသောဦးဝဏ္ဏသိရီက အခမ်းအနားစတင်ရန်ကြေငြာသည်နှင့် တစ်ပြိုင်နက်တည်းကြေးစည်၊ခေါင်းလောင်း၊အုန်းမောင်းထိုးကြွရောက်တော်မူလာကြသောသံဃာတော်(၁၃၂)ပါးကသိမ်အပြင်သို့ကြွရောက် စုဝေးတော်မူလာကြပါသည်။

"အခမ်းအနားဖွင့်"

သံဃာတော်များ သိမ်အပြင်သို့ စုံစုံညီညီကြွရောက်လာသောအခါ အခမ်း အနားမှူးလျှောက်ထားချက်အရ–

"သမန္တာ–အစနမောတဿ–အဆုံး၊မေတ္တသုတ္တန်၊ ဘဝတုသဗ္ဗ မင်္ဂလံ" (၃)ဂါထာကို ရွတ်ဆို၍အခမ်းအနားစတင်ဖွင့်လှစ်တော်မူကြပါသည်။

"ဆန္ဒကြားရန်ကိစ္စမရှိ"

ပင့်ဆောင်ထားသော သံဃာတော်များအား ကျောင်းအလိုက် စစ်ဆေးသောအခါ အစုံအညီ ဟတ္ထပါသ်အတွင်းသို့ရောက်ရှိနေပါသဖြင့် ဆန္ဒပေးသောရဟန်းမရှိသောကြောင့် ဆန္ဒကြားရန်ကိစ္စ မရှိတော့ပါ။

"သိမ်သုံးကြိမ်နှုတ်"

သံဃာတော်များစုံညီသောအခါ ခင်းကျင်းထားသော ဖျာ၊ သင်ဖြူး၊ အခင်းများကို ခဏဖယ်ရှား၍ အလယ်ဗဟိုမှာသံဃာ(၁၃၂)လုံး စုပေါင်းဝိုင်းထိုင်ပြီး 'ပျားပန်းခတ်' ပုံစံနည်းဖြင့်သုံးပါး တစ်တွဲ(၃)ကြိမ် ထပ်မံနှုတ်တော်မူကြပါသည်။

ပထမအကြိမ် ဆရာတော် ဦးကုမုဒ အဖွဲ့ (၃)ပါး။
ဒုတိယအကြိမ် ဆရာတော် ဦးဥာဏာဘိဝံသ အဖွဲ့ (၃)ပါး။
တတိယအကြိမ် ဆရာတော် ဦးဩဘာသဘိဝံသ အဖွဲ့ (၃)ပါး။

" နိမိတ်စောင့်ချ "

သုံးကြိမ်ထပ်မံနှုတ်ပြီးနောက် ဖျာ၊သင်ဖြူးများ ပြန်ခင်း၍ 'နိမိတ်စောင့်' သံဃာတော်များ ချထားပါသည်။

" အပြင်နိမိတ်ကြား "

(က) ဦးဥာဏာဘိဝံသ ဆရာတော်က ပါဠိသက်သက်ဖြင့် ကြားပါသည်။

(ခ) ဦးဝဏ္ဏသိရီ ဆရာတော်က ပါဠိ+မြန်မာဖြင့် ကြားပါသည်။

(ဂ) ဦးသိရိန္ဒာဘိဝံသ ဆရာတော်က ပါဠိသက်သက်ဖြင့် ကြားပါသည်။

" အတွင်းနိမိတ်ကြား "

(က) ဦးသောဘိတ ဆရာတော်က ပါဠိ+မြန်မာဖြင့် ကြားပါသည်။

(ခ) ဦးဩဘာသာဘိဝံသ ဆရာတော်က မြန်မာသက်သက်ဖြင့် ကြားပါသည်။

" သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါ "

ပထမအကြိမ် (က) ဆရာတော်ဦးကုမုဒ အဖွဲ့ (၃)ပါး၊
ဒုတိယအကြိမ် (ခ) ဆရာတော်ဦးသောဘိတ အဖွဲ့ (၃)ပါး၊
တတိယအကြိမ် (ဂ) ဆရာတော်ဦးဥာဏာဘိဝံသ အဖွဲ့ (၃)ပါး၊
စတုတ္ထအကြိမ် (ဃ) ဆရာတော်ဦးကေလာသာဘိဝံသ အဖွဲ့ (၃)ပါး။

" အဝိပ္ပဝါသသီမ သမ္မုတိ ကမ္မဝါ "

ပထမအကြိမ် (က) ဆရာတော်ဦးလာဘာသာမိ အဖွဲ့ (၃)ပါး၊
ဒုတိယအကြိမ် (ခ) ဆရာတော်ဦးဣန္ဒ အဖွဲ့ (၃)ပါး၊
တတိယအကြိမ် (ဂ) ဆရာတော်ဦးတိလောက အဖွဲ့ (၃)ပါး၊
စတုတ္ထအကြိမ် (ဃ) ဆရာတော်ဦးခေမိန္ဒ အဖွဲ့ (၃)ပါး။

" သိမ်သမုတ် အောင်မြင် "

ည၁၁(၁၂)နာရီ(၄၉)မိနစ်အချိန်တွင် "သာသနဒ္ဓိတိကပုဗ္ဗာရုံ" အမည်ရှိသော သိမ်တော်ကြီးသည်သမုတ်၍ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပါသတည်း။

အခမ်းအနားအစီအစဉ်အရ- သံဃာတော်များက "ဇယန္တော ဗောဓိယာ မူလေ" ဂါထာကစ ပုဗ္ဗဏှသုတ်အဆုံးအထိ ရွတ်ဆိုတော်မူကြပါသည်။

" ဩဘာစာဖတ် "

ရွတ်ဆိုတော်မူပြီးနောက် အခမ်းအနားမှူးဖြစ်တော်မူသော နိုင်ငံတော် သံဃမဟာနာယက တွဲဘက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝဏ္ဏသိရိက "သိမ်အောင်ဩဘာစာ" ကို ဖတ်ကြားပြီး အဆုံး၌---

" သာခု ခေါ်၍ရုပ်သိမ်း "

ကြွရောက်တော်မူလာကြသော ရဟန်းရှင်လူအပေါင်းတို့က ညီညာဖျဖျ ကောင်းချီးနှမော် (သာဓု)သုံးကြိမ်ခေါ်တော်မူကြကာ သုဝဏ္ဏ (၂၄)ရုပ်ကွက်၊ ဓမ္မာရုံအဖွဲ့ဖြစ်ကြသော ဦးတင်အုန်း၊ ဦးစိန်လင်း၊ ဦးတင်ဝမ်း၊ဦးအောင်သိန်းတို့မှ ကြေးစည်၊ ခေါင်းလောင်း၊ အုန်းမောင်း ထိုးလျက် "သိမ်သမုတ်မင်္ဂလာ" အခမ်းအနားကြီးကို ည(၁)နာရီ (၁၅)မိနစ်အချိန်တွင် ရုပ်သိမ်းတော်မူကြလေသည်။

"သိမ်အောင်မင်္ဂလာ ဩဘာစာ"

*'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'*

(၁) တိလောကဂ္ဂဖက်မမျှသည့်အဂ္ဂဝိသေတိရေဘဂဝန် ဘုန်းတော်လွန်သောအမွန်ထွတ်ထား ဘုရားမြတ်ရှင်နိဗ္ဗာန်ခွင်သို့ဝင်တော်မူပြီးမှ ယနေ့ကျအောင်ဝေါဟာရခေါ်ရာ သာသနာတော်နှစ်နှစ်ထောင့်ငါးရာနှစ်ဆယ့်ရှစ်နှစ်သက္ကရာဇ်ကောဇာဝေါဟာခေါ်လစ်မြန်မာနှစ်တစ်ထောင့်သုံးရာလေးဆယ့် ခြောက်ခုနှစ် နွေခေတ်ဂိမာန် ကြယ်ပြန်ယှဉ်မို ဝေသာခီနှင့် ဖူးချိပွင့်ဝေ စကားရွှေတို့ထုံဝေသင်းပျ ကဆုန်လ၏ပက္ခဆန်းတက် တစ်ဆယ့်တစ်ရက်(၁၀-၅-၈၄)သောကြာနေ့ညဉ့်ဘက်စက်နာရီ(၁၂)နာရီ မိနစ်(၄၉)ချိန်မှီအခါမင်္ဂလာဝယ် ကောင်းစွာအောင်မြင် ပွဲကြီးယင်သောဤသာသနဒ္ဓိတိကပုဗ္ဗာရုံသညီမှည့်ခေါ်သိမ်တော်ကြီးသည်ကား

(၂) မြန်မာရဋ္ဌ နဂရခန့်ကြိုင်းရန်ကုန်တိုင်းခေါ်ညွန်း သက်န်းကျွန်းမြို့နယ် တင့်တယ်သာစွ သုဝဏ္ဏမြို့ နှင်းဆီကုန်း(က)ရပ်ကွက်အချက်အချာသာယာ သိုက်မြိုက် စစ်ကိုင်းစာသင်တိုက်အတွင်းအလျား (၅၂)တောင်၊အနံ (၃၆)တောင် ဆောင်ယောင်ကျယ်ဝန်းတင့်ရှန်းမင်္ဂလာ ညီညွတ်စွာဖြင့် ကမ္မာကမ္မကာရကဝယ် ပတ္တကလ္လမြောက် မမှောက်မလှိုင်းဝန်းဝိုင်း မဏ္ဍလာပထဗျာကို-။

သံဝါချူဆိမ့် မုဒိမ့်မျက်နှာပမာသဏ္ဌာန်လျှော်အောင်ဖန်၍ဘုန်းကံဥာဏ်စက်ထက်မြက်ကြီးမားဆရာတော်ကြီးဖြစ်သောဘိုကလေးမြို့ ပေချောင်းကြီးရွာ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်သက်တော်(၇၆)၊သိက္ခာတော်(၅၇)ဝါရဆရာတော်ကြီး ဦးဣန္ဒနှင့်စစ်ကိုင်းစာသင်တိုက်ပဓာနနာယက ဆရာတော်ဦးဓမ္မာနန္ဒ တို့ကိုအမှူးထား၍သံဃာတော်အပါး(၂၀)တို့သည်စင်ကြယ်ကာလသုနက္ခတ္တအခါဖြစ်သော မင်္ဂလာရက်ကြိုကဆုန်လဆန်းနှစ်ရက်အင်္ဂါနေ့ ညနေ(၅)နာရီ အချိန်မှစ၍ ဌာနမြေချာ ညီညွတ်စွာဝယ်ဖွဲ့ခါရေးချက်ညောင်စောင်းကွက်(၁၁၇)ကွက်ကိုဆက်ကာဆက်ကာ

ရေးသားပါ၍ ဝိနယာလောမ ပါဝါစနပါဠိအဋ္ဌကထာဋီကာပါဠိ ညှိ၍ဝိမတိအလာကန်ါကျမ်းမြတ်လျှောက်ပတ်ညီမျှ ပရူပဝါဒ ကင်းစင်ကြယ်ခြင်းရှိရအောင်–။

အဝိပ္ပဝါသ–သမ္မုတိ ကမ္မဝါစာ ထပ်ခါကြိမ်ဖန် အတန်တန်လျင် သဏ္ဌာန်သတ်မှတ်အရာဖတ်နည်းသီးသီးဖတ်ကာသမာနသံဝါသက ကမ္မဝါစာဖတ်ကာဆင်နွှဲအနည်းနည်းအခါခါများစွာအားထုတ်၍ သိမ်နှုတ်ကိစ္စကို စိတ်ချရအောင်လုပ်ဆောင်တော်မူကြပြီးနောက်။

(၃) ဤယနေ့ချိန်ခါ မင်္ဂလာယူပြီးကာလ ဂါမအတွင်းသိမ်းသွင်းစုရုံး သံဃာတော်အားလုံး ခြိမ့်အုံးညီညာ စုဝေးကာလျှင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီး (၁၆)ပါးတို့ဦးစီး ရှေ့ဖျား ဝိနည်းတရားတော်နှင့် ညီစွာရွတ်ဆောင်ကာဖြင့် ပါဠိ၊အဋ္ဌ ကထာ၊ ဋီကာကျမ်းတတ် ပိဋကတ်ကျေပွန် သီလဝန်၊ ဂုဏဝန် ထေရ်မွန်အကျော် သံဃာတော် (၁၅၀)ကျော်တို့ကို ပင့်ခေါ် ဖိတ်ကြားလျှောက်ထားတောင်းပန်၍ကံတော်ဉာဏ်တော် ထင်ပေါ် ရှေ့သွား

(၁) ဦးဉာဏာဘိဝံသ တွဲဘက်အကျိုးတော်ဆောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဝါးတန်းစာချကျောင်း မန္တလေး က ရှေးဦးမဆွ ဥဒကနိမိတ္တတွင်းဝအပါး စောင့်စား ရပ်တည် ရှစ်မည်ပိုင်းခြားမထေရ်တို့အပါးသို့ကြွသွား မေးဖြေတစ်ပါးစီ၊တစ်ပါးစီ အမျှအညီဖြေစေလျက် အထွေထွေစစ်ဆေး၍ အရေးအရာကောင်းစွာမှတ်သား ပထမအကြိမ်နိမိတ်ကြားတော်မူ၍၊

(၂) ဦးဝဏ္ဏသိရီ (တွဲဘက်အကျိုးတော်ဆောင်) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သံလျင်မြို့မင်းကျောင်း ပထမပြန် စာသင်တိုက်က ဒုတိယအကြိမ်၊

(၃) ဦးသိရိန္ဒာဘိဝံသ (အဖွဲ့ဝင်) နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ဆရာတော်က တတိယအကြိမ် စစ်မေးလျှက်၄င်း၊

(က) အတွင်းနိမိတ်ကြားတာဝန်ကို ဦးသောဘိတ(ဒုတိယဥက္ကဋ္ဌ) နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ မြင်းခြံမြို့၊ကိုးဆောင်တိုက် ဆရာတော်က ပထမအကြိမ်အဖြစ်၄င်း၊

(ခ) ဦးဥဩဘာသာဘိဝံသ (ဒုတိယ–ဥက္ကဋ္ဌ) နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ရန်ကုန်မြို့ သရက်တောတိုက်၊ ဖျာပုံတိုက်သစ် ကျောင်းဆရာတော်က ဒုတိယအကြိမ်အဖြစ်၄င်း၊ဆက်လက် မေးဖြေ အထွေအထွေစစ်ဆေးလျက်အရေးမှုစွာယင်းသို့(၅)ကြိမ် တိုင်တိုင်မြဲရိုင်သေချာကောင်းစွာမြွက်ဟ မာဂဓ, မရမ္မ,သမ္မိ ဿရက,ဘာသာတို့ဖြင့် သာယာရှင်ဖိတ် နိမိတ်မှတ်သား မြွက်ကြားတော်မူကြပြီးသော်။

(၄) "သမာနသံဝါသက သီမသမ္မုတိ" အရာ၌–

(က) ဆရာတော် ဦးကုမာရ (ကြံခင်း) (အဖွဲ့ဝင်)
ဆရာတော် ဦးဣန္ဒောဘာသ(ပုသိမ်) (အဖွဲ့ဝင်)
ဆရာတော် ဦးဥတ္တရာဘိဓဇ (ကြို့ပင်ကောက်) (အဖွဲ့ဝင်)

(ခ) ဆရာတော် ဦးသောဘိတ(မြင်းခြံ)(အဂ္ဂမဟာပဏ္ဍိတ–ဒုဥက္ကဋ္ဌ)
ဆရာတော် ဦးကိတ္တိ (စလင်း) (အဖွဲ့ဝင်)
ဆရာတော် ဦးကုမာရ (မကွေး) (အဖွဲ့ဝင်)

(ဂ) ဆရာတော် ဦးဉာဏာဘိဝံသ (မန္တလေး)(တွဲဘက်အကျိုးတော်ဆောင်)
ဆရာတော်ဦးဝဏ္ဏသိရိ(သံလျင်)(တွဲဘက်အကျိုးတော်ဆောင်)
ဆရာတော် ဦးသိရိန္ဒာဘိဝံသ (မန္တလေး) (အဖွဲ့ဝင်)

(ဃ) ဆရာတော် ဦးကေလာသာဘိဝံသ (မိတ္ထီလာ) (အဖွဲ့ဝင်)
ဆရာတော် ဦးပညာဝံသ (မုံရွာ) (တွဲဘက်အကျိုးတော်ဆောင်)
ဆရာတော် ဦးနန္ဒဝံသ (တွံတေး) (အဖွဲ့ဝင်)

ဤဆရာတော်(၁၂)ပါးတို့က (၄)ကြိမ်တိုင်တိုင် သမာန သံဝါသက သိမသမ္မုတိ ကမ္မဝါစာကို ဖတ်ကြားလျက် -- "အဝိပ္ပဝါသ သိမသမ္မုတိ" အရာ၌-

(က) ဦးလာဘသာမိ (ဟသ်ာတ) (အဖွဲ့ဝင်)
ဦးညြသစာဘိဝံသ (ညောင်တုန်း)(အဖွဲ့ဝင်)
ဦးအာစိဏ္ဏာဘိဝံသ (ထားဝယ်) (အဖွဲ့ဝင်)

(ခ) ဆရာတော် ဦးဣန္ဒ (ဘိုကလေး) (ဗဟိုဝန်ဆောင်)
ဆရာတော်ဦးဓမ္မာနန္ဒ(စစ်ကိုင်းကျောင်း) (မြို့နယ်အကျိုးတော်ဆောင်)
ဆရာတော် ဦးကုဝေရ( ။ ) (ဂဏဝါစက)

(ဂ) ဆရာတော် ဦးတိလောက (ရဝေထွန်း-မလှိုင်) (ဗဟိုဝန်ဆောင်)
ဆရာတော် ဦးဣန္ဒာစက္က (စစ်ကိုင်းကျောင်း) (ဂဏဝါစက)
ဆရာတော် ဦးစက္ကိန္ဒ (ရတနာသိဂ်ိကျောင်း) (မြို့နယ်အဖွဲ့ဝင်)

(ဃ) ဆရာတော် ဦးခေမိန္ဒ (ကျိုက္ကဆံအရှေကျောင်း) (မြို့နယ်ဥက္ကဋ္ဌ)
ဆရာတော် ဦးဝိစိတ္တရ (အသောကသီတဂူ) (ဗဟိုဝန်ဆောင်)
ဆရာတော် ဦးဥက္ကံသ (အောင်မြေရွှေကူ) (မြို့နယ်အဖွဲ့ဝင်)

ဤဆရာတော်(၁၂)ပါးတို့က(၄)ပါးကြိမ်တိုင်တိုင် အဝိပ္ပဝါသ သိမ သမ္မုတိကမ္မဝါစာကို သံပြိုင်ညီညာသဒ္ဒါဆယ်ချက်ချင့်နှိုင်းစက် လျှက် သမဂ္ဂ သံဃာတော်(၁၃၂)ပါးတို့နှင့်တကွ သံသယကင်းလောက် အောင်ရွက်ဆောင်တော်မူ ကြသဖြင့်ကောဒသ ဝိပ္ပတ္တိသိမ်ပေါ် လွှမ်းကျော်တက်သွား၍ သမ္ပတ္တသုံးပါးနှင့် ပြည့်စုံသော ဤသာသနဒ္ဓိတိက ပုဗ္ဗာရုံသိမ်တော်ကြီးသည် အံ့ချီးဘွယ်ရာ

ဤကဆုန်လဆန်း(၁၂)ရက်သောကြာနေ့ ညဥ့်ဘက်စက်နာရီ(၁၂) မိနစ်(၄၉)အချိန်တွင် စန်းကူနက္ခတ် ငွေပြဿဒ်သည် တက်လက်သော လားထင်ရှားလျှင် ဝင့်ကြွားဥပမာဖြစ်ပေါ်လာသဖြင့် သာသနာတော် စောင့်နတ်လောကပါလသမှာ ဒေဝနတ်အပေါင်းတို့အောင်မောင်း မင်္ဂလာကောင်းစွာရိုက်တီး ကြွေးကြော်ပြီးလျှင် မြေကြီးဆုံးခိုက်ရေနေ ဆိုက်အောင်သိမ်းပိုက်ခံယူအောင်ပွဲတော်မှုခဲ့ပြီးဖြစ်ရာ။

(၅)

ယခုဝတ္တမာန်ပစ္စုပ္ပန်ကာလခါမှစ၍ လဇ္ဇီပေသလသိက္ခာကာမ သဘာဂဆန္ဒာ သမဂ္ဂသံဃာတို့ ကမ္မာကမ္မပြုကြတို့ကို ပုဂ္ဂိုလ်အပေါင်း အရှင်ကောင်းတို့သည်နှစ်ထောင်းရှင်လန်းမသန်းကန်ကင်းစွာ သံသယ ကုက္ကုစ္စမမူစင်ပြုသောနလုံးဖြင့်စွဲသုံးတော်မူကြသည် ဖြစ်စေသော်။

*(သာဓု၊သာဓု၊သာဓု)*

* ရေးသားပူဇော်သူ
ဆရာတော် ဦးတိလောက (ရဝေထွန်းမလိုင်မြို့)
နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်

* ရှုတ်ဖတ်ပူဇော်သူ
အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝဏ္ဏသိရိ
(သံလျှင်မင်းကျောင်း)
နိုင်ငံတော်သံဃမဟာနာယကတွဲဘက်အကျိုးတော်ဆောင်

" ဆရာတော်ကြီးများပြန်ကြွ "

ဆရာတော်ကြီးများအား လှူဘွယ်ဝတ္ထုများလှူဒါန်းပြီး မော်တော်ယာဉ်များဖြင့် အသီးသီးဆိုင်ရာပို့ဆောင်ကြပါသည်။ ဆရာတော်ကြီးများပြန်ကြွပြီးနောက် သိမ်၏အလယ်တည့်တည့် စိုက်ထူထားသောအလံတိုင်၌ ဆွဲချိတ်ထားကြသော ရုပ်ပွါးဆင်တုတော် စိတ်ပုတီး၊ အင်းအိုင်လက်ဖွဲ့၊ အဆောင်ပစ္စည်းစသော မိမိတို့ ပစ္စည်းများကိုလာယူကြပါသည်။

" သိမ်ပနက်ယူ "

သိမ်ညောင်စောင်းကွက်ပေါင်း(၁၁၇)ကွက်ရှိသဖြင့် ရှစ်လက်မ လောက်ရှိကျွန်းသားပနက်ပွတ်လုံးတိုင်လေးပေါင်း(၄၆၈)တိုင် ဒေါင့်တိုင်း ဒေါင့်တိုင်း မြေထဲ မြှုပ်ရိုက်ထားလေသည်။ထိုသိမ်ပနက်တိုင်များဆောင် ထားလျှင်အန္တရာယ်ကင်းတယ်၊ ပယောဂနိုင်တယ်၊ အရောင်းအဝယ် ကောင်းတယ်၊လာတ်လာဘရွှင်တယ်ဆိုပြီးသိမ်တကွင်းလုံးအလု အယက် သိမ်ပနက်တိုင်များကိုတပျော်တပါးကြီးတူးဖော်ယူနေ ကြပါသည်။

" အာရုဏ်ဆွမ်း "

၁၃၄၆–ခုနှစ် ကဆုန်လဆန်း(၁၃)ရက် ၁၉၈၄–ခု မေလ(၁၂)ရက် စနေနေ့ နံနက်အာရုံကို နှင်းဆီကုန်းရပ်ကွက်သရဖီလမ်းနေ ဦးလှကြည်၊ ဒေါ်ခင်ထွေးရီ သမီး–မဥမ္မာ၊မစန္ဒာ မိသားစုမှသံဃာတော်များအား မုံ့ဟင်းခါးဆွမ်းဖြင့် ဆက်ကပ်ကြပါသည်။

" နေ့ဆွမ်း "

၄င်းနေ့ နေ့ဆွမ်းကို ရပ်ကွက်အသီးသီးရှိ ဒါယကာ၊ ဒါယကာမ များက စုပေါင်း၍ သံဃာတော်(၁၅၀)ကျော်တို့အား ကပ်လှူကြပါသည်။

" အချိုပွဲ "

မိခင်ကြီး ဒေါ်အိမ်သန့်အား အမှူးပြု၍ ဂန္ဓကုဋီတိုက်ကျောင်း ဒါယိကာ ဦးချစ်တင်၊ ကျောင်းအမ ဒေါ်ခင်ကြည် တူမ–မနီလာ ရန်ကုန်သစ်(၂)လမ်းတို့ကအချိုပွဲများဖြင့်တာဝန်ယူဆက်ကပ်ကြပါသည်။



သိမ်ကျောင်းတိုင်ထူပုံ



သိမ်ကျောင်းကြမ်းခင်းပုံ



သိမ်အောင်ပြီးဆုံးကြောင်း
အမှတ်အသားတုံးခေါက်နေပုံ



အောင်စည်အောင်မောင်းတီးပုံ

"အမျှဝေ"

၄င်းကဆုန်လဆန်း(၁၃)ရက်နေ့(၁)နာရီအချိန်တွင်ကုသိုလ်ကောင်းမှု အစုစုကို ကြည့်မြင်တိုင်ဗားကရာတိုက်စိတ္တသီတလကျောင်း ဓမ္မကထိကဆရာတော် ဦးကောဝိဒထံတွင်ဦးလှကြည်မိသားစု တကာတကာမအပေါင်းတို့ကတရားနာရေစက်သွန်းချ အမျှအတန်းပေး ဝေကြပါသည်။

"နိမိတ်တိုင်စိုက်ထူ"

ရေစက်ချအမျှဝေပြီးသောအခါ ဘိုကလေးဆရာတော်ဘုရားကြီးက ကြီးကြပ်ညွှန်ကြားလျှက် အရပ်ရှစ်မျက်နှာ၌ ကျောက်နိမိတ်တိုင်(၁၆)တိုင် မိမိတို့ နေ့နံအလိုက်အသီးသီးစိုက်ထူကြလေသည်။ဤတွင်သိမ်သမုတ်ပွဲကြီးအောင်မြင်ပြီးဆုံးသွားပါသဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးတည်ရှိနေသမျှကာလပတ်လုံးသံဃာတော်များသည် ရဟန်းခံခြင်းစသောကံကြီးကံငယ်များလိုအပ်သလိုဆောင်ရွက်နိုင်လေတော့သတည်း။

♥♥♥♥♥♥♥♥♥♥♥♥♥*သိမ်သမုတ်ပွဲအစီအစဉ်ပြီး*♥♥♥♥♥♥♥♥♥♥♥♥

သိမ်သမုတ်ပွဲဖြစ်မြောက်ရေးအမှုဆောင်လူကြီးများ

*************************************

၁။ ဦးကြင် ဥက္ကဋ္ဌ ငွေတိုက်စိုးပြည်ထောင်စုဘဏ်(ငြိမ်း)
၄၇/၁ ဂန့်ဂေါ်မြိုင်လမ်း၊စုပေါင်းအိမ်ယာ၊သုဝဏ္ဏ။

၂။ ဦးသိန်းလှိုင် အတွင်းရေးမှူး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လက်ထောက်မန်နေဂျာ၊ ၂၅၂/ ၊ ၂၅ရပ်ကွက်၊သုဝဏ္ဏ။

၃။ ဦးဘုန်းလွင် ဘဏ္ဍာထိမ်းဓာတ်ပုံနှင့်စာရေးကိရိယာကော်ပိုရေးရှင်း
စာရေးကြီး၊ ၂၄၄/၈ ၊ ၂၅ရပ်ကွက်၊သုဝဏ္ဏ။

၄။ ဦးစောအောင် ဆာဂျင် ၂၅၁/၃ ၊ ၂၅ရပ်ကွက်၊သုဝဏ္ဏ။

၅။ ဦးလှကြည် စီမံခန့်ခွဲရေးမှူး သွင်းကုန်၊ထုတ်ကုန်ကော်ပိုရေးရှင်း
လက်ထောက်မန်နေဂျာ၊နှင်းဆီကုန်း(က)ရပ်ကွက် သရဖီလမ်း။

၆။ ဦးသိန်း ပြန်ကြားရေးဝန်ကြီးဌာန အကြီးတန်းဓာတ်ပုံပညာရှင်
စာသင်တိုက်၏ ရာသက်ပန်အမှုဆောင်လူကြီးများဖြစ်ပါသည်။

## " သိမ်အုဋ္ဌမြစ်ချပွဲ "

♥♥♥♥♥♥♥♥♥

### သာသနာဋ္ဌိတိကပုဗ္ဗာရုံ သိမ်တော်ကြီး အုဋ္ဌမြစ်ချ အခမ်းအနားအစီအစဉ်

*********************************************

ရန်ကုန်တိုင်းသင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ နှင်းဆီကုန်း (က)ရပ်ကွက်ရှိ စစ်ကိုင်းစာသင်တိုက်၌ တည်ဆောက်မည့် "သာသနာဋ္ဌိတိကပုဗ္ဗာရုံ" သိမ်တော် ကြီးအား နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုပဲခူးမြို့မ ဆရာတော်ဘုရားကြီးနှင့်၊ အကျိုးတော်ဆောင် တိပိဋကဓရမင်းကွန်းဆရာတော်ဘုရားကြီးများဦးဆောင်သောနိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးက (၁၃၄၇)ခုနှစ် တပို့တွဲလပြည့်ကျော်(၅)ရက်(၁-၃-၈၆)စနေနေ့ နံနက်တွင် အုဋ္ဌမြစ်အခမ်းအနား ပြုလုပ်မည်ဖြစ်ပါ၍ကြွရောက်တော်မူပါရန်နှင့်ညှိနှိုင်းကြွရန် လေးစားစွာလျှောက်ထား ဖိတ်ကြားအပ်ပါသည်။

#### " အစီအစဉ် "

၁။ (၁-၃-၈၆)စနေနေ့ နံနက်(၈)နာရီတိတိအချိန်တွင် ဆရာတော်ကြီးများက အုဋ္ဌမြစ်ချ အခမ်းအနားအစီအစဉ်ပြုပ်လုပ်ပါမည်။

၂။ နံနက်(၉)နာရီတွင် ပဲခူးမြို့မဆရာတော်ဘုရားကြီးထံမှ (၅)ပါးသီလခံယူပြီး မင်းကွန်းဆရာတော်ဘုရားကြီးထံမှသြဝါဒခံယူ၍ ရေစက်သွန်းချပါမည်။

၃။ နံနက်(၁၀)နာရီ(၃၀)မိနစ်တွင် ပင့်သံဃာအပါး(၂၀၀)တို့အား ဆွမ်းကပ်ပါမည်။

*မှတ်ချက်။ ။ ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲနှင့် ဝတ္ထုပစ္စည်းများလှူဒါန်းလိုသူများသည်*

*နံနက်(၉)နာရီအရောက်ပေးပို့လှူဒါန်းနိုင်ပါသည်။*

## သာသနာ့ဋ္ဌိတိကပုဗ္ဗာရုံ သိမ်တော်ကြီး အုဋ္ဌမြစ်ချပွဲ အစမ်းအနား

*****************************************************

သိမ်တော်ကြီးအုဋ္ဌမြစ်ချပွဲကို (၁၃၄၇)ခု တပိုတွဲလပြည့်ကျော် (၅)ရက် (၁၉၈၆)ခု၊မတ်လ(၁)ရက် စနေနေ့တွင်ကျင်းပပါသည်။ထိုသို့ ကျင်းပရာ၌ ဆရာ တော်ကြီးသတင်းသုံးရန် ပေ(၃၀)၊ ပေ(၄၀)ရှိမဏ္ဍပ် ထိုးပြီး နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်ဘုရားကြီးနှင့်နိုင်ငံတော်သံဃမဟာနာယက အကျိုး တော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကမင်းကွန်း ဆရာတော်ကြီး (၂)ပါးသတင်းသုံးရန် မဏ္ဍပ်၏အလယ် မှ ရွှေပလ္လင်နှစ်ခု ထားပြီး ထီးဖြူလေးလက်မိုးခါပလ္လင်၏ ဝဲယာတွင်ကြွလာသော သံဃာတော်သီတင်းသုံးရန် ခမ်းခမ်းနားနားဆိုဖါထိုင်ခုံများ ပြင်ဆင် ထားပါသည်။

" ဝမ်းသာလို့မဆုံး "

နိုင်ငံတော်မင်းခမ်းမင်းနားပွဲကလွဲလျှင် တခြားပွဲတွေမှာ ဒီဆရာ တော်ကြီး (၂)ပါးလုံးဆုံပြီးကြွတဲ့ပွဲတွေဟာ ရှားပါးလှပါတယ်။အခု ဒီသိမ် အုဋ္ဌမြစ်ချပွဲ မှာ နှစ်ပါးလုံးကြွမှာဆိုလို့ ခဲခဲရင်းရင်း ကြွနိုင်ခဲလို့ ဆုံနိုင်ခဲလို့ တိုက်တိုက်ဆိုင် ဆိုင် အထူးတလည်ဖူးမျှော်ကြည်ညိုရမှာမို့ ဝမ်းသာလို့မဆုံး ပီတိဖုံးလျှက် ဒါယကာ၊ဒါယကာမများ သဒ္ဓါရွှင်လန်း ပြုံးပန်းများပွင့်လျှက်ရှိကြပါသည်။

"သံဃာပင့်ဆောင်"

၄င်းတပိုတွဲလပြည့်ကျော်(၅)ရက်(၁-၃-၈၆)စနေနေ့ နံနက် (၆)နာရီမှာ သံဃာတော်ပင့်ဆောင်ရေး ဒါယကာကြီးများသည် တိုက်ပုံ အင်္ကျီဝတ်ဆင်၍ ခေါင်းပေါင်းများပေါင်းကြလျှက် ခေါင်းပေါင်းစ တလူလူ ဖြင့်ကြိုဆိုရေးကားယာဉ် များကိုသာသနာ့အလံကလေးများ ထူကြပြီး ကမ္ဘာအေးဆရာတော်များနှင့် မြို့နယ်ဆရာတော်များ ပင့် ဆောင်ရန် အသီးသီးတာဝန်ရှိသူများလိုက်ပါ၍ ထွက်ခွါသွားကြ လေသည်။

"ကြိုဆိုဖူးမျှော်"

နံနက်(၇)နာရီခွဲအချိန်တွင် ကြိုဆိုရေးအသံချဲ့စက်ကားနှင့်မြို့နယ် ပင့်ဆောင်ရေးကားများက သုဝဏ္ဏလမ်းဆုံမှနေ၍ ကမ္ဘာအေးမှ ဆရာတော်ကြီးများ ပင့်ဆောင်လာသောကားယာဉ်များ နောက်မှ ကားပေါင်း(၂၀)ကျော်လောက်တန်းစီပြီးအသံချဲ့ စက်ကားဖြင့် ရှေ့ဆုံးမှနိဗ္ဗာန်ဆော်များကဆော်ကြကာ တဖြေးဖြေးချင်းအပ္ပဓော်ခံလျှက် ကြွရောက်တော်မူလာကြပါသည်။ကျောင်းသို့ရောက်သောအခါ မုခ်ဦးဝမှ ကိုရင်၊ဦးပဥ္စင်းများ အမှုဆောင်လူကြီးများနှင့် တကာ၊တကာမများက လမ်း၏တဘက်တချက်မှတန်းစီခါလက်အုပ်ချီမိုးကြည်ညိုဖူးမျှော်ကြလျှက် မဏ္ဍပ်တွင်းသို့ပင့်ဆောင်ကြပါသည်။

"အုဋ္ဌမြစ်ချမင်္ဂလာ"

ခေတ္တခဏအနားယူပြီး(၈)နာရီအချိန်သို့ ကျရောက်သောအခါ အဆင်သင့် စီစဉ်ထားသော ရွှေအုဋ္ဌ(၄)လုံး၊ငွေအုဋ္ဌ(၄)လုံး၊ ပတ္တမြားအုဋ္ဌ(၄)လုံးတို့ကိုကြာကလပ်များဖြင့်တင်၍ အမှုဆောင်လူကြီးများက ကိုင်ဆောင်ပြီး လက်ဆင့်ကမ်း၍ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီးကိုယ်တိုင် ဗုဒ္ဓဟူးအရပ်မှစ၍ ရွှေအုဋ္ဌကို ချလျှက် တိပိဋကမရေမင်းကွန်းဆရာတော်ကြီးကငွေအုဋ္ဌ၊ ဆရာတော် ဦးဉာဏာဘိဝံသက ပတ္တမြားအုဋ္ဌ၊ ဆရာတော်ဦးဝဏ္ဏသိရီ၊ ဆရာတော် ဦးသိရိန္ဒာဘိဝံသမစိုးရိမ်စသော ကမ္ဘာအေးမှဆရာတော်(၁၅)ပါးကြွ၍ တနင်္ဂနွေဒေါင့်တိုင်အောင် အသီးသီးအုဋ္ဌမြစ်ချကာ သံဃာတော်များနှင့် တကာများ က"ဇယန္တောဂါထာ၊အဂ္ဂပတ္တောပမောဒတိ" တိုင်အောင်ရွက် ဆိုကြပြီးလျှင် အင်ဂျင်နီယာဦးတင်ဝင်းက ဆရာတော်ကြီးများချပေး သော ရွှေအုဋ္ဌ၊ငွေအုဋ္ဌ၊ပတ္တမြားအုဋ္ဌတို့ကို မဆလာဖြင့် အုဋ္ဌစီမင်္ဂလာ အခမ်းအနားပြုပ်လုပ်ခဲ့ကြပါသည်။

"သိလပေးရေစက်ချချီးမြှင့်"

အုဋ္ဌမြစ်ချပြီးနောက် နံနက်(၉)နာရီအချိန်တွင် နိုင်ငံတော် သံဃမဟာ နာယကဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော် ဘုရားကြီးမှငါးပါးသီလ ချီးမြှင့်တော်မူပြီး နိုင်ငံတော်သံဃမဟာနာယက



ပဲခူးမြို့မဆရာတော်ကြီး
အုတ်မြစ်ချပုံ



သိမ်အနှင့်မြစ်ချပွဲတရားဟောပုံ



သိမ်အနှင့်မြစ်ချပွဲရေစက်ချပွဲ



ဘိုကလေး
ဆရာတော်ကြီးကြီးမှူး၍
သိမ်နိမိတ်တိုင်စိုက်နေပုံ



အခွင့်မြစ်ချပုံ



တိပိဋကဆရာတော်ကြီး
အဋ္ဌင်မြစ်ချပုံ



အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရုတိပိဋကဓရဓမ္မ ဘဏ္ဍာဝါရိက မင်းကွန်းဆရာတော်ဘုရားကြီးက ဩဝါဒတရားနှင့်ရေစက်ချ ချီးမြင့်တော်မူပါသည်။

နေ့(၁၀)နာရီခွဲအချိန်တွင်ဆရာတော်ကြီးနှင့်သံဃာတော် အပါး(၂၀၀)တို့အား ဆွမ်းဆက်ကပ်၍ လှူဘွယ်ဝတ္ထုများလှူဒါန်းပြီး အုဋ္ဌမြစ်ချ အခမ်းအနားရုပ်သိမ်း လိုက်ပါသည်။

"သိမ်ကျောင်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်း"

သုဝဏ္ဏမြို့နင်းဆီကုန်းရပ်ကွက်ရှိစစ်ကိုင်းစာသင်တိုက် သာသနဋ္ဌိတိကပုဗ္ဗရုံ သိမ်ဖြစ် မြောက်ရေးကော်မတီကို (၂၁-၁၀-၈၄)နေ့တွင် အောက်ပါအတိုင်းဖွဲ့ စည်းပါသည်။

*"နာယကလူကြီးများ"*

၁။ ဗိုလ်မှူးကြီးသိန်းတုတ် (စစ်ကိုင်းအသင်း)
၂။ ဗိုလ်ကြီးအုန်းမောင် (စစ်ကိုင်းအသင်း)
၃။ ဦးအေးချို (သုဝဏ္ဏ-စုပေါင်းရပ်ကွက်)
၄။ ဦးအေးကြည် မြို့နယ်အတွင်းရေးမှူး (သုဝဏ္ဏ-၂၄-ရပ်ကွက်)
၅။ ဦးမိုး မလွန်ဥက္ကဋ္ဌ (အောင်ဆုပန်ရပ်ကွက်)
၆။ အရာခံ ဦးညွန့်ရွှေ (သုဝဏ္ဏ-၂၅-ရပ်ကွက်)
၇။ ဦးထွန်းရွှေ (သုဝဏ္ဏ-၂၅-ရပ်ကွက်)
၈။ ဦးတင်အောင် (နင်းဆီကုန်းရပ်ကွက်)
၉။ ဦးသိန်းလွင် (နင်းဆီကုန်းရပ်ကွက်)
၁၀။ ဦးစိန်ဝင်း (သုဝဏ္ဏ-၂၉-ရပ်ကွက်)
၁၁။ ဦးစံရှိန် (သုဝဏ္ဏ-၂၉-ရပ်ကွက်)
၁၂။ ဦးဥာဏ်ဝင်း (ရန်ကုန်သစ်ရပ်ကွက်)

"အလုပ်အမှုဆောင်ကော်မတီလူကြီးများ"

၁။ ဦးကြင် ဥက္ကဋ္ဌ သုဝဏ္ဏစုပေါင်းရပ်ကွက်
၂။ ဦးဝင်းကြည် ဒု-ဥက္ကဋ္ဌ သုဝဏ္ဏ(၂၉)ရပ်ကွက်
၃။ ဦးသောင်း ဒု-ဥက္ကဋ္ဌ သုဝဏ္ဏစုပေါင်းရပ်ကွက်
၄။ ဦးသိန်းလှိုင် အတွင်းရေးမှူး သုဝဏ္ဏ(၂၅)ရပ်ကွက်

၅။ ဦးကြည်လင်၊ (တွဲဘက်အတွင်းရေးမှူး) သုဝဏ္ဏ(၂၅)ရပ်ကွက်
၆။ ဦးလှကြည်၊ (တွဲဘက်အတွင်းရေးမှူး) နှင်းဆီကုန်းရပ်ကွက်
၇။ ဦးခင်မောင်ရွှေ၊(ဘဏ္ဍာရေးမှူး) သုဝဏ္ဏ(၂၅)ရပ်ကွက်
၈။ ဦးဘုန်းလွင်၊(တွဲဘက်ဘဏ္ဍာရေးမှူး) သုဝဏ္ဏ(၂၅)ရပ်ကွက်
၉။ ဦးဝင်းသောင်း၊(တွဲဘက်ဘဏ္ဍာရေးမှူး)သုဝဏ္ဏ(၂၅)ရပ်ကွက်
၁၀။ ဦးထွန်းလွင်၊( စာရင်းစစ်) သုဝဏ္ဏစုပေါင်းရပ်ကွက်
၁၁။ ဦးဘအေး ၊ (စာရင်းစစ် ) သုဝဏ္ဏ(၂၅)ရပ်ကွက်

"အမှုဆောင်လူကြီးများ"

၁။ အရာခံဦးဘအေး သုဝဏ္ဏ(၂၅)ရပ်ကွက်
၂။ ဆာဂျင်ဦးကျော်အောင် နှင်းဆီကုန်းရပ်ကွက်
၃။ ဦးဟိန်းစိုး သုဝဏ္ဏ(၂၅)ရပ်ကွက်
၄။ ဦးသာထွန်းအောင် သုဝဏ္ဏ(၂၅)ရပ်ကွက်
၅။ ဦးတင်သိန်း နှင်းဆီကုန်းရပ်ကွက်
၆။ ဦးကြည်လှိုင် နှင်းဆီကုန်းရပ်ကွက်
၇။ ဦးမောင်မောင်ကြီး နှင်းဆီကုန်းရပ်ကွက်
၈။ ဦးလှမောင် နှင်းဆီကုန်းရပ်ကွက်
၉။ ဦးစိုးမင်း နှင်းဆီကုန်းရပ်ကွက်
၁၀။ ဆရာမဒေါ်မြစန်း သုဝဏ္ဏစုပေါင်းရပ်ကွက်
၁၁။ ဒေါ်ကြည်စိန် သုဝဏ္ဏ(၂၉)ရပ်ကွက်

လက်ကမ်းစာစောင်

ဥက္ကဋ္ဌဦးကြင်၏ အကြံပြုချက်အရ လက်ကမ်းစာစောင်ဖြန့်ဝေ ၁၉၈၅-ခုနှစ် မေလ၊ ၁၃၄၇-ခုနှစ် ကဆုန်လ ပုံနှိပ်သူ ဦးဘိုးဟန် "မင်းထွန်းမိုး" ပုံနှိပ်တိုက်(၀၂၂၆၈)အမှတ်(၆၈)၊၁၆၅လမ်း ရန်ကုန်မြို့ဒါန

*******************************************

စောင်ရေ(၃၀၀၀)

*******************************************



သိမ်ဖြစ်မြောက်ကြောင်း အစည်းအဝေး



ဦးသိန်း ၊ ဦးလှကြည် တို့ လှူဖွယ်ပစ္စည်းစိစစ်ပုံ



ဆရာတော် ဦးဉာဏ မိုးကောင်း မန္တလေး နိမိတ်ကြားပုံ



ဆရာတော် ဦးဝဏ္ဏသိရိ နှင့်မြို့နယ်ကောင်စီ
အတွင်းရေးမှူး ဦးအေးကြည် တို့ ဆွေးနွေးပုံ



စမည်းတော်ကြီး အလှူပစ္စည်းကပ်လှူပွဲ




ဆွမ်းကပ်ပွဲ



မြို့နယ်ပါတီကောင်စီလူကြီးများ
သိမ်ပြစ်မြောက်ရေးဆွေးနွေးကြပုံ



သိမ်ပြစ်မြောက်ရေးဩဝါဒပေးခပုံ

" မျက်နှာဖုံး "

*********************************************

စတင်ဆောက်လုပ်တော့မည့် သာသနာ့ဌာနတိက ပုဗ္ဗာရုံသိမ် တော်ကြီး၏ သိမ်ပုံ

ဦးလှကြည်မှအထပ်သားပြားဖြင့်နှစ်ထပ်သိမ်ကျောင်းပုံအဆောက်အဦးကလေး ပြုလုပ်ကာ၄င်းပုံကလေးကိုရောင်စုံဓာတ်ပုံရိုက်၍ လက်ကမ်း စာစောင်၏ မျက်နှာဖုံးထားပါသည်။

စာစောင်မှာ (၁၂)လက္ခ (၁၈)လက္ခဆိုက်ကို သုံးခေါက်ခေါက်၍ တိုက်တွန်းချက်နှင့်သိမ်ကျောင်းလှူရကျိုးများကိုအောက်ပါအတိုင်း ဖော်ပြထားပါသည်။

" သိမ်ကျောင်းအတွက်တိုက်တွန်းချက် "

*********************************************

၁။ သာသနာပြုလို များလှုဗိုလ် သိမ်ကိုအမိက လှူဒါန်းကြ။
၂။ သိမ်မရှိလျှင် ရဟန်းပင် ပြုချင်ပါလှ ပြုမရ။
၃။ ရဟန်းသံဃာ ဆိတ်သုဉ်းပါ သာသနာကွယ်ရ မြဲမှုချ။
၄။ ဗုဒ္ဓသာသနာ ကွယ်သောခါ သုံးဖြာကုသလ ပြုမရ။
၅။ ထိုကြောင့်သာသနာ တည်လိုပါမူ ကြည်ဖြူသဒ္ဓါ ထက်သန်စွာဖြင့် မဟာသိမ်ကြီးအပြီးတိုင်မြောက် ဆုံးခန်း ရောက်အောင်ကျိုးမျှော်ထောက်ရှု ပေါင်းစုညီညာပေးလှူ ပါလော့။

"ဓေတဝန်ကျောင်းရေစက်ချတရား"

သံဃာတော်တို့အား ကျောင်းဆောက်လှူဒါန်းခြင်းသည် အကျိုးကြီးမြတ်၏ဟု ဘုရားရှင်ချီးမွမ်းတော်မူသည်။ ထို့ကြောင့် ပစ္စုပ္ပန်တမလွန်နှစ်တန်သောအကျိုးကိုလိုလားသူတိုင်းသည် သံဃာတော်များအား ကျောင်းဆောက်လုပ်လှူဒါန်း ခြင်း၊ဆွမ်း သင်္ကန်းထောက်ပံ့ ကိုးကွယ်ခြင်းဖြင့် ထိုသံဃာတော်တို့က ဟောကြားညွှန်ပြသည့်တရား တို့ကို နာကြားကျင့်ကြံအားထုတ်ခွင့်ရ၍ ယခုဘဝ၌ပင် အာသဝေါ ကုန်ခမ်း ရဟန္တာဖြစ်နိုင်ပေ၏ဟု အနာထပိဏ်သူဌေးအား ဘုရားရှင် ဟောတော်မူသည်။ (စူဠဝဂ္ဂ ပါ ၂၉၁/၂၉၂)

"ဝေဠုဝန်ကျောင်းရေစက်ချတရား"

ဗိမ္ဗိသာရမင်းမြတ် ကျောင်းလှူရခြင်း၏အကျိုးအာနိသင်ကို ငါဘုရားရှင်မှ တပါးအခြားပုဂ္ဂိုလ်တို့၏ နှုတ်လျှာပေါင်းသိန်းသောင်း မက များစွာတို့ဖြင့်ပင် ဟောပြခြင်းငှာ မစွမ်းနိုင်။

ကျောင်းကိုလှူသောသူသည် အာယု–အသက်၊ဝဏ္ဏ–အဆင်း၊သုခ–ချမ်းသာ၊ ဗလ–ခွန်အား၊ပဋိဘာန–ပညာတို့ကို ပေးလှူရာရောက်၏၊ ကျောင်းလှူခြင်း၏အကျိုး သည်၊ဘဝသံသရာ၌ များမြတ်သော စည်းစိမ်ဥစ္စာတို့ကို ခံစားနိုင်ပြီးအဆုံးဘဝ၌ စိုးရိမ်ကင်းရာ နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်ပေ၏။ (ဗုဒ္ဓဝံသ ၊၄၊၂၅–၂၇)

"သိမ်ကျောင်းခွင့်ပြုရခြင်းအကြောင်း"

ရှေးဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးနေတော်မူသောအခါ မာဂဓတိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းမြတ်သည် စိတ်ငြိမ်ရာအရပ်၌ တစ်ဦးတည်းနေစဉ် သာသနာတော် ကြီးစည်ပင်ပြန့်ပွားအကျိုးများ၍ အရှည်သဖြင့် တည်တံ့နိုင်မြဲပြီး ညီညွတ်မှုပိုမိုရရှိစေရန် သံဃာတော် များအား (၁၅)ရက်တစ်ကြိမ်စည်းဝေးစေလျက်တရားဒေသနာတော်များ ဟောကြား ပေးသနားတော်မူပါရန် ဘုရားရှင်အားလျှောက်ထားရပါမှကား ကောင်းလေစွဟု အကြံဖြစ်ပြီး ဘုရားရှင်အားလျှောက်ထားတောင်းပန်ရာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သံဃာတော်များအား (၁၅)ရက်

တစ်ကြိမ်စည်းဝေး၍ ပါတိမောက်ဒေသနာတော်များကို ရွတ်ဖတ်ပြသရန် ခွင့်ပြုတော်မူခဲ့လေသည်။

သို့သော်သံဃာတော်များ ပါတိမောက်ပြရာ၌ သီးခြားသတ်မှတ်ထားသော သိမ်အဆောက်အအုံနေရာမရှိသဖြင့် နေပူမိုးရွာ ဆင်းရဲဒုက္ခအမျိုးမျိုးကြုံတွေ့နေရသောကြောင့် သံဃဖာသု၊ သံဃ–သုဒ္ဓ အကျိုးငှာ "အနုဇာနာမိ ဘိက္ခဝေ ဥပေါသထာ ဂါရံ သမ္မန္နိတွာ ဥပေါသထံကာတုံ" စသည်ဖြင့် 'ဥပေါသထာဂါရ' ခေါ်တဲ့ဥပုသ်အိမ်သိမ်ကျောင်းများ ဆောက်လုပ်ပြီး ၄င်းသိမ်ကျောင်း၌သာ ဥပုသ်ပြုခြင်း၊ ရဟန်းခံခြင်း စတဲ့ကံကြီးကံငယ်များပြုလုပ်ရန် ခွင့်ပြုတော်မူခဲ့သဖြင့် သာသနာ့ဒါယကာအဆက်ဆက်တို့သည် ရဟန်းတော်များ ဖြစ်ထွန်းပေါ်ပေါက်ရာဌာနဖြစ်သောသိမ်ကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြခြင်းဖြစ်ပါသည်။

"ဝမ်းမြောက်ဖွယ်ရာ သိမ်ဖြစ်ပေါ်လာပုံ"

(၁) ဤသိမ်တည်ရှိရာ စစ်ကိုင်းစာသင်တိုက်ကို (၁၃၃၄)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့၊ (၁၉၇၂)ခု၊ ဧပြီလ(၂၇)ရက်နေ့တွင် သံဃာတော် (၁၅)ပါးဖြင့် စတင်တည်ထောင်လာခဲ့ပါသည်။

(၂) ယခု(၁၃၄၆)ခုနှစ်မှာဝါဆိုသံဃာတော်(၁၀၅)ပါး သီတင်းသုံးနေထိုင်လျှက် အစိုးရမှုလတန်း၊ငယ်၊လတ်၊ကြီး၊ဓမ္မာစရိယတန်းအထိ စာပေပရိယတ္တိများကို နေ့ဝါ၊ညဝါသင်ကြားပို့ချကာသာသနာ့တာဝန်ကို ထမ်းဆောင်နေသော ပရိယတ္တိစာသင်တိုက်တစ်တိုက်ဖြစ်ပါသည်။

(၃) ဤကဲ့သို့သံဃာများစွာသတင်းသုံးနေထိုင်သော စာသင်တိုက် တစ်တိုက်ဖြစ်သော်လည်း သိမ်မရှိသေးသဖြင့်(၆)ဖါလုံခန့်ဝေးသော ဘုရားသုံးဆူသိမ်သို့သွား၍ လပြည့်၊ လကွယ်နေ့တိုင်း ဥပုသ်ပြုရခြင်း၊ ရဟန်းခံရခြင်းစသော ကံကြီး၊ ကံငယ်များ ပြုလုပ်နေရသောကြောင့် အခက်အခဲများဖြစ်ခဲ့ရပါသည်။

(၄) သို့အတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများဖြစ်တော်မူကြသောဆရာတော်ဘဒ္ဒန္တသောဘိတ အဂ္ဂမဟာပဏ္ဍိတ ဒုတိယဥက္ကဋ္ဌ (မြင်းခြံ)၊ ဆရာတော်ဘဒ္ဒန္တသြဘာသ အဂ္ဂမဟာပဏ္ဍိတ

ဒုတိယဥက္ကဋ္ဌ(သရက်တော-ရန်ကုန်)၊ ဆရာတော်ဘဒ္ဒန္တဓမ္မစက္က အဂ္ဂမဟာပဏ္ဍိတအဖွဲ့ဝင်(ဖျာပုံ)၊ ဆရာတော်ဘဒ္ဒန္တဉာဏာဘိဝံသ တွဲဘက်အကျိုးတော်ဆောင်(မန္တလေး)၊ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိ အဂ္ဂမဟာပဏ္ဍိတတွဲဘက်အကျိုးတော်ဆောင်(သန်လျင်)၊ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတအဖွဲ့ဝင်(မန္တလေးမစိုးရိမ်)၊စသောဆရာတော်ကြီး(၁၆)ပါးတို့ကဦးစီးနာယကပြုတော်မူကြလျက်၊ ဆရာတော်ဘဒ္ဒန္တကုဏ္ဍ ဗဟိုဝန်ဆောင်(ဘိုကလေးမြို့)နှင့် မြို့နယ်သံဃနာယကဆရာတော်၊မြို့နယ်ပြည်သူ့ကောင်စီ၊ မြို့နယ်သာသနာရေးမှူးများ ကြီးကြပ်ဆောင်ရွက်ကြကာ-

၁၃၄၆-ခု၊ကဆုန်လဆန်း(၂)ရက်မှ (၁၁)ရက်နေ့တိုင် သိမ်နုတ်ပွဲများကျင်းပကြပြီး၊ ၄င်း(၁၂)ရက်(၁၁-၅-၈၄)သောကြာနေ့ ည(၁၂)နာရီ(၄၉)မိနစ် အချိန်တွင် သံဃာတော်(၁၃၂)ပါးကြွရောက်လျက် သိမ်သမုတ်တော်မူကြသဖြင့် သာသနာ့ရေသောက်မြစ်သဘွယ်ဖြစ်သော မဟာသိမ်တော်ကြီးတလုံး၊ ဗုဒ္ဓ သာသနာတော်တွင်းဝယ် ဝမ်းမြောက်ဖွယ်ရာထင်ရှားအောင်မြင်စွာဖြစ်ထွန်းပေါ် ပေါက်လာခဲ့ရကြောင်း အကျဉ်းအားဖြင့် သဒ္ဒါပွါးရန်တင်ပြလိုက်ရပါသတည်း။

♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥



စစ်ကိုင်း
ဆရာတော်
နှင့်
ဦးအုန်းလွင်
ဦးသိန်းလှိုင် တို့
အလှူစုံစာရင်းမှတ်ပုံ



ဦးညွန့်မောင် ဦးစိုးသော သိမ်ဆောက်လုပ်ရေးအဖွဲ့



သိမ်ဆုတ်မြစ်ချပွဲ ဦးစိန်လင်း အစမ်းအနားမှူး



သိမ်ရေစက်ချ

ဥက္ကဋ္ဌ ဦးကြင် က လျှောက်ထားပတ်ကြားစဉ်

"စွမ်းအားရှိသမျှ လှူဒါန်းဘွယ်ရာများ"

တဦးတည်း(သို့မဟုတ်)မိသားစုအလိုက်အောက်ပါကဏ္ဍများတွင်စွမ်းအားအလျှောက် လှူဒါန်းသူများအတွက် ကမ္ပည်းထိုးဂုဏ်ပြုပါမည်။

| | | |
|---|---|---|
| (၁၀)ပေ | တစ်ခန်း | ၃၀၀ဝိ/ |
| တိုင် | တစ်လုံး | ၆၀ဝိ/ |
| သွပ် | တစ်ချပ် | ၁၂ဝိ/ |
| ဘိလပ်မြေ | တစ်အိပ် | ၂၀ဝိ/ |
| အုဋ် | ၁၀၀၀ | ၆၀ဝိ/ |
| သဲ | တစ်ကျင်း | ၁၁ဝိ/ |
| (၄)ပေပတ်လည် မျက်နှာကျက် | | ၁၀ဝိ/ |
| ပြတင်းသံပန်း (၃×၄) | | ၄၅ဝိ/ |
| တံခါးမကြီးသံပန်း(၇×၅) | | ၁၀၁ဝိ/ |
| နှစ်ဆင့်လှေခါး | | ၁၅၀၀ဝိ/ |

*************************************************************************

ဆက်သွယ်ရန်ဌာန

၁။ ပဓာနနာယကဆရာတော် စစ်ကိုင်းစာသင်တိုက် ဖုန်း-၅၆၅၈၀၆
သုဝဏ္ဏ၊နှင်းဆီကုန်း ပုဗ္ဗာရုံသိမ်တော်ကြီးဖြစ်မြောက်ရေးကော်မတီ

၂။ ဦးကြွင် တိုက်(၄၇/၁)စုပေါင်းရပ်ကွက်၊သုဝဏ္ဏမြို့၊ ဖုန်း-၅၆၅၅၈၄

၃။ ဦးသိန်းလှိုင် တိုက် ၂၅၂/၃ (၂၅)ရပ်ကွက် သုဝဏ္ဏမြို့၊

၄။ ဦးဘုန်းလွင် တိုက်(၄၈)သရဖီလမ်း နှင်းဆီကုန်း (က)ရပ်ကွက် သုဝဏ္ဏမြို့၊ ဖုန်း ၅၆၅၅၈၄

အလှူရှင်များကိုယ်တိုင်မလာရောက်နိုင်ပါ၍ ဆက်သွယ်ပါက သိမ်တော်ကြီး ဆောက်လုပ်ရေးကော်မတီဝင်လူကြီးများ ကိုယ်တိုင်လာရောက်ပါမည်။

၁၃၆၄-ခု ပြာသိုလပြည့်ကျော်(၉)ရက်
၂၆-၁-၂၀၀၃ တနင်္ဂနွေနေ့

♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥

"သာသနဗ္ဗိတိက ပုဗ္ဗာရုံ သိမ်တော်ကြီး စတင်ဆောက်"

သိမ်တော်ကြီးဆောက်လုပ်ရန် စစ်ကိုင်းမြို့နယ်၊ ဆင်မြေရွာမှ ပန်းရံသမားများနဲ့ လက်သမားများကိုခေါ်ထားပါသည်။ဆင်မြေရွာရင်း ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လ၏ညွှန်ကြားချက်အရ (၁၃၄၀)ခုနှစ်၊ ဇေတဝန်ကျောင်းဆောင် ဆောက်တုံးကလည်း ဒီပန်းရံလက်သမား တွေကဘဲ ဆောက်လုပ်ခဲ့တာမို့ ယခု သိမ်ဆောက်တော့လည်း ထိုပန်းရံ လက်သမားတွေကိုဘဲခေါ်ထားခြင်းဖြစ်ပါသည်။

(၁၃၄၈)ခု၊တန်ခူးလပြည့်နေ့၊စစ်ကိုင်းမှပန်းရံဦးထွန်းပိုင်အဖွဲ့နှင့် လက်သမားကိုညွန့်မောင်တို့အဖွဲ့ရောက်လာကြပါသည်။(၁၃၄၈)ခု၊ တန်ခူးပြည့်ကျော်(၁)ရက်၊ (၂၅-၄-၈၆)သောကြာနေ့မှစ၍ကြိုတင်ပြီး ပတ်ချာလည်လိုင်းမြောင်းတူးပြီးသားဖြစ်သဖြင့် ရာဟုထောင့်မှစပြီး ပန်းရံဝင်သည်။

"အကျယ်အဝန်း"

သိမ်၏အကျယ်အဝန်းမှာအလျား(၉)ခန်း(၈)ခန်း(၇၂)ပေ၊အနံ(၇)ပေခွဲခန်း (၆)ခန်း(၄၅)ပေ၊နှစ်ထပ်တိုက်ဖြစ်ပါသည်။အလှူအတန်းအခမ်းအနားများ ပြုလုပ်ရာ၌ အစဉ်ပြေစေရန်(၁၅)ပေ(၃)ခန်းဖွဲ့ထားပါသည်။

(၁၃၄၈)ခု၊ကဆုန်လဆန်း(၉)ရက်(၁၇-၅-၈၆)ရက်နေ့ နံနက်(၈) နာရီခွဲမှစ၍ (၃၅)ပေအမြင့်ရှိသောဦးရည်တိုင်ကိုစတင်ထူကြပါသည်။ ၄င်းလဆန်း(၁၁)ရက်(၁၉-၅-၈၆)ရက်နေ့တွင်လက်သမားများ အောက် ထပ်ဆင့်ခင်း၍ ပန်းရံသမား များက အထက်ထပ်အုဋ်ရိုးတက်သည်။

(၁၃၄၈)ခု၊နယုန်လပြည့်နေ့ အထက်ထပ်ယက်မတွေခင်းပြီး ဖြစ်သဖြင့်၊ ၄င်းလဆုတ်(၃)ရက်နေ့မှစ၍အထက်ထပ်ဆင့်ခင်းသည်။ ၄င်းလဆုတ်(၁၃)ရက်နေ့ တွင်ဘုံအဆင့်များကိုဒိုင်းတင်၍ ဝါဆိုလဆန်း (၅)ရက်နေ့တွင်ပြီးပါသည်။

(၁၃၄၈)ခု၊ဝါဆိုလဆန်း(၁၀)ရက်နေ့ပန်းရံလက်သမားများ သည်တိုက် အကြမ်းဖျင်းများအားလုံးပြီးသွား၍၊ ၄င်း(၁၁)ရက်နေ့ အရှေ့ဘက်မြင့်မိုရ်မှစ၍ အချောကိုင်ကြသည်။လက်သမားကလည်းဒိုင်း၊ မျှား၊ ပန်းဆွဲအားလုံးပြီးသွားသည်။

(၁၃၄၈)ခု၊ဝါဆိုလဆုတ်(၁၂)ရက်(၂-၈-၈၆)ရက် စနေနေ့မှ စ၍အထက်ဘုံသွတ်မိုးသည်။၄င်း(၁၄)ရက်၊(၄-၈-၈၆)ရက်နေ့ သွပ်အားလုံးမိုးပြီးသဖြင့် ဝါဆိုလကွယ်နေ့(၅-၈-၈၆)မှစ၍ အောက်ထပ်ပျဉ်ခင်းသည်။ဝါခေါင်လပြည့်နေ့ အားလုံးခင်းပြီးသည်။(ဦးသိရိန္ဒ "ရေဦး"ကအထိမ်းအမှတ် ဗွီဒီယိုပြသည်)။ ဝါခေါင်လဆုတ်(၁)ရက်နေ့ ပထမတစ်ရစ်နား၍လက်သမားများစစ်ကိုင်းကိုပြန်ကြပါသည်။

၁၃၄၈-ခု တော်သလင်းလဆုတ်(၆)ရက် တိုက်ကြီးအချောကိုင်ပြီးသည်။အထက်ထပ်၊ အောက်ထပ်အတွင်းချောအာလုံးကို ဦးအာစိဏ္ဏ (ဘိုကလေး)၊ ဦးဥာဏိက(ကျောင်းကုန်း)၊ဦးဇဋိလ(ရေနံချောင်း)၊ ဦးကောသလ္လ(ဘိုကလေး) တို့ချော၍၊ အပြင်ချောအားလုံးကို ဦးထွန်းပိုင်တို့က အချောကိုင်သည်။

၁၃၄၈-ခု တော်သလင်းလဆုတ်(၉)ရက်နေ့ ပန်းရံကိစ္စပြီးဆုံးသွားသဖြင့် ဦးထွန်းပိုင်တို့အဖွဲ့ ညနေ(၆)နာရီ ရထားဖြင့် စစ်ကိုင်းသို့ ပြန်သွားကြပါသည်။

၁၃၄၈-ခု နတ်တော်လဆန်း(၅)ရက်စနေနေ့ တောင်ဘက်မျက်နှာစာ တရုပ်ကပ်မှန်များ တပ်ဆင်ပြီးသည်။

၁၃၄၉-ခု တပို့တွဲလဆန်း(၃)ရက်နေ့ သံပန်းတံခါးကြီးများ တပ်ဆင်သည်။၁၃၄၉-ခု ကဆုန်လပြည့်နေ့တွင်သံပန်းအာလုံး တပ်၍ပြီးသည်။

"ဒုတိယအကြိမ်"

၁၃၄၉-ခု ကဆုန်လဆန်း(၁၄)ရက်နေ့ လက်သမားကိုညွန့်မောင်တို့အဖွဲ့ ရောက်လာကြပြီး၄င်းလဆုတ်(၁)ရက်နေ့မှစပြီး အထက်ထပ်ကြမ်းခင်းသူကခင်းကြ တံခါးရွက်တပ်သူကတပ်ကြသဖြင့် နယုန်လဆန်း(၈)ရက်နေ့ ကြမ်းခင်းပြီး၍ နယုန်လဆန်း(၁၀)ရက်နေ့ တံခါးအားလုံးတပ်၍ပြီးသည်။

၁၃၄၉-ခု နယုန်လဆန်း(၂)ရက်သောကြာနေ့ အထက်ထပ်သို့တက်သော နှစ်ဆင့်လှေခါးကို အလှူရှင်များကိုယ်တိုင် သီးခြားလက်သမားခေါ်၍ တပ်ဆင် သဖြင့်ပြီးလေသည်။

"ပြီးဆုံးအောင်မြင်"

၁၃၄၉–ခု ဝါခေါင်လဆန်း(၉)ရက်နေ့တွင် သိမ်တိုက်ကြီ တည်ဆောက်၍ အများကောင်းမှုဖြင့် ပြီးဆုံးအောင်မြင်ခြင်းသို ရောက်လေတော့သတည်း။

သိမ်တော်ကြီး၏ အားလုံးကုန်ကျငွေမှာ ငါးသိန်း တစ်သောင်းနှစ်ထောင်(၅၁၂၀၀၀/) ဖြစ်ပါသည်။

************************************************

စာမျက်နှာများ၍ စာအုပ်ထူသွားမည်စိုးသောကြောင့် အလှူရှင် တစ်ဦးချင်း၏ အမည်များကို မဖော်ပြလိုက်တော့ပါ။



သာသနဋ္ဌိတိကပုဗ္ဗာရုံသိမ်တော်ကြီး





၁၉၉၃ – ဝါဆိုသံဃာစာရင်း အမှတ်တရဓာတ်ပုံ



သိမ်အတွက် ဆောင်ရွက်နေပုံ

“သာသနဒ္ဓိတိကပုဗ္ဗာရုံ သိမ်တော်ကြီး”
“ရေစက်ချပွဲ”

*************************************

ရန်ကုန်တိုင်း၊သဃ်္ဃန်းကျွန်းမြို့နယ်
သုဝဏ္ဏမြို့၊နှင်းဆီကုန်း
စစ်ကိုင်းစာသင်တိုက်
ပုဗ္ဗာရုံသိမ်တော်ကြီး စုပေါင်းရေစက်ချပွဲ ဖိတ်ကြားလွှာ

ဤသိမ်တော်ကြီးကို ၁၃၄၆-ခု ကဆုန်လဆန်း(၁၂)ရက်၊ (၁၁-၅-၈၄) သောကြာနေ့တွင်နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများကြီးမှူး၍ သံဃာတော်(၁၃၂)ပါးတို့ဖြင့် သမုတ်တော်မူခဲ့ပြီး -

၁၃၄၇-ခု တပို့တွဲလပြည့်ကျော်(၅)ရက်၊(၁-၃-၈၆)စနေနေ့တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ကြီးနှင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီးများကိုယ်တိုင်အုဋ်မြစ်ချပေးတော်မူသည်။

ယခုအခါထိုသိမ်တော်ကြီးဆောက်လုပ်ပြီးစီးပါသဖြင့် စုပေါင်း ရေစက်ချပွဲနှင့် တိပိဋကဓရဆရာတော်ကြီးများ၊အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများပူဇော်ပွဲကို(၁၃၄၉)ခု၊ တပို့တွဲလပြည့်ကျော် (၁၂)ရက် (၁၄-၂-၈၈)တနင်္ဂနွေနေ့တွင်ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်တော်မူကြပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမည် ---------------------------
နေရပ် ---------------------------

အချိန် နံနက်(၈)နာရီမှနေ့(၁၂)နာရီထိ
(၁၂)နာရီ တရားနာမည်

သိမ်ဖြစ်မြောက်ရေးကော်မတီ

**************************************************

ဖိတ်ကြားလွှာနှင့်ပင့်လျှောက်လွှာ စာသားအတူတူဖြစ်ပါသည်။
ဆရာတော်ကြီးများပင့်သောအခါ လက်ကမ်းစာစောင်နှင့် ပင့်စာပူးတွဲပင့်လျှောက်ပါသည်။

"မီးခသည်"

သိမ်တော်ကြီးရေစက်မချမီ ၁၃၄၉-ခု တပိုတွဲလဆန်း(၅)ရက် (၂၃-၁-၈၈) စနေနေ့ နေ့(၁)နာရီ(၄၅)မိနစ်အချိန် ကျောင်းအရှေ့ဘက်ရှိ ကုလားစုရပ်ကွက် မီးလောင်သဖြင့် အိမ်ခြေ(၂၀)ပါသွားပါသည်။မီးငြိမ်း ပြီးနောက်သိမ်ကျောင်း၏ တောင်ဘက်ကပ်လျှက်ရှိသော ဝေဠုဝန်ကျောင်း သုံးထပ်သား အမိုးပေါ်မီးပွားကြပြီး နေ့(၁)နာရီမှာအမိုးနှင့်အထက်ထပ် မီးလောင်ပြန်သဖြင့် မီးသတ်ကားများအဆင်သင့် ရှိနေသောကြောင့် တစ်ခြားနေရာမကူးစက်နိုင်မီ အမြန်ဆုံးငြိမ်းသတ်နိုင်လျှက် သိမ်တော် ကြီး၏တနင်္ဂနွေဒေါင့်အထက်ထပ်သုံးခန်းတွင်တပ်ဆင်ထားသောမှန်များ ကွဲအက်မီးခသွားသဖြင့် ရေစက်ချပွဲအမီ ပြန်လည်တပ်ဆင်နိုင်ခဲ့ပါသည်။

"သိမ်တော်ကြီးရေစက်ချပွဲ"

"အခမ်းအနားကျင်းပ"

၁၃၄၉-ခုတပိုတွဲလပြည့်ကျော်(၁၂)ရက်(၁၄-၂-၈၈)တနင်္ဂနွေနေ့ နံနက်(၉)နာရီခွဲအချိန် သိမ်ရေစက်ချပွဲ အခမ်းအနားကျင်းပပါသည်။

သိမ်ရေစက်ချပွဲအခမ်းအနားကျင်းပပြုပ်လုပ်ရာ၌ဆရာတော်ကြီး များပူဇော်ပွဲပါပြုလုပ်ရလျှင် ကောင်းမှာပဲဟု အကြံဖြစ်ပေါ်လာပါသဖြင့် အမှုဆောင်လူကြီးများနှင့်တိုင်ပင်ပြီးပူဇော်ပွဲပါ ထည့်သွင်း ကျင်းပခဲ့ ပါသည်။

ပူဇော်လိုတဲ့အကြောင်းကတော့ ယခင်နှစ်က မိမိရဲ့ဆရာဖြစ်သော ယခု သိမ်ဖြစ်မြောက်အောင်မြင်ရေးဆောင်ရွက်ပေးတော်မူသော ဘဒ္ဒန္တသိရိန္ဒာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက(မစိုးရိမ်-မန္တလေး) ဆရာတော်ကြီးအဂ္ဂမဟာပဏ္ဍိတဘွဲ့ရတော်မူသဖြင့် ပူဇော်လိုတာက တကြောင်း ထူးဆန်းအံ့ဩဘွယ်ရာမကြုံစဖူး မြန်မာပြည်မှာ -

၁။ ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ တိပိဋကဓရ (မင်းကွန်းဆရာတော်)
၂။ ဘဒ္ဒန္တ နေမိန္ဒ တိပိဋကဓရ (ပခုက္ကူဆရာတော်)
၃။ ဘဒ္ဒန္တ ကောသလ္လ တိပိဋကဓရ (ပြည်ဆရာတော်)
၄။ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ တိပိဋကဓရ (ရန်ကုန်)
၅။ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ တိပိဋကဓရ (ယောဆရာတော်)

ဤတိပိဋကဓရ(၅)ပါးပေါ်ထွန်းလာပါသဖြင့် ပူဇော်လိုတာက တကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသ ပဲခူးမြို့မ ဆရာတော်ဘုရားကြီးနှင့်မိမိ၏ငယ်ဆရာများ ဖြစ်တော်မူကြသောသက်တော်(၈၀)ကျော်ရှိ သလွန်ဖြူကျောင်း ဘဒ္ဒန္တသူရိယ၊ ရွှေဘုံသာကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ၊ ဒေါင်းမကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍည၊ဆင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလ္လ၊မအူပင်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လ စသော စစ်ကိုင်းမှသက်တော်ရှည်ဆရာတော်ကြီးများကို ပူဇော်လိုတာက တကြောင်း

ဤကဲ့သို့ ပူဇော်ထိုက်သောပုဂ္ဂိုလ်များကို ပူဇော်နိုင်သောအခါ ပူဇော်သင့်သည်ဟုအကြံဖြစ်ကာ၊သိမ်ရေစက်ချပွဲနှင့်အတူ ပူဇော်ပွဲ ပါထည့်သွင်းကျင်းပရ ခြင်းဖြစ်ပါသည်။

"သိမ်ရေစက်ချပွဲသို့ ကြွရောက်တော်မူကြသောဆရာတော်ကြီးများ"

၁။ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်

၂။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တဥတ္တရာဘိဓဇ အဂ္ဂမဟာပဏ္ဍိတ (ကြို့ပင်ကောက်)

၃။ မ.ဟ.န အကျိုးဆောင် ဘဒ္ဒန္တဉာဏာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ (မန္တလေး)

၄။ မ.ဟ.န အကျိုးဆောင် ဘဒ္ဒန္တကိတ္တိ အဂ္ဂမဟာပဏ္ဍိတ (စလင်း)

၅။ မ.ဟ.န အကျိုးဆောင် ဘဒ္ဒန္တဝဏ္ဏသိရီ အဂ္ဂမဟာပဏ္ဍိတ (သံလျင်)

၆။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ (မန္တလေး-မစိုးရိမ်)

၇။ တိပိဋကဓရ ဘဒ္ဒန္တကောသလ္လ ပဉ္စနိကာယ (ပြည်)

၈။ တိပိဋကဓရ ဘဒ္ဒန္တသုမင်္ဂလလင်္ကာရ မဟာဂန္ဓာရုံ (ရန်ကုန်)

၉။ ဗဟိုဝန်ဆောင် ဘဒ္ဒန္တကုမာရ ပေချောင်းကြီး (ဘိုကလေး)

၁၀။ မြို့နယ်ဥက္ကဋ္ဌ ဘဒ္ဒန္တနာဂဝံသ ဇမ္ဗူရတနာကျောင်း (အလုံ)
၁၁။ ဘဒ္ဒန္တသူရိယ သလွန်ဖြူမြောက်ကျောင်း (စစ်ကိုင်း)
၁၂။ ဘဒ္ဒန္တပညာသိရီ ရွှေဘုံသာကျောင်း (စစ်ကိုင်းမြို့)
ဤဆရာတော်ကြီး(၁၂)ပါးအားဝတ္ထုငွေ(၃၀၀)နှင့်သင်္ကန်းတစုံ၊ထီး၊ဘိနပ်လှူသည်။

***************************************************

၁။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တကုဏ္ဍဘာသ (ပုသိမ်)
၂။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တသုန္ဒရ ဝေဠုဝန် (ရန်ကုန်)
၃။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တဥဇ္ဇောတာဘိဝံသ (ရန်ကုန်)
၄။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တကုသလာသာမိ (မော်ကျွန်း)
၅။ မ.ဟ.န အကျိုးဆောင် ဘဒ္ဒန္တလာဘသာမိ (ဟင်္သာတ)
၆။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တသြဿစ (ညောင်တုန်း)
၇။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တအာစိဏ္ဏ (ထားဝယ်)
၈။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တသုမန (တပ်ကုန်း)
၉။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တသာဂရ (စစ်ကိုင်း)
၁၀။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တနန္ဒဝံသ (တွံတေး)
၁၁။ မ.ဟ.န အဖွဲ့ဝင် ဘဒ္ဒန္တဝိစာရ (မန္တလေး)
၁၂။ မြို့နယ်ဥက္ကဋ္ဌ ဘဒ္ဒန္တခေမိန္ဒ (သင်္ကန်းကျွန်း)
၁၃။ ပ အတွင်းရေးမှူး ဘဒ္ဒန္တသာကေတ (သင်္ကန်းကျွန်း)
၁၄။ တွဲ အတွင်းရေးမှူး ဘဒ္ဒန္တဝိမလ (သင်္ကန်းကျွန်း)
၁၅။ အဖွဲ့ဝင် ဘဒ္ဒန္တစက္ကိန္ဒ (သင်္ကန်းကျွန်း)
၁၆။ ဆားကန်ကျောင်း ဘဒ္ဒန္တစိတ္တရ (သင်္ကန်းကျွန်း)
၁၇။ ဆယ်သိန်းကျောင်း ဘဒ္ဒန္တကေလာသ (သင်္ကန်းကျွန်း)
၁၈။ မြရတနာကျောင်း ဘဒ္ဒန္တကုမာရ (သင်္ကန်းကျွန်း)
၁၉။ စိတ္တသီတကျောင်း ဘဒ္ဒန္တကောဝိဒ (ကိုးထပ်ကြီးကြည့်မြင်တိုင်)

အထက်ပါ ဆရာတော်(၁၉)ပါးအား တပါးလျှင် (၁၀၀ိ/)စီ လှူဒါန်းခဲ့ပါသည်။

***************************************************

၁။ ရပ်ကွက်မြို့နယ်မှပင့်သံဃာ(၇၆)ပါးတို့အားတပါးလျှင် (၅၀ိ/)ကျပ်စီ လှူဒါန်းပါသည်။

၂။ ကျောင်းရှိသံဃာ(၁၂၀)ပါးတို့အား တပါးလျှင်(၁၀ိ/)ကျပ်စီ

၃။ သီလရှင်(၇)ပါး တပါးလျှင်(၁၀ိ/)စီ

*******************************************************

ရပ်ဝေးနယ်မှမကြွလာနိုင်သော အောက်ပါဆရာတော်ကြီး (၁၁)ပါးတို့အား သကၤန်းတစုံစီလှူဒါန်းပါသည်။

၁။ ဆရာတော် ဦးသိဂ္ဂဝ ယာကြီးပြင်ကျောင်း၊မြိုင်မြို့နယ်(ပခုက္ကူ)

၂။ ဆရာတော် ဦးဝစီရ တောင်ရိုးရွာ၊မြိုင်မြို့နယ် (ပခုက္ကူ)

၃။ ဆရာတော် ဦးကုမာရ နေဘက်ကြည့်ကျွန်းရွာ (စစ်ကိုင်း)

၄။ ဆရာတော် ဦးအာစရ ရေလယ်ကျောင်း (စစ်ကိုင်း)

၅။ ဆရာတော် ဦးကောဏ္ဍည ဒေါင်းမကျောင်း (စစ်ကိုင်း)

၆။ ဆရာတော် ဦးကောသလ္လ ဆင်မြေကျောင်း (စစ်ကိုင်း)

၇။ ဆရာတော် ဦးကောသလ္လ တောင်ကျောင်းကြီး (စစ်ကိုင်း)

၈။ ဆရာတော် ဦးဒေဝိန္ဒ မိုးကြိုးကျောင်း (စစ်ကိုင်း)

၉။ ဆရာတော် ဦးဣန္ဒြိယ မအူပင်မြောက်ကျောင်း (စစ်ကိုင်း)

၁၀။ ဆရာတော် ဦးဝေပုလ္လ ကုန်းတန်းလေးကျောင်း (စစ်ကိုင်း)

၁၁။ ဆရာတော် ဦးကောသလ္လ ညောင်ကုန်းကျောင်း (စစ်ကိုင်း)

သိမ်ရေစက်ချပွဲသို့ ပဲခူးမြို့မဆရာတော်ကြီး ကြီးမှူးသော နိုင်ငံတော်သံဃ မဟာနာယကဆရာတော်(၁၇)ပါးနှင့် တိပိဋကဓရ ဘဒ္ဒန္တကောသလ္လ၊တိပိဋကဓရ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရစသောပင့်သံဃာ (၁၀၇)ပါးကြွရောက်တော်မူကြပြီး တိပိဋကဓရ မင်းကွန်းဆရာတော်၊ ပခုက္ကူဆရာတော်၊ ယောဆရာတော် (၃)ပါး ခရီးလွန်နေ၍ မကြွလာနိုင်ကြပါ။

"သီလပေးရေစက်ချ"

သိမ်ရေစက်ချပွဲအခမ်းအနားကို ၁၃၄၉ ခု၊တပိုတွဲ လပြည့်ကျော် (၁၂)ရက်(၁၄-၂-၈၈)တနင်္ဂနွေနေ့ နံနက်(၉)နာရီအချိန် ကျင်းပပါသည်။

နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ အဘိဓဇမဟာဂုရု ပဲခူးမြို့မ ဆရာ တော်ကြီးက ငါးပါးသီလချီးမြှင့်တော်မူ၍တိပိဋကဓရပဉ္စနိကာယ ပြည်ဆရာတော်ဘဒ္ဒန္တကောသလ္လ ကရေစက်ချတရားချီးမြှင့်တော်မူပါသည်။

"လှေဒုံးနှုဒ်သိမ်း"

အသက်(၈၈)နှစ်ရှိ ခမည်းတော်ကြီးဦးပေါ်ရှန် ကိုယ်တိုင် ပဲခူးမြို့မ ဆရာ တော်ကြီးအား လှူဘွယ်ပစ္စည်းများ ဆက်ကပ်စေ၍တကာ၊ တကာမများကသံဃာ တော်အရှင်မြတ်များအားအသီးသီးလှူဘွယ် ပစ္စည်းများဆက်ကပ်ကြပြီးလျှင်နေ့(၁၀) နာရီခွဲအချိန်တွင်သံဃာတော် အပါး(၂၀၀)ကျော်အား ဆွမ်းခဲဘွယ်ဘောဇဉ်များဆက်ကပ်ပြီး ဧည့် ပရိတ်သတ်များ ဧည့်ခံကျွေးမွေးလျှက် သိမ်ရေစက်ချပွဲ အခမ်းအနားကို နေ့(၁၂)နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

ရှေးသိမ်မရှိခင်အခါကာလက လပြည့်၊လကွယ်တိုင်း ဥပုသ် ပြုရခြင်း "ဥပေါသထကံ"၊ရဟန်းခံရခြင်း"ဥပသမ္ပဒကံ"၊ ကထိန်ခင်း ရခြင်း "ကထိနကံ" တို့ကို ဘုရားသုံးဆူသိမ်၌ပြုလုပ်ကြရပါသည်။

သံဃပဝါရဏာပြုရခြင်း"ပဝါရဏာကံ"ကို (၁၃၄၃)ခုနှစ်မှ (၁၃၃၉) ခုနှစ်တွင် တာမွေလေးရပ်ကွက်၊ဇေယျသိရိကျောင်းသိမ်၌ပြု၍ ထိုသိမ်မှာလဲ ဂေါစရဂါမ် သံဃာများလာပြီး သိမ်ကကျဉ်းနေပါသဖြင့် အဝေးသံဃာလက်မခံဟု သံဃာစာရင်းပါယ်လိုက်သောကြောင့် (၁၃၄၀)ခု (၁၃၇၈)ခုနှစ်မှစ၍ မိမိတို့ကျောင်းမှဦးဆောင်ကာ

၁။ ဘုရားသုံးဆူကျောင်း
၂။ နန္ဒင်းကုန်းကျောင်း
၃။ မဟာဝိသုတာရာမကျောင်း
၄။ ဦးစံဖေကျောင်း
၅။ ဆယ်သိန်းကျောင်း
၆။ ရတနာသိင်္ဂီကျောင်း
၇။ ရတနာသိခ်ကျောင်း
၈။ ဇေယျာသုခကျောင်း
၉။ သီဝံချမ်းမြေ့ကျောင်း

၁၀။ စစ်ကိုင်းကျောင်း-- ဆယ်ကျောင်းစုပေါင်း၍ ဘုရားသုံးဆူကျောင်းသိမ်၌ နှစ်စဉ်နှစ်တိုင်း ပဝါရဏာ ပြုခဲ့ကြပါသည်။

တဖန်ဘုရားသုံးဆူသိမ်သည် သံဃာများ၍ သိမ်ကျဉ်းလာပြန်ပါသဖြင့်(၁၃၆၄)ခု(၂၀၀၂)ခုသီတင်းကျွတ်လပြည့်နေ့မှအစပြုပြီး အထက်ပါကျောင်း (၁၀)ကျောင်း၊သံဃာအပါး(၂၂၀)တို့သည် နှစ်စဉ်နှစ်တိုင်း စစ်ကိုင်းစာသင်တိုက်၊ပုဗ္ဗရုံသိမ်တော်ကြီး၌ပဝါရဏာပြုရန်ဆုံးဖြတ်ကြပြီး (၁၃၆၄)ခု သီတင်းကျွတ်လပြည့်နေ့မှစ၍ ပဝါရဏာကံပြုလုပ်ကြပါသည်။

စစ်ကိုင်း - သိမ်သမိုင်းပြီးပါပြီ။

---

"ဗဟုသုတဖြစ်စေရန်သိမ်အောင်သြဘာစာတန်းများရေးသားဖော်ပြလိုက်ပါသည်"

ကောဇာသက္ကရာဇ်(၁၃၆၂)ခု၊တန်ခူးလပြည့်ကျော်(၃)ရက်၊ ခရာဇ်နှစ်(၂၀၀၀)ပြည့်နှစ်၊ဧပြီလ(၂၁)ရက်၊ တနင်္ဂနွေနေ့၊ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းကျောင်းတိုက်ဝိသုဂါမ ဗဒ္ဓသိမ်တော်ကြီး၏-

"သိမ်အောင်သြဘာစာတန်း"

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

ပဥ္စမာရေ ဇိတဝါတိ ဇိနော-ဟူသောဝိဂြိုဟ်ဝစနတ် လာရှိသည်နှင့်အညီ ဒေဝပုတ္တကိလေသနှင့်အဘိသင်္ခါ ခန္ဓာမစ္စု ငါးခုအပြားမာရ်ငါးပါးကိုအောင်မြင်တော်မူသောဗုဒ္ဓမြတ်စွာသာသနာတော်၌---

အောင်ရာအတိတ်အောင်နိမိတ်နှင့် အောင်ဘိသိသ်သွင်း အောင်ဟိတ်ကျင်း လျှက်အောင်ခြင်းမင်္ဂလာအဖြာဖြာကို လိုလားတောင့်တ အမတနိဗ္ဗာန်ဝင်စံလိုမှု ပတ္ထနာပြု၍ သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၉)ဝါရ ရေတွင်းကုန်းကျောင်း တိုက်ကြီး၏ ပဓာနနာယကဂဏာစရိယ၊ ဂဏပါမောက္ခ၊ရတ္တညူမဟတ္တ ဖြစ်တော်မူသော-ဘဒ္ဒန္တသောဘိတ မဟာထေရ်ကြီးနှင့်ရန်ကုန်တိုင်း၊ စိပင်သာယာမိသားစု ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့က ဗုဒ္ဓပူဇါ နဝမခေတ်ကြုံကြိုက်ခြင်းဖြစ်သည်အားလျော်စွာ သာသနာတော်မှာထာဝရ ကုသိုလ်အရာ သိမ်ဒါယကာ ၊ဒါယိကာမအဖြစ်ကို ခံယူကြလေကုန်သတည်း။

ထိုသို့သိမ်ဒါယကာ၊ဒါယိကာမအဖြစ်ခံယူကြလေသောကြောင့် ရန်ကုန်တိုင်း ၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ရေတွင်းကုန်းကျောင်းတိုက်အတွင်းရှိမြေပြင်ဝယ်ကြေးမုံပြင်သဖွယ် စင်ကြယ်စွာ သုတ်သင်လျက်ဂါမဘောဇက (ဦးကျော်ငွေး)ကလှူခါက် ထား၍ ဝိသုံဂါမ အမိန့်ကျသောအလျားပေ(၄၀)၊အနံ (၂၇)ပေပမာဏရှိ သိမမဏ္ဍလင် သိမ်မြေပြင်ဝယ် ပိဋကတ်ကျမ်းဂန်တတ် ဗဟု သုတရေ အာစရိယ လဒ္ဓေါပဒေသတို့ကိုကောင်းမွန်စွာရရှိတော်မူသော ကျေးဇူး တော်ရှင် ရန်ကုန်တိုင်း၊သင်္ကန်းကျွန်းမြို့နယ်၊သုဝဏ္ဏမြို့သစ်၊ စစ်ကိုင်း စာသင်တိုက်ကြီး၏ပဓာနနာယက (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃဗဟိုဝန်ဆောင်၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်၊ ပရိယတ္တိသာသနဟိတဓရေဂုဏဝိသိဋ္ဌ) ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ အမှူးရှိသော(၅၂)ငါးကျိပ်နှစ်ပါးသော ဆရာတော်သံဃာတော် အရှင်မြတ်တို့သည်ကောဇာသက္ကရာဇ်(၁၃၆၂)ခုနှစ်၊တန်ခူးလပြည့်ကျော်(၃)ရက်၊ ခရာဇ်နှစ်(၂၀၀၀)ပြည့်နှစ်၊ဧပြီလ(၂၁)ရက်၊သောကြာနေ့၊ရက်ရာဇာကြံ့ခိုက်၊ သုနက္ခတ္တ သုမင်္ဂလ ပြည့်စုံခါမှ ညနေ(၄)နာရီအချိန်တွင် ထေရဝါဒ အာစရိယ ပရံပရ နည်းနယအတိုင်း မဆိုင်းမပယ်တင့်တယ်ရှုကောင်း (၅၁)ကွက်သောညှောင်စောင်းကွက်တို့ကို သိမန္တရိကပါမကြ စီမံဆောင် ရွက်တော်မူကြလျက်---

"သိမံ ဘိက္ခဝေ (ပ) ပဌမ တိစီဝရေန အဝိပ္ပဝါသော"- စသော ပါဠိ တော်နှင့်အညီအခါမြင့်ညှောင်းရှိစကောင်းသော သိမ်ဟောင်းတို့ကို 'အဝိပ္ပဝါသ သမာနသံဝါသ သီမသမူ ဟန' ကမ္မဝါစာ(၂)မျိုးလုံးတို့ဖြင့် သုံးပါးတစ်တွဲစီ သုံးပါးတစ်တွဲစီ သံသယ ကင်းလောက်အောင် ရင်ဘောင်တန်းနည်းဖြင့် ညှောင်စောင်းကွက် စပ်အောင်ဖတ်ကြပြီး၍ ဗဟုသုတ နည်းနာနယရစေခြင်းငှာ သံဃာတော် အားလုံး တစ်ပြိုင်နက်ဖတ်နည်းဖြင့်

(၁) ဝိုင်းကြီးပတ်ပတ်လည်၊
(၂) သိမန္တရိကနှုတ်နည်း၊
(၃) ကြက်ခြေခတ်နှုတ်နည်း၊



သိမ်ရေစက်ချပွဲ ကြွလာပုံ



ဆရာတော် ဦးသောဘိတ ( ဥက္ကဋ္ဌ )
မကွေးဆရာတော် ( အတွင်းရေးမှူး ) တို့အား
လှူဖွယ်ပစ္စည်းဆက်ကပ်ပုံ



ဆရာတော် ဦးသီရိန္ဒာဘိဝံသ ( အလယ် )



ရေစက်ချ



သိမ်ရေစက်ချပွဲကြွရောက်ပုံ



သာသနာဋ္ဌိတိကပုဗ္ဗာရုံသိမ်ယာဉ်ပုံစံ



ဆွမ်းကပ်ပုံ





မြို့နယ် ဥက္ကဋ္ဌ ဆရာတော်များ အာရုံပွဲဘုဉ်းပေးပုံ



မြို့နယ် ဥက္ကဋ္ဌ ဆရာတော်များ ဆွမ်းဘုဉ်းပေးပုံ



ရေစက်ချပွဲ ကြွရောက်လာသောဆရာတော်များ



သိမ်ရေစက်ချပွဲ ဦးလှကြည်မိသားစု က
အရှက်ဆွမ်းကပ်ပြီး ကြည့်မြင်တိုင် ဆရာတော် ဦးကောဝိဒ
က ရေစက်ချပုံ



ပဲခူးမြို့မ
ဆရာတော်ကြီး
ပြန်ကြွပုံ



သိမ်ရေစက်ချပွဲတွင် သီတဂူဆရာတော်ကြီး
ဓမ္မသဘင်ကြွလာပုံ



တရားနာယူပုံ



ဆရာတော် ဦးကောသလ္လ သိမ်ရေစက်ချ

(၄) ခရုပတ်နှုတ်နည်း၊

(၅) ပျားကြီးစွဲနှုတ်နည်း၊

တို့ဖြင့် အဖန်ဖန်အထပ်ထပ် နှုတ်တော်မူကြလေသတည်း။

ရှေးဦးစွာ သိမ်နှုတ်တော်မူကြပြီးသောအခါ ပဗ္ဗတနိမိတ္တံ(ပ) ဥဒကနိမိတ္တံ မိန့်ပြန်အပ်သောပါဠိတော်နှင့်အညီ ရှစ်ပါးသော နိမိတ်တို့တွင် အရပ်ရှစ်မျက်နှာတို့၌ ရှစ်ဖြာသောရေနိမိတ်တို့ကိုထားစေ၍ အနုဇာနာမိ(ပ) သီမန္တရိကာစဋ္ဌပေတဗ္ဗာ ဟူသောပါဠိတော်အတိုင်း သီမန္တရိတ်ကိုပါထားလျက် ပဋ္ဌမံနိမိတ္တံ ကိတ္တေတဗ္ဗာ ဟူသောပါဠိတော်၊ ပဋ္ဌမံကိတ္တိတ နိမိတ္တံ ကိတ္တေတွာဝ ဌပေတဗ္ဗံ ဟူသော အဋ္ဌကထာတို့နှင့်အညီ ပထမကြားရင်းနိမိတ်သို့ပြန်ရောက်သည့်တိုင်အောင် အပြင်နိမိတ် (၃)ပါး ကြားတော်မူကြရာတွင် –

၁။ အဂ္ဂမဟာပဏ္ဍိတတိုင်း ဥက္ကဋ္ဌ (ရွှေကျင်)မဟာသိပ္ပံကျောင်းဆရာတော်

၂။ ပုဗ္ဗန်တောင်မြို့နယ် ဥက္ကဋ္ဌ(သုဓမ္မာ) နှစ်ကျိပ်ရှစ်ဆူဆရာတော်(၂)ပါးတို့ကအရှေ့အရပ်မှစ၍ပါဠိသက်သက်မေးဖြေခါနိမိတ်စပ်အောင်ကြားတော်မူကြ၍၊

၃။ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ရှိ သုဝဏ္ဏ စစ်ကိုင်းစာသင်တိုက်ဆရာတော်က (သောကြာသားဖြစ်တော်မူသော ရေတွင်းကုန်းကျောင်းဆရာတော်ဘုရားကြီး၏ဂုဏ်ကျေးဇူးကိုလေးစားပူဇော်သောအားဖြင့်) မြောက်အရပ်မှစ၍ ပါဠိလိုသက်သက်တကြိမ်၊ မြန်မာလိုသက်သက်တကြိမ် နှစ်ကြိမ်ကြားတော်မူလျက်၊

၄။ အတွင်းနိမိတ်ကို ပါဠိသက်သက်ဖြင့် ပုဗ္ဗန်တောင်မြို့နယ် ဆုတောင်းပြည့်ဆရာတော်က အခါခါအထပ်ထပ် ရေနိမိတ်တို့ကို ကြားအပ်ပြီးလျှင် –

နိမိတ္တကိတ္တနာနန္တရံ (ပ) ကမ္မဝါစာယဗန္ဓိတဗ္ဗာ ဟူသော အဋ္ဌကထာနှင့်အညီ ဌာန်၊ ကရိုဏ်း၊ ပယတ်၊ ဗျဉ္ဇနဗုဒ္ဓိတို့ကို နိုင်းညှိဆင်ခြင်၊ သတိယှဉ်ကာသမာန သံဝါသကမ္မဝါစာရွတ်ဖတ်တော်မူကြရာဝယ် –

ပထမအကြိမ်။ ။(၁) ဘဒ္ဒန္တဓမ္မသိရီ အဂ္ဂမဟာပဏ္ဍိတ တိုင်းဥက္ကဋ္ဌ
(ရွှေကျင်) မဟာသိပ္ပံကျောင်း ဆရာတော်၊
(၂) ဘဒ္ဒန္တကဏ္ဍကသာမိ မြို့နယ်ဥက္ကဋ္ဌ(သုဓမ္မာ)
နှစ်ကျိပ် ရှစ်ဆူကျောင်းဆရာတော်၊
(၃) ဘဒ္ဒန္တဓမ္မာနန္ဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ နိုင်ငံတော်
သီးခြားဝိနည်းဓိုရ် သုဝဏ္ဏစစ်ကိုင်းစာသင်တိုက်၊

ဒုတိယအကြိမ်။ ။(၁) ဘဒ္ဒန္တသုမနာနန္ဒ ဆုတောင်းပြည့်ကျောင်း၊
(၂) ဘဒ္ဒန္တဝိမလ အရှင်အာဒိစ္စဝံသကျောင်း၊
(၃) ဘဒ္ဒန္တဓမ္မိဿရ အောင်မြေဗိမာန်ကျောင်း၊

တတိယအကြိမ်။ ။(၁) ဘဒ္ဒန္တစက္ကိန္ဒ မြို့နယ်အတွင်းရေးမှူး သဃ်နှံးကျွန်း
ရတနာသိဒ္ဓိကျောင်း၊
(၂) ဘဒ္ဒန္တကေလာသ မြို့နယ်ဝိနည်းဓိုရ်သဃ်နှံးကျွန်း
ဆယ်သိန်းကျောင်း
(၃) ဘဒ္ဒန္တကဏ္ဍာစက္က ရွှေတောင်မှော်မြို့နယ်
အတွင်းရေးမှူးမအုပင် ရွှေတောင်မှော်ကျောင်း၊

"အဝိပ္ပဝါသ သိမသမ္မုတိ ကမ္မဝါစာရွတ်ပတ်ရာဝယ်"-

ပထမအကြိမ်။ ။ (၁) မဟာသိပ္ပံဆရာတော်
(၂) နှစ်ကျိပ်ရှစ်ဆူဆရာတော်
(၃) စစ်ကိုင်းစာသင်တိုက်ဆရာတော်

ဒုတိယအကြိမ်။ ။ (၁) ရေတွင်းကုန်းကျောင်း ဦးလက္ခဏ၊
(၂) ရေတွင်းကုန်းကျောင်း ဦးသုဇာတ၊
(၃) ရေတွင်းကုန်းကျောင်း ဦးပညာဒီပ၊

တတိယအကြိမ်။ ။ (၁) ဆုတောင်းပြည့်ဆရာတော်၊
(၂) အောင်မြေဗိမာန်ဆရာတော်၊
(၃) အရှင်အာဒိစ္စဝံသကျောင်းဆရာတော်၊

ဤဆရာတော်အရှင်သုမြတ်တို့က အစဉ်အတိုင်းသာ ကောင်းမွန်စွာ ရွတ်ဖတ်တော်မူကြ၍ ပင့်သံဃာ(၃၈)ပါးကြွရောက်တော်မူကြလျက် ဝမ်းမြောက်ဝမ်းသာ ချီးမြှောက်တော်မူကြလေသတည်း။

ဤသို့ရွတ်ဖတ်ချီးမြှောက်တော်မူကြသဖြင့်(သာသနသောဘိတ) သညီခေါ်မှတ် ဤသိမ်တော်မြတ်သည် ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ဆရာ မြတ်ဗုဒ္ဓ၏သာသနာတော်နှစ် (၂၅၄၄)ခုနှစ်၊လူတို့ဝေါဟာ ကောဇာ သက္ကရာဇ် ၁၃၆၂–ခုနှစ်၊ဥတုဂိမှန် ဦးတန်ခူးလပြည့်ကျော်(၅)ရက် တနင်္ဂနွေနေ့ ည(၆)နာရီ (၄၈)မိနစ်အချိန်တွင် အောင်မြင်ပါသောကြောင့် အောင်လျှင်ခုမှ အောင်လံထူလျက် သုမုဟုတ္တ ဇယ သောဘာထုတိသာ သည့် ချိန်ခါသမယ ကျရောက်ခါဝယ် အောင်မြင်ပြီးစီးအောင်တံဆိပ် သွင်းပြီးလျှင် အောင်ချီးပွဲထောမနာပြုလျက် အောင်သာဇုကြီး ခေါ်နိုင် ကြပါစေကုန်သတည်း။

* စစ်ကိုင်းစာသင်တိုက်ဆရာတော် ရေးသား၍
* ရတနာသိဒ္ဓိကျောင်းဆရာတော်
ရွတ်ဖတ်ပူဇော်သည်။

ပါသာဒသိမ်
သင်္ကန်းကျွန်းမြို့နယ်
ဆ/ခ ရပ်ကွက်၊သာသနပါလစံပြကျောင်း

၁၃၆၃–ခု ဒုတိယဝါဆိုလပြည့်ကျော်(၁၄)ရက်၊(၁၈–၈–၂၀၀၁) စနေနေ့ ရန်ကုန်တိုင်း၊သင်္ကန်းကျွန်းမြို့နယ် ဆ/ခ–ရပ်ကွက်၊ အာနန္ဒာ ဘုရားဝင်းသာသန ပါလစံပြကျောင်းတိုက်အတွင်းသမုတ်တော်မူမည့် (သာသနဝေပုလ္လကာရီ) သိမ်တော်ကြီးသမုတ်ပွဲအခမ်းအနား။

"သိမ်အောင်ဩဘာစာတမ်း"

*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

ဧယျေတု သဗ္ဗမင်္ဂလံ။ ။သဗ္ဗမင်္ဂလံ–ကောင်းကျိုးချမ်းသာ ကျက်သရေ ရှိကြောင်းမင်္ဂလာအပေါင်းသည်၊ဧယျေတု–လိုတိုင်း တောင့်တလိုတိုင်းရ၍ ပြည့်ဝ ကုန်စင်အောင်မြင်ပါစေသတည်း။

ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။ ။ သဗ္ဗပါဏိနံ–ခပ်သိမ်းဥဿုံအလုံးစုံသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏၊ ဟိတာယ– လောကီလောကုတ် မယုတ်အကျိုး တိုးပွားပါစေခြင်းငှာ၊ ဗုဒ္ဓေါ–သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်တော် မူသော မြတ်စွာဘုရားသည်၊ လောကေ–ကာမ၊ရူပ၊အရူပဟု လောကသုံးခွင်ဘုံအပြင်၌၊ သမုပ္ပန္နော–ဥဒါဥ်တောင်စွန်း နေစက်ဝန်းကဲ့သို့ ပွင့်ထွန်းတော်မူခဲ့ ပါပေ၏။

သုံးလူထွဋ်ထား မြတ်ဘုရားသည် လောက၌လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာပွင့်ထွန်းတော်မူခဲ့ပါပေသည်။ ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးတည် ထားတော်မူခဲ့သော သာသနာတော်မြတ်ကြီး၏ အနှစ်ငါးထောင်မကကြာအောင် တည်တံ့ပါစေခြင်းအကျိုးငှာရည်ရွယ် တောင့်တ မျှော်မှန်းကြကုန်လျက်သိမ်တော်ကြီး 'မ'တည်အလှူရှင် အလှူဒါယကာ ဦးဘစိန်+ဒါယိကာမ ဒေါ်စိန် မိသား စုနှင့် ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့ကစုပေါင်း၍ သင်္ကန်းကျွန်းမြို့နယ်၊ ဆ/ခ– ရပ်ကွက်၊ အာနန္ဒာဘုရားဝင်း သာသနပါလစံပြကျောင်းတိုက်အတွင်း၌

"သာသနဝေပုလ္လကာရီ"အမည်ရှိသောသိမ်တော်ကြီးကိုဆောက်လုပ်လှူဒါန်းကာ သိမ်ဒါယကာဒါယိကာမများအဖြစ် ခံယူကြပါလေကုန်သတည်း။ ထိုသို့သိမ်ဒါယကာ+ဒါယိကာမများအဖြစ် ခံယူကြလေသောကြောင့် အဆောက် အဦးမဆောက်လုပ်မီ ရှေ့အဖို့ကပင်လျှင် "သီမံ ဘိက္ခဝေ သမ္မုဟနိတ္ထေန(ပ)ပစ္ဆာ သမာနသံဝါသ သီမာသမ္မုဟန္တဗ္ဗာ" ဟူသော မဟာဝါပါဠိ လာရှိသည်နှင့်အညီ မြေအပြင်ကို ကြေးမုံပြင်ကဲ့သို့ ညီညွတ်သန့်ရှင်းအောင်ပြုလုပ်ကြ၍ သာသနပါလ စံပြကျောင်း ပဓာနနာယကဆရာတော်ဘဒ္ဒန္တနန္ဒိယဦးဆောင်၍ သံဃာတော်အပါး (၂၁)ပါးတို့ဖြင့် 'ဝိနယကုက္ကုစ္စ' မရှိရအောင် ပထမအဝိပ္ပဝါသ ကမ္မဝါစာ၊ဒုတိယ သမာနသံဝါသ ကမ္မဝါစာတို့ဖြင့် ဆက်ခါဆက်ခါ သီမာမဏ္ဍလ၊ သီမန္တရိက-ပါမကျန် အဖန်ဖန်အထပ်ထပ် ရွတ်ဖတ်ခါဖြင့်(၄)ရက်တိုင်တိုင် သိမ်နှုတ်ခြင်း အမှုကိစ္စကို ဆောင်ရွက်တော်မူခဲ့ကြပါသတည်း။

ထိုနောက်တဖန် နှစ်ထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ပြီး၍ ရပ်ကွက်အတွင်းရှိသံဃာတော်များပင့်ဆောင်သိမ်းယူလျက် ကောဇာ သက္ကရာဇ် ၁၃၆၃-ခု၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၄)ရက်၊ ဝသန္တဥတု၊ သာသနာနှစ် ၂၅၄၅-ခု၊ ခရာဇ်နှစ် ၂၀၀၁-ခု၊ဩဂုတ်လ (၁၈)ရက်၊ ညဥ့်(၁၁)နာရီအချိန်အာသဠှိနက္ခတ်ယှဥ်လတ်လေရာ မင်္ဂလာရှိသော အချိန်အခါဝယ်"သီမာ စနာမေသာ နကောဝလံ ပထဝိတလေယေဝ ဗဒ္ဓါဗဒ္ဓါနာမ ဟောတိ အထခေါ ပိဋ္ဌိပါသာဏေပိ ကုဋ္ဋိဂေဟေပိ လေဏေပိ ပါသာဒေပိ ပဗ္ဗတမတ္ထကေပိ ဗဒ္ဓါဗဒ္ဓါယေဝ ဟောတိ" ဟူသော ပါစိတျာဒိ အဋ္ဌကထာလာရှိသည်နှင့်အညီ ပါသာဒမည်လတ် ကျောင်းကြီးအထက်ထပ်၌"ဥပရိ ပါသာဒေပိ ဘိတ္တိ အကိတ္တေတွာ အန္တောပါသာဏေ ဌပေတွာသီမာသမ္မနိတဗ္ဗာ" ဟု ၄င်းအဋ္ဌကထာ မိန့်ဆိုပြန်သောကြောင့် နံရံသို့မထိရောက်စေမူ၍ တစ်တောင်မျှ လောက်ကွာခြား နိမိတ်လောက်သောကျောက်များကိုထားလျက်။

နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်များဖြစ်ကြသောဘဒ္ဒန္တ ဂန္ဓမာဘိဝံသ (အဂ္ဂ-မဟာပဏ္ဍိတ+အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်၊ ဘဒ္ဒန္တဓမ္မာနန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဆရာတော်၊ ဘဒ္ဒန္တဝိမလ(မြို့နယ်သံဃနာယကဥက္ကဋ္ဌ) ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များကြီးမှူး၍ နိမိတ်စောင့်များချထားကာ "ပထမာ နိမိတ္တာ ကိတ္တေတဗ္ဗာ"ဟု ပါဠိလာရှိသည်နှင့်အညီ ရှေးဦးစွာ ဘဒ္ဒန္တဂန္ဓမာဘိဝံသဆရာတော်၊ ဒုတိယ ဘဒ္ဒန္တဓမ္မာနန္ဒ ဆရာတော်၊တတိယ ဘဒ္ဒန္တဇဝန ဆရာတော် (၃)ပါးတို့က အပြင်နိမိတ် အနီးကြားကြားတော်မူကြပြီး၍ ဘဒ္ဒန္တ ဝိမလဆရာတော်က အတွင်းနိမိတ် အဝေးကြားကြားတော်မူပါသည်။

ထိုသို့နိမိတ်ကြားခြင်းကိုစွပြီးဆုံးသောအခါ"သီမံ ဘိက္ခဝေ သမ္မန္နန္တေန ပထမံ သမာနသံဝါသ သီမာ သမ္မန္နိတဗ္ဗာ ပစ္ဆာ တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော"ဟု မဟာဝါပါဠိလာရှိရကား-

ရှေးဦးစွာ သမာနသံဝါသကမ္မဝါစာကို
ပထမ ဘဒ္ဒန္တဂန္ဓမာဘိဝံသ၊ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ဘဒ္ဒန္တ ဇဝနဆရာတော်၊
ဒုတိယ ဘဒ္ဒန္တဝိမလ၊ ဘဒ္ဒန္တစိတ္တရ၊ ဘဒ္ဒန္တနန္ဒိယဆရာတော်၊
တတိယ ဘဒ္ဒန္တဝါသေဋ္ဌ၊ ဘဒ္ဒန္တတေဇနိယ၊ ဘဒ္ဒန္တဝါသေဋ္ဌဆရာတော် တို့ကရွတ်ဖတ် တော်မူကြပါသည်။

အဝိပ္ပဝါသ ကမ္မဝါစာကို---
ပထမအကြိမ်။ (၁) ဘဒ္ဒန္တဂန္ဓမာဘိဝံသ (ဖက်ပင်အိုင်ဆရာတော်)
(၂) ဘဒ္ဒန္တဓမ္မာနန္ဒ (စစ်ကိုင်းစာသင်တိုက်ဆရာတော်)
(၃) ဘဒ္ဒန္တဇဝန (ဓမ္မမေဒိနီဆရာတော်)
ဒုတိယအကြိမ်။(၁) ဘဒ္ဒန္တဝိမလ (ဓမ္မသိင်္ဂီကျောင်းဆရာတော်)
(၂) ဘဒ္ဒန္တစိတ္တရ (ဆားကန်ကျောင်းဆရာတော်)
(၃) ဘဒ္ဒန္တနန္ဒိယ(သာသနပါလစံပြကျောင်းဆရာတော်)
တတိယအကြိမ်။(၁) ဘဒ္ဒန္တစက္ကိန္ဒ (ရတနာသိင်္ဂီကျောင်းဆရာတော်)
(၂) ဘဒ္ဒန္တသုမင်္ဂလ (ဝိသုဒ္ဓါရာမ်မီကျောင်းဆရာတော်)
(၃) ဘဒ္ဒန္တကုဏ္ဍဓဘာသ(ခေမာသိဝံကျောင်းဆရာတော်)

တို့က ရွတ်ဖတ်တော်မူကြပါသည်။

ဤသို့ရွတ်ဖတ်ချီးမြှောက်တော်မူကြသဖြင့် ညဉ့်(၁၂)နာရီ (၁၅)မိနစ်အချိန်တွင် သံဃာတော်အပါး(၃၀)ကြွရောက်တော်မူကြလျက် "သာသနဝေပုလ္လကာရီ"အမည်ရှိသော 'ပါသာဒသိမ်တော်ကြီး' သည် သာသနတံခွန်အောင်လံထူလျက် ပြီးဆုံးခြင်းသို့ရောက် လေသတည်း။

ထိုသို့အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်လေသောကြောင့် ကြွရောက်တော်မူလာကြသော သံဃာတော်အရှင်မြတ်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့က အောင်ရာယခု အောင်ပတ္တနာ ပြုလျှက် ဝမ်းမြောက်နမော် ဘဝဂ်ကျော်အောင်ညီညာဖျဖျ သာဓု-သာဓု-သာဓု ခေါ်လိုက်ကြပါကုန်လော။

ရေးသားသူ - စစ်ကိုင်းစာသင်တိုက်ဆရာတော်
ဖတ်ကြားသူ - ရတနာသိဂ်ီကျောင်းဆရာတော်

"သာကေတ(၉)ရပ်ကွက် ပုညာရာမကျောင်း"

ကောဇာသက္ကရာဇ်(၁၃၆၃)ခု သီတင်းကျွတ်လပြည့်ကျော် (၁၄) ရက်၊ ခရစ်နှစ်(၂၀၀၁)ခုနိုဝင်ဘာလ(၁၅)ရက်ကြာသပတေးနေ့ ရန်ကုန်တိုင်း သာကေတမြို့နယ်(၉)ရပ်ကွက် ပုညာရာမမိုးကုတ်ရိပ်သာ ဝိပဿနာကျောင်း တိုက်ဝိသုံဂါမဗဒ္ဓသိမ်တော်ကြီး၏ သိမ်အောင် ကြဲဘာစာတန်း

*နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

ပဥ္စမာရေ ဓိတဝါတိ ဓိနေဝှာသော ဝိဂ္ဂိဟ်ဝစနလာ ရှိသည်နှင့်အညီဒေဝ ပုတ္တကိလေသနှင့်အဘိသင်္ခါခန္ဓာမစ္စုငါးခုအပြား မာန်ငါးပါးကို အောင်မြင်တော် မူသောဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၌ အောင်ရာအတိတ်အောင်နိမိတ်နှင့်အောင်ဘိသိက်သွင်းအောင်ဟိက် ကျင်းလျှက်အောင်ခြင်းမင်္ဂလာအဖြာဖြာကိုလိုလားတောင်း တအမတနိဗ္ဗာန် ဝင်စံလိုမှု ပတ္တနာပြု၍ ပုညာရာမမိုးကုတ်ရိပ်သာဝိပဿနာကျောင်း တိုက်ကြီး၏ပဓာနနာယက ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသောဆရာတော်

ဘဒ္ဒန္တ ပုညာနန္ဒနှင့် ဦးကျော်စိန်+ဒေါ်မြင့်မြင့်စိန်၊ဦးသန်းထွန်း၊ ကိုဇော်လင်းငြိမ်း+ မခင်ခင်လွန်းတို့ မိသားစုဖြစ်ကြကုန်သော ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်း တို့က ဗုဒ္ဓပူဇာ နဝမခေတ် ကြိုကြိုက်ခြင်းဖြစ်သည့်အားလျော်စွာသာသနာတော်မှာ ထာဝရကုသိုလ် အရာ သိမ်ဒါယကာ၊ဒါယိကာမအဖြစ်ကိုခံယူကြလေကုန်သတည်း။

ထိုသို့သိမ်ဒါယကာ၊ဒါယိကာမအဖြစ်ခံယူကြလေ သောကြောင့် ရန်ကုန်တိုင်း သာကေတမြို့နယ်(၉)ရပ်ကွက် ပုညာရာမ မိုးကုတ်ရိပ်သာဝိပဿနာကျောင်းတိုက် အတွင်းရှိမြေပြင်ဝယ် ကြေးမုံပြင်သဖွယ် စင်ကြယ်စွာ သုတ်သင်လျှက်(ဂါမဘောဇကအဖြစ်) ဒေါ်မြင့်မြင့်စိန် သာသနာ့ဝေပုလ္လအသင်း ဥက္ကဋ္ဌ ကလျှောက်ထား၍ ဝိသုန်ဂါမ အမည်ရ ဗဒ္ဓသိမ်အမိန့်ကြသောအလျား(၄၄)ပေ၊အနံ(၃၃)ပေပမာဏရှိသိမမဏ္ဍလင် သိမ်အပြင်၌ ပိဋကတ်ကျမ်းဂန်တတ်ဗဟုသုတရေ အာစရိယ လဒ္ဓေါပဒေသတို့ကိုကောင်းမွန်စွာရရှိတော်မူသော ကျေးဇူးရှင် ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏမြို့သစ် စစ်ကိုင်းစာသင်တိုက် ကြီး၏ ပဓာနနာယက(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနိုင်ငံတော် ဗဟိုသံဃဝန်ဆောင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ပရိယတ္တိ သာသနာ့ဟိတဓရ ဂုဏဝိသိဋ္ဌ)ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒနှင့် သင်္ဃန်း ကျွန်းမြို့နယ်၊မြို့နယ်သံဃနာယက အတွင်းရေးမှူး တိုင်းဝန်ဆောင် ရတနာသိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ၊သာကေတမြို့နယ်၊ ပုညာရာမမိုးကုတ်ရိပ်သာ ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တပုညာနန္ဒ အမှူးပြုသော သံဃာတော်(၃၈)ပါးတို့သည် ကောဇာသက္ကရာဇ်(၁၃၆၃)ခု သီတင်းကျွတ် လပြည့်ကျော်(၈)ရက်၊ခရစ်နှစ်(၂၀၀၁)ခုနိုဝင်ဘာလ(၈)ရက်ကြာသပတေးနေ့ ရက်ရာဇာကြံခိုက် သုနက္ခတ္တ သုမင်္ဂလ ပြည့်စုံခါမှီ ညနေ(၄)နာရီ အချိန်တွင် ထေရဝါဒအာစရိယ ပရံပရနည်းနယအတိုင်း မဆိုင်းမပယ် တင့်တယ်ရှု့ကောင်း(၇၂)ကွက်သော ညောင်စောင်းကွက်တို့ကို သီမန္တရိကပါမကြစီမံဆောင်ရွက်တော်မူကြလျှက် "သိမံ ဘိက္ခဝေ (ပ)ပထမ တိစီဝရေန အဝိပ္ပဝါသော" စသော ပါဠိတော်နှင့်အညီ

အခါမြင့်ညောင်းမရှိစကောင်းသော သိမ်တို့ကို အဝိပ္ပဝါသ၊ သမာန သံဝါသ၊သိမသမူဟနနကမ္မဝါစာနှစ်မျိုးလုံးတို့ဖြင့် သုံးပါးတတွဲစီ သုံးပါးတတွဲစီ ဖတ်ခါဆင်နွဲ အနန်အခါခါ ဝိနယာလောမ ပါဝါစနပါဠိ အဋ္ဌကထာ ဋီကာပါဠ်ညှိ၍ ဝိမတိအလာကန်ါကျမ်းမြွတ် လျှောက်ပတ် ညီမျှ ပရူပဝါဒကင်း စင်ကြယ်ခြင်းရှိရလေအောင် ရင်ဘောင်တန်း၊ ပျားကြီးစွဲ၊ ငါး၌ာန၊သိမန္တရိက နည်းတို့ဖြင့်ညောင်စောင်းကွက်စပ်အောင် အဖန်ဖန်အထပ်ထပ်ဖတ်တော်မူကြပြီး၍ ဗဟုသုတနည်းနာနယ ရစေခြင်းငှာသံဃာတော်အားလုံးတပြိုင်နက်ဖတ်နည်းဖြင့် ဒေါင်တန်းနုတ် နည်း၊ကြက်ခြေခတ်နုတ်နည်း၊ယက္ကန်းခတ်နုတ်နည်း၊စကြာလည်နုတ်နည်း တို့ဖြင့် တဖန်ထပ်မံနုတ်ကြလေသတည်း။

ရှေးဦးစွာသိမ်နုတ်ပြီးသောအခါပါဠိအဋ္ဌကထာဋီကာကျမ်းတတ် ပိဋကတ်ကျေပွန်သီလဝန်၊ဂုဏဝန်၊တေမွန်အကျော် သက်တော်ရှည် (ရွှေဥမင်ဆရာတော် ဘုရားကြီးအမှူးပြုသော)နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်၊တိုင်းသံဃနာယက ဆရာတော်၊မြို့နယ်သံဃ နာယကဆရာတော်စသော ထင်ပေါ်ကျော်ကြား ဆရာတော်ကြီး (၄၅)ပါးတို့ ကြွရောက်ချီးမြှောက်တော်မူကြ၍–

ပဗ္ဗတနိမိတ္တံ (ပ)ဥဒကနိမိတ္တံ ထုတ်ပြန်အပ်သော ပါဠိတော်နှင့်အညီ (၈)ပါးသောနိမိတ်တို့တွင် အရပ်ရှစ်မျက်နှာတို့၌ ရှစ်ဖြာသောရေနိမိတ်တို့ကိုထားစေ၍ "အနုဇာနာမိ ဘိက္ခဝေ(ပ) သီမန္တရိကာစဌပေတဗ္ဗာ" ဟူသော ပါဠိတော်အတိုင်း သီမန္တရိတ် ကိုထားလျှက်

"ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ"ဟူသောပါဠိတော်"ပဌမံ ကိတ္တိတ နိမိတ္တံ ကိတ္တေတွာဝ ဌပေတဗ္ဗံ"ဟူသော အဋ္ဌကထာတို့နှင့်အညီ ပထမကြားရင်းနိမိတ် သို့ပြန်ရောက်သည့်တိုင်အောင်အပြင်နိမိတ်(၃)ပါး ကြားတော်မူကြရာတွင်

ပထမ

ဒုတိယ

တတိယ

ဆရာတော်တို့က ရှေးဦးမဆွ ဥဒကနိမိတ္တ တွင်း၀အပါး စောင့်စား ရပ်တည် ရှစ်မည်ပိုင်းခြား မထေရ်တို့အပါးသို့ ကြွသွားမေးမြေ တပါးစီ တပါးစီ အညီအမျှ ဖြေကြားစေလျှက်အထွေထွေစစ်ဆေး၍ အရေး အရာကောင်းစွာမှတ်သား နိမိတ်ကြားတော်မူပြီး၍
အတွင်းနိမိတ်ကို--

ပထမ

ဒုတိယ

ဆရာတော်တို့ကလည်းကောင်း ဆက်လက်မေးဖြေ အရေးမျှစွာ အ၀േးကသာလျှင် မဟာသိမ်ကြားကြတမျှ နည်းနယဖြင့် ယင်းသို့ (၅)ကြိမ်တိုင်တိုင် မြဲခိုင်သေခြာ ကောင်းစွာမြွက်ဟ မာဂဓဧရမ္ဗသမ္ဘီသရ ဘာသာတို့ဖြင့် သာယာရှင်ဖိတ်နိမိတ်မှတ်သား မြွတ်ကြားတော်မူ ကြပြီးသော်

"နိမိတ္တ ကိတ္တနာ နန္တရံ(ပ)ကမ္မဝါစာယ ဗန္ဓိတဗ္ဗာ" ဟူသော အဋ္ဌကထာနှင့်အညီ ဌာန်၊ကရိုဏ်း၊ပယတ်၊ဗျဉ္ဇနဗုဒ္ဓိတို့ကို နှိုင်းညှိ ဆင်ခြင်သတိယှဉ်ခါ

ပထမအကြိမ် ၁။
၂။
၃။
ဒုတိယအကြိမ် ၁။
၂။
၃။
တတိယအကြိမ် ၁။
၂။
၃။

အဝိပ္ပဝါသ သီမသမ္မုတိ ကမ္မဝါစာရွတ်ဖတ်ရာဝယ်

ပထမအကြိမ် ၁။
၂။
၃။

ဒုတိယအကြိမ် ၁။

၂။

၃။

တတိယအကြိမ်၁။

၂။

၃။

ဤဆရာတော် အရှင်သူမြတ်တို့က ဝမ်းမြောက်ဝမ်းသာ ချီးမြောက်တော်မူကြလေသတည်း။

ဤသို့ရွတ်ဖတ်ချီးမြောက်တော်မူကြသဖြင့်( )သည်ဒီ ခေါ်မှတ် ဤသိမ်တော်မြတ်သည် ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ဆရာ မြတ်ဗုဒ္ဓ၏ သာသနာ တော်နှစ်(၂၅၄၅)ခုနှစ်၊လူတို့ဝေါဟာ ကောဇာ သက္ကရာဇ်(၁၃၆၃)ခု၊ ခရာဇ်နှစ် (၂၀၀၁)ခုနှစ်၊ဝသန္တဥတု၊ သီတင်းကျွတ် လပြည့်ကျော်(၁၄)ရက်၊ ကြာသပတေးနေ့ နံနက်( )နာရီ၊( )မိနစ် အချိန်တွင်အောင်မြင်ပါသောကြောင့် အောင်လျှင်ခုမူ အောင်လံထူလျှက် သုမုဟုတ္တ ဇယသောဘာ ထုတိသာသည့် ချိန်ခါသမယ ကျရောက် ခါဝယ် အောင်မြင်ပြီးစီး အောင်တံဆိပ်သွင်းပြီးလျှင် အောင်ချီးပွဲ ထောမနာပြုလျက် အောင်သာဓုကြီး ခေါ်နိုင်ကြပါစေကုန်သတည်း။ (ဝါ)အောင်သာဓုကြီး ခေါ်လိုက်ကြပါကုန်လော။

*စစ်ကိုင်းဆရာတော် ရေးသား၍၊
*ရတနာသိဒ္ဓိဆရာတော် ရွတ်ဖတ်ပူဇော်သည်။

"နန္ဒင်းကုန်းကျောင်း"

ကောဇာသက္ကရာဇ်(၁၃၆၃)ခု၊တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်၊ခရာဇ်နှစ်(၂၀၀၁)ခု၊ဒီဇင်ဘာလ(၂)ရက်၊တနင်္ဂနွေနေ့၊ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊နန္ဒင်းကုန်းရပ်ကွက်၊နန္ဒင်းကုန်းကျောင်း ဝိသုံဂါမ (သာသနဟိတကာရီ) ဗဒ္ဓသိမ်၏ ---

"သိမ်အောင်ဩဘာစာတန်း"

*'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'*

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဝ ဓမ္မာနံ၊ နာမမတ္တံ န နာယတိ။

ဗုဒ္ဓစန္ဒေ-ဘုရားတည်းဟူသော လမင်းကြီးသည်၊ အနုပ္ပန္နေ-မထွက်မပေါ်လာခဲ့သည်ရှိသော်၊ဗုဒ္ဓါဒိစ္စေ-ဘုရားတည်းဟူသော နေမင်းကြီးသည်၊ အနုဂ္ဂတေ-မထွန်းမပေါ်လာခဲ့သည်ရှိသော်၊ တေသံ သဘာဝ ဓမ္မာနံ-ထိုနိဗ္ဗာန်ရောက်ကြောင်း ရုပ်နာမ်ဓမ္မ သင်္ခါရသဘော တရားတို့၏၊ နာမမတ္တံ-ခေါ်ဝေါ်စရာ အမည်မျှလောက်ကိုလည်း၊န နာယတိ-ပိုင်းခြားထင်ထင်မသိမမြင်နိုင်သည်သာ လျင်တည်း။(ဤသို့ ပရိဝါပါဠိ လာရှိသည်နှင့်အညီ)

၁။ နေမင်း လမင်းအရောင်အလင်းမက ဒွိပဒုတ္တမ ဇိနုတ္တရ ဗုဒ္ဓမုနိကို သယမ္ဘူဟိတ်အောင်နိမိတ်ဖြင့် အောင်ဘိသိတ်စင် အောင်ပွဲ ဆင်လျက် အောင်မြင်ပြီးထ အောင်ပွဲရသည့်သုံးလောကမာရဇိန် အသမ္ဘိန္န ခတ္တိယနွယ်ဘုန်းကြွယ်ရောင် တင့် ရာမင်းမကိုင်ငြိသောင်းတိုက်စကြာဝဠာ ပြဟ္မာမကြွင်း ခပင်းဥဿုံ အလုံးစုံတို့ အကုန်ဦးခိုက်ရာ ဘဂဝါ အတုလမကင်ငြိဟု လူ့ဘဝတွင်ငြိထားမြတ်စွာဘုရားသခင်သည် သာသနာ တော်ကြီး အနှစ်ငါးထောင်ရှည်မြင့်ကြာအောင် တည်ထားတော်မူခဲ့ပါ ပေသတည်း။

၂။ထိုဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏အနှစ်ငါးထောင်မက ကြာအောင်တည်တံ့ပါစေခြင်းအကျိုးငှာရည်ရွယ်တောင့်တ၊မျှော်မှန်းကြကုန်လျက်၊ ဥစ္စာကြွယ်ဝ၊ သဒ္ဓါလှ၍စေတနာဖြူစင်း မိခင်ကြီးဒေါ်တင်တင်ဝင်းသည်

ဘဝတစ်ပါးပြောင်းသွားခါနီး အချိန်အခါကြီးတွင် သားသမီးများ အနီးအနားခေါ်ခါ ဖန်ခါခါလျှင် သိမ်ဒါယိကာမ ဖြစ်လိုလှကြောင်း စိတ်မွန်ကောင်းဖြင့် ထပ်လောင်းမှာထားပြောကြား လေသောကြောင့်။

၃။ မြင့်မိုရ်တောင်ဦးမကကြွေးသည့် ကျေးဇူးအရှင်မွေးမိခင်၏ အလိုဆန္ဒ ပြည့်ဝပါစေမေတ္တာချွေ၍ ကတညုတ ကတဝေဒီ တုံ့ပြန်ဆပ်နည်း သားသမီးတို့ဖြစ်သည့်အားလျော်စွာ မိခင်ကြီးအမှူးထား၍ 'သား' ဦးစိုးသိန်း၊ 'သမီး' ဒေါ်ခင်နှင်းအောင်-ဒေါ်ခင်ခင်အောင်-ဒေါ်စမ်းစမ်းနွယ်၊ မောင်ဇေယျမင်း-ဟု စိတ်ထားတူမျှ မောင်နှမတစ်စုတို့က သိမ်ဒါယကာ+သိမ်ဒါယိကာမအဖြစ်ခံယူ၍ ဆောက်လုပ်လှူဒါန်းကြပါကုန်သတည်း။

၄။ ထိုသို့လှူဒါန်းကြလေသောကြောင့် "အာဒါသ တလံဝိယ သမံသုဒ္ဓဝိမလံ ကတွာ"စသော ဝိနယာလင်္ကာရဋီကာလာရှိသည်နှင့်အညီ ကြေးမုံပြင်ကဲ့သို့ ကောင်းမွန်ညီညွတ်အောင်ပြုပြင်သုတ်သင်ပြီးလျှင် (ဂါမဘောဇက-ဦးစိုးသိန်း) ကလျှောက်ထား၍ 'ဝိသုံ ဂါမဗဒ္ဓသိမ်'အမိန့်ကျသော အလျားပေ(၃၀)၊အနံ(၂၇) ပေ ပမာဏရှိ သီမမဏ္ဍလင် သိမ်မြေအပြင်၌ "ပကတိဝိဒတ္ထိယာ၊ နဝဝိဒတ္ထိ ကော၊ အထ ဝိဒတ္ထိကော ဝါ"ဟု ကျမ်းဂန်ပါဠိလာရှိလေရကား-အလျား(၄) တောင်၊ အနံ(၂)တောင်ရှိညောင်စောင်းကွက်များကို ထေရဝါဒ အာစရိယပရံပရနည်းနယအတိုင်း ရှု့ခြင်သဖွယ်တင့်တယ်လှပ အကွက်ချတုံးတားရေးသားပြုလုပ် ကြပြီးသောအခါ

၅။ ကောဇာသက္ကရာဇ်(၁၃၆၃)ခု တန်ခူးလပြည့်ကျော်(၁၄)ရက် စနေနေ့၊ခရစ်နှစ်(၂၀၀၁)ခု ဧပြီလ(၂၁)ရက် စနေနေ့တွင် သင်္ကန်းကျွန်းမြို့နယ် သုဝဏ္ဏ စစ်ကိုင်းစာသင်တိုက်ဆရာတော်ကြီးမှူး၍ မြို့နယ်၊ ရပ်ကွက်ဆရာတော်၊နှင့်း ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ တေဇနိယနှင့် သံဃာတော်(၄၅)ပါးတို့ ကြွ ရောက်တော်မူကြလျှက် -

"သီမံ ဘိက္ခဝေ သမ္မုဟနန္တေန ပထမံ တိစီဝရေန အဝိပ္ပဝါသော သမုဟန္တဗ္ဗော ပစ္ဆာ သမာနသံဝါသ သီမာ သမ္မုဟန္တဗ္ဗာ"ဟု မဟာဝါ ပါဠိလာရှိသည်နှင့်အညီ အခါမြင့်ညောင်းရှိစကောင်းသော

သိမ်ဟောင်းတို့ကို အဝိပ္ပဝါသ၊ သမာနသံဝါသ၊သီမာသမူဟနန ကမ္မဝါစာ(၂)မျိုးလုံးတို့ဖြင့် သုံးပါးတတွဲစီ သုံးပါးတတွဲစီ ဖတ်ခါဆင်နွဲ အနဲနဲအခါခါ ဝိနယာလောမပါဝါစန ပါဠိ အဋ္ဌ ကထာ ဋီကာပါဠ်ညှိ၍ ဝိမတိအလာကနေ်ါကြွမ်းမြွတ်လျှောက်ပတ်ညီမျှပရှပဝါဒ ကင်းစင်ကြယ်ခြင်း ရှိရလေအောင် "ရင်ဘောင်တန်း၊ပျားကြီးစွဲ၊သိမန္တရိက" နည်း တို့ဖြင့်ညောင်းစောင်းကွက်စပ်အောင် အဖန်ဖန်အထပ်ထပ် ဖတ်တော်မူကြပြီး၍ ဗဟုသုတနည်းနာနယရစေခြင်းငှာ သံဃာတော်အားလုံးတပြိုင်နက်ဖတ်နည်းဖြင့် "ဒေါင့်တန်းနုတ်နည်း၊ ကြက်ခြေခတ်နုတ်နည်း၊ ယက်ကန်းခတ်နုတ်နည်း၊ ခရုပတ်နုတ်နည်း" တို့ဖြင့်တဖန်ထပ်မံနုတ်ကြလေသတည်း။

၆။ ရှေးဦးစွာ သိမ်နုတ်တော်မူကြပြီးသောအခါ နိုင်ငံတော်သံဃမဟာ နာယကအကျိုးတော်ဆောင် "အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု" မကွေးဆရာတော်ဘုရားကြီး အကြီးအမှူးဦးစီးနာယက ပြုတော်မူလျှက် "အနဓာနာမိ ဘိက္ခဝေသီမံသမ္မန္နိတုံ၊ဧဝဉ္စ ပန ဘိက္ခဝေသမ္မန္နိတဗ္ဗာ၊ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ"စသည်ဖြင့် မဟာဝါပါဠိလာရှိသည်နှင့်အညီရှစ်ပါးသော နိမိတ်တို့တွင်အရပ်ရှစ်မျက်နှာတို့၌ (၈)ပါးသောရေနိမိတ်တို့ကိုထားစေ၍ "အန ဓာနာမိ ဘိက္ခဝေ သီမံသမ္မန္နိတုန သီမန္တရိကံ ဌပေတွာ သီမံ သမ္မန္နိတုံ"ပါဠိတော် မြွတ်မိန့်အပ်ရကား သီမန္တရိတ်ကိုပါထားလျှက် "ပဌမံကိတ္တိတ နိမိတ္တာ ကိတ္တေတွာဝ ဌပေတဗ္ဗာ"ဟူသောအဋ္ဌကထာတို့နှင့် အညီပထမကြာရင်းနိမိတ်သို့ပြန်ရောက်သည့်တိုင်အောင် အပြင်နိမိတ်ကြားတော်မူကြရာတွင် –

ပထမအကြိမ် ၁။နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်
မကွေးဆရာတော်
၂။စစ်ကိုင်းစာသင်တိုက်ဆရာတော်
၃။မြို့နယ်ဥက္ကဋ္ဌ ဓမ္မသိင်္ဂီကျောင်းဆရာတော်

တို့ကကြားတော်မူကြ၍။ ။

အတွင်းနိမိတ်ကို မကွေးဆရာတော်ကြီးကပင်လျှင်ကြားတော်မူလျှက်"နိမိတ္တ ကိတ္တနာနန္တရံ(ပ)ကမ္မဝါစာယဗန္ဓိတဗ္ဗာ" ဟူသော အဋ္ဌကထာနှင့် အညီ ဗျဉ္ဇနဗုဒ္ဓိ တို့ကိုညှိနှိုင်းဆင်ခြင် သတိယှဉ်ကာ

"သိမံ ဘိက္ခဝေ သမ္မန္နန္တေန ပဌမံ သမာနသံဝါသ သီမာ သမ္မန္နိတဗ္ဗာ ပစ္ဆာတိစီ ဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော" မဟာဝါပါဠိလာရှိသည်နှင့်လျော် ညီစွာ၊ရှေးဦးစွာ သမာနသံဝါသ ကမ္မဝါစာ ရွတ်ဖတ်တော်မူကြရာဝယ်

ပထမအကြိမ် ၁။မကွေးဆရာတော်
၂။စစ်ကိုင်းဆရာတော်
၃။တိုင်းဥက္ကဋ္ဌဆရာတော်

| | | |
|---|---|---|
| ဒုတိယအကြိမ် | ၁။ဦးကောဝိဒ | (ခြောက်ထပ်ကြီး) |
| | ၂။ဦးဝိမလ | (ဓမ္မသိင်္ဂီ) |
| | ၃။ဦးတေဇနိယ | (နန္ဒင်းကုန်း) |
| တတိယအကြိမ် | ၁။ဦးစက္ကိန္ဒ | (ရတနာသိင်္ဂီ) |
| | ၂။ဦးကုဏ္ဍလ | (ဆားကန်) |
| | ၃။ဦးကေလာသ | (ဆယ်သိန်း) |

အဝိပ္ပဝါသ သီမာ သမ္မုတိ ကမ္မဝါ ရွတ်ဖတ်ရာဝယ်-

ပထမအကြိမ် ၁။မကွေးဆရာတော်
၂။စစ်ကိုင်းဆရာတော်
၃။ဆားကန်ကျောင်းဦးစိတ္တရ

| | | |
|---|---|---|
| ဒုတိယအကြိမ် | ၁။ဦးသာသန | (ကမ္ဘာအေး) |
| | ၂။ဦးတေဇနိယ | (နန္ဒင်းကုန်း) |
| | ၃။ဦးပညောဘာသ | |
| တတိယအကြိမ် | ၁။ဦးကောဝိဒ | (ခြောက်ထပ်ကြီး) |
| | ၂။ဦးစန္ဒောဘာသ | (ခြောက်ထပ်ကြီး) |
| | ၃။ဦးဝေပုလ္လ | (ခြောက်ထပ်ကြီး) |

၇။ ဤဆရာတော်အရှင်သူမြတ်တို့ကအစဉ်အတိုင်းသာ ကောင်းမွန်စွာ ရွတ်ဖတ်တော်မူကြ၍ ပင့်သံဃာအပါး(၂၀)ကြွရောက်

တော်မူကြလျက် ဝမ်းမြောက်ဝမ်းသာ ချီးမြှောက်တော်မူကြလေသတည်း။

ဤသို့ ချီးမြှောက်တော်မူကြသဖြင့် -(သာသနဟိတကာရီ) သညီခေါ်မှတ် ဤသိမ်မြတ်သည် ဗုဒ္ဓမြတ်စွာ သာသနာနှစ်(၂၅၄၅)ခု၊ လူတို့ဝေါဟာ ကောဇာသက္ကရာဇ်(၁၃၆၃)ခုနှစ်၊ဟေမန္တဥတု၊ တန်ဆောင်မုန်း လပြည့်ကျော်(၂)ရက်၊ တနင်္ဂနွေနေ့ နံနက်(၈)နာရီ (၃၅)မိနစ်အချိန်တွင် အောင်မြင်ပါသောကြောင့် -

အောင်လျှင်ခုမူ၊အောင်လံထူလျှက်၊သုမုဟုတ္တ၊ဇယသောဘာ၊တုတိသာသည့်၊ ချိန်ခါသမယ၊ကျရောက်ခါဝယ်၊ အောင်မြင်ပြီးစီး၊ အောင်တံဆိပ်သွင်း ပြီးလျှင်၊ အောင်ချီးပွဲထောမနာပြုလျှက် အောင်သာဓုကြီးခေါ်နိုင်ကြပါ စေကုန်သတည်း။

* *စစ်ကိုင်းဆရာတော်ရေးသား၍*

* *ရတနာသိင်္ဂီကျောင်းဆရာတော်ရွတ်ဖတ်သည်။*

ရန်ကုန်တိုင်း၊ခရမ်းမြို့နယ်၊ဆင်ကျွန်းရွာသစ်ကျောင်း
ရတနာဝင်းလှအောင်သိဒ္ဓိသိမ်တော်ကြီး
"သိမ်အောင်ဩဘာစာတန်း"

*'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'*

*ပဥ္စမာရေဗိတနာဝတိတိဗိနော*

ယောဘဂဝါ–အကြင်မြတ်စွာဘုရားသည်။ပဥ္စမာရေ–ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးတို့ကို။ ဗိနာတိ–ပယ်ရှားသုတ်သင် အောင်မြင်တော်မူတတ်၏။ဣတိ တသ္မာ–ထိုသို့ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးတို့ကို ပယ်ရှားသုတ်သင်အောင် မြင်တော်မူသော သတ္တိကြောင့်။ သောဘဂဝါ–ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည်။ဗိနော–ဗိနမည်တော်မူပါပေသတည်း။

ဤသို့ဝိဂြိုဟ်ဝစနတ်၊ဖြုပ္ပတ်လာရှိသည်နှင့်အညီ အောင်သူတကာတို့၏ အဂ္ဂါဓိပတိ၊ဇေယျာဘိဇေယုတ္တမ၊ မကိုဋ်သျှောင်ဖူး၊ အောင်ပွဲမှူးဖြစ်တော်မူသော လောကထွဋ်ထား သဗ္ဗညု ရှင်တော်ဘုရားသည် ဝါ(၄၅) ရှည်လျား ကာလများလှ သောင်းသောင်းဝေနေယျအပေါင်းတို့အား မနှောင်းမကွာ သံသရာဝဋ် တေဘုံညွတ်မှ လွတ်ကြစေခြင်းငှါ။ ဒေသနာအမြိုက်ဟည်း တရားစည်ရိုက်တီးပါလျှက်မပါကျွတ် တန်းပွဲလမ်းမမှီ ပါရမီဓာတ်ခံ ဘုန်းကံမရင့် အခါမလင့်ကြ သောနတ်နှင့်တကွ သဗ္ဗဝေနေယျ များဗိုလ်ပါတို့အား။ခေမာသာစည် ဘေးမဲ့ပြည်သို့ မျှော်ရည်စိုက်စိုက် ကိုယ်တော်၏လမ်းသို့ ဖြောင့်တန်းစွာ လိုက်နိုင်ကြစေခြင်းငှါ။ငါဘုရားကိုယ်စားရာထားတည်နေ ဆုံးမပေဟု ငါးတွေနိကာယ်သုံးသွယ်ပိဋကတ်သုံးရပ်သာသနာရှည်ကြာကာလ အရိယာခေတ်အနှစ်ငါးထောင်တိုင်အောင်ပိုင်းခြား တည်ထားတော်မူခဲ့ပါပေသတည်း။

ထိုသို့ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအရှည်ခန့်၍ တည်တန့်ပါစေခြင်းငှါ၊ ကလျာဏအမှု ဆယ်ဖြာသောကုသိုလ်အစုတို့ကို ကြိုးစားအားထုတ်ကာမွေ့လျော်စွာနေထိုင်ကြကုန်သော ရန်ကုန်တိုင်း၊ဒေါပုံမြို့နယ်၊ မင်းနန္ဒာလမ်းနေ စေတနာထိန်လင်း ဦးစိန်ဝင်းပါ ဇနီးကလျာ သဒ္ဓါရောင်တင့် ဒေါ်လှမြင့်သားသမီးတစုတို့နှင့်၊ရန်ကုန်တိုင်းခရမ်းမြို့နယ်

ဆင်ကျွန်းရွာသစ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌကြီး ပီတိရောင်လွင် ဦးစိုးတင့်အမှူးပြုသောရွာသူ၊ရွာသား ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် ဇုဒ္ဒနုပ္ပါဒ နဝမခေတ်ကြုံကြိုက်ခြင်း ဖြစ်သည့်အားလျော်စွာ သာသနာတော်မှာ ထာဝရကုသိုလ်အရာ သိမ်ဒါယကာ၊ဒါယိကာမအဖြစ်ကိုခံယူကြလေ သောကြောင့် –

ရန်ကုန်တိုင်း၊ခရမ်းမြို့နယ်၊ဆင်ကျွန်းရွာသစ်ရွာဆင်ကျွန်း ရွာသစ်ကျောင်း အတွင်း၌ "အာဒါသတလံဝိယ သမံသုဒ္ဓံ ဝိမလံကထ္ဝာ" စသော ဝိနယာလင်္ကာရ ဋီကာလာသည်နှင့်အညီ အလျား(၄၂)ပေ၊ အနံ(၄၂)ပေရှိ မြေကွက်ကို ကြေးမုံပြင်ကဲ့သို့ ညီညွတ်အောင် ပြုပြင် သုတ်သင်ပြီးလျှင် ညောင်စောင်းကွက်များ ရေးသာပြီးသောအခါ –

ကောဇာသက္ကရာဇ် (၁၃၆၄)ခုနှစ်၊ တပိုတွဲလဆန်း (၁၃)ရက်၊ ခရစ်နှစ် (၂၀၀၃)ခုနှစ်ဖေဖော်ဝါရီလ (၁၄)ရက်၊ သောကြာနေ့မှစ၍ (၂)ရက်တိုင်တိုင် ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၅၄) ရပ်ကွက်၊ ရတနာသိင်္ဂီခရမ်း စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒာဥတ္တရ၊ဆင်ကျွန်းရွာသစ်ကျောင်း ပဓာန နာယက ဘဒ္ဒန္တ သိရိန္ဒ တို့အမှူးပြုသော သံဃာတော်(၂၂)ပါးတို့သည် "သီမံ ဘိက္ခဝေ သမ္မ ဟနန္တေန(ပ)ပဌ္ဌာ သမာနသံ ဝါသသီမာသမ္မုဟန္တဗ္ဗာ"ဟု မဟာဝါ ပါဠိလာရှိသောအတိုင်း ရှေးအခါကာလ သမယ၌ ရှိတတ်လေကောင်း သိမ်အဟောင်းတို့ကို နုတ်ပယ်ပစ်ရန်စိတ်ရည်သန်၍ အဝိပ္ပဝါသ သမာနသံဝါသ သိမာသမ္မုဟနန ကမ္မဝါစာ (၂)မျိုးလုံးတို့ဖြင့် သံသယ ကင်းစင်ကြယ်ခြင်း ရှိရလေအောင် အဖန်ဖန် အထပ်ထပ်ရွတ်ဖတ် နုတ်တော်မူကြလေသတည်း။

ထို့နောက် ပဲခူးတိုင်း၊ကဝမြို့နယ်၊ဗွဲကိုက်ကျေးရွာ၊ ပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ၊သက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုမန အားဦးစီးနာယက အကြီးအမှူးထား၍ ဆင်ကျွန်းရွာသစ်ဂါမခေတ် အတွင်းရှိသံဃာတော်များ သိမ်း၍၄င်း၊ ဆန္ဒယူ၍၄င်းနယ်စပ်၌အစောင့်များချထားလျှက် သံဃာတော်များ

ညီညွတ်ပြည့်စုံအကုန်ကြွရောက်လာကြသောအခါ ရှေးဦးစွာထပ်မံ၍ သိမ်နုတ်ခြင်းအမှုကိုပြုလုပ်ကြပြန်ပါသည်။

"ပဗ္ဗတနိမိတ္တံ(ပ)ဥဒကနိမိတ္တံ"ထုတ်ပြန်အပ်သော ပါဠိတော်နှင့်အညီ အရပ်ရှစ်မျက်နှာတို့၌ ရှစ်ဖြာသော(ရေ) နိမိတ်တို့ကိုထားစေ၍ နိမိတ်စောင့်များအသီးသီးချထားပြီးလျှင် "ပထမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" ဟူသော ပါဠိလာရှိရကား

အပြင်နိမိတ်ကြားဆရာတော်–

၁။ ဘဒ္ဒန္တ ဝိစိတ္တသာရ ရွှေဘုန်းပွင့်ဆရာတော်(ပုဇွန်တောင်)

၂။ ဘဒ္ဒန္တ ပညာဇောတ ရေကျော်ကျောင်းဆရာတော်(ခရမ်းမြို့နယ်)

၃။ ဘဒ္ဒန္တ ကောဝိဒ စစ်ကုန်းကျောင်းဆရာတော် (သုံးခွမြို့)

၄။ ဘဒ္ဒန္တ ဥတ္တရ ဗြဟ္မဝိဟာရစာသင်တိုက် (သက်န်းကျွန်း)

အတွင်းနိမိတ်ကြားရာတွင်–

၁။ ဘဒ္ဒန္တ သုမန ဖွဲ့ကိုက်ကျောင်းဆရာတော်က မေး၍ ဘဒ္ဒန္တ စက္ကိန္ဒ ရတနာသိင်္ဂီဆရာတော်က ဖြေကြားလျှက် ပထမကြားရင်း နိမိတ်သို့ပြန်ရောက်သည့်တိုင်အောင်(ရေ) နိမိတ်များ ကြားတော်မူကြပါသည်။

နိမိတ်များကြားပြီးသောအခါကာလသမယ၌"သီမံ ဘိက္ခဝေ သမ္မန္နေယျ (ပ) အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော" ဟူသော မဟာဝါပါဠိလာရှိသည်နှင့်လျော်ညီစွာ ရှေဦးစွာ ပထမ သမာနသံဝါ သ ကမ္မဝါစာရွတ်ဖတ်ရာဝယ်–

| | | | | |
|---|---|---|---|---|
| ပထမအကြိမ် | ၁။ | ဘဒ္ဒန္တ | သုမန | (ဖွဲ့ကိုက်ကျောင်း) |
| | ၂။ | ဘဒ္ဒန္တ | ဝိစိတ္တသာရ | (ရွှေဘုန်းပွင့်) |
| | ၃။ | ဘဒ္ဒန္တ | ပညာဇောတ | (ရေကျော်ကျောင်း) |
| ဒုတိယအကြိမ် | ၁။ | ဘဒ္ဒန္တ | စိတ္တရ | (ဆားကန်) |
| | ၂။ | ဘဒ္ဒန္တ | စက္ကိန္ဒ | (ရတနာသိင်္ဂီ) |
| | ၃။ | ဘဒ္ဒန္တ | ဥတ္တရ | (ဗြဟ္မဝိဟာရ) |
| တတိယအကြိမ် | ၁။ | ဘဒ္ဒန္တ | ဝေပုလ္လ | (ညောင်တပင်ကျောင်း) |
| | ၂။ | ဘဒ္ဒန္တ | ကောဝိဒ | (စစ်ကုန်းကျောင်း) |
| | ၃။ | ဘဒ္ဒန္တ | သိရိန္ဒ | (ဆင်ကျွန်းရွာသစ်) |

အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာရွတ်ဖတ်ရာဝယ်-

ပထမအကြိမ် ၁။ ဘဒ္ဒန္တ ဝါသဝ (ကံညီနောင်ကျောင်း)
၂။ ဘဒ္ဒန္တ တေဇောဘာသ(မိုးဂနိမ်းကျောင်း)
၃။ ဘဒ္ဒန္တ နာဂဝံသ (ခိုးဖြူကုန်းကျောင်း)

ဒုတိယအကြိမ် ၁။ ဘဒ္ဒန္တ သုန္ဒရ (ကမာပတောကျောင်း)
၂။ ဘဒ္ဒန္တ နန္ဒမာလာ (ပြဟ္မဝိဟာရ)
၃။ ဘဒ္ဒန္တ ပညာနန္ဒ (ရေခလာ)

တတိယအကြိမ်၁။ ဘဒ္ဒန္တ ဝိဇ္ဇောဒယ(ပြဟ္မဝိဟာရကျောင်း)
၂။ ဘဒ္ဒန္တ ပဏ္ဍိတ (သထုံကျောင်း)
၃။ ဘဒ္ဒန္တ ဝိလာသ (ကျွယ်ဒလင်းကျောင်း)

ဤဆရာတော်အရှင်မြတ်များက အစဉ်အတိုင်းကောင်းမွန်စွာ ရွတ်ဖတ်တော်မူကြ၍ ပင့်သံဃာတော်(၃၅)ပါးကြွရောက်တော်မူကြလျက် ဝမ်းမြောက်ဝမ်းသာ ချီးမြောက်တော်မူကြလေသတည်း။

ဤသို့ဝမ်းမြောက်ဝမ်းသာချီးမြောက်တော်မူကြသဖြင့် " ရတနာဝင်းလှ အောင်သိဒ္ဓိ " မည်သညီခေါ်မှတ် ဤသိမ်တော်မြတ်ကြီးသည် သာသနာတော် နှစ်(၂၅၄၆)ခု၊ ကောဇာသက္ကရာဇ်(၁၃၆၄)ခုနှစ်၊ တပိုတွဲလပြည့် ဟောမန္တဥတု တနင်္ဂနွေနေ့ နံနက်(၈)နာရီ (၄၅)မိနစ် အချိန်တွင် အောင်မြင်ပါသောကြောင့်

သဗ္ဗေသတ္တာ၊သတ္တဝါအနန္တမကျန်ရဘဲ ဓမ္မတရားတကွအားဖြင့် နာကြား ရောက်လာ သူတော်စွာတို့ရပါစေကြောင်း မျှဝေလောင်းသည် ကောင်းချီးဆုယူ နတ်လူ သာဓု..သာဓု.. သာဓု..ခေါ်စေသော်။

* *စစ်ကိုင်းစာသင်တိုက်ဆရာတော် ရေးသားချီးမြှောက်၍*
* *ရတနာသိဒ္ဓိကျောင်းဆရာတော် ရွတ်ဖတ်ပူဇော်သည်။*

## သိမ်မျိုးစုံဘာသာဋီကာ
## ရေနံ မြို့ မဟာဓမ္မဒီပိကာရာမ မည်သော ဦးရိပ်သာကျောင်းတိုက်
## "သာသနဝိပုလာကာရီသိမ်တော်"
## သိမ်အောင်ဩဘာစာတမ်း

*********************************************

ပဥ္စမာရေဇိနာဝတိတိဇိနော။ ။ယောဘဂဝါ–အကြင် မြတ်စွာဘုရားသည်။ပဥ္စမာရေ–ဒေဝ ပုတ္တ စသည်အပြား မာရ်ငါးပါးကို။ဇိနာဝတိ–ပယ်ရှား သုတ်သင်အောင်မြင်တော်မူတတ်၏။

တက္ကတိတသ္မာ–ထိုသို့ ဒေဝပုတ္တစသည် အပြားမာရ်ငါးပါးတို့ကို ပယ်ရှားသုတ်သင် အောင်မြင်တော်မူတတ်သောသတ္တိကြောင့်။သောဘဂဝါ–ထိုမြတ်စွာဘုရားသည်။ ဇိနော–ဇိနမည်တော်မူပါပေသတည်း။

ဤသို့လျှင်ပဥ္စမာရေဇိနာဝတိဝစနတ် ဗျုပ္ပတ်အရ ဇိနဟူသော ဘွဲ့တော်ကို အစိုးရတော်မူခဲ့သော မဟာမာရေဇိန၊မာရာရိဇယ အနုတ္တရ သယမ္ဘူတြိဥက္ကဋ္ဌ မဟန္တဂုအရဟံတဆူဖြစ်တော်မူသော သဗ္ဗညူ မြတ်စွာဘုရား၏တည်ထားတော်မူခဲ့သော သာသနာတော်မြတ်ကြီး ရာထောင်နေမီးပမာ ထွန်းလင်းတောက်ပရာ ရေနံမြို့နဂရာ၌ ကလျာဏ အမှု ဆယ်ဖြာသောကုသိုလ်တရားတို့ကို ကြိုးစားအားထုတ်ကာ မွေ့လျော်စွာ နေထိုင်ကြကုန်သောဒကာ၊ဒကာမအပေါင်းသူတော်ကောင်း တို့သည် ဗုဒ္ဓုပ္ပါဒနဝမခေတ် ကြုံကြိုက်ခြင်းဖြစ်သည် အားလျော်စွာ သာသနာ တော်မှာ ထာဝရကုသိုလ်အရာ သိမ်ဒကာ၊ဒကာမ အဖြစ်ကိုခံယူကြလေသတည်း။

ထိုသို့ သိမ်ဒကာ၊ဒကာမအဖြစ်ခံယူကြသောကြောင့် တောင်ငူ ခရိုင်၊ ရေနံမြို့ "မဟာဓမ္မ ဒီပိကာရာမ"မည်သော ဦးရိပ်သာကျောင်းတိုက် အတွင်းရှိ အောင်တော်မူ တောင်ကုန်းပေါ်ဝယ်ကြေးမုံပြင်သဘွယ် စင်ကြယ်စွာ သုတ်သင်၍ပြုပြင်စီရင်ထားသော အလျား(၄၆)ပေ၊ အနံ(၃၆)ပေပမာဏရှိ သိမမဏ္ဍလင် သိမ်မြေပြင်၌ပိဋကတ်ကျမ်းဂန်တတ် ဗဟုသုတရေ အာစရိယ လဒ္ဓေါပဒေသတို့ကိုကောင်းမွန်စွာ ရရှိတော် မူသော ကျေးဇူးတော်ရှင် ညောင်လွန့်တောရ ဆရာတော်အမှူးရှိသော

(၃)ကျိပ် (၃)ပါးသော ဆရာတော်သံဃာတော်အရှင်မြတ်တို့သည် "သိမံ ဘိက္ခဝေ (ပ)ပဌမံ တိစီဝရေန အဝိပ္ပဝါသော" စသော ပါဠိတော်နှင့်အညီ အခါမြင့်ညောင်း ရှိစဖေကာင်းသောသိမ်ဟောင်းတို့ကို အဝိပ္ပဝါသ သမာန သံဝါသ သီမသမုဟနန ကမ္မဝါစာ(၂)မျိုးလုံးဖတ်၍ အထပ်ထပ် နုတ်တော်မူကြလေသတည်း။

ထို့နောက် ရေနိဒိုင်နယ်(ဂါမခေတ်တခု)အတွင်းရှိ ရဟန်းတော်များကို အ ကုန်သိမ်း၍လူများကိုနယ်စပ်ကအစောင့်ထားပြီးလျှင် သံဃာစည်းဝေး၍တဖန်ရှေးဦး စွာသိမ်နုတ်တော်မူကြပြန်ပြီးသောအခါ "ပဗ္ဗတနိမိတ္တံ (ပ)ဥဒကနိမိတ္တံ" ထုတ်ပြန် အပ်သောပါဠိတော်နှင့် အညီရှစ်ပါးသောနိမိတ်တို့တွင်အရပ်ရှစ်မျက်နှာတို့၌ ရှစ်ဖြာသော ရေနိမိတ် တို့ကိုတားစေ၍ "အနုဇာနမိ(ပ)သီမန္တရိကာ ဌပေတဗ္ဗာ" ဟူသောပါဠိ တော်အတိုင်း သီမန္တရိတ်ကိုပါထားလျှက် "ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" ဟူသောပါဠိတော် "ပဌမံ ကိတ္တိတနိမိတ္တံ ကိတ္တေတွာဝ ဌပေတဗ္ဗံ" ဟူသောအဋ္ဌကထာတို့နှင့် အညီပဌမကြားရင်းနိမိတ်သို့ ပြန်ရောက်သည့် တိုင်အောင်အခါခါအထပ်ထပ်ရေနိမိတ်တို့ကိုကြားအပ် ပြီးလျှင် "နိမိတ္တ ကိတ္တနာနန္တရံ(ပ)ကမ္မဝါစာယ ဗန္ဓိတဗ္ဗာ"ဟူသော အဋ္ဌကထာနှင့်အညီ ဌာန်၊ကရိုဏ်း၊ပယတ်၊ဗျဥ္စနဗုဒ္ဓိတို့ကို နိုင်းညှိ ဆင်ခြင် သတိယှဥ်ကာ သမာနသံဝါသ၊ အဝိပ္ပဝါသ၊ သီမသမ္မုတိ ကမ္မဝါစာတို့ကို အစဥ်အတိုင်းသာ ကောင်းမွန်စွာရွတ်ဖတ်ချီးမြှောက် တော်မူကြလေသတည်း။

ဤသို့ ရွတ်ဖတ်ချီးမြှောက်တော်မူကြသဖြင့် "သာသနဝိပု လာကာရီ"သညီ ခေါ်မှတ် ဤသိမ်တော်မြတ်သည် ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ဆရာ မြတ်ဗုဒ္ဓါ၏ သာသနာတော်နှစ်(၂၄၉၇)ခု၊ လူတို့ဝေါဟာ ကောဇာသက္ကရာဇ်(၁၃၁၅)ခု၊ဥတုဂိမှန္တ ဒုတိယဝါဆို လဆန်း(၃)ရက်နေ့ညနေ(၉)နာရီအချိန်တွင် အောင်မြင်ပါသောကြောင့် အောင်လျှင်ခုမူအောင်လံထူလျှက် သုနက္ခတ္တ ဇယသောဘာ ထုတိသာ သည့် ဩဘာအောင်ဟိတ် အောင်နိမိတ်ဖြင့် အောင်တံဆိပ် သွင်းပြီးလျှင် အောင်ချီးပွဲထောမနာပြုလျှက် အောင်သာဓု ခေါ်နိုင်ကြပါစေသတည်း။

* ရေးသူ...ညောင်လွန့် အရှင်သောဘိတာစာရ
အရှင်ဦးရိပ်သာဆရာတော်
(ရေနံမြို့၊တောင်ငှခရိုင်)

(ဤနည်းကို မှီး၍ သိမ်အောင် ဩဘာစာများ ရေးသားခဲ့ပါသည်)

"သမိုင်း + မော်ကွန်း"

သမိုင်း+မော်ကွန်းရေးသောအခါ သမိုင်း+မော်ကွန်း၏ လိုရင်း အဓိပ္ပါယ် ကိုလည်းသိဖို့လိုအပ်ပေသည်။မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမအုပ်(၁၃၂၅)ခု၊ (၁၉၆၃)ခုနိဒါန်းရေးသူ ဆရာဦးဆန်းထွန်း၊ တည်းဖြတ်သူ ဦးတင်ရှိန်၊ထုတ်ဝေသူ ဦးလှမောင် မိဘဂုဏ်ရောင် ပိဋကတ်စာအုပ်ဆိုင် ဈေးချိုတော်(စီ)ရုံ မန္တလေး မြဇော်ပုံနှိပ်တိုက် မဟာနိဒါန်း နှ၁(ကံ)မှ

"သမိုင်း"

သမိုင်းဟူသောစကား၏ မူရင်းကား သမ္မုတိ–ယင်းမှ..သမိုတ်.. သမိုက်.. သမိုင်း ဖြစ်လာသည်ဟု ယူသင့်ပေသည်။သမ္မုတိ ဟူသည်ကို "သတိရသော အကြောင်းအရာများ" ဟု အနက်ပေးရပေမည်။သမ္မုတိ ကို "ဓမ္မသတ်"အနက် ပေးသည်က ထင်ရှားပြီး။

မြင်ဘူး၊ ကြားဘူးသားပင်ဖြစ်စေ သို့မဟုတ် မမြင်ဘူး၊ မကြား ဘူးသေးသောအရာပင် ဖြစ်စေ..စာပြုသူ မှတ်မိသမျှ၊သိသမျှရေးထားသော အကြောင်း အရာများကို သမိုင်းဟုခေါ်သင့်သည်။အင်္ဂလိပ်ဘာသာ၌ ***(HISTORY)*** နှင့်သဘော သွားတူသည်။ပါဠိဘာသာ၊သက္ကတဘာသာများ၌ ဣတိဟာသ ခေါ်သည်။

(တစုံတခုထင်ရှားဖြစ်ပေါ်လာသောအခါ ထိုအရာဝတ္ထုကို အများ ဆန္ဒအရ သမ္မုတိပေးခြင်း ကျောင်း၊သိမ် စသည် အမည်နာမခေါ်ဝေါ် သမုတ်ခြင်းမှစ၍ သမိုင်းဖြစ်ပေါ်လာရသည်ဟု ဆိုရပေမည်။)

"မော်ကွန်း"

မော်ကွန်း အမှုကွန်း–ဟူသည်မှာ အိမ်နှင့်ထားသော ကျောက်စာတိုင်၊ကျောက်စာချပ် ဟုအနက်ရသည်။ကျောက်စာပင် ဖြစ် သော်လည်း"ကွက်ကွက်ကွင်းကွင်းကျောက်ကိုထွင်းလည်း၊ မိုးနှင်းမြူမှေး၊

ပင့်ကူထွေးအုံ၊ကြေးပုရပိုက်၊ သိုက်သိုက်ချုပ်ချုပ်၊အုပ်အုပ်ဖုံးဖုံး၊ စာလုံးကြွေ့ကြွေ့၊ မင်သေ့လှလှ၊ ပိသအက္ခရာ၊ မင်းစဉ်စာသို့" (နေမိဘုံခမ်းပျို့) ဟူသော စကားအတိုင်း "မိုးနှင်းမြူထွေးပင့်ကူတွေး တက်သောကြောင့်" ယင်းတို့မှ တာရှည်၊ကင်းလွတ်စိမ့်သောငှါ၊ကျောက်စာအိမ် ထားရသည်။

ထိုမော်ကွန်းအလားအရိုင်အမာ၊အရိုင်အခန့်သဘောရှိသော စာပေအဖွဲ့တမျိုးကိုလည်း "မော်ကွန်း" ဟုခေါ်ကြပြန်သည်။သက္ကရာဇ် (၈၃၄)ခုနှစ်က စစ်လျှင်ထောင်မှူး ရှင်ထွေးညိုဆိုသော မော်ကွန်း (ပြည်စုံ)သည် ရာဇဝင်တန်ဘိုးရှိလှသော မော်ကွန်းတစောင်ဖြစ်ပေသည်။

(အသုံးဝင်တန်ကြေးရှိ ကျေးဇူးများ၍လေးစားထိုက်သောကြောင့် မပျောက်မပျက်မြဲမြန်ခိုင်ခန့်တည်တံ့စေရန် အမြဲတန်း အမှတ်တရ တရိုတသေ ထိမ်းသိမ်းစောင့်ရှောက်ထားသင့်သောအရာဝတ္ထုမျိုးကို မော်ကွန်းတင်ထိုက်သည်ဟု ဆိုရမည်ဖြစ်ပါသည်။)

************************************

"ကျောင်းသမိုင်းမော်ကွန်း"

သိမ်သမိုင်းမောကွန်းရှိလာလျှင် သိမ်၏တည်ရှိရာ ကျောင်းတိုက်၏သမိုင်း မော်ကွန်းကိုလည်းဖော်ပြရန် လိုအပ်လာပေသည်။

"စစ်ကိုင်းစာသင်တိုက်"

အောင်,စည်,ဆော်,လိုက်--စစ်ကိုင်းစာသင်တိုက်- ဟူသည်နှင့် အညီ (၁၃၃၄)ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပါသည်။စာသင်တိုက်တည် ရခြင်း၏ရည်ရွယ်ချက်မှာ-

"သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ။

တမော ဘဝိဿတိ လောကေ ၊ သုရိယေ အတ္ထင်္ဂတေယထာ။"

အနက်။ ။သုတ္တန္တေသု-သုတ် အဘိဓမ္မာတို့သည်၊ အသန္တေသု-သင်ကြားပို့ချခြင်းမရှိကုန်သော်၊ ဝိနယမှိ စ-ဝိနည်းသည်လည်း၊ ပမုဋ္ဌေ-မစောင့်ရှောက် မထိမ်းသိမ်းသဖြင့်ပျောက်ကွယ်သည်ရှိသော်၊ သုရိယေ-နေသည်၊အတ္ထင်္ဂတေ ယထာ-ဝင်သကဲ့သို့၊ လောကေ-လောက၌၊ တမော-သာသနာရောင်ပျောက်၍ အမိုက်မှောင်ကျသည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့။

ဘုရားရှင်ဟောကြားတော်မူခဲ့သောသုတ်၊ အဘိဓမ္မာ၊ ဝိနည်း၊ ပါဠိ၊ အဋ္ဌကထာ စာပေပရိယတ္တိများကို သင်အံပို့ချခြင်းမှ ဆုတ်ယုတ်ခဲ့သော် နေဝင်လျှင်အမိုက်မှောင် ကျရောက်သွားသလို သာသနာတော်တည်းဟူသော အလင်းရောင်ပျောက်ကွယ်၍အမိုက်မှောင်ကျရောက်လေတော့သည်။

ကျရောက်မည့် အမိုက်မှောင်ကြီးကို ကာကွယ်တားဆီးခါ အမြဲတစေ အလင်းရောင်တို့ဖြင့် တပြောင်ပြောင်တောက်ပပါစေခြင်း အကျိုးငှါ ရည်ရွယ်၍ အဆပေါင်းမြောက်များစွာ ရျာန်၊မဂ်၊ဖိုလ်၊ နိဗ္ဗာန်ရောက်သည်တိုင်အောင် အလင်းရောင်ကို ပေးစွမ်းနိုင်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတည်းဟူသော ပရိယတ္တိသာသနာတော်ကြီး ကြီးပွားတိုးတက်ပြန့်ပွါးစေရန် စာသင်တိုက်တည်ထောင်ခဲ့ ခြင်းဖြစ်ပေသည်။

"သာသနာသုံးရပ်"

မြတ်စွာဘုရားရဲ့အဆုံးအမခေါ်သောသာသနာတော်သည် ပရိယတ္တိသာသနာ၊ပဋိပတ္တိသာသနာ၊ပဋိဝေဓသာသနာဟုသုံးမျိုးသုံးစားရှိလေသည်။

"အတ္တဟိတ–ပရဟိတ"

ထိုသာသနာတော်သုံးရပ်တို့တွင် ပဋိပတ္တိ၊ပဋိဝေဓသာသနာနှစ်ရပ်သည် မိမိတကိုယ်ကောင်းသက်သက်သာလျှင်ဖြစ်သောကြောင့် အတ္တဟိတ သာသနာသာလျှင် ဖြစ်ထိုက်၏။

"ပရဟိတ"

ပရဟိတသာသနာဟူသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် (၄၅)ဝါ ကာလပတ်လုံး သံသရာအတွင်းတပြောင်းပြန်ပြန် ကြီးစွာဆင်းရဲ ဒုက္ခအမျိုးမျိုး ခံစားနေကြရသော လူနတ်၊ဗြဟ္မာသတ္တဝါတို့အပေါ် ရင်ဝယ်သားကဲ့သို့ချစ်မြတ် နိုးသောမေတ္တာ၊ကြီးမားမြင့်မြတ်သော မဟာကရုဏာတော်တို့ကိုရှေ့သွားပြု၍ နေ့ညမအားအဆင်းရဲ၊ အပင်ပန်းခံလျှက် ချောက်သင့်သောသတ္တဝါတို့ကိုချောက်၍မြောက်သင့်သော သတ္တဝါတို့ကို မြောက်ခါ ဝေနေယျသယအလို့အားလျော်စွာ ဟောကြားတော်မူခဲ့သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၊ ဒေသနာတော်များပင်ဖြစ်လေသည်။

ထိုသုတ်၊ အဘိဓမ္မာ၊ ဝိနည်းတည်းဟူသော ပရိယတ္တိသာသနာတော်ကြီးကိုအရှင်မဟာကဿပ၊အရှင်အာနန္ဒာစသော ရဟန္တာအရှင်

မြတ်ကြီးများကိုယ်တိုင်မပျက်မစီးရအောင် စောင့်ရှောက်ခဲ့ခြင်း၊ အနာဂတ် သာသနာရေးမျှော်တွေးပြီးသင်္ဂါယနာတင်ခဲ့ခြင်းတည်းဟူသော အတ္တဟိတ ကိုယ်ကျိုးထက် ပရဟိတ နှောင်လာနောင်သား လူနတ်ဗြဟ္မာသတ္တဝါ အများ၏ အကျိုးကိုမျှော်ကိုးခါ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး သက္ကရာဇ်(၁၄၈)ခု ဝါခေါင်လဆုတ်(၁)ရက်နေ့တွင်စတင်၍ ရဟန္တာငါးရာစုပေါင်းရွတ်ခါ ပထမသင်္ဂါယနာ တင်တော်မူကြလေသည်။

"ပဝေဏီတန္တ"

အရှင်မဟာကဿပမှစ၍ ဗုဒ္ဓသာဝကမထေရ်ကြီး အစဉ်အဆက် တို့သည် အာဂုမ်ဆောင်ခြင်း၊ပေတကန္ဒရာတင်ခြင်း၊ ကျောက်တကန္ဒရာ တင်ခြင်း၊ စက်တင်ပုံနှိပ်ခြင်း စသည်တို့ဖြင့် စောင်ရှောက်ထိမ်းသိမ်း တော်မူခဲ့ကြသောကြောင့်သာလျှင် ယနေ့ထက်တိုင် သာသနာတော်ကြီး သည် နေလို၊လလို ထွန်းလင်းတောက်ပလျှက် ရှိနေပေသည်။

"ပရိယတ္တိသာမူလ"

သာသနဋ္ဌိတိယာ ပန၊ ပရိယတ္တိဝမဝပမာဏံ။
နဟိပရိယတ္တိယာ အသတိ၊ ပဋိဝေဓော အတ္ထိ။

"အနက်"

သာသနဋ္ဌိတိယာပန – သာသနာတော်တည်ခြင်းသည်ကား၊ ပရိယတ္တိမေဝ –ပရိယတ္တိသည်သာလျှင်၊ ပမာဏံ– အကြောင်းရင်းမူလ ပမာဏပေတည်း၊ ပရိယတ္တိ ယာ–ပရိယတ္တိသည်၊ အသတိ–မရှိ လတ်သော်၊ ပဋိဝေဓော– ပဋိဝေဓသောသနာသည် နတ္ထိ–မရှိတော့ချေ။

သာသနာသုံးရပ်တို့တွင် ပရိယတ္တိသာလျှင် မူလဘူတ ပဓာန ဖြစ်ပေသည်။ ပရိယတ္တိ ကွယ်ပျောက်လျှင် ပဋိပတ္တိ၊ပဋိဝေဓ တို့သည် လည်း အလိုလိုကွယ်ပျောက် သွားလေတော့သည်။ရေသောက်မြစ်ကို ဖြတ်လိုက်ပါက ပင်စည်ခက်မ အကိုင်း အလက်တို့သည် သေကြေ ချောက်သွေ့သွားသည်နှင့်တူ၏။

"ပရိယတ္တိဟူသည်"

မဂ်ဖိုလ်နိဗ္ဗာန်ရထိုက်သော သတ္တဝါတို့ကို စရိုက်အားလျော်စွာ သွန်သင်ညွှန်ပြဆုံးမတော်မူခြင်း၊လူ့ပြည်နတ်ရပ်နှင့်ထိုက်သော

သတ္တဝါတို့ကို လူ့ပြည်နတ်ရပ်သို့ရောက်အောင် ညွှန်ပြဆုံးမတော်မူခြင်း၊ အပါယ်ငရဲကျရောက်မည့် သတ္တဝါတွေကို မကျရောက်အောင် ကယ်တင်ညွှန်ပြတော်မူခြင်း ဤသို့လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာသို့ရောက်စေရန် ဟောကြားတော်မူအပ်သော သုံးပုံပိဋကတ်တို့ကို နေ့ညမအားအသက်ကို ပဓာနမထားအရိုးကြေကြေအရေခမ်းခမ်းမနားတမ်း ဖွဲလုံ့လဖြင့် အဖန်ဖန်အထပ်ထပ် သင်အံလေ့ကျက်ရွတ်ဖတ် သရဇ္ဈာယ်နေခြင်းကို ပရိယတ္တိ သာသနာဟုဆိုလိုသည်။

"ဥယျာဉ်နှင့်တူပုံ"

သာသနာတော်ကြီးသည် ကြီးကျယ်ခမ်းနားသောဥယျာဉ်ကြီးနှင့်တူ၏။ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့သည်ကား စိုက်ပျိုး၍ထားသော အမျိုးမျိုးသော သစ်ပင်များနှင့်တူ၏။ ဗုဒ္ဓဘာသာဒါယကာ၊ ဒါယိကာမများက ရှင်သန်ကြီးထွား စည်ပင်ပြန့်ပွားအောင် အမြဲတမ်းပြုပြင်ပေးနေသော ဥယျာဉ်မှူးကြီးများနှင့်တူ၏။ ယုံကြည်လေးစား ပစ္စယာနုဂ္ဂဟ ဖြင့်လှူဒါန်းပေကမ်းထောက်ပံ့နေသော စေတနာသဒ္ဓါတရားများက ရေလောင်းခြင်း၊မြောင်းသွယ်ခြင်း၊ပေါင်းရှင်းခြင်း၊မြေသြဇာကျွေးခြင်းနှင့်တူ၏။

"အတူလက်တွဲ"

သာသနာပြုတဲ့နေရာမှာ သံဃာတော်များ ချီးသက်သက်ပြုလို့လည်းမရနိုင်။ဒါယကာတွေချီးသက်သက်လည်းပြုလို့မရနိုင်။ ဆရာ၊ဒကာ အတူလက်တွဲပြီးပြုကြမှသာလျှင်သာသနာတော်ကြီးသည် အဓွန့်ရှည်ကြာတည်မြဲမည်သာဖြစ်လေသည်။

"ရှေ့တန်းနှင့်ရိက္ခာ"

သံဃာတော်များသည် ခက်ခဲသောစစ်မြေပြင်ဝယ် ရှေ့တန်းမှ သက်စွန့် ကြိုးပန်းတိုက်ခိုက်နေရသော အာဇာနည်သူရဲကောင်း တပ်သားများနှင့်တူပေသည်။ဒကာ၊ဒကာမများကစစ်အောင်မြင်ရေးအတွက် ခဲယမ်း၊ မီးကျောက်၊ လက်နက်၊စားနပ်ရိက္ခာ မပြတ်ရအောင် ပို့ပေးနေသူများနှင့်တူပေသည်။

"အရှုံးအနိုင်"

စစ်ရေးကျွမ်းကျင်လိမ္မာပါးနပ်တဲ့ အာဇာနည်သူရဲကောင်းများက ဘယ်လောက်ပင် စွမ်းရည်သတ္တိအပြည့်အဝနဲ့ တိုက်ခိုက်နိုင်ပါသော်လည်း ခဲယမ်း မီးကျောက် လက်နက်စားနပ်ရိက္ခာပို့မပေးနိုင်ဘဲ အဆက်ပြတ်နေခဲ့ပါလျှင် ရန်သူကို အရှုံးပေး လက်မြှောက်ရမည်သာ ဖြစ်ပေသည်။စားနပ်ရိက္ခာ၊လက်နက် ပြည့်စုံအောင်ပို့ပေးနိုင်ပါသော်လည်း တိုက်ရေးခိုက်ရေး မကျွမ်းကျင်အင်အားပျော့နေခဲ့ပါလျှင်လည်း အရှုံးနဲ့သာရင်ဆိုင်ရမည်ဖြစ်ပေသည်။ရှေ့သွားနောက်လိုက် ညီမှသာလျှင် တိုက်ပွဲတိုင်းအနိုင်ရအောင်ပွဲခံနိုင်မည်ဖြစ်ပေသည်။

"ရန်သူဝိုင်းဝိုင်းလည်"

ဗုဒ္ဓပွင့်ထွန်းစကပင်မက္ခလိဂေါသာလ၊ပုရာဏကဿပ၊ သိဥ္စည်း-စသော တိတ္ထိကြီး(၆)ဦးတို့ဖြင့် အကြီးအကျယ်အတိုက်အခံဝါဒပြိုင်တော်မူခဲ့ရလေသည်။

ယခုနောက်ပိုင်းမှာလည်းခရစ္စယာန်၊ဟိန္ဒူ၊မဟာမေဒင်၊မွတ်စလင် စသည်ဖြင့်အတိုက်အခံရန်သူတွေဝိုင်းဝိုင်းလည်အောင်ပေါ်များလှပေသည်။

"ခွင့်ထူးခံပုဂ္ဂိုလ်"

ယခုမျက်မှောက် ရုပ်ဝါဒအယူသန်သော သိပ္ပံပိုင်းဆိုင်ရာအချို့က အလုပ် လုပ်နိုင်သောပုဂ္ဂိုလ်တိုင်း အလုပ်ကို ကိုယ်စီကိုယ်ငှလုပ်ရမည်။ လုပ်နိုင်ပါလျက် ရေသာခို၊လှေကြုံစီးသဘောမျိုးဖြင့်သူများ လုပ်စာကို ထိုင်ပြီးမသုံးစားရ။မြန်မာပြည် မှာ ခွင့်ထူးခံပုဂ္ဂိုလ်တွေရှိနေသည့်အတွက် လုပ်အားဘက်က ဆုတ်ယုတ်ပြီးကြီးပွား သင့်သလောက် မကြီးပွားဘဲ ဖြစ်နေသည်ဟုပြောဆိုကြသော အသံများ ဝမ်းနည်း စရာကြားကြရသည်။

"လှူလို့မခံ"

တချို့က ဗုဒ္ဓဘာသာဟာလူထုမှိုင်းတတ်သော ဝါဒဟူ၍ငှင်း၊ ဗုဒ္ဓဘာသာ လူမျိုးတွေဟာစုဆောင်းထားသောပစ္စည်းများကို ကျောင်း၊ကန်၊ဘုရား၊သံဃာများကို ပေးလှူရသောကြောင့် ကြီးပွားသင့်သလောက် မကြီးပွားဘဲမွဲတေနေကြသည်ဟုငှင်း၊ ဝေဘန်ပြစ်တင်ပြောဆိုကြသည်ကိုလည်း ကြားသိကြရလေသည်။

"အားနည်းချက်"

ဤကဲ့သို့ သာသနာတော်ဝယ် ဘာသာခြားအယူဝါဒသမားများက တစ်မျိုး၊ ကိုယ့်ဗုဒ္ဓဘာသာလူမျိုးထဲကလည်း ဗုဒ္ဓစာပေကို အလေ့လာ မလိုက်စား၊ဩကာသ ကန်တော့ချိုးကိုပင်မှန်အောင် မဆိုတတ်၊ နိုင်ငံခြားကို အထင်ကြီးပြီးကိုယ့်ရဲ့ဘာသာ အထင်သေးကာ အမျိုးမျိုး ကဲ့ရဲ့ပြစ်တင်ရှုချ ပြောဆိုကြတာကတစ်ဖုံ၊ဤအကြောင်း အရာများသည် သာသနာတော်၏ ကြီးစွာသောအားနည်းချက်တစ်ခုဖြစ်ပေသည်။

"အများတာဝန်"

ထိုအမျိုးမျိုးသော သာသနာ့ရန်စွယ်အန္တရာယ်ဟူသမျှတို့ကို အောင်မြင်စေနိုင်ရန်နည်းလမ်းကတော့ သံဃာတော်များကလည်း ပရိယတ္တိခေါ်တဲ့ ဗုဒ္ဓစာပေ တွေကို သင်အံပို့ချဟောပြောဆုံးမခြင်း၊ ဒါယကာများဘက်ကလည်း၊ ကိုယ်တိုင်ဗုဒ္ဓ စာပေများကိုသိရှိနားလည် အောင် ပြောပြ တိုက်တွန်းခြင်းဆိုတဲ့ ကိစ္စတွေဟာဗုဒ္ဓဘာသာ လူမျိုးတိုင်းရဲ့ ကြီးမားသောတာဝန်တရပ်ဖြစ်လေသည်။

"အတွဲညီလို့သာသနာတည်"

ဆရာတကာအတွဲညီခဲ့ကြလို့ ယခုထက်တိုင် သာသနာကြီး တည်ရှိနေပုံသာဓကများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

"သံဂါယနာတင်ခဲ့ပုံ"

"ပထမသံဂါယနာ"။ ။ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးမဟာသက္ကရာဇ်(၁၄၈) ခုနှစ်တွင် ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ(၅၀၀)နှင့်အဇာတသတ် မင်းတို့တွဲ၍ သံဂါယနာတင်ခဲ့သည်။(သံဃာ(၇)သိန်းရှိ၏)

"ဒုတိယသံဂါယနာ"။ ။သာသနာသက္ကရာဇ်(၁၀၀)ပြည့်နှစ်ဘီစီ (၄၄၄)ခုတွင်အသက်(၁၈၀)ရှိ အရှင်ရေဝတ အမှူးရှိသောရဟန္တာ (၇၀၀) နှင့် ကာလာသောမမင်း တို့တွဲ၍ သံဂါယနာတင်သည်။(သံဃာ(၉) သောင်းရှိ၏)

"တတိယသံဂါယနာ"။ ။သာသနာနှစ်(၂၃၅)ဘီစီ(၃၀၉)ခုတွင် မောဂ္ဂလိပုတ္တတိဿမထေရ်အမှူးရှိသောအရိယာသံဃာ(၁၀၀၀)နှင့်သီရိဓမ္မာသောက မင်းကြီးတို့တွဲ၍ သံဂါယနာတင်ခဲ့သည်။(သံဃာကုဋေ(၈၀)ရှိ၏)

"စတုတ္ထသံဂါယနာ"။ ။သာသနာနှစ်(၄၅၀)နှစ်၌ အရှင်မဟာရက္ခိတ မထေရ်ကြီးမှူးသော သံဃာတော်များနှင့် ဝဋ္ဋဂါမဏီမင်းတို့တွဲ၍ သံဂါယနာတင်ခဲ့သည်။

"ပဥ္စမသံဂါယနာ"။။ သာသနာနှစ်(၂၄၁၅)ခုတွင် သုဓမ္မာဆရာတော်ကြီး (၈)ပါးကြီးမှူး၍ သံဃာတော် (၂၄၀၀)တို့နှင့် မင်းတုန်းမင်းကြီးတို့တွဲ၍ သံဂါယနာတင်ခဲ့သည်။(မြန်မာပြည်တွင်ကုန်းဘောင်ခေတ်၌ သံဃာတော် (၆)သောင်းအထိရှိခဲ့သတဲ့။။)

"ဆဋ္ဌမသံဂါယနာ"။။သာသနာနှစ်(၂၅၀၀)ပြည့်တွင် သံဃာတော် (၂၅၀၀)နှင့် ဝန်ကြီးချုပ်ဦးနုတို့တွဲ၍သံဂါယနာတင်ခဲ့သည်။(သံဃာ(၁) သိန်းဟုဆိုသည်။

ခရစ်သက္ကရာဇ်(၁၉၆၃)ခုနှစ်၌သံဃာ(၁)သိန်း(၂)သောင်းဟုဆိုကြသည်။ ယခု(၁၃၃၄)ခု(၁၉၇၂)ခုနှစ်မှာသံဃာ(၈)သောင်းကျော်ခန့်သာရှိသည်ဟုဆိုသည်။ ယနေ့ထက်တိုင်သာသနာတော်ကြီးတည်တံ့နေရခြင်းကား ဆရာတကာ အတွဲညီလို့ တည်တံ့နေရသည်မှာ အလွန်ထင်ရှားပေတော့သည်။

"သာသနာတိုးပုံဆုတ်ပုံ"

တတ္ထပရိဝေဓော ပဋိပတ္တိစ ဟောတိပိ နဟောတိပိ။

တတ္ထ–ထိုသုံးပါးသော သာသနာတော်တို့တွင်၊ပဋိဝေဓောစ–ပဋိဝေဓ သာသနာသည်၄င်း၊ပဋိပတ္တိစ–ပဋိပတ္တိသာသနာသည်၄င်း၊ဟောတိပိ– ဖြစ်ထွန်း သည်လည်းရှိ၏။နဟောတိပိ–မဖြစ် ထွန်းသည်လည်းရှိ၏ ဟု ဒီကနိကယ် အဌကထာလာသည်နှင့်အညီ သာသနာတော်သည် တခါတရံကြီးပွားတိုးတက်လာပြီး တခါတရံမှေးမှိန်ဆုတ်ယုတ်နေ ပေသည်ကိုတွေ့ရပေသည်။

"ပရိယတ္တိကွယ်ပုံ"

ပဋ္ဌာန်းကျမ်းမှစ၍ ပိဋကတ်သုံးပုံကွယ်ရာနောက်ဆုံးတဂါတာမျှ လူ့ပြည်၌ ကျန်ရှိနေသေးသော်၄င်း၊ ဝိနည်းပိဋကတ်၌ ပါတိမောက် နိဒါန်ဒွေသမျှကျန်သေး၍ ရှင်ဖြစ်နိုင်သောပဗ္ဗဇ္ဇကံ၊ ရဟန်းဖြစ်နိုင်သော ဥပသမ္ပဒကံအစီအရင်မျှရှိနေသော်၄င်း၊ ပရိယတ္တိသာသနာမကွယ်သေးဟု မှတ်ရမည်။

ဤမျှလောက် တဂါတာနှင့် ပဗ္ဗဇ္ဇကံ၊ ဥပသမ္ပဒကံ အစီအရင်မျှ မရှိခဲ့သော် ပရိယတ္တိ သာသနာကွယ်သည်ဟု မှတ်ရမည်။ ပရိယတ္တိ ကွယ်လျှင် ပဋိပတ္တိပဋိဝေဓလည်းကွယ်လေတော့သည်။

"အောင်ပွဲခံ"

သာသနာတော်အနှစ်(၄၀၀)ကျော် ပေတကၠရာမတင်မှီ သီဟိုဠ်ကျွန်း၌ စဏ္ဍာလတိဿသူပုံဘေးကြောင့် ငတ်မွတ်ခေါင်းပါး သေပျောက်ခြင်းဘေးရောက်၍ ၄င်းဘေးငြိမ်းစတွင် ပိတုရာဇာမည်သော ဝဋ္ဋဂါမဏိမင်းလက်ထက်သာသနာအရှည်တည်ခြင်းအကြောင်းကား ပဋိပတ်ဟု ပံသုကူဝတင်ဆောင်ရဟန်းများကပြောဆိုကြ၏။ နှုတ်ငုံဆောင် ဓမ္မကထိက ထေရ်များက သာသနာတည်ကြောင်းကား ပရိယတ္တိ ဟုအငြင်းပွါးကြရာ နောက်ဆုံးပါဠိအာဂမယုတ္တိဖြင့် ဆုံးဖြတ်ရာတွင် ဓမ္မကထိက ထေရ်များဘက်မှအနိုင်ရအောင်ပွဲခံခဲ့ဘူးလေပြီ။ (တိပိဋကဝိနိစ္ဆယကျမ်း(ပ))

"ခေတ်ငါးခေတ်"

၁။ ဝိမုတ္တိယုဂခေတ်

၂။ သမာဓိယုဂခေတ်

၃။ သီလယုဂခေတ်

၄။ သုတယုဂခေတ်

၅။ ဒါနယုဂခေတ် ဟု (၅)မျိုးရှိ၏။

"သာသနာနှင့်ခေတ်"

သာသနာအနှစ်(၅၀၀၀)ထောင်ထားခဲ့သည့်အနက်–

* ပထမအနှစ်(၅၀၀)အတွင်းကို ဝိပဿနာအကျင့်အကြံဝါသနာပါသူများ၍ ဝိပဿနာ ခေတ်စားသောကြောင့် 'ဝိမုတ္တိယုဂခေတ်'ဟုယူရသည်။
* ဒုတိယအနှစ်(၅၀၀)ကိုလောကီဈာန်သမထခေတ်စားသောကြောင့် 'သမာဓိယုဂခေတ်' ဟု ခေါ်ယူရသည်။
* တတိယအနှစ်(၅၀၀)ကိုသီလဆောက်တည်များ၍ခေတ်စားသောကြောင့် 'သီလယုဂ'ခေတ်ဟု ခေါ်ယူရသည်။
* စတုတ္ထအနှစ်(၅၀၀)ကို စာပေကျမ်းဂန်ဗဟုသုတပို့ချရှာမှီးလေ့လာသူများ၍ ဗဟုသုတခေတ်စားသောကြောင့် 'သုတယုဂခေတ်'ဟုယူသည်။

* ပဥ္စမအနှစ်(၅၀၀)ကိုကျောင်း၊ကန်၊ဘုရား၊ဇရပ်၊တန်ဆောင်း၊သိမ်စသော လှူဒါန်းပေးကမ်းမှု၌ ခေတ်စားသောကြောင့်'ဒါနယုဂခေတ်'ဟုယူသည်။

ယခုသာသနာနှစ်(၂၅၀၀)ပြည့်ခဲ့သောကြောင့်'ခေတ်ငါးခေတ်' တစ်ပတ်လည်သွားလေပြီ။

* ဝိမုတ္တိယုဂခေတ်*

သာသနာ(၂၅၀၀)ပြည့်၍ခေတ်ငါးခေတ်တစ်ပတ်လည်သွားသောကြောင့် ယခုမျက်မှောက်အချိန်အခါသည် ဝိပဿနာအားထုတ်လေ့လာ ခေတ်စားသော 'ဝိမုတ္တိယုဂခေတ်'သို့ပြန်ရောက်လာပေသည်။

*** ခေတ်ပြောင်းပုံ ***

တစ်ခေတ်နှင့်တစ်ခေတ် ပြောင်းရွှေ့ရာ၌တခဏခြင်း ခုန်ပြောင်းသွားခြင်းမျိုးမဟုတ်ဘဲခေတ်နှစ်ခေတ်၏ (၁၅)နှစ်၊အနှစ်(၂၀)အတွင်း မသိမသာတဖြေး ဖြေးကူးပြောင်းလာခြင်းမျိုးသာဖြစ်ပေသည်။

"သာသနာနှစ်တွက်နည်း"

[ရောက်လစ်ကောဇာ၊ ဒွေ-အဋ္ဌာနှင့်၊ ဧက-ကော၊ နှောတုံပါက၊
သာသနာနှစ်၊ အတိတ်ဖြစ်၏] (ရှေးဆရာများ လင်္ကာ)

[ရောက်လစ်ကောဇာ၊ တစ်တစ်ရှစ်နှစ်၊ ရောတုံလစ်က၊
သာသနာနှစ်၊ အတိတ်ဖြစ်၏] (နှောမတိ)

"ဆိုလိုရင်းကား"

* ယခုရောက်ဆဲ ကောဇာသက္ကရာဇ် ၁၃၃၄-ခုတည်း၊၁၁၈၂-နှင့်ပေါင်း သာသနာနှစ်-၂၅၁၆-ခုဖြစ်၏။

"၁၁၈၂-ယူရကြောင်းကား"

ဘုရားပရိနိဗ္ဗာန်စံသည်မှစ၍ (၆၂၄)ခုနှစ်သို့ရောက်ရှိသောအခါ သုမုန္ဒရီ မင်းက (၆၂၂)ကိုဖြို၍ (၂)ခုကြွင်းထားခဲ့သည်။

နောက်တစ်ဖန် (၅၆၂)ခုနှစ်သို့ရောက်ရှိပြန်သောအခါ သင်္ဃရာဇာမင်းက (၅၆၀)ကိုဖြို၍ (၂) ခုကြွင်းထားခဲ့သည်။

ထိုမင်းနှစ်ပါး ဖြိုပစ်ခဲ့သော(၆၂၂)နှင့် (၅၆၀)ပေါင်းလျှင် (၁၁၈၂)ဖြစ်၏။ထိုကြောင့် သာသနာနှစ်သိလိုလျှင်ရောက်ဆဲကောဇာနှစ်ထဲကို (၁၁၈၂)ပေါင်း ယူရခြင်းဖြစ်ပေသည်။

"မစိုက်ပျိုးက မစားရ"

ယခုမျက်မှောက်ခေတ်သည် ဝိမုတ္တိယုဂခေတ်ဖြစ်၍ ပရိယတ္တိသာသနာကို ထောက်ပံ့အားပေးမှုထက် ပဋိပတ္တိသာသနာကို ထောက်ပံ့အားပေးမှုက အဆပေါင်းများစွာပင် သာလွန်လျက်ရှိသည်ကိုတွေ့ရသည်။သို့အတွက်ကြောင့် တချို့စာတတ်၊ပေတတ် ရဟန်းသံဃာတော်များသည်ပင်လျှင် ရှင်ငယ် ရဟန်းငယ်များမွေး၍ စာသင်စာချလုပ်ရတဲ့ ပရိယတ္တိကိစ္စဟာပင်ပန်းဆင်းရဲတယ်။'မ'တစ်ထောင်သားတွေမို့ ထိမ်းသိမ်းအုပ်ချုပ်ရတဲ့တာဝန်ကြီးဟာကြီးလေးတယ်။(မစားသာဘူး) ဆိုပြီး ပဋိပတ္တိဖြစ်တဲ့ ကမ္မဋ္ဌာန်း ရိပ်သာကျောင်းတွေကိုသာ ဦးစားပေးလျက် ကိုယ်ကျင့်မပါ နည်းယူကာဖြင့် ကမ္မဋ္ဌာနာစရိယ တရားပြဆရာလုပ်သူတွေက များပြားနေပေတော့သည်။(အရှင်ဘုရား၊ တရားရိပ်သာလုပ်ရတာက ကြီးပွားတိုးတက်မြန်တယ်၊စာသင် တိုက်ကမကြီးပွား၊ မတိုးတက်နိုင်ဘူး၊ တရားရိပ်သာလုပ်ပါလား–ဟု အကြံပြုလျှောက်ထားကြသည်ကိုကိုယ်တိုင်တွေ့ကြုံခဲ့ရသည်။စေတနာကိုငဲ့ပြီးကောင်းသားပဲဟု တုံ့ပြန်လိုက်ရပါသည်။

ဥပမာ–မိဘဘိုးဘွားများက အမျှော်အမြင်ကြီးစွာဖြင့် နောင်လာနောက်သား များသုံးစားရအောင်ဆိုပြီး စိုက်ပျိုးထားခဲ့တဲ့အပင်မှ အသီးအပွင့်တို့ကိုသာအလွယ်တကူ ဆွတ်ခူးစားသောက်ပြီး နောက်ထပ်တဖန်တိုးပွားအောင် 'မ'စိုက်ပျိုးသလို။

ရှေးမထေရ်ကြီးများအဆက်ဆက်စောင့်ရှောက်ပျိုးထောင်လာခဲ့သောကြောင့်တည်ရှိနေတဲ့ "ဝိမုတ္တိရသ"တည်းဟူသော မင်္ဂသီး၊ ဖိုလ်သီးတို့ကိုသာ အလွယ်တကူ သုံးစားပြီး နောက်တဖန်ပရိယတ္တိတည်းဟူသော အပင်ကိုမစိုက်ပျိုးခဲ့လျှင် မျိုးစေ့ပြတ်ခါ နောင်လာနောက်သား ဝေနေယျအမျိုးကောင်းသား၊အမျိုးကောင်းသမီးတို့အား မင်္ဂသီး၊ဖိုလ်သီးကို စားသုံးရတော့မည်မဟုတ်ပေ။

"ပညာတက်သည်နှင့်တူ၏"

"အသိဒ္ဓေန ဟာတာဝိဇ္ဇာ" အသိဒ္ဓေန–မိမိပညာတတ်သိသလောက် အမှု ကိစ္စပြီးမြောက်အောင် မဆောင်ရွက်နိုင်သောသူသည်

ဝိဇ္ဇာ–မိမိသင်ထားသော အတတ်ပညာကို ဟတာ–သတ်ဖြတ် ဖျက်ဆီးအပ်သည်နှင့် တူ၏။

"ပညာတန်ဆာ"

"သိဒ္ဓိ ဘူသယေ ဝိဇ္ဇာ" ဝိဇ္ဇာ–မိမိတတ်သိသောအတတ်ပညာကို သိဒ္ဓိ ပြီးမြောက်အောင်မြောက်အောင်ဆောင်ရွက်ခြင်းသည် ဘူသယတေ လှအောင် ပြုပြင်တန်ဆာဆင်သည်မည်၏–ဟုနီတိကျမ်းလာသည်နှင့် အညီ။

မိမိတတ်သိထားသော အတတ်ပညာကိုအသုံးမချနိုင်၊ မဆောင်ရွက်နိုင်သောသူသည် ပညာကိုသတ်ဖြတ်ဖျက်ဆီးသည်နှင့်တူ၏။မိမိတတ်သိထားသော အတတ်ပညာကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်သောသူသည်လှအောင်ပြုပြင် တန်ဆာဆင်သည်နှင့်တူ၏–ဟု နည်းလမ်းဥပဒေကို တိုက်တွန်းညွှန်ပြထား သောကြောင့်ငှင်း။

"သာသနာ ပြုရန်မိန့်မြွက်သံ"

"စရထ ဘိက္ခဝေစာရိကံ ဒေသေထ ဘိက္ခဝေ ဓမ္မံ ဘိက္ခဝေ" ရဟန်းတို့ စာရိကံ–ဒေသ စာရီကို စရထ–လှည့်လည်ကုန်ကြလော့။ ဘိက္ခဝေ–ရဟန်းတို့ ဓမ္မံ–တရားကို ဒေသေထ–ဟော ကြားကြကုန်လော့–စသည်ဖြင့် ချစ်သားရဟန်းတို့ သာသနာမပြန့်ပွါးသေးသော တခြားအရပ်ဒေသသို့ လှည့်လည်ကြကုန်လော့။ငါဘုရားဟောပြောခဲ့သောနည်းအတိုင်းလူ၊နတ်ဗြဟ္မာသတ္တဝါတို့၏ စီးပွါးချမ်းသာအလို့ငှါ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားများကိုဟောပြောညွှန်ပြ သွန်သင်ဆုံးမပို့ချကြကုန်လော့–ဟု ဝိနည်းမဟာဝါမာရကထာ၌ သာသနာပြုကြရန်တိုက်တွန်းမိန့်ကြားတော်မူထားသောကြောင့်ငှင်း။

"ငယ်ကာဝါသနာ"

စစ်ကိုင်းမြို့ အဂ္ဂမဟာပဏ္ဍိတ စကုမှော်ကျောင်းတိုက်ဆရာတော်၏တပည့် တိုက်ကြပ်စာချဆရာတော် ဦးရီးတော်သူ ဦးကုသလသည် ဘော်ဂါကျောင်း၌ သီတင်းသုံးနေစဉ်တခြားကျောင်းများမှ ဦးဇင္ဋိလ၊ဦးပဏ္ဍိစ္စ၊ဦးဉာဏဝံသစသောတပည့်ရဟန်းများအားနေ့ဝါ၊ညဝါ သင်ကြားပို့ချနေသည်ကိုစာရေးသူသည်ငယ်ရွယ်စဉ်ကျောင်းသားဘဝကပင်လျှင်

ကြားမြင်တွေ့ရှိနေရသပြင့် အားကျ စိတ်ပါဝင်စားပြီး ငါလဲကြီးလျှင် ဘုန်းကြီးလုပ်ပြီး စာသင်တိုက်တည်ထောင်ခါ စာချမည်ဟု ဝါသနာအထုံ ပါလာခဲ့လေသည်။

"စာချပုံ"

ကျောင်းသားဘဝကပင် စောင်ပိုင်းကို သင်္ကန်းလိုဝတ်ခါ စာအုပ်ကိုကိုင် ခေါင်းရင်းကဘုန်းကြီးလိုထိုင်းပြီးကျောင်းသားငယ်ကလေးလေး၊ငါးယောက်ကို စာအုပ်ကလေးတွေကိုင်စေ၍ ရှေ့ကဝပ်ခိုင်းပြီး မကြာမကြာ ဘုန်းကြီးစာချပုံလုပ်ပြီး ကစားလေ့ရှိသည်။

"ပျောက်နိုင်ခဲ၏"

"ဝါသနာ ဒုပ္ပမုဉ္စာဝ"။ ။လောကေ–လောက၌၊ ဝါသနာအစုံစရိုက် စူးစိုက်တတ်စွာဝါသနာတို့သည်၊ ဒုပ္ပမုဉ္စာဝ–လွန်စွာဖြေပျောက်နိုင်ခဲလှကုန်သည် သာလျှင်တည်း။

"ဝသေန္တိ အမုဉ္စဘာဝေန အဓိဋ္ဌဟန္တိတိ ဂါသနာ" ဝသေန္တိ–စွဲကပ် ထုံစေ တတ်ကုန်၏၊အမုဉ္စဘာဝေန– မလွှတ်နိုင် မဖြေပျောက်နိုင်သော သဘောအားဖြင့်၊ အဓိဋ္ဌဟန္တိ– အခိုင်အမြဲစွဲတည်တတ်ကုန်၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ ဝါသနာ– ဝါသနာမည်၏။

"စရိုက်စွဲလာ ဝါသနာကား လွန်စွာခိုင်မြဲ ပျောက်နိုင်ခဲ၏"

ဤသို့လာရှိသည်နှင့်အညီဝါသနာကိုပျောက်ဖို့ရန်အလွန်ခဲရင်းလေသည်။

"ရဟန္တာ နှင့် ဝါသနာ"

သာမန်ပုဂ္ဂိုလ်များကိုမဆိုထားနှင့် လကျ်ာတော်ရံအရှင်သာရိပုတ္တရာသည် ပင်လျှင်အခါတစ်ပါးတကာတစ်ဦးက ကြည်ညိုလှသဖြင့်သင်္ကန်းသုံးထည်ကပ်လှူရန်ပင့်သွားစဉ် လမ်းမှရေမြောင်းကို တွေ့သောအခါ'ရှေးမျောက်ဖြစ်စဉ်ဘဝက ဝါသနာ အထုံပါလာသဖြင့် ထိုဝါသနာကိုစွဲခါနှစ်ကြိမ်တိုင်တိုင်ရေမြောင်းကိုခုန်လိုက်မိဘူးလေသည်'။

ဤသာဓကကိုထောက်၍ ဘုရားရှင်သာလျှင် ဝါသနာနှင့်တကွ ကိလေသာ တို့ကို ပယ်သတ်နိုင်သည်။ ရဟန္တာပုဂ္ဂိုလ်တို့မှာကား ဝါသနာကိုမပယ်နိုင်ကြောင်း သိသာထင်ရှားလေ၏။

"ခံယူချက်"

ပရိယတ္တိသာသနံ၊ယာ၀ဇီ၀ံ ကရိဿာမိ။
အဟံ–ငါသည်၊ ပရိယတ္တိသာသနံ–သာသနာသုံးရပ်တို့တွင် အမိက ဖြစ်သော ပရိယတ္တိ သာသနာတော်ကို၊ ယာ၀ဇီ၀ံ–အသက်ထက်ဆုံး၊ ကရိဿာမိ–ပြုစုပေတော့အံ့။

ဝါ ကရိဿာမိ–'နေရပြန်တော့ ဓနိမိုး၊ သက်ကယ်မိုး၊ ထရံကာ၊ ကြမ်းခင်းကြဲ၊ တဲကုတ်၊' 'စားရပြန်တော့ ငါးပိရည်၊ ပဲပြုတ်၊ မ၀တ၀ တစ်လုပ်တစ်ခုပ်'၊'ဝတ်ရပြန်တော့ ဖျင်သင်္ကန်းညစ်ပုတ်ပုတ်၊ အစုတ်အနုတ်ဖြင့်ပြုပေတော့အံ့၊'ဟုခံယူချက်တစ်ခု ထားရှိခဲ့လေသည်။

တောသူ တောင်သားလယ်သမား၊ယာသမား ဆင်းရဲသူ၊ ဆင်းရဲသားများဟာ မိမိတို့ဘ၀ခံစားရပုံကို "ငါတို့တတွေဟာ နေရတော့ တဲကုတ်၊ စားရတော့ တလုပ်တဆုတ်၊ ဝတ်ရတော့အစုတ်အနုတ်နဲ့ သေရတာကကောင်းပါသေးတယ်ဟာ" ဟု ညီးညူလေ့ရှိကြသည်။

"အကြောင်းကြောင့်အကျိုး"

* နိုတ်ဆရာက တတ်ထားသောအတတ်ပညာကို အသုံးမချတတ်လျှင် ပညာကိုသတ်ဖြတ်ဖျက်ဆီးပြစ်သည်နှင့်တူသည်–ဟု ဆိုသောကြောင့်၄င်း၊

* ဘုရားရှင်ကလည်း ဝိနည်းမဟာဝါ၌ ချစ်သားရဟန်းတို့ တိုင်းပြည် နယ်ခြားတို့ကို အရပ်ဒေသများသို့လှည့်လည်သာသနာပြု ကြဲ့လော့ –ဟု မိန့်မြွက် တော်မူခဲ့သောကြောင့်၄င်း၊

* ငယ်ရွယ်စဉ်ကျောင်းသားကလေးဘ၀ကပင်ဦးရိုးတော ဦးကုသလ၏ သံဃာတော်များအား နေ့ဝါညဝါပို့ချသည်ကို နေ့စဉ် မြင်တွေ့နေရသဖြင့် ဝါသနာပါအားကျခဲ့သောကြောင့်၄င်း၊

* ငါကြီးရင်ဘုန်းကြီးလုပ်မယ်။ဘုန်းကြီးစာတက်အောင်သင်ပြီး ကိုရင်၊ ဦးပဥ္စင်းတွေမွေး၍ စာချမည်–ဟု ခံယူချက်ရှိခဲ့သောကြောင်း၄င်း၊

ဤသို့သောအကြောင်းများနှင့်ပြည့်စုံသောကြောင့် သာသနာနှစ် (၂၅၁၆)ခု၊ကောဇာသက္ကရာဇ်(၁၃၃၄)ခု၊ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့၊ ခရစ်နှစ် (၁၉၇၂)ခု၊ မေလ(၂၇)ရက် ကြာသပတေးနေ့ နံနက်မြန်မာစံတော်ချိန်

(၈)နာရီ (၁၅)မိနစ် အချိန်တွင် အနယ်နယ်အရပ်ရပ်ရှိ အလှူရှင် ဒါယကာ၊ဒါယိကာမများ၏ကိုယ်စား ရန်ကုန်၊သခ်ရပ်ကွက်၊(၁၆)လမ်းနေ ကိုအောင်ထွန်း၊ ကိုမောင်မောင်ထွန်းတို့က နှင်းဆီကုန်း၊ သဇင်ပန်းလမ်း၊ (က)ရပ်ကွက်၊အမှတ်(၁၁၂) အခွန်ဌာန ခြံမြေကွက်အမှတ်(က–၄၂၉) အလျားပေ(၁၀၀)၊အနံပေ(၆၀)ရှိမြေကွက်ကို ဦးကြည်ဝင်း+ဒေါ်မြမြ တို့ထံမှ ဝတ္ထုငွေ(၅၀၀၀)ဖြင့်ဝယ်ယူလျက် ရေစက်သွန်းချ လှူဒါန်းပါ သဖြင့် စာရေးသူသည် ဦးအဂ္ဂဓမ္မ(မုံရွာ)၊ဦးဝိလာသဂ္ဂ(ကျွဲပွဲ)တို့နှင့်အတူ အလှူခံယူ၍ မေတ္တာသုတ်ပရိတ်တရားတော်များရွတ်ဖတ်ပြီး ကျောင်း– ဟု အသိ အမှတ်ပြုခဲ့ပါသည်။

**"စစ်ကိုင်းစာသင်တိုက်"**

စာသင်တိုက်အမည်ကို စစ်ကိုင်းမြို့ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌ သင်္ဂါယနာ ဩဝါဒါစရိယမဟာနာယကနိုင်ငံတော်ဝိနယဓရ သုဓမ္မာဂိုဏ်း ချုပ် ကျေးဇူးရှင် ဥပဇ္ဈယ်ဆရာဖြစ်တော်မူသောတောလေးထပ်စကုမော်ဆရာတော်ဘုရားကြီးအားကျေးဇူးဆပ်သောအားဖြင့်၄င်း၊စတင်တည် ထောင်စဉ် ဆင်းရဲအတူ၊ ချမ်းသာအမျှ ဥမကွဲသိုက်မပျက် သာသနာ စိတ်ဓာတ်ပျင်းပျစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်သာသနာပြုလိုက်ပါကြသော သံဃာ(၁၅)ပါးသည်လည်းစစ်ကိုင်းတိုင်းနယ်ကများသောကြောင့်၄င်း၊

ခေါင်းဆောင်ဖြစ်သောမိမိသည်လည်းစစ်ကိုင်းသားဇာတိဖြစ်သော ကြောင့်၄င်း၊သံဃာတော်များနှင့်သက်ဆိုင်ရာ ဒါယကာ၊ ဒါယိကာမ များညှိနှိုင်းပြီး အားလုံးသဘောတူညီချက်အရ "စစ်ကိုင်းစာသင်တိုက်" ဟု ကင်ပွန်းတပ် အမည်ပေး၍ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ပရိယတ္တိ စာသင်တိုက်တခုအောင်မြင်စွာဖြစ်ပေါ်လာရပေတော့သတည်း။

**"ဖြစ်ပေါ်လာခြင်းအကြောင်း"**

၁၃၃၂–ခု သင်္ကြန်ကျပြီး ကြည့်မြင်တိုင် ကိုးထပ်ကြီးတိုက် လောကပိယ ကျောင်း မိတ်ဆွေဖြစ်သူ ဦးကောဝိဒထံသွားပြီးလည်စဉ် ကိုယ်တော်ကိုမျှော်နေတာ အတော်ဘဲ။တပည့်တော်တို့အရပ်က ဆရာလဲ တော်ပါတယ်။သုဝဏ္ဏ၊ရန်ကုန်သစ် သာသနပါလကျောင်းဆရာတော်က စာသင်တိုက်ဖွင့်ချင်လို့စာချဘုန်းကြီးတပါးရှာခိုင်းထားတယ်။ဆွမ်းစားပြီး

သွားကြည့်ရအောင်ဟု တိုင်ပင်ခါသွားကြည့်ခဲ့ကြ ပါသည်။

ဆရာတော်ဦးဥက္ကံသ က တပည့်တော်လဲအသက်(၆၀)ကျော်နေပြီ။ မသေခင် စာသင်တိုက်ကလေးဖြစ်သွားစေချင်လို့ တတ်နိုင်လျှင်ကူညီပေးပါ။စာသင်သားများ လိုအပ်တာကို အားလုံးအဆင်ပြေအောင် တာဝန်ယူပါ့မယ်။ဒီနှစ်ဝါဆိုအမှီဖြစ်စေချင်ပါတယ်။ကိုယ်တော်က စာချဝါသနာပါတယ်လို့ ဦးကောဝိဒ ကပြောလို့အားကိုးအားထားပြုပြီး အကူအညီတောင်းယူဒါပါ ဟုပြောဆိုသဖြင့်ကူညီသင့်လို့ကူညီရဒါဘဲဟု နှလုံးသွင်းခါ အမြဲတော့မဖြစ်နိုင်ဘူးပေါ့ဘုရား။ဒီနှစ်ဝါဆိုလကစပြီး တဝါ၊နှစ်ဝါစသည်တာဝန်ယူစာသင်တိုက်ဖွင့်စာချပေးပါမည်ဘုရားဟု လျှောက်ထားခါ (၁၃၃၂)ခု နယုန်လဆန်း (၈)ရက်နေ့ ဦးကောဝိဒ လိုက်ပို့၍ ရန်ကုန်သစ် သာသနပါလကျောင်း သို့ရောက်ရှိခဲ့ပါသည်။

သာသနပါလကျောင်းမှာစာသင်တိုက်ဖွင့်တယ်ကြားကြတော့ တပည့်ဟောင်း များဖြစ်ကြတဲ့ အလုံဇမ္ဗုရတနာစာသင်တိုက်မှ ဦးကုဝေရ၊ ဦးဣန္ဒဝံသ၊ဦးဝိလာသဂ္ဂ၊ဦးစန္ဒာသီရိ၊ ဦးသိက္ခိတတို့ရောက်လာပြီး ထိုနှစ်ဝါဆိုမှာစာသင်သား အပါး(၃၀) ဖြင့်စာသင်တိုက်ဖွင့်ခဲ့ပါသည်။ ဒကာဒကာမများကလဲစာသင်တိုက်ဖြစ်လာတယ်ဆိုပြီးကျောင်းဆောက်ခြင်း၊ ကုဋီဆောက်ခြင်းစသည်ဖြင့် အထောက်အပံ့အကူအညီများပေးကြပါသည်။

"ဆွမ်းကပ်"

(၁၃၃၃)ခု ဝါဆိုဦးမှာ သင်္ကန်းကျွန်း၊ ရန်ကုန်သစ်၊ အမှတ်(၅) ချိမ့်မျှင်စက် နိုင်ငံခြားပစ္စည်းအဝယ်တော်ခံ တာဝန်ခံအထက်တန်းစာရေး အဖြစ်အမှုထမ်းဆောင် လျှက်ရှိသော ဦးမောင်မောင်ထွန်း+ဒေါ်ဌေးဌေး အသက်(၃၇)နှစ်တို့သည် ကျောင်းအနီး အိမ်၌ငှါးနေစဉ် ကျောင်းထဲ ရေလာခပ်ရင်း စာချ၊စာသင်၊စာကျက် နေကြသောသံဃာများမြင်ပြီး ကြည်ညိုသဒ္ဒါပွါးကာ သံဃာကုန် အိမ်သို့ဆွမ်း ပင့်ကပ်လေသည်။ ဦးပဥ္ဇင်းကိုယ်တိုင်တရားဟောရေစက်ချပေးခဲ့ရာဦးမောင်မောင်ထွန်းသည် နှစ်သက်ဝမ်းမြောက်လွန်းသဖြင့် ရေစက်ချရင်းမျက်ရည်များ ပင်ကျလာလေသည်။လူ့ရဒါအားမရသေးသဖြင့် ဦးပဥ္ဇင်းအပါအဝင် တနေ့(၃)ပါး (၇)ရက် တိုင်တိုင်ဆွမ်းကပ်လေသည်။

"သံဃာများများမွေးရန်"

တဦးနှင့်တဦးရင်းနှီးမှုရှိလာသောအခါ ဦးမောင်မောင်ထွန်းက သံဃာ များများမွေးရန်လျှောက်ထားလေသည်။ သံဃာများများ မွေးတာ ကတော့လွယ်ပါတယ်။ပတ်ချာလည်အိမ်တွေကဝိုင်းနေတော့စာသင်တိုက် အင်္ဂါနှင့်မညီ ဖြစ်နေတယ်။

"စာသင်တိုက်အင်္ဂါ" ဗုဇ္ဇဝါသေနာသနက္ခန္ဓတ

စာသင်တိုက်တည်ထောင်လျှင် အောက်ပါအင်္ဂါများနှင့် ညီညွတ်မှ ပိုပြီးတော့ကောင်းတယ်။

၁။ ဂေါစရသပ္ပါယ - ဆွမ်းခံလို့ရနိုင်သောနေရာ
၂။ အဝိဒူရ - ရပ်ကွက်နှင့်မနီးမဝေးနေရာ
၃။ ဂမနာဂမနသမ္ပန္န - အသွားအလာလွယ်ကူတဲ့နေရာ
၄။ အဘိက္ကမနီယ - လူတို့နှစ်သက်လောက်သောရွာဦးရွာထိပ်
၅။ အပ္ပါကိဏ္ဏ - လူတို့နှင့်မရောနှောသောနေရာ
၆။ ပဋိသလ္လာနသာရုပ္ပ -ဆိပ်ငြိမ်ခြင်း၌လျှောက်ပတ်သောနေရာ
၇။ သာသနဝုမို - သာသနာကြီးပွါးနိုင်သောနေရာ

ဤအင်္ဂါများနဲ့ပြည့်စုံတဲ့နေရာဌာနမျိုးကိုလဲ အတတ်နိုင်ဆုံး ဖြစ်အောင်စီမံကျိုးစားရတယ်။

"လျှောက်ထားတောင်းပန်"

ဒီလိုဆို အရှင်ဘုရားကိုယ်တိုင်စာသင်တိုက် တည်ထောင်လျှင် သင့်တော်မည်ထင်ပါသည်ဘုရား။စာသင်တိုက်တည်ထောင်လျှင် တခြား တမြို့တနေရာမကြွဘဲ သုဝဏ္ဏနှင့်ရန်ကုန်သစ်အနီးတဝိုက် တပည့် တော်တို့နှင့် လက်လှမ်းမှီရာတနေရာရာ တည်ထောင်ပါရန် သင့်တော် မည်ဟုယူဆပါသည်ဘုရားဟု (၁၃၃၃)ခုသီတင်းကျွတ်လဆန်း(၂)ရက်နေ့ တွင် ဦးမောင်မောင်ထွန်းက လျှောက်ထားတောင်းပန်လေသည်။

"ဆွေးနွေးဆုံးဖြတ်"

(၁၃၃၃)ခု သီတင်းကျွတ်လပြည့်ကျော်နေ့ညတွင်ဦးမောင်မောင် ထွန်း အိမ်၌ ဦးကုဝေရ၊ဦးဣန္ဒဝံသ၊ဦးအဂ္ဂဓမ္မ၊ဦးဝေပုလ္လ စတဲ့တပည့်ကြီး များနှင့်တိုင်ပင်ဆွေးနွေးပြီးလာမည့်(၁၃၃၄)ခုဝါဆိုအမီကိုယ်ပိုင်စာသင်တိုက်

တည်ထောင်ရန်ဆုံးဖြတ် လိုက်ကြသည်။

"ခနဲသဗ္ဗပယောဇနံ"

ခနံ–ရွှေငွေဥစ္စာသည် သဗ္ဗပယောဇနံ–အလုံးစုံသောအကျိုးကို ပြီးစေနိုင်၏ ဟု စာနကျနီတိဆရာကဆိုထားသည့်အတိုင်း စာသင်တိုက် ဖြစ်မြောက်ရန်အတွက် အဓိကအနေနဲ့ဝတ္ထုကြေးငွေလက်ထဲမှာ အဆင်သင့်ရှိနေဘို့လိုသည်။သို့အတွက်ကြောင့်ဆွေမျိုးများရှိရာ စစ်ကိုင်း နှင့် ဟသ်ာတကိုကြိုတင်၍ ယခုလာမည့်နှစ် သင်္ကြန်အပြီး ကိုယ်ပိုင် စာသင်တိုက်တည်ထောင်ရန်ဆုံးဖြတ်လိုက်သည်။ဝတ္ထုငွေ(၈၀၀၀/) လောက်ရှိမှဖြစ်မည့်အကြောင်းစာ(၂)စောင်ရေး၍အကြောင်းကြားထား ရလေသည်။

"အလှူခံဖြတ်ပိုင်း"

အလှူခံတဲ့အခါမှာအလှူခံဖြတ်ပိုင်းလေးနဲ့မှခံငြားပါတယ် ဘုရား။ အလှူခံဖြတ် ပိုင်းရိုက်ခွင့်ပြုပါဟု လျှောက်ထားသဖြင့် သီတင်းကျွတ် လဆုတ်(၈)ရက်နေ့က ဦးမောင်မောင်ထွန်းအား ခွင့်ပြုလိုက်သဖြင့် (၂၅)ရွက်ပါ အုပ်ရေ(၁၀၀)တန်ဖိုး(၆၀/) ကျပ်နှုံးဖြင့်ရိုက်၍ သက်ဆိုင်ရာရင်းနှီးတဲ့သူများထံဖြန့်ဝေပေးပို့ရန် စီစဉ်ကြရသည်။

"ကျောင်းတကာရည်ညွှန်းဦးအောင်ထွန်း"

ကျောင်းအနီး ရန်ကုန်သစ်(၁၆)လမ်းမှာနေသော ကိုအောင်ထွန်း +မမြင့် အသက်(၄၀)ကျော်ရှိမိသားစုသည် သံဃာများအတွက် တလ(၂)ကြိမ်(၃)ကြိမ်ထက်မနည်း အာရုံဆွမ်း၊နေ့ဆွမ်းလှူဒါန်းနေသော သဒ္ဓါတရားနှင့်ပြည့်စုံသောမိသားစုဖြစ်လေသည်။ကိုအောင်ထွန်း က မွန်ဆာဂျင် စစ်တပ်မှထွက်၍ လက်ရှိလေယာဉ်ဆိပ်၊ဓာတ်ဆီကားမောင်း အစိုးရလခစား မမြင့်က မင်းဘူးကျောင်းတော်ရာသူ၊၁၃၂၅–ခုနှစ်က ဝဲဒေါင့်သားဦးအာစရနှင့် ကျောင်းတော်ရာဘုရားထီးတင်ပွဲလိုက်သွားစဉ် မမြင့်၏ ဆွေမျိုးသားချင်းများနှင့်ရင်နှီးခဲ့သဖြင့် ဆက်စပ်မိပြီး မိသားစု အားလုံးက အညာဆွေမျိုးဘုန်းကြီးဟုသဘောထားယူဆခါ ရင်းရင်းနှီးနှီး ဆက်ဆံလျှက် အမြဲတမ်းတာဝန်ယူလှူဒါန်းနေခြင်းဖြစ်သည်။

(၁၃၃၃)ခု တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက်နေ့တွင် ဦးမောင်မောင်ထွန်း အိမ်သို့ ကိုအောင်ထွန်းကိုခေါ်ပြီး စာသင်တိုက်တည်ထောင်မည့်အကြောင်း ပြောပြရာ အလွန်ကောင်းတာပေါ့ ဝမ်းမြောက်ပါတယ်။ကျောင်းဖြစ်အောင်လဲ ကျိုးစားပါ့မယ်။ ယခုလဲလောလောဆယ်(၅၀ဝိ/)လှူပါ့မယ်ဟုတာဝန်ယူသွားပါသည်။

"တိုင်ပင်လျှောက်အခိုင်အခံ့ချက်"

နတ်တော်လပြည့်ကျော်(၂)ရက်နေ့ ဦးပဥ္စင်းကို ကိုအောင်ထွန်းအိမ်သို့ ပင့်ပြီးကျောင်းဖြစ်မြောက်ရေး ကိစ္စအဝဝ တိုင်ပင်ကြသည်။ ထို့နောက်(၂)ဦးသဘောတူတပည့်တော်တို့သည်စာသင်တိုက်ဖြစ်မြောက်အောင်မြင်သည့်တိုင် အောင်လူအားငွေအားဖြင့်ကူညီဆောင်ရွက်မည့် အကြောင်းအခိုင်အခံ့ဆုံးဖြတ်ချက် ချလိုက်ကြပါသည်ဘုရား။ အရှင်ဘုရားအနေနဲ့ စိတ်ချလက်ချချမ်းချမ်းသာသာနေပါဟု ကိုမောင်မောင်ထွန်းနှင့်ကိုအောင်ထွန်းတို့(၂)ယောက်က လျှောက်ထားကြလေသည်။

"အတ္တာဟိ အတ္တနောနာထော"

အတ္တာဟိ အတ္တာဓဝ–မိမိကိုယ်ကိုသာလျှင် အတ္တနော–မိမိ၏ နာထော–ကိုးကွယ်ရာ အစစ်တည်း။ကိုယ်တွေ့ကြုံတော့ သက်လုံကောင်း "ကိုယ့်အား ကိုယ်ကိုး" ဆိုတဲ့ ဆောင်ပုဒ်အရတကာတွေဘက်က သဒ္ဒါတရားအပြည့်အဝ စိတ်အားထက်သန်စွာလျှောက်ထားကြတော့ ကိုယ့်ဘက်ကလဲ တာဝန်ရှိလာသဖြင့် ကျောင်းဘုန်းကြီးနှင့်တကွ ပတ်ဝန်းကျင်မသိအောင် လျှို့ဝှက်လှုပ်ရှားနေရတဲ့ အချိန်ဖြစ်သောကြောင့် ယုတ္တိရှိအောင် တပေါင်းလမှာ ဟသ်ာတက အလှူပင့်ထားတယ်။ခရီးထွက်စရာရှိလို့စာမေးပွဲစာတွေကုန်အောင်ချပေးရမယ်ဟု စာသင်သားများကိုကြိုတင်၍ပြောထားရသည်။

"နယ်လှည့်ခရီးစဉ်"

(၁၃၃၃)ခုတပေါင်းလဆုတ်(၃)ရက်ညနေ(၆)နာရီတွင် ရေ့တောင်တန်းဘောတံတားမှမျိုးနိုင်ဦး(၂)ထပ် သဘော်ာဖြင့် မအူပင်ခရိုင် ရွှေတောင်မော်သို့သွားရာ ဆိပ်ကမ်းသို့ ဦးကုဝေရဦးစန္ဒာသီရိ တို့လိုက်ပို့သည်။

လဆန်း(၄)ရက်၊ နံနက်(၅)နာရီခွဲအချိန်တွင်ရွှေတောင်မော်ရောက်၍ ရေလယ်ကျောင်း ခေတ္တနားပြီး ဦးသန်းအောင် မော်တော်နှင့်လာပင့်သဖြင့် ကုလားကျွန်းသို့ ရောက်သည်။ထိုအချိန်မှာ ဦးဣန္ဒာဝံသ၊ ဦးဝိလာသဂ္ဂ၊ ဦးပညာဒီပတို့မအူပင်စာအောင်လက်မှတ်လာယူရင် ကြို့တင်ရောက် ရှိနေကြသည်။ဦးသန်းအောင်+ဒေါ်တင်ကြည် က ဦးဣန္ဒာဝံသ၏ ရဟန်း တကာ၊တကာမများဖြစ်၍ ဦးတိုး+ဒေါ်ရီ တို့ကဦးစန္ဒာသီရိ၏ ရဟန်း တကာ၊ တကာမ များဖြစ်ကြသည်။ဦးမောင်သိန်း+ဒေါ်အုန်းတင် က ဦးပဥ္ဇင်း၏သိက္ခာထပ် ပစ္စည်းလေးပါးတကာ၊တကာမများဖြစ်ကြသည်။

"ကျေးဇူးကြီးလှ ကုလားကျွန်းမှ"

ကုလားကျွန်းရွာမှ 'ဦးဆိတ်တို'သည် ဒေါ်အုံးတင်၊ ဒေါ်တင်ကြည်၊ ဒေါ်ရီ စသော 'သား+သမီး' (၈)ယောက်ရှိသည်။ကိုင်းသမား၊ ခြံသမား များဖြစ်ကြသဖြင့် စီးပွားရေးလည်းအဆင်ပြေကြသည်။သဒ္ဓါတရား လည်းကောင်းကြသည်။ဦးဆိတ်တိုမှစ၍ သား+သမီး(၈)ယောက်လုံး ကိုယ့်ရဟန်းနှင့်ကိုယ်၊ရဟန်းတကာ+တကာမတွေချည်းဖြစ်ကြသည်။ စစ်ကိုင်းကျောင်းရှိရဟန်းတွေဟာ ဦးဆိတ်တို မိသားစု ရဟန်းတွေ ချည်းလိုဖြစ်နေသည်။သို့အတွက်ကြောင့်ကျောင်းမှာအမိကလိုအပ်တဲ့ ဆီ၊ပဲ၊ငြုပ်သီး မှုန့်၊ အသီးအရွက်ပေါ်တဲ့အခါ အသီးအရွက်ကို လိုလေသေးမရှိ စဉ်ဆက်မပြတ် သားစဉ်မြေးဆက် လှူဒါန်း ထောက်ပံ့ လျက်ရှိသောကြောင့် ကျေးဇူးကြီးလှသော 'ကုလားကျွန်းရွာ'ဖြစ်ပေသည်။

"ဟင်္သာတဘက်စရီးဆက်"

(၁၀)ရက်နေ့ ရွှေတောင်မော်မှ 'ရွှေထွန်းသန်း' မော်တော်ဖြင့် ပြန်လာရာ (၁၁)ရက်နေ့မှာရန်ကုန်ရောက်၊ကိုထွန်း၏အိမ်နေ့ဆွမ်းစားပြီး ကြည့်မြင်တိုင် 'လောကပိယ'ကျောင်း ဦးကောဝိဒထံအိပ်၍ ၁၃၃၃ခု၊ တပေါင်းလဆန်း(၁၃)ရက်၊ ကြည့်မြင်တိုင်ဘူတာမှ နံနက်(၅)နာရီ ရထားစီးရာတွင်လိုက်ပို့သော ဦးကောဝိဒ နှင့်တွဲချင်းလွဲနေ၍ လက်ဆွဲအိတ်က သူ့ဆီပါသွားသဖြင့်အင်းစိန်မှပြန်ဆင်းခါ ဦးကောဝိဒ– က၊ကမာရွတ်ဆင်း၍ ကျောင်းပြန်လာကြပြီး နံနက်(၇)နာရီ ရထား ပြန်စီးရသည်။ညနေ(၅)နာရီခွဲတွင် 'ဟင်္သာတ'ရောက်သည်။

ဆွေမျိုးများရှိရာ 'ရေလယ်သောင်'ရွာ'ရွှန်းသွယ်'ရွာများသွားရောက်၍ ဆွေးနွေးတိုင်ပင်ပြီးဖြတ်ပိုင်းများ ပေးခဲ့ရာ၊အကိုဖြစ်သူ 'ကိုသိလ'က တာဝန်ယူဆောင်ရွက်ပါသည်။တပေါင်းလဆုတ် (၆)ရက်၊(၂)နာရီ- ရထားဖြင့် ရန်ကုန်ပြန်လာသည်။ ည(၇)နာရီအချိန်တွင် ဦးကောဝိဒ ကျောင်းသို့ပြန်ရောက်သည်။

"အညာဆန်ရင်း - ကျွဲပွဲ + ရမည်းသင်း"

ဟသ်ာတမှအပြန်(၁၃၃၃)ခု၊တပေါင်းလဆုတ်(၈)ရက်နေ့တွင် ဦးဇင္ဃိလကိုခေါ်၍ နံနက်(၉)နာရီရထားဖြင့်'ကျွဲပွဲ'ကိုသွားကြသည်။ည(၉) နာရီရောက်သည်။ကျွဲပွဲဇာတိဖြစ်သောဦးဝိလာသဂ္ဂ-ကိုကြိုတင်သွားနှင့်၍ ဘုတာမှစောင့်ကြို နေရန် ရက်ချိန်းပေးထားသဖြင့် အစဉ်သင့်ကြိုဆို နေကြသည်။ဦးဝိလာသဂ္ဂ၏ ခမည်းတော် ဦးစိန်ထွန်း+ မယ်တော်ဒေါ်မှန် မိသားစုမှ တာဝန်ယူဆောင်ရွက် ကြသည်။တဖန်ကျွဲပွဲမှ (၁၂)ရက်နေ့ နံနက်(၈)နာရီရထားဖြင့်ရမည်းသင်းသို့သွားခဲ့ရာ ညနေ(၅)နာရီတွင် ရောက်ကြသည်။'သိမ်ကုန်း'ရွာအထိ မြင်းလှည်းစီး၍ အရှေ့တောင် ခြေ(၄)မိုင်ဝေးသောခရီးသို့ ကုန်းကြောင်းလျှောက်၍သွားခဲ့ရာ ဦးဇင္ဃိလ၏ ဇာတိဖြစ်သော 'နန်းလုံ'ရွာကိုည(၈)နာရီတွင်ရောက်ကြသည်။ ထိုဒေသက ကြမ်းတမ်းသည်၊ မကြာခင်ရက်အတွင်းက လူတစ်ယောက်ကို ကျားဆွဲ သွားသည် ဟုပြောကြသဖြင့် ကြောက်ရွံ့တုန်လှုပ်ရိုးရိမ်မိပါသည်။

"ဇာတိချက်ကြွေ စစ်ကိုင်းမြေ"

(၁၃၃၃)ခု၊တန်ခူးလဆန်း(၄)ရက်၊နံနက်(၃)နာရီတွင် နန်းလုံရွာမှ လှည်းဖြင့်သွားကြရာရမည်းသင်းဘုတာသို့(၅)နာရီတွင်ရောက်သည်။ ဦးဇင္ဃိလ ကိုထားခဲ့၍ နံနက်(၉)နာရီရထားစီးပြီးမန္တလေးတွင် နေ့(၁) နာရီမှာရောက်သည်။ညနေ(၃)နာရီတွင် စစ်ကိုင်းတောင် ဇေယျာညွန့် ကျောင်းဘုန်းကြီး ဦးစန္ဒာဝရ ထံရောက်ပြီး ညအိပ်၍ ဆွေးနွေးတိုင်ပင် ကြသည်။ဦးစန္ဒာဝရနှင့် ရန်ကုန်ဦးကောဝိဒတို့(၂)ပါးက ရင်းနှီးသော သူငယ်ချင်းများဖြစ်ကြသဖြင့်တဦးနှင့်တဦး အကြောင်းကိစ္စများရှိလျှင် စာနဲ့ သော်၄င်း၊လူကိုယ်တိုင်သော်၄င်းတိုင်ပင်ဖေါ်တိုင်ပင် ဘက်များဖြစ် ကြသည်။ကူညီစရာရှိလဲသုံးဦးအချင်းချင်းကိုယ်ဖိရင်ဖိကူညီလေ့ရှိကြ

သည်။ ဦးဇင်းထက် ဦးစန္ဒာဝရက(၇)ဝါကြီး၍ ဦးကောဝိဒ က (၄)ဝါကြီးသည်။

"မိဘရှိရာသာဒွန်းရွာ"

လဆန်း(၅)ရက်နေ့ စစ်ကိုင်းတောင်မှ ဦးစန္ဒဝရနှင့် အတူ(၂)မိုင်သာသာဝေးသော မိမိမိဘရှိရာသာဒွန်းရွာ အိမ်သို့သွားကြရာ နံနက်(၈)နာရီရောက်သည်။ကြိုတင်ပြီး စာပေထားသဖြင့် သိထားနှင့်သည်အားလျော်စွာ ဝမ်းမြောက်ဝမ်းသာ တက်တက်ကြွကြွနဲ့ တပည့်တော်တို့လူတွေမှာလဲ အချိန်ကြလျှင် မိဘကိုမှီခိုပြီး နေလို့မဖြစ်ဘဲ ကိုယ့်အိုး၊ကိုယ့်အိမ်၊ကိုယ့်ခြံ၊ကိုယ့်စီးပွါးရေးနဲ့ တသီးတခြားတည်ထောင်နေကြရသလို အရှင်ဘုရားတို့ရဟန်းတော်များမှာလဲ ပညာနဲ့လဲပြည့်စုံ၊အသက်အရွယ်ကလဲသာသနာပြုသင့်တဲ့အရွယ်၊ကျမ္မာရေးကလဲကောင်းတဲ့အချိန်ရောက်နေပါပြီဘုရား။တပည့်တော်တို့က ဖြစ်စေချင်တာကြာပါပြီ။ဒါမှလဲ ခြေငြိမ်မှာ။ဒါမှမဟုတ်ရင်အရှင်ဘုရားက ရန်ကုန်ရောက်လိုက်၊ပုသိမ်ရောက်လိုက်၊ကျုံမငေးရောက်လိုက်နဲ့ တပည့်တော်တို့ ဆွေမျိုးတွေက ဘယ်ကိုလိုက်ရမှန်းမသိဖြစ်နေပါတယ်ဘုရား။အခုရောက်လာကထဲက အားလုံးဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီးတတ်နိုင်သမျှတာဝန်ယူကြသဖြင့် အဆင်သင့်ဖြစ်နေပါပြီဘုရားဟု တကာကြီးများကလျှောက်ထားကြပါသည်။

"မြင်းမူတပန်သွားရပြန်"

ထိုနေ့ညနေ ဦးစန္ဒာဝရကိုလှည်းနှင့်ပြန်ပို့ပေးလိုက်ပါသည်။တန်ခူးလဆန်း (၇)ရက်နေ့ ညီဖြစ်သူ မောင်သန်းစိန် ကျမ္မာရေးမှူးသည် မြင်းမူမြို့မှာ တာဝန်ကျ နေပါသဖြင့် ဦးပဥ္ဇင်းကြွလာလျှင် သူတို့ဆီကိုကြွခဲ့ပါ ဟု အကြောင်းကြားထားသောကြောင့် သွားရပြန်သည်။(၈)ရက်နေ့ပြန်လာခဲ့ပါသည်။

"ကျေးဇူးတော်ရှင် ရှိခိုးဦးတင်"

တန်ခူးလဆန်း(၁၂)ရက်နေ့ဦးစန္ဒာဝရနှင့်အတူကျေးဇူးရှင် စကုမော်တောလေးထပ်ဆရာတော်ကြီးအားဆီ၊ပဲ၊ငြုပ်သီး၊ကြက်သွန်၊ငါးရံ့ခြောက်များဖြင့်ပူဇော်ကန်တော့ပါသည်။ထိုအချိန်က ဆရာတော်သည်

သက်တော်(၉၃)နှစ်ရှိနေ သော်လဲ ဆံမဖြူ၊ သွားမကျိုး၊ မျက်စေ့မမှုံပါ နားတော့အနည်းငယ်လေးနေပေသည်။သို့ပေမဲ့ နေ့ဝါ၊ ညဝါ(၅)ဝါ အထချနေဆဲဖြစ်သည်။

"(၁၈)ဝါမြောက် စကုမှော်ရောက်"

ငါလဲ(၁၈)ဝါမှာ ကျောင်းတိုင်ပင့်လို့ ဝါးချက်မင်ကျောင်းကနေ စစ်ကိုင်း စကုမှော်မှာစာသင်တိုက်တည်ထောင်တယ်။ပထမငါနဲ့အတူ နောက်ပါသံဃာ(၁၇) ပါးပါတယ်။နောက်တဖြေးဖြေး သံဃာ(၁၈၀) အထိရှိခဲ့တယ်။ဂျပန်ခေတ်တိုင်းပြည်ပျက် ဗုံးတွေချ မီးလောင်ပျက်စီး တာနဲ့ ဗုံးခိုရင်း စစ်ကိုင်းတောင်မှာဘဲ တောရဆောက်တည်ပြီး အေးအေးဆေးဆေးနေတော့တယ်။မကင်းမှာကင်းကြောင်းရောက်လာတဲ့ သံဃာ(၃၀)ကျော်လောက်စာချနေရတာ။

"ပါဠိတော်ချမှဘုရားတွေ့ရ"

မင်းအခု ဘယ်မှာနေသလဲ။ရန်ကုန်မှာနေပါတယ်ဘုရား။ မင်းဘယ်နှစ် ဝါရပြီလဲ။(၁၇)ဝါရပါပြီဘုရား။မင်းလဲမငယ်တော့ဘူး။ စာချသေးလား။ စာချနေ ပါတယ်ဘုရား။သံဃာကော ဘယ်နှစ်ပါးရှိသလဲ။ (၂၈)ပါးရှိပါတယ်ဘုရား။ပါဠိတော်တွေများချရဲ့လား။မှန်ပါ့ ချပေးနေပါ တယ်ဘုရား။(ထိုစဉ်က ကျုံမငေး အကြွင်းမဲ့အောင် ဦးကောဝိဒနှင့် ဦးပညိန္ဒ တို့ကိုသိလက္ခံ ချပေးနေသည်)

"အေး ပါဠိတော်တွေကိုများများချပေးပါ။ပါဠိတော်တွေ ချပေးမှဘုရားနှင့် တွေ့ရတာ" ဟုမိန့်ပါသည်။စာရေးသူလဲ ဆရာတော်ကြီးထံမှာ ရဟန်းတဝါကပင် ဝိနည်း(၅)ကျမ်း၊သုတ်(၃)ကျမ်းဆိုဝါနဲ့ကုန်ခဲ့ ပါ သည်။အခုလဲတပည့်ကြီးများကို ဝိနည်း၊ပါဠိတော်များကိုဦး စာပေး ချပေးပါသည်။

"တလ(၁၂)ရက်ခရီးထွက်"

တန်ခူးလပြည့်နေ့ (၃)နာရီရထားဖြင့် မန္တလေးမှပြန်လာခဲ့ရာ တန်ခူး လဆုတ်(၁)ရက်နံနက်(၆)နာရီ ရန်ကုန်ပြန်ရောက်ပါသည်။ တလ(၁၂)ရက်အတွင်း အထက်အောက်အစုံအဆန်နေ့စဉ် လိုလိုကား၊ ရထား၊လှည်း၊မော်တော်၊ ခြေချင်းခရီးဖြင့်ကျောင်းဖြစ်မြောက်ရေးအတွက်

အစားပျက်၊ အအိပ်ပျက်၊ခြေထောက်တွေ အသမာတက်အောင် "ဆင်းရဲခံမှ ချမ်းသာရ" ဆိုတဲ့အတိုင်း မနားမနေကျိုးစားခဲ့ရသည်။

"ကိုအောင်ထွန်းထံငွေအပ်နှံ"

| | | |
|---|---|---|
| ၁။ | စစ်ကိုင်းဆွေမျိုးများမှ | ၃၆၇၅/ |
| ၂။ | ဟင်္သာတဆွေမျိုးများမှ | ၂၂၅၀/ |
| ၃။ | တောင်ငူကျွဲပွဲမှ | ၁၁၉၀/ |
| ၄။ | မအူပင် ဦးသန်းအောင်မှ | ၁၀၀/ |
| ၅။ | ရမည်းသင်းမှ | ၁၀၀/ |
| ၆။ | ကိုအောင်ထွန်းမှ | ၅၀၀/ |
| ၇။ | ကိုမောင်မောင်ထွန်းမှ | ၃၀၀/ |
| | စုစုပေါင်း | ၇၁၁၅/ |

ကိုအောင်ထွန်းထံ အပ်နှံထားကြပါသည်။

"ကျောင်းနေရာတမန်ရှာရပြန်"

စာသင်တိုက်တည်ထောင်ရန်သုဝဏ္ဏနှင့် ရန်ကုန်သစ်အကြား၊ သုဝဏ္ဏရဲစခန်းအနီး၊အလုံနွယ်နီလမ်းနေ ဒေါ်အုံး-ပိုင်သော ပေ (၂၀၀) ပတ်လည်ရှိ မြေနေရာကို ၇၀၀၀/-(ခုနစ်ထောင်)ကျပ်နှင့် ရောင်းမည် ဟုပြောဆိုသဖြင့်ထိုနေရာကို ဦးတည်ပြီးဝတ္ထုငွေ-၈၀၀၀/ (ရှစ်ထောင်) ကျပ်ရအောင်ရှာကြခြင်းဖြစ်ပါသည်။ တကယ်တမ်းယူဖို့တွေ့တွေ့ဆိုင်ဆိုင် ပြောသောအခါ ၁၂၀၀၀/-(တစ်သောင်းနှစ်ထောင်)ကျပ်-ဟုဆိုသဖြင့် မူလရည်မှန်းထားသောနေရာကို လက်လွှတ်လိုက်ရသည်။

သေချာပေါက်တွက်ထားနေရာ လက်လွှတ်လိုက်ရသဖြင့် စိတ်ဓာတ်တွေကျကုန်ကြသည်။"ထွက်ပြီးသား ဆင်ဆွယ်ဝင်တယ်လို့ မရှိ"ဆိုသလိုဒီနှစ်ကိုယ်ပိုင်စာသင်တိုက်တည်ထောင်မည်ဟု သက်ဆိုင်ရာ များကိုအသိပေးထားပြီးဖြစ်သဖြင့် မဖြစ်မနေလုပ်ရမည့်တာဝန်ရှိနေသဖြင့် အုပ်စုခွဲခါ နေရာအပူတပြင်းရှာကြံကြရသည်။

ဦးဝါယမ အဖွဲ့ကြည့်မြင်တိုင်မှ ကမာရွတ်မှာ ခြံမြေရောင်းရန် ရှိသည်ဟုသတင်းရသဖြင့် သွားကြည့်ကြရာ သုဿန်မြေကလဲဖြစ်သဖြင့် ပြန်လာခဲ့ကြသည်။ကိုအောင်ထွန်းက ဘယ်နေရာမှမရလျှင် တပည့်တော် ဆရာဗိုလ်မှူးမြင့်ဆွေ+ဒေါ်အမာတို့ပိုင်သော ပေ(၆၀)+(၈၀) ရှိ ခြံကို တပည့်တော်အပ်ထားပါတယ်။ ကမ္ဘာအေးရေကူးဘုတာနားမှာ ရှိပါ တယ်ဆိုလို့ ဗိုလ်မှူးနဲ့ချိန်းပြီး သွားကြည့်ကြတော့ ခြံစောင့်က ထွက်မပေးနိုင်ဘူးဆိုလို့ ပျက်သွားခဲ့ရသည်။

"ဂေါစဂါမ်ရှောင်"

လွတ်လပ်ရေးလမ်း သင်္ဂဟကွင်းပေ(၂၀၀)ပတ်လည်နှင့် ကန္နားလမ်း ဦးရန်အောင်ခြံ ပေ(၂၀၀× ၂၅၀)ရှိနေရာတို့မှာ သင့်တော်သော် လည်း မိမိတို့နေသောသာသနပါလကျောင်းနှင့်တရပ်ကွက် တဂေါစဂါမ် တဲဖြစနေသောကြောင့် ရှင်ပြိုင်မှုမျိုး၊အတိုက်အခံမျိုးမဖြစ်စေရန် ရှောင်ရှားရပါသည်။

"ပရွက်ဆိပ်ကုန်းနှင့်မင်္ဂလာဒုံ"

ကြည့်မြင်တိုင် ဦးကောဝိဒ က ပရွက်ဆိပ်ကုန်းမှာ မြေတဧက ကျယ်တယ်။ရေမီးအဆင်ပြေတယ်ဆိုလို့ ဦးကောဝိဒ၊ ဦးပဏ္ဍိစ္စတို့နှင့် အတူသွားကြည့်ရာ အားလုံးအဆင်ပြေသည်။အဆင်သင့်နေနိုင်သည်။ သို့သော် လမ်းပန်းဆက်သွယ်မှု မရှိ။ဂေါစဂါမ်မရှိ ဖြစ်နေသည်။ မင်္ဂလာဒုံ တောင်ညိုစခမ်းသွားကြည့်ပြန်ရာ အလကားတော့နေလို့ ရပါရဲ့။ဂေါစဂါမ်ရွာနှင့်တမိုင်လောက်ဝေးနေတော့ မလွယ်ကူပေ။

"တောင်ဥက္ကလာ–ငမိုးရိပ်–ဘောက်ထော်–အေဝမ်းခြံ"

တောင်ဥက္ကလာမှာ ပျဉ်ထောင်၊သွပ်မိုးကျောင်းရှိသည် ဟုသတင်း အရသွားကြည့်သည်။အဆင်မပြေ။ ဦးဓမ္မိက၊ ရှင်ရေဝရ တို့ဖွဲ့မှ စုံစမ်း ချက်အရ ငမိုးရိပ်သွားကြည့်ကြသည်။ခရာတော၊ရွံ့ဖွက်ထဲဖြစ်နေသည်။ ဦးအဂ္ဂတို့အဖွဲ့က ဘောက်ထော်မှာရှိသည်ဟု စုံစမ်းရာ နှစ်သောင်း ငါးထောင် ဆိုသဖြင့်မကပ်နိုင်။အေဝမ်းခြံအနီးရှမ်းရွာမှာ ကိုထွန်း ကိုးကွယ်နေသော ဘုန်းကြီးကျောင်းရှိသည်။နေလိုကနေရန်သွားကြည့် သော်လည်း ရှုပ်ပွေနေ၍ အဆင်မပြေ။

"ရှစ်မိုင်–မြောက်ဥက္ကလာ–ဘဝမြင့်"

ရှစ်မိုင်တံခွန်တိုင်ကျောင်းသူငယ်ချင်း ဦးဝဏ္ဏသာရထံသို့ ဦးအဂ္ဂအဖေါ်ခေါ်၍ တိုင်ပင်ဆွေးနွေးကြရာ တခြားဘယ်နေရာမှ မရလျှင်သူ့ကျောင်းလာပြီးနေရန် နောက်မှတဖြေးဖြေးကျောင်းရှာရန် အကြံပြုပါသည်။ဦးဂဏ္ဍသာရ က ထားဝယ်သား အလုံဓမ္မရတနာကျောင်း နေစဉ်က အတူစာချခဲ့သောစာချဘုန်းကြီးဖြစ်ပါသည်။မိတ်ဆွေကောင်း တယောက်ပီသပါပေသည်။နောက်တနေ့ ဦးကောဝိဒနှင့်မြောက်ဥက္ကလာ သတင်းအရသွားကြည့်သည်။တနေရာက(၂)သောင်းဆိုသည်။အဆင်ပြေ သည်။ငွေမတတ်နိုင်။တနေရာက အဆင်ပြေသော်လဲ ချောင်ကြလွန်း၍ မနှစ်သက်ကြပါ။ဘဝမြင့်ရိပ်သာအနီး ဦးကောဝိဒ သူငယ်ချင်းကျောင်း ရောင်းမည်ဟု ကြားသဖြင့် ခရီးဆက်စုံစမ်းရာ နှစ်သက်စရာမရှိပါ။

"ဦးဓမ္မိကလက်ကျိုး"

ဦးဓမ္မိကနှင့်ရှင်ရေဝရတို့အဖွဲ့ စုံစမ်းရှာဖွေကြရင်း ကျိုက္ကဆံ ဘုရားအနီး ပျဉ်ထောင်သွပ်မိုး သုံးထောင်နှင့်ရောင်းမည်ဟု တွေ့ရှိခဲ့ ရသဖြင့် အလွန်သဘောကျနေကြသည်။နောက်တနေ့ ဦးကုဝေရ ကိုခေါ်သွားပြီး ကျောင်းကြည့်ရန်အသွားဘတ်စ်ကားပေါ်ကအဆင်း အရှိန်လွန်လဲကျကာ လက်ထောက်လိုက်သဖြင့် လက်ကျိုးသွားသော ကြောင့် ကျောင်းမကြည့်ရတော့ဘဲ ဆေးရုံရောက်ပြီးသုံးပတ်လောက် ပတ္တီးနဲ့နေရသည်။ကျိုးရုံမို့တော်သေးသည်။တစုံတခုများဖြစ်သွားလျှင် မတွေးငဲ့စရာကြောက်ခမန်းလိလိစိုးရိမ်မိပေသည်။ဦးဓမ္မိက က မုံရွာသား တဝါရပါသေးသည်။ခွဲလုံ့လရှိမှ စိတ်ထက်သန်မှ ချိုးကျူးထိုက်ပေသည်။

"စတားကွင်း"

ဦးပဥ္စင်းခရီးသွားနေစဉ် ဦးပဥ္စင်းများနှင့်ကိုထွန်း၊ ကိုအောင်ထွန်း တို့နှင့်တိုင်ပင်ပြီး လွတ်လပ်ရေးလမ်းဘေး စတားဓောင်စက်နှင့် အမှတ်(၅)ချိမ့်ချင်စက်အကြားကွင်းကို ကိုအောင်ထွန်း ဦးဆောင်ပြီးပိုင်ရှင် နှင့်တွေ့ဆုံကာ(၄၅၀၀)နှင့်ယူရန် ဆုံးဖြတ်ထားကြသည်ဦးပဥ္စင်းအပြန် အများ သဘောတူဆုံးဖြတ်ထားကြောင်းစာချုပ်ချုပ်ပြီး ငွေချေရန် ကိုအောင်ထွန်းအိမ်ချိန်းထားကြောင်းလျှောက်ထားကြသည်။

"စိတ်ဆိုးကြသည်"

ဤနေရာဟာမူလသာသနပါလကျောင်းနဲ့လဲနီးနေတယ်စက်ရုံနှစ်ရုံကြား ဆိုတော့ နေ့တိုင်းညတိုင်းအလုပ်သမားတွေနဲ့ရှုပ်ထွေးနေတယ်။မကြိုက် လှဘူးဟုပြောတော့ ကိုထွန်းက အများက ကြိုက်ပါလျက်နဲ့ အရှင်ဘုရား က မကြိုက်ဘူးဆိုလျှင် အစကဘာဖြစ်လို့အများကြိုက်တဲ့နေရာလုပ်လို့ ပုံအပ်သလဲ။အခုတော့ စကားတွေက လွန်ကုန်ပြီ ဟု အပြစ်တင်ကာ စိတ်ဆိုးကြသည်။

"စာချုပ်ခါမှပျက်သွားရ"

နောက်တနေ့ ဦးအဂ္ဂ၊ဦးကုဝေရ၊ဦးဝေပုလ္လ၊ကိုထွန်းတို့နှင့် မြေပိုင်ရှင်များကို အောင်ထွန်းအိမ် စာချုပ်ရန် ချိန်းထားကြပြီး အရောင်းအဝယ်စကားပြောကြရာဦးပဥ္ဇင်းက အဆောက်အဦးအရင် ဆောက်ပြီးမှ ငွေချေပါ့မယ်။ငွေပေးပြီးကာမှ သက်ဆိုင်ရာက လာတား လျှင် အခက်အခဲဖြစ်လိမ့်မည်ဟု ပြောသောအခါ မြေရှင်များက ငွေအရင်ချေရမည်ဟု ပြောသဖြင့် ကိုထွန်းက ဒေါထပြီး လက်သီးလက် မောင်းတန်းခါ 'ခင်ဗျားတို့ အရင်နေ့ကပြောတော့ ငွေနောင်မှချေပါ။ ကျွန်တော်တို့ က သွပ်၊ပျဉ်၊တိုင် လှူပါအုံးမည်ပြောပြီး အခုတော့ ငွေအရင်တောင်းတယ်။ခင်ဗျား တို့ ကတိမတည်ဘူး။အဆောက်အဦး ဆောက်တုံးကန့်ကွက်သူပေါ်လာရင်ကျုပ်တို့ က ငွေဆုံးမှာကြောက်တင်ပြီး ငွေလဲမပေးနိုင်ဘူး။ခင်ဗျားတို့ မြေကိုလဲမယူဘူး။ရှေ့ဆက်မလုပ်တော့ ဘူး။ကျွန်တော်ဘဲကြားက အမုန်းခံရတယ်ဆိုပြီး ထပြန်သွားလေတော့ သည်။သူနဲ့စဆက်သွယ်ထားပြီးယခုလိုအပေးအယူမမျှလို့ပျက်သွားတော့ မြေရှင်တွေ စိတ်မဆိုးရန် နောင်ဖြစ်အောင်ကျိုးစားပါ့မည်'ဟု တောင်းပန် နှစ်သိမ့်လိုက်ရသည်။ဦးပဥ္ဇင်းအဘို့ကတော့ နတ်ကောင်းမတာပါဘဲ။

"ခဲလေသမျှ သဲရေကျ"

ကျောင်းနေရာရရှိရေးအတွက် ဦးအဂ္ဂ၊ဦးဝိလာသဂ္ဂ၊ ဦးကုဝေရ၊ ဦးဓမ္မိက၊ဦးဝေပုလ္လ၊ဦးဝါယမ၊ဦးကောဝိဒ၊ဦးပဏ္ဍိစ္စ၊ရှင်ရေဝရ၊ကိုထွန်း၊ ကိုအောင်ထွန်းတို့ နှစ်ပါးတတွဲ၊သုံးပါးတတွဲ ခွဲကောင်းကောင်းနဲ့ မနား မနေရှာပုံတော်ဖွင့်ကြရသည်။ကဆုန်လထဲရောက်လာပြီး မိုးကလဲကျခါနီး

ယခုအချိန်ထိသေချာပေါက်မှန်းထားတဲ့ စတားကွင်းကလဲပျက်ဘယ်မှ မရလျှင် ကမ္ဘာအေးကဗိုလ်မှူးမြင့်ဆွေခြံကိုကိုအောင်ထွန်းအပ်ထားသဖြင့် သေချာပေါက်ရနိုင်သည်ဟု ဆုံးဖြတ်ချက်ချထားကြသော်လဲ ဗိုလ်မှူးဇနီးမောင်နှံနှစ်ယောက်လုံး ကိုယ်တိုင်လှူဒါန်းပါလျက် ခြံစောင့်ကသူနေတဲ့အခြမ်းအပိုင်းကို ဖယ်လဲမပေးနိုင်ဘူး။ရောင်းလဲမရောင်းနိုင်ဘူးဟု ညင်းဆန်နေသဖြင့်ဗိုလ်မှူးတို့လဲစိတ်တို။ဒီကလူတွေကလဲ အားလုံးစိတ်ဓာတ်ကျပြီး ခဲလေသမျှသဲရေကျမျက်နှာငယ်ကလေးတွေနဲ့ပြန်လာခဲ့ကြရသည်။

"စိတ္တာဘောဂေါ အာဓာဥဒ္ဒ"

စိတ်၏ရည်မှန်းမျှော်လင့်ချက်သည် အောက်နှင့်အထက်ဖြစ်၏ဟု စာနကျနိတိဆိုသောစကားသည် မှန်လှပေသည်။စိတ်ရည်ရွယ် မျှော်လင့်ထားသောအတိုင်းဖြစ်ပေါ်မလာပေ။ဘုရားရှင်ကလဲ "အစိန္တိတမ္ပိဘဝတိ စိန္တိတမ္ပိဝိနဿတိ" မကြံစီသော်လဲဖြစ်ပေါ်လာနိုင်၏။ကြံစီသော်လဲ ပျက်စီး၏ ဟု ဟောကြားထားသည် မဟုတ်ပါလော။ဦးပဥ္စင်းအနေနဲ့ကတော့ စိတ်ဓာတ်မကျလှပါဘူး။ရလို့သာယူရမှာ။စာသင်တိုက်ဖွင့်လောက်အောင်နေရာက မကျယ်လှဘူး။ဦးကောဝိဒ ကလဲအတူလမ်းလျှောက်လာရင်းစိတ်ဓာတ်ကျစရာမလိုပါဘူး။ကိုယ်တော်ဒါ့ထက်ကောင်းတဲ့နေရာရချင်လို့သာမှတ်လို့ အားပေးစကားပြောကြားလေသည်။

"ဆုတောင်းပတနာ"

ကိုထွန်း က ဆုတောင်းဝါသနာပါသည်။ငှက်ပျောလေးဖီး၊ အုံးတလုံး၊အမွှေးတိုင်များဝယ်ပြီး သာသနာပွဲထိုးလျက် ညကြတော့ သီလခံ၊ဘုရားရှိခိုး၊ပရိတ်များရွက်ခါ သာသနာပြုလို့ ကြီးပွားတိုးတက်မည့်နေရာကို အမြန်ဆုံးညွှန်ပြပေးသနားတော်မူပါ ဟု သာသနာစောင့်နတ်မင်းကြီးများထံမှဆုတောင်းသတဲ့။ကိုအောင်ထွန်းတို့ကလဲ ပွဲမထိုးပေမယ်လို့ ဘုရားထံဆုတောင်းကြသတဲ့။ဦးပဥ္စင်းတို့ကလဲ မေတ္တာပို့ဆုတောင်းကြပါသည်။

"ခုက္ခသည် သုခ၏အကြောင်း"

ကဆုန်လဆန်း(၁၂)ရက်ရောက်လာပြီး အခြေအနေက မကောင်းသေးသဖြင့်သံဃာတွေကိုလဲ ဒီနှစ်ဝါဆိုရန် တခြားကျောင်းမှာ ကြိုတင်ရှာထားဖို့တိုင်ပင်ထားပြီး နယုန်လအထိတော့ ရှာကြသေးတာပေါ့။ ယခုလိုအခက်အခဲဆင်းရဲခံပြီးလုပ်နေရခြင်းဟာ နောက်ဆုံးချမ်းချမ်းသာဖြစ်ရခြင်း၏အကြောင်းဘဲဟု ဖွဲ့ကောင်း ကောင်းနဲ့အားမာန်တင်းပြီး စုံစမ်းရှာဖွေကြရန် တိုက်တွန်းအားပေးရပြန်ပါသည်။

"မေးပါများစကားရ"

(၁၃၃၄)ခု ကဆုန်လဆန်း(၁၃)ရက်နေ့ ဦးအဂ္ဂ၊ဦးဝိလာသဂ္ဂတို့(၂)ပါးနှင့်ဆီကုန်းဇေယျာသုခလမ်းဘက်သွားပြီးကြည့်ကြရာမြေကွက်လပ်များတွေ့သဖြင့် လွှတ်ရုံဆိုင်ကွမ်းရာရောင်းသောအဖွားကြီးထံမှ ကွမ်းရာဝယ်ပြီးဒီနားမှာရှိတဲ့မြေကွက် တွေရောင်းမယ်လို့များ သတင်းကြားပါသလား။ဦးပဥ္စင်းတို့က စာသင်တိုက်တည်ချင်လို့ပါမေးတော့အဖွားကြီးက တပည့်တော်တော့မသိဘူးဘုရားဟု ဖြေနေတုံးအပေါ်ထပ်က ဦးစိန်လင်း ဆိုတဲ့တကာကြီးကကြားတော့ဆင်းလာပြီးအကျိုးအကြောင်းပြောပြရာရှိတော့ရှိပါတယ်။တပည့်တော်စုံစမ်းထားလိုက်ပါ့မယ်။ မနက်ဖန်ခါညနေ(၅)နာရီလောက်ကြွခဲ့ကြပါ။တပည့်တော်တို့ ရပ်ကွက်မှာဘုန်းကြီးကျောင်းမရှိလို့နှစ်ဆန်းတရက်နေ့ပရိတ်ရွတ်ချင်ဒါတောင်မရွတ်ရဘူး။အခုလို စာသင်တိုက်တည် ထောင်မယ်ဆိုတော့ ဝမ်းသာပါတယ်ဘုရား။ မနက်ဖန်ခါကြွသာကြွခဲ့ကြပါဘုရား ဟု လျှောက်ထားလိုက်သဖြင့် ခါတိုင်းခါတိုင်းမှာ ပြည်ပြန်မလှပေမယ်လို့ ဒီတခါတော့ မှိုရတဲ့မျက်နှာလို ပြုံးရွှင်လာကြပေသည်။

"အများသဘောလိုက်လျှော"

ပြန်လာသောအခါ ဦးအဂ္ဂ၊ဦးဝိလာသဂ္ဂတို့က အကျိုးအကြောင်းပြောပြသဖြင့် ကိုထွန်း၊ကိုအောင်ထွန်းတို့နှင့်တိုင်ပင်ပြီး သွားကြည့်ကြရန် ဦးပဥ္စင်းတော့ မလိုက်တော့ဘူး။ခရီးပန်းနေတာကလဲတကြောင်း အံသွားတချောင်းနှုတ်ထားတာကလဲအကင်းမသေဆေးစားနေရတာက တကြောင်းထို့ကြောင့်အများနေရမှာဆိုတော့ အများသဘောကျလျှင်ပြီးဒါပါဘဲ။

အများကြိုက်တယ်ဆိုလျှင်အတည်ပြုရွေးချယ်ခဲ့ကြပါ။ဦးပဥ္စင်းက သဘောတူပြီးသားပါဟုအများသဘောလိုက်လျောလိုက်ပါသည်။

"ကဆုန်လပြည့် ဗုဒ္ဓနေ့"

ဒါယကာဦးစိန်လင်းချိန်းလိုက်သောအတိုင်း (၁၃၃၄)ခုကဆုန်လဆန်း(၁၄)ရက်နေ့ ညနေ(၅)နာရီတွင် ဦးအဂ္ဂ၊ ဦးဝိလာသဂ္ဂ၊ ဦးဝေပုလ္လ၊ ကိုထွန်း၊ကိုအောင်ထွန်းတို့တတွေနှင်းဆီကုန်းသွားကြလေသည်။ ဟိုရောက်တော့ကိုအောင်ထွန်းနဲ့ဦးစိန်လင်းဟာ အလွန်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြလေသည်။ကိုအောင်ထွန်းက ယခုမြို့ဦးစေတီတည်ထားတဲ့လယ်ကွင်းထဲမှာ နို့စားကျွဲမတွေမွေးပြီးကျွဲနို့ကို ဦးစိန်လင်းလှှကိုရည်ဆိုင်အမြဲပို့နေရသဖြင့် စီးပွါးတူ၊စီးပွါးဘက် တကယ့်ရင်းနှီးတဲ့မိတ်ရင်းဆွေရင်းဖြစ်နေကြတော့ တွေ့တယ်ဆို တဦးနှင့်တဦး ဝမ်းမြောက်ဝမ်းသာဖြစ်စေလိုတဲ့ဆန္ဒနဲ့မြေကွက်များကိုလိုက်ပြပါသည်။ပထမမြေကွက်က ဦးပဥ္စင်းများကြိုက်နှစ်သက်သော်လဲ သမဝါယမကွင်းဖြစ်နေသည်။နှစ်နေရာသုံးနေရာလိုက်ပြပြီး ယခုကျောင်းတည်မည့်နေရာကို ရပ်ကွက်တကာတွေကလည်း ရွာဦးရွာထိပ်ဖြစ်နေသောကြောင့် ဘုန်းကြီးကျောင်းနှင့်သင့်တော်ကြောင်းပြောကြသည်။ထိုတိုက်တွန်းတဲ့တကာတွေက ( ဦးစိန်လင်း-ကြာဖဲစက်မန်နေဂျာ၊ ဦးကြည်လှိုင်၊ ဆာဂျင် ဦးထွန်းလှိုင်၊လမ်းလူကြီး ဦးအေးမောင် တို့ဖြစ်ကြောင်းသိရသည်။)အဖွဲ့တော်သားများကလဲ အားလုံးသဘောတူကြပြီးဒီလိုဆိုရင်နက်ဖန်ခါ ကဆုန်လပြည့်ဗုဒ္ဓနေ့ နေ့ကောင်းသဖြင့် ဦးစိန်လင်းတို့က သက်ဆိုင်ရာလူကြီးများကိုခေါ်ထားပါ။(၈)နာရီအရောက် ဦးပဥ္စင်းများနှင့်ကျွန်တော်တို့လာပြီး ကျောင်းရေစက်ချလှူဒါန်းပွဲ တခါထဲပြုလုပ်ပါမည်ဟု ကိုအောင်ထွန်းတို့က ဆုံးဖြတ်ချက်ဂတိပြု၍ ပြန်လာခဲ့ကြပါသည်။

"ညစ်ကြေးကင်းကွာလပမာ"

ဒီကနေ့တော့အဖွဲ့တော်သားများသည်ခါတိုင်းနှင့်မတူ ( အဗ္ဘာမုတ္တောဝ စန္ဒိမာ) မိုးတိမ်တိုက်တွေဖုံးလွှမ်းထားရာမှ ကြည်လင်အေးမြစွာထွက်ပေါ်လာသော ဖိုးရွှေလမင်းကြီးကဲ့သို့ သူတို့ရဲ့မျက်နှာတွေဟာ

ကြည်ကြည်လင်လင်ပြုံးပြုံးရွှင်ရွှင်တက် တက်ကြွကြွပြန်လာတာကို တွေ့ရပေသည်။မနက်ဖန်ခါ ကဆုန်လပြည့်နေ့ ကျောင်းတိုင် ဆရာတော် ဦးဥက္ကံသ က ဘုရားအနေကဇာတင်ပွဲအာရုံမုံ့ဟင်းခါးကပ်ရာမှာလဲ ကိုအောင်ထွန်းတို့ကဦးဆောင်လုပ်နေရသဖြင့် ဟန်မပျက်ညှော်ပရိသတ်တွေ ဧည့်ခံကျွေးမွေးရင်း နာရီတကြည့်ကြည့်နဲ့(၈)နာရီနီးနေပြီမို့ အကြံတော်တော်အိုက်နေလေသည်။

"ဂုယ္ဟသဝနံ ဂုယှမေဝသာခု"

လျှို့ဝှက်သင့်တဲ့ကိစ္စဟာ လျှို့ဝှက်နိုင်မှသာလျှင် ကိစ္စပြီး မြောက်အောင်မြင်ခြင်းသို့ရောက်သည်ဟု မဟောသဓာဇာတ် လာသည် နှင့်အညီ ကိစ္စမပြီးဆုံးမအောင်မြင်သေးမှီ ပတ်ဝန်းကျင်မသိအောင် ဣန္ဒြေမပျက်ဟန်ဆောင်နေကြရသည်။ကျောင်းဘုန်းကြီးကတော့ လှုပ်ရှားသွားလာနေကြပုံကို ရိပ်မိဟန်တူပါသည်။ကျောင်းသားကလေးတွေကို ချောင်းချောင်းနားထောင်ခိုင်းလေသည်။ယခုလိုကျောင်းတိုက် တည်ထောင်လိမ့်မည်လို့ မထင်ပါ။တခြားကျောင်းများကို ပြောင်းရွှေ့ရန် လှုပ်ရှားနေကြသည်ဟု ထင်နေပါသည်။

"စာချုပ်ပြီးလှူဒါန်း"

ပတ်ဝန်းကျင်မသိစေရန် ဦးအဂ္ဂ၊ဦးဝိလာသဂ္ဂ၊ကိုထွန်းတို့ကို ရှေးဦးစွာသွားစေပြီး ကိုအောင်ထွန်း၊ကိုအေးမောင်၊ကိုထွန်းကြည်တို့ကလဲ မသိမသာတယောက်ချင်းအသီးသီးထွက်ကြခါ ကားမှတ်တိုင်မှာဆုံ၍ ဦးပဉ္ဇင်းလဲနောက်ကလိုက်လျှက် (၈)နာရီအရောက် နှင်းဆီကုန်းသို့သွားကြလေသည်။နှစ်ဘက်ပရိသတ်စုံညီနေကြသဖြင့် ကိုထွန်း က စာချုပ်ရေး၍ (၁၃၃၄)ခုကဆုန်လပြည့်ကြာသပတေး ဗုဒ္ဓနေ့နံနက်(၈)နာရီ(၁၅)မိနစ်အချိန်တွင် နှင်းဆီကုန်း သဇင်ပန်းလမ်း ဦးကြည်ဝင်း +ဒေါ်မြ တို့ပိုင်ဆိုင်သော ပေ(၇၀)၊ပေ(၈၀)အကျယ်ရှိမြေခြံကို ကျောင်း ဒါယကာကိုအောင်ထွန်း က ငွေ(၅၀၀၀ိ)ကျပ်နှင့်ဝယ်၍ နှစ်ဘက်လူကြီး များ မျက်နှာစုံညီသဘောတူလက်မှတ်ထိုးပြီး ထိုပရိသတ်များနှင့် အတူ စာချဘုန်းကြီးဦးဓမ္မာနန္ဒထံသရဏဂုံသုံးပါးနှင့် ငါးပါးသီလခံ ယူလျှက် စာသင်တိုက်တည်ထောင်ရန်ရေစက်သွန်းချလှူဒါန်းအမျှအတန်းပေးဝေကြသည်။

ဦးပဥ္စင်းများကမေတ္တာသုတ်ပရိရှုတ်ဖတ်သရဇ္ဈာယ်၍ အလှူခံတော်မူကြသည်။

"တက်ရောက်သူများ"

| | |
|---|---|
| သံဃာဘက်က | ဦးပဥ္စင်း ဦးအဂ္ဂ ၊ ဦးဝိလာသဂ္ဂဒ |
| အလှူ့တကာများက | ကိုအောင်ထွန်း၊ကိုထွန်း၊ကိုအေးမောင်၊ ကိုထွန်းကြည် |
| မြေပိုင်ရှင် | ဦးကြည်ဝင်း+ဒေါ်မြ မိသားစု |
| အကျိုးဆောင်လူကြီးများ | ဦးစိန်လင်း၊ဦးကြည်လှိုင်၊ ဦးအေးမောင်၊ ဦးထွန်းလှိုင်၊ ဦးစောမြ |

"နေ့ထူးနေ့မြတ်"

လှူဒါန်းမှုပြီးလျှင် ရန်ကုန်သစ် ကိုအေးမောင်က ဒီကနေ့ဟာလပြည့်နေ့လဲဖြစ်၊ဗုဒ္ဓနေ့လဲဖြစ်၊အတက်ပညာသင်တဲ့ကြာသပတေးနေ့လဲဖြစ်၊ နေမှာကလဲ သံဃာတော်တွေအလုပ်ကိစ္စကလဲ ပရိယတ္တိစာသင်မှုကိစ္စဆိုတော့အားလုံးကိုက်ညီ ကောင်းမြတ်နေတဲ့နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။သို့အတွက်ကြောင့် သံဃာတော်များ ယနေ့ပင်လျှင်ပြောင်းရွှေ့သတင်းသုံးနေထိုင်ရန် သင့်လျော်ပါသဖြင့် အိမ်ရှင်များကသက်ဆိုင်ရာပြောင်းရွှေ့ပေးပါရန် မေတ္တာရပ်ခံပါသည်ဟု အဆိုပြုသည်ကိုအားလုံးသဘောတူကြသဖြင့် အိမ်ရှင်များဖြစ်ကြသော ဦးကြည်ဝင်း+ဒေါ်မြ မိသားစုတို့က ပြောင်းရွှေ့သွားကြပါသည်။

"တဲအိမ်ကလေး"

ဦးကြည်ဝင်းတို့နေသော အိမ်ကလေးမှာ သဇင်ပန်းလမ်းအဆုံးခြံစီးရိုးမှာကုက္ကိုပင်(၄)ပင်နှင့်ဒေါင့်နားမှာကြခက်ဝါရုံ အရှေ့ဘက်လယ်ကွင်း(၈)ပေ၊(၂)ခန်းပတ်လည်၊(၆)ပေ မီးဖိုချောင်အဖီ မြေမှ(၃)ပေအမြင့် အလယ်(၂)တိုင်က(၄)ပေပတ်လည်တိုင် ဘေးတိုင်တွေကမရမတိုင် ဝါးဆင်၊ဝါးကြမ်း၊ထရံကာ၊ဓနိမိုးဖြစ်ပါသည်။ဝါဆိုမည့်သံဃာက(၁၅)ပါးရှိနေပါသဖြင့်အားလုံးမနေလောက်သေးသဖြင့် ထိုလပြည့်နေ့မှာပင် ဦးအဂ္ဂဓမ္မ ဦးဆောင်၍ ဦးကုဝေရ၊ ဦးဓမ္မိက၊ ဦးဇဋိလ၊ ဦးဝါယမတို့(၅)ပါးနေနှင့်ပြီး ဦးဝိလာသဂ္ဂ၊ဦးနန္ဒသိရိတို့

(၂)ပါးက ဆွမ်းခံပြီးအတူသွားစားကြသည်။

"အာရုံအတွက်"

ထို(၅)ပါးအာရုံဆွမ်းအတွက် မိမိကြိုတင်စုဆောင်းထားသော ဆန်တစ်ခွဲ၊ငါးခြောက်သုံးပိဿာ၊ဆီနှစ်ပိဿာ၊ လှော်ခြောက် တစ်သပိတ်၊ ဘီစကွတ်မုန့်စသည်များကို လျှို့ဝှက်နည်းဖြင့် ညတွင်ကျောင်းသား ကိုရင်များအိပ်တဲ့အချိန် ကျောင်းအနီးမှာနေသော မောင်စန်းလှိုင် တွန်းလှည်းဖြင့်ပို့ပေးရပါသည်။သဇင်ပန်းလမ်းရှိတကာ တကာမများ ကလည်း အာရုံဆွမ်းကပ်ကြပါသည်။

"တောင်းပန်(၂)ဘက်"

သံဃာအားလုံးနေနိုင်ရန်လက်ရှိအဆောက်အဦကလေးကိုဘေး(၂) ဘက်က(၆)လက်မလောက်နိမ့်ပြီးတောင်ပန်(၂)ဘက်အဖီချ၍ ခေါင်းရင်း က(၆)ပေတစ်ခန်းတိုးချဲ့လို ပါသဖြင့်ကဆုန်လဆုတ်(၂)ရက်၊ စနေနေ့ ပန္နက်ရိုက်၊(၃)ရက်မှစ၍ တိုးချဲ့ဆောက်လုပ်ကြ ၏။ကိုအောင်ထွန်း+ မမြင့်–မိသားစုက၊ဝါးကျောင်းတကာ၊ကိုအေးမောင်–ရန်ကုန်သစ်က မျောတိုင်တကာကိုထွန်းကြည်ကလက်သမားလုပ်အားပေး၊ မောင်စန်းလှိုင် လှည်းဖြင့် ရန်ကုန်သစ်ဆိုင်မှ ဝါး၊ ဓနိသယ်ရသည်။ကိုအောင်ထွန်း– မိသားစု၊ဒေါ်ခင်မေ–မိသားစု၊ ဦးပဥ္ဇင်း၊ကိုရင် တွေဟာ(၃+၄)ရက်အတွင်း အပူတပြင်းနေ့မအားညမအားလုပ်ကြရသည်။ဦးပဥ္ဇင်းကတော့ ဘုန်းကြီး နှင့်ပတ်ဝန်းကျင်မသိစေရန် ဣန္ဒြေမပျက် ကျောင်းမှာနေပြီး လိုအပ် သည် ကိုစီစဉ်ပေးရပါသည်။

"ရန်ကုန်သစ်မှ နှင်းဆီကုန်း"

၁၃၃၄–ခု၊ကဆုန်လပြည့်ကျော်(၇)ရက်၊ကြာသပတေးနေ့၊ ညနေ(၄)နာရီခွဲအချိန်တွင် သာသနပါလဘုန်းကြီးကို ကျောင်းပြောင်း ရွှေ့မည့်အကြောင်းလျှောက်ထားကာ ဦးကုဝေရ၊ ဦးဝေပုလ္လ၊ ဦးဝိလာသဂ္ဂ၊ ဦးအဂ္ဂ၊ဦးနန္ဒာသိရီ၊ဦးဝါယမ၊ဦးဇဋိလ၊ဦးခမ္မိက၊ရှင်သုမန၊ရှင်ရေဝတ တို့နှင့်အတူအပြစ်ကြီး၊အပြစ်ငယ်များရှိပါကခွင့်လွှတ်ပါရန်တောင်းပန်ဦးချ၍

ကိုယ့်ပစ္စည်းများကို ပြင်ဆင်ထုတ်ပိုး အဆင်သင့်စုဆောင်းထားကြပြီး ကိုထွန်း၏ရုံးကားအကူအညီဖြင့် နှင်းဆီကုန်းသို့ပြောင်းရွှေ့လာခဲ့ကြပါတော့သည်။

"ဦးထွန်းရှိန် မှ ရေပေး"

ပြောင်းရွှေ့သာလာရတယ်၊အကာနှင့်တံခါးက မပြီးသေးသဖြင့် နောက်နေ့မှထရံကာ၍ ခနီ–ကဲလား၊တံခါးများလုပ်ကြရသည်။နိမ့်တဲ့နေရာများကို မြေဖို့ခြင်း၊ကုဋီကျင်းတူးရခြင်း၊အနီးရှိရေစက်မှ ရေသွားထမ်းရခြင်း၊ပေပါတစ်လုံးသာရှိသဖြင့် ချက်ဖို့ပြုတ်ဖို့သုံးဖို့ထားပြီး ရေစက်ရေပေးတဲ့ အချိန်မှာ ရေစက်သမား–ဦးထွန်းရှိန်က သဲထုတ်တဲ့ပိုက်က ရေထုတ်ပေးသဖြင့် ရေများအလုအယက်ချိုးရခြင်းညအချိန်မြေသယ်ပြီးရေမရှိသဖြင့် သင်္ကန်းကိုရေစွတ်ပြီး မျက်နှာ၊ ခြေ၊ လက်လောက်သာပွတ်တိုက်ပြီးအိပ်ကြရခြင်းစသည်ဖြင့် နေ့မအားညမအား လုပ်ကြသည်။

"စာပို့လုလင်နှင့်ကုဋီကျင်း"

လက်ရှိအိမ်သာကလေးတစ်လုံးဖြင့် မလုံလောက်သောကြောင့် (၂)ခန်းတွဲကုဋီလုပ်ရန် ကျင်းတူးရာအောက်ကဂဝံမြေခံနေသဖြင့် ဆယ်ရက်လောက်တူးရ၍သုဝဏ္ဏ၊မီးဒုံးလမ်းနေ သင်္ကန်းကျွန်းစာတိုက် စာပို့လုလင် မောင်ဝင်းလှိုင်နှင့်အဖွဲ့သားများက ညနေရုံးပြန်ချိန်မှ ည(၁၀)နာရီလောက်ထိ(၃)ရက်တိုင်တိုင် လုပ်အားပေးကြသဖြင့် ကုဋီကျင်းပြီးသွားလေသည်။ ကုဋီအတွက်(၄)ပတ်လည်(၄)လုံးနှင့်ဆင့်၊ယက်မများကို အိမ်ရှင်ဦးကြည်ဝင်း+ဒေါ်မြ တို့၏အကိုကြီးဦးအေးမောင် ကလှူပါသည်။

"ပုံ့သကူအခေါင်းပျဉ်"

ကုဋီဆောက်ရန် တိုင်–အခင်းများရှိသော်လည်း ကျင်ကြီးစွန့်ချရန် ရေသရောက်သစ်သားပြားလိုနေသဖြင့် ကိုရင်၊ ဦးပဥ္စင်းများက သင်္ကန်းကျွန်း၊ ကျိုက္ကစံသုသာန်(ယခုစံပြဆေးရုံနေရာ)သို့သွားပြီး သုသာန်စောင့်များထံ အခေါင်းပျဉ်များကိုအလှူခံကြသဖြင့် အခေါင်းပျဉ်(၂)ချပ်နှင့်ခင်းစရာသင်းဖြူးမရှိသဖြင့်သင်ဖြူး(၅)ချပ်လှူလိုက်လေသည်။

ညမှောင်မှောင်လူများမမြင်လောက်တဲ့အချိန်မှသွားယူကြပြီး ညညကုဋီ တက်သောအခါအခေါင်းပျဉ်မှန်းသိလျှင်ကြောက်မှာစိုးသည့်အတွက် အများမသိအောင် စည်းရိုးကြားဖွတ်ထားပြီး နေ့ကြမှလက်သမား ဦးကုလားကြီးထံလွှတို့၊ ရေဘော်တို့ငှားကာသစ်ဆိုင်ကဝယ်လာသည့် ပုံစံမျိုးနဲ့ဦးဝိလာသဂ္ဂမှဦးဆောင်ပြီးကုဋီဆောက်ကြလေသည်။(၃)ရက်နှင့် အပြီးဆောက်၍ လက်ရှိအိမ်သာကလေးကို လူအိမ်သာအဖြစ် ထားရလေသည်။ ဘုရားလက်ထက်က ရဟန်းတော်များသုသာန်သို့ သွားပြီးပံ့သကူကောက်တယ်ဆိုတာ ယခင်ကမယုံသလိုလိုယခုကိုယ်တွေ့ ကြုံခါမှသုသာန်ဟာ လောကီအကျိုး လောကုတ္တရာအကျိုးရှိကြောင်း သိခဲ့ရသည်။သုသာန်စောင့်များကိုလည်း ပစ္စယနုဂ္ဂဟဖြင့် ထောက်ပံ့သော ကြောင့် အထူးကျေးဇူးတင်ရပေသည်။

"သစ်မရှိသေးခင် ဝါးပေါင်းကွပ်"

စာသင်သားဘဝက လာခဲ့ကြတာဆိုတော့ ရဟန်းဘဝမှာ သပိတ်တစ်လုံးရှိနေ ဖြစ်တာဘဲဆိုတဲ့အတိုင်း ဆွမ်းခံနေကြသပိတ်၊ ခွက်ကလွဲလို့ တခြားအိုးခွက်ပုဂံ၊ဖျာသင်ဖြူး၊စားပွဲ၊ရေနွေးအိုးစသော ပရိဘောဂအသုံးအဆောင်ပစ္စည်းဘာတခုမှအပိုမပါ'ပါ။ကြမ်းပေါ်မှာ အဝတ်စခင်းပြီး ဟင်းခွက်များတင်ကာတင်ပလ္လင်ခွေပေါ်သပိတ်ထား လျက် "သစ်မရှိသေးခင် ဝါးပေါင်းကွပ်"ဆိုသကဲ့သို့ ဖြစ်သလိုနေ၊ဖြစ် သလိုစား၊ဖြစ်သလို ဝါးကြမ်းခင်းပေါ်မှာ အိပ်ကြရပါသည်။နောက်မှ သုဝဏ္ဏာ၊မီးဒုံးလမ်းမှာနေသော ဦးဝေပုလ္လ၏ဆွမ်းခံအိမ် ဒေါ်သန်း၊ဦးသိရိန္ဒ ရဟန်းအမဒေါ်တင်တို့တစ်စုကစုပေါင်းပြီး၊စားပွဲတစ်ဝိုင်းစာ ဇွန်း၊ ပန်းကန်ပြားနှင့်အိုး၊ဒယ်၊ဇလုံစသောပစ္စည်းများကို 'တစ်နှယ်ငင် တဇင်ပါ'ဆိုသလို လာလှူကြလေသည်။ရန်ကုန်သစ်က တကာ၊တကာမ များကလည်း ဆန်၊ဆီ၊ဆား၊ငါးပိစသည်လှူဒါန်းကြပါသည်။

"သာသနာ ပြုရကျိုးနပ်"

ရပ်ကွက်ကလည်းဗမာအိမ်အနည်းငယ်မျှရှိပြီးရခိုင်၊မွတ်စလင်စပ်သော အာရကာရ်ကုလားတွေကများသည်။အလွန်ရိုင်းစိုင်းသည်။ဒန်အိုး၊ ဒန်ခွက်ရောင်းစားသောကုလားနှင့်တောင်းစားသော ကုလားများဖြစ်သည်။

ဗမာကလေဲဆင်းရဲသူ၊ဆင်းရဲသားများကများသည်။ရောက်ခါစ နှင်းဆီကုန်းရပ်ကွက်ထဲဆွမ်းခံသွားသည်။ဟင်းလေးသုံးခွက်နှင့် ဆွမ်းလေး(၄)(၅)(၁၀)စွန်းစာလောက်ရသဖြင့် ဦးအဂ္ဂမှာရပ်တန်းကရပ်ပြီးသုဝဏ္ဏဘက်ကို သွားရတော့သည်။ယခုနောက်ပိုင်းတော့ ယဉ်ကျေးလာဒါကိုတွေ့ရပါသည်။တချို့ရှိခိုး လာကြသည်။မယဉ်ကျေးသေးတဲ့သူများ ယဉ်ကျေးလာသဖြင့် သာသနာပြုရကျိုးနပ်ပါသည်။

"ရေစက်ချပွဲ"

(၁၃၃၄)ခု၊ နယုန်လဆန်း(၂)ရက်၊ တနင်္ဂနွေနေ့တွင် ဝါးကျောင်းတကာကိုအောင်ထွန်း+မမြင့်တို့က ပေါင်မုန့်၊အုန်းနို့ဆမ်း၊ ကျွဲနို့၊ မုံ့လက်ဆောင်များဖြင့်ကျွေးမွေးညှဲခံ၍ ကျောင်းရေစက်ချပွဲအခမ်းအနားကျင်းပပါသည်။သုဝဏ္ဏ၊နှင်းဆီကုန်း၊ရန်ကုန်သစ်မှ ပရိတ်သတ်(၁၀၀)ကျော်လောက်လာကြပါသည်။

"ကိုအောင်ထွန်းမှမိတ်ဆက်"

ကျောင်းရေစက်ချပွဲ၌အစီအစဉ်(၁၀)ရပ်ဖြင့်ကျင်းပပါသည်။ ကိုအောင်ထွန်းက သံဃာတော်များနှင့်ညှဲ့ပရိတ်သတ်များကို မိတ်ဆက်ပေးပြီး ကျွန်တော်တို့ကရန်ကုန်သစ်မှာနေတော့ သံဃာတော်များအတွက် ဆွမ်းခဲဘွယ်စသောလှူဘွယ်ပစ္စည်းများကို အနီးကပ်အမြဲတမ်းပြုစုနိုင်မှာမဟုတ်ပါဘူး။နှင်းဆီကုန်း၊သုဝဏ္ဏက တကာ၊တကာမများကတော့ အနီးကပ်နေရသဖြင့် ကျောင်းမှာလိုအပ်သောကိစ္စများကို အားပေးကူညီဆောင်ရွက်ပေးကြပါရန် ကျွန်တော်တိုက်တွန်းပါတယ်ခင်ဗျား ဟု မိတ်ဆက်တိုက်တွန်းစကားပြောကြားလေသည်။

" ဦးစိန်လင်းမှတိုက်တွန်း "

အခမ်းအနားမှူးဖြစ်တဲ့ဦးစိန်လင်းကကျောင်းတကာဦးအောင်ထွန်းတိုက်တွန်းတဲ့အတိုင်း ကျွန်တော်တို့ရပ်ကွက်အတွင်းမှာ တည်ထောင်လာတဲ့စာသင်တိုက်ရဲ့တာဝန်ဟာကျွန်တော်တို့ရပ်ကွက်သူ၊ ရပ်ကွက်သားများရဲ့တာဝန်ဖြစ်ပါတယ်။ယခင်က သုဝဏ္ဏနဲ့နှင်းဆီကုန်းဟာ သာရေး၊နာရေးကိစ္စရှိလို့မှ အနီးအနားဘုန်းကြီးပင့်စရာမရှိခဲ့ပါဘူး။ အခုမမျှော်မှန်းဘဲနဲ့ သံဃာတော်များကြွရောက်လာတာဖြစ်တဲ့အတွက်

အလွန်တရာဝမ်းမြောက်စရာကောင်းလှပါတယ်။ပြီးတော့လဲ သာမန်ကျောင်းမဟုတ်ပါဘူး။ယခု သံဃာ(၁၅)ပါးနဲ့စာသင်တိုက်တည်မှာဆိုတော့ ကျွန်တော်တို့ တတွေဟာ ပြည်တန်တဲ့ပတ္တမြားကြီးကောက်ရသလို ဗုဒ္ဓရတနာ၊ဓမ္မရတနာ၊သံဃာ့ ရတနာများကောက်ရ၊ဖူးမြော်ရတာမို့ အထိုက်တန်ဆုံး၊တန်ကြေးအရှိဆုံးဟုဆိုရမှာ ဖြစ်ပါတယ်။ဒါကြောင့် ကြွရောက်လာကြသော ရပ်ကွက်သူ၊ရပ်ကွက်သားများကလဲ သံဃာတော်များအတွက် ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး ပစ္စည်းလေးပါးဖြင့် ထိုက်ထိုက်တန်တန်ဝိုင်းဝန်းပြီး သာသနာပြုကြပါ ဟုတိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

"သီလယူ မေတ္တာပို့"

ထို့နောက်တကာ၊တကာမများက(၅)ပါးသီလခံယူဆောက်တည်ကြပါသည်။သီလခံယူပြီး သံဃာများက "မေတ္တံ ဘာဝေထ ဘိက္ခဝေ" ဆိုတဲ့အတိုင်း မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ဖတ်၍ မေတ္တာကမ္မဋ္ဌာန်းပွါးများပို့သကြပါသည်။

" ဩဝါဒပေး "

ယခုကျင်းပတဲ့ပွဲဟာ ကျောင်းရေစက်ချပွဲတနည်း၊ ကျောင်းအပ်ပွဲကျင်းပတာဖြစ်ပါတယ်။ကျောင်းတကာ၊တကာမများက ကျောင်းဆောက်ပြီး သံဃာတော်များအားကျောင်းရေစက်ချလှူဒါန်းတာမို့ကျောင်းရေစက်ချပွဲလို့ ပြောဆိုကြပါတယ်။ကျောင်းအပ်ပွဲဆိုတာက မိမိတို့ပိုင်ဆိုင်တဲ့ကျောင်းကို သံဃာတော်များအား သာသနာပြုနိုင်ရန် အပ်လိုက်ခြင်းဆိုတာပဲ။ယခုတော့ ကျောင်းတကာကိုအောင်ထွန်းက ကျောင်းတွင်မကဘူး။ တကာ၊တကာမတွေကိုပါ အစစအရာရာတာဝန်ယူလို့ လွှဲအပ်လိုက်ပါသေးသည်။ဘာဖြစ်လို့အပ်ရသလဲဆိုတော့ သာသနာပြုတဲ့နေရာမှာ ဆရာတကာလက်တွဲပြီး သာသနာပြုမှ ကြီးပွားနိုင်ပါတယ်။တဘက်ဘက်က အားနည်းချို့ယွင်းသွားလျှင်ခြေ(၂)ချောင်းရှိတဲ့လူဟာ တချောင်းကျိုးသွားလျှင် သွားလို့မရတော့သလို ပါဘဲ။

" မြေစမ်းခရမ်းပျိုး "

ပရိယတ္တိစာသင်တိုက်မရှိသေးတဲ့ လူမျိုးကြားတွေအများစုနေတဲ့ ဤနှင်းဆီကုန်း ရပ်ကွက်ကို မြေစမ်းခရမ်းပျိုးဆိုသလို စမ်းပျိုးကြည့်တာဘဲ။တကာ၊တကာမတွေ့ဘက်က ပစ္စည်းလေးပါးဖြင့် အပါး(၅၀) တာဝန်ယူနိုင်လျှင်(၅၀)၊ အပါး(၁၀၀)တာဝန်ယူနိုင်လျှင်(၁၀၀)၊ အပါး(၂၀၀)တာဝန်ယူနိုင်လျှင်(၂၀၀) စသည်ဖြင့်ယူပါက ဦးပဥ္စင်းတို့ဘက်ကတော တာဝန်ယူပါတယ်။ဆရာတကာလက်တွဲညီညီကြိုးစားအားထုတ်ကြမည်ဆိုလျှင် မကြာမီအတွင်ကြီးပွားတိုးတက် အောင်မြင်လာမည်ဖြစ်ပါသည်။အောင်မြင်မည်ဆိုတာလဲ လောကီဘဲလုပ်လုပ်၊ လောကုတ္တရာဘဲလုပ်လုပ် ရည်ရွယ်ချက်၊ဦးတည်ချက်ပန်းတိုင်ရှိမှဖြစ်ပါတယ်။ယခုစာသင်ကိုက် တည်ထောင်တယ်ဆိုတာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးစည်ပင်ပြန့်ပွားကြီးပွားတိုးတက်အရည်သဖြင့် ခိုင်မြဲပါစေခြင်းအကျိုးငှာရည်ရွယ်၍ တည်ထောင်ရခြင်းဖြစ်ပါတယ်။ရည်ရွယ်ချက်ပန်းတိုင်သို့ရောက်အောင်လည်း အမိဋ္ဌာန်ချ ထားရပါသည်။အဲဒီအမိဋ္ဌာန်ချက်ကလေးကို လိုက်ဆိုကြပါ။ဦးပဥ္စင်းကချပေးပါမယ်။

"ဇိနသာသနံ စိရံတိဋ္ဌတု"

ဇိနသာသနံ ငါးမာန်အောင်မြင်ဘုရားရှင်သည် (၄၅)ဝါကာလကြာအောင်မြွက်ဟထုတ်ဖော်ဟောကြားတော်မူအပ်သော ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာပဋိဝေဒသာသနာ ဟုဆိုအပ်သော ဤသုံးဖြာသော သာသနာတော်မြတ်ကြီးသည် စိရံ - အနှစ်ငါးထောင်ရှည်မြင့်ကြာအောင် တိဋ္ဌတု - ပစ္စယာနုဂ္ဂဟနှစ်ဌာနတို့ဖြင့် ကူညီစောင့်ရှောက်ချီးမြှောက်ကြကုန်၍မယိမ်းမယိုင်ကျောက်စာတိုင်ကြီးကဲ့သို့အမြဲတစေ တည်တန့်ပါစေသတည်း။

ဤအမိဋ္ဌာန်ချက်အရ သာသနာတော်ကြီးစည်ပင်ပြန့်ပွါးတည်တန့်စေရန်ရည်သန်၍ ကိုအောင်ထွန်း+မမြင့်တို့ကဝါးကျောင်းကလေးဆောက်လုပ်ပြီး ကျောင်းရေစက်ချလှူဒါန်းပွဲကျင်းပတာဖြစ်ပါတယ်။ "ဝိဟာရဒါနံ သဗ္ဗဒါနံ နာမ သော သဗ္ဗဒဒေါ ဟောတိ ယောဒဒါတိ ဥပဿယံ"ဆိုတဲ့အတိုင်းကျောင်းလှူရဒါဟာ အလုံးစုံကိုလှူတာမည်သတဲ့။

ဘယ်လိုမည်သလဲ။အရင်ကဒီနေရာကျောင်းမရှိဘူး။အခုကျောင်းရှိလာပြီ။ ကျောင်းရှိတော့ ရဟန်း၊သံဃာများ သီတင်းသုံးနေထိုင်ကြပြီ။ရဟန်း သံဃာရှိလာတော့ဒါနပြုရတယ်။သီလဆောက်တည်ရတယ်။တရား နာရတယ်။ကမ္မဋ္ဌာန်းဘာဝနာပွါးများရတယ်။ကုသိုလ်ပါရမီကံအားလျော်စွာ လူ၊နတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကိုရနိုင်မယ်။အဲဒီကုသိုလ်ထူး တွေဟာ ကျောင်းကိုအမှီပြု၊အကြောင်းပြုပြီးရဒါမို့ ကျောင်းအလှူဟာ အလုံးစုံကိုလှူတာမည်တယ်လို့ ဟောကြားခြင်းဖြစ်ပါတယ်။ဒါကြောင့် ဒီကနေ့ ကစပြီးပရိယတ္တိသာသနာတော်ကြီး ကြီးပွါးတိုးတက်အောင် ဆရာတကာလက်တွဲပြီး သာသနာပြုကြပါစို့ဟု တိုက်တွန်းရင်းနိဂုံး ချုပ်လိုက်ပါသည်။

ရေစက်ချရအောင် ရေစက်မချမှီ

"အမည်ပေး"

ကျောင်းတကာ က ရေစက်ချလှူလို့ကျောင်းတော့ဖြစ်သွားပြီ။ ကျောင်းတိုက်အမည်ကလိုသေးတယ်။အရင်နေ့ကတိုင်ပင်ပြီး ကျောင်းတိုက် အမည်စဉ်းစားကြတော့နာမည်ဆိုတာ ပါဠိတွေလိုပေးထား တော့လူတွေက မဖတ်တက်ဘူး။ခေါ်လည်း မခေါ်တက်ဘူး။"ဝေါဟာရ ဥာပနတ္ထံ " ဆိုတဲ့အတိုင်း ခေါ်ဝေါ်၍လွယ်ကူစေခြင်းငှာပေးရမယ်။ မိမိကလဲစစ်ကိုင်းသားဖြစ်၊တခြားကိုယ်တော်တွေကလဲစစ်ကိုင်း၊မုံရွာ၊ ချင်းတွင်း၊ပုလဲသားတွေဖြစ်နေတော့ စစ်ကိုင်းသားတွေခြည့်ဖြစ်နေသဖြင့် တိုင်းကိုဂုဏ်တင်သောအားဖြင့်၄င်း၊ အခေါ်လွယ်၊ အမှတ်လွယ်စေခြင်း ငှာ၄င်း၊ မိမိနေခဲ့သမျှ ဘယ်မှာနေနေ ဘွဲ့မခေါ်ဘဲနှင့် စစ်ကိုင်း၊စစ်ကိုင်း ဟု မြို့ကိုစွဲ၍ခေါ်ကြသောကြောင့် ၄င်း "စစ်ကိုင်းစာသင်တိုက်" ဟုအမည်ပေးလိုက်ပါသည်။အားလုံးစစ်ကိုင်းစာသင်တိုက် ဟုမှတ်ကြပါ။

"နေ့စဉ်ဆွမ်းဝတ်"

ကိုအောင်ထွန်း+မမြင့်တို့က ရေစက်ချအမျှတန်းပေးဝေပြီး ဧည့်ပရိတ်သတ်များအား ဧည့်ခံကျွေးမွေးကြပါသည်။ဧည့်ခံကျွေးမွေးပြီး ဦးစိန်လင်း၊ဦးကြည်လှိုင်တို့ဦးဆောင်ပြီး ဝေယျာဝစ္စအဖွဲ့ကလေးဖွဲ့ ကြပါသည်။အခုအရေးကြီးတာကနံနက်သံဃာတော်များအာရုံဆွမ်း

အတွက်လောလောဆယ်အရေကြီးနေပါတယ်။တစ်လ တစ်ကြိမ်ချက်ရပါမယ်။အဲဒါတာဝန်ယူကြပါဟုဦးကြည်လှိုင်က ပြောလိုက်သောအခါအသီးသီးတာဝန်ယူကြရန် (၄၅)ဦးရပါသည်။(၁၃၃၄)ခု နယုန်လဆန်း(၃)ရက်နေ့မှစ၍ တာဝန်ယူထားသော နေ့ရက်အတိုင်း အာရုံဆွမ်းချက်၍ မပျက်မကွက်လှူဒါန်းလာခဲ့ရာတွင် ယခု(၁၃၆၅)ခုနှစ်တိုင်အောင် နှစ်ပေါင်း(၃၀)ကျော်အထိရာသက်ပန်လှူဒါန်းလျှက်ရှိကြပ်သည်။

"ဆွမ်းဆန်စိမ်းခံထွက်ကြပြန်"

ကျွန်တော်တို့ ဒီကနေ့ကစပြီး သံဃာများဝေယျဝစ္စအတွက်ဆွမ်းဆန်စိမ်းခံထွက်ကြရမည်ဟု တိုင်ပင်ကြလျှက် လူပေါင်(၃၀)ကျော်လောက် ကြေးစည်တီးတောင်ထမ်း၊မောင်းထောင်ခွက်ကလေးတွေကိုကလေးတွေကိုင်ကာ နှင်းဆီကုန်းရပ်ကွက်ထဲသို့ ဆန်ခံထွက်ကြရာတွင်ဆန်(၁)တင်းခွဲလောက်နှင့် ဝတ္ထုငွေ(၁၁/)ရပါသည်။ထိုနေ့မှစ၍ တနင်္ဂနွေနေ့တိုင်း ဆွမ်း၊ဆန်ခံထွက်ကြပါသည်။ဝါတွင်းမှာမိုးများ၍ တကာများသာထွက်ပြီး ဝါကျွတ်သောအခါဦးပဥ္စင်းကိုယ်တိုင်ဦးဆောင်၍ သံဃာတော်အားလုံး ကြည်ညိုခံတန်းစီပြီးကြွကြပါသည်။ထိုနှစ်သံဃာ(၁၅)ပါး ရှိသည်မှစ၍ ယခုနှစ်သံဃာ(၃၅၀)ကျော်ရှိသည်တိုင်အောင်တနင်္ဂနွေနေ့ညနေတိုင်းသုဝဏ္ဏနှင့်နှင်းဆီကုန်းရပ်ကွက်များသို့တကာကြီးများဆောင်ရွက်စီမံမှုအတိုင်းတလလျှင် တနင်္ဂနွေ(၄)ပတ် (၄)ရပ်ကွက်အလှည့်ကျဆွမ်းဆန်စိမ်းခံထွက်လျှက်ရှိကြပါသည်။

"အောင်စည်ဆော်လိုက်စာသင်တိုက်"

စစ်ကိုင်းစာသင်တိုက်ကို (၁၃၃၄)ခု၊ကဆုန်လပြည့်ဗုဒ္ဓနေ့ (၁၉၇၂)ခု၊မေ(၂၇)ရက်ကြာသပတေးနေ့တွင် အောက်ပါသံဃာ(၁၅)ပါးဖြင့်စတင်တည်ထောင်ခဲ့ပါသည်။

| | ဘွဲ့ | အသက် | သိက္ခာ | မြို့ |
|---|---|---|---|---|
| ၁။ | ဦးဓမ္မာနန္ဒ | (၃၇) | (၁၇) | စစ်ကိုင်းမြို့ |
| ၂။ | ဦးဥတ္တရ | (၂၈) | (၉) | စစ်ကိုင်းမြို့ |
| ၃။ | ဦးအဂ္ဂဓမ္မ | (၂၇) | (၇) | မုံရွာ |
| ၄။ | ဦးကုဝေရ | (၂၅) | (၆) | မုံရွာ |
| ၅။ | ဦးသိက္ခိတ | (၂၅) | (၆) | ပုလဲ |
| ၆။ | ဦးဝေပုလ္လ | (၂၅) | (၆) | စစ်ကိုင်းမြို့ |
| ၇။ | ဦးဣန္ဒဝံသ | (၂၄) | (၅) | မုံရွာ |
| ၈။ | ဦးဝိလာသဂ္ဂ | (၂၄) | (၄) | ကျွဲပွဲ |
| ၉။ | ဦးဥာဏဓမ္မ | (၂၃) | (၃) | ပခုက္ကူ |
| ၁၀။ | ဦးဓမ္မိက | (၂၂) | (၃) | မုံရွာ |
| ၁၁။ | ဦးဇဋိလ | (၂၂) | (၃) | ရမည်းသင်း |
| ၁၂။ | ဦးနန္ဒာသိရိ | (၂၁) | (၂) | ကန့်ဘလူ |
| ၁၃။ | ဦးသိရိန္ဒ | (၂၁) | (၁) | ရေဦး |
| ၁၄။ | ရှင်အာဒိစ္စ | (၁၈) | | ဘုံးသီးတောင် |
| ၁၅။ | ရှင်ရေဝတ | (၁၇) | | စစ်ကိုင်းမြို့ |

"ကျောင်းသား(၅)ယောက်"

| | | |
|---|---|---|
| ၁။ | မောင်စိန်မောင် | မုံရွာ |
| ၂။ | မောင်ညွန့် | စစ်ကိုင်း |
| ၃။ | ခင်မောင်ညို | စစ်ကိုင်း |
| ၄။ | ဝင်းမြင့် | စစ်ကိုင်း |
| ၅။ | ခွေးမောင် | စစ်ကိုင်း |

"အဓိကပုဂ္ဂိုလ်များ"

၁။ ဦးမောင်မောင်ထွန်းအထက်တန်းစာရေးကြီးအမှတ်(၅)ချိုမျှင်စက်
၂။ ဦးအောင်ထွန်း ဒုတပ်ကြပ် အစိုးရဆီကားမောင်း
၃။ ဦးစိန်လင်း ရပ်ကွက်သမအတွင်းရေးမှူး သာရေးနာရေးဥက္ကဋ္ဌ
အစိုးရမဂ္ဂဇင်းပုံနှိပ်တိုက် စာစီ ပထမကြီးတန်းအောင်
၄။ ဦးကြည်လှိုင် ကြာဖံစက်မန်နေဂျာ

ဤပုဂ္ဂိုလ်များသည် စာသင်တိုက်ဖြစ်မြောက်ရေးအဓိကဆောင်ရွက်သော ပုဂ္ဂိုလ်များဖြစ်ပါသည်။

" ကျောင်းတိုက်တိုးတက်လာပုံ "

"နိဗ္ဗာနရုံဆောင်"

(၁၃၃၅)ခု (၁၉၇၃)ခုနှစ်တွင် တောင်ငူ၊ကျွဲပွဲမှဦးဝိလာသဂ္ဂ ဦးဆောင်၍ဆောက်ပြီးသားကျွန်းတိုင်လုံး(၂)အိမ်ကို(၂၄၀၀)ဖြင့်ဝယ်ယူခဲ့၍ (၂)ခန်း၊(၃)ခန်းလှေခါးဆောင်အဖိ(၂)ထပ်ကျောင်းထရံကာခနိမိုး၊ကြမ်းခမ်းဖြင့် ဆောက်လုပ်သည်။မအူပင်မြို့၊ရွှေတောင်မှော် ဦးကုန္ဒဝံသ ရဟန်းဒါယကာ ဦးသန်းအောင်+ဒေါ်တင်ကြည်မိသားစုမှလှေခါးဆောင် သီခြားလှူပါသည်။

"မိဂဒါဝုန်ဆောင်"

(၁၃၃၆)ခု (၁၉၇၄)ခုနှစ်တွင်နှင်းဆီကုန်း၊ (က)ရပ်ကွက် ဖေယျာသုခလမ်းနေမော်တော်ယာဉ်ထိန်းသိမ်းရေး တပ်ဒုအရာခံ ဗိုလ်ဦးအောင်သာထွန်း+ ဒေါ်နုရီမိသားစုမှ 'မ'တည်၍ (၄)ခန်း၊(၅)ခန်း ဘုရားဆောင်သီးခြားထုတ်၍ (၄)ပတ်လည်တိုင်ထရံကာ ခနိမိုး၊ ပျဉ်ခင်း၊ နှစ်ထပ်ကျောင်းဆောက်လုပ်လှူဒါန်းပါသည်။ဦးအောင်သာထွန်း မိသားစုသည် လုအင်အား၊ငွေအင်အား၊ပစ္စည်းအသုံးဆောင်မော်တော်ယာဉ် စသောလိုလေသေးမရှိ ကူညီထောက်ပံ့ကြသောကျေးဇူးများသော ကျောင်းဒါယကာဒါယိကာမများဖြစ်ပါသည်။

"ဝေဠုဝန်ဆောင်"

(၁၃၃၇)ခု (၁၉၇၅)ခုနှစ်တွင် (၄)ခန်း၊(၃)ခန်းမရမတိုင်၊ ဝါးဆင်၊ ဝါးကြမ်းထရံကာ၊ခနိမိုး(၃)ပေအမြင့်ဝါးကျောင်းဖြစ်ပါသည်။တဖန် (၁၃၄၂)ခုနှစ်မှာ (၄)ပတ်လည်တိုင်လျှာထိုး၊ပျဉ်ခင်း၊အထပ်သားမိုး

နှစ်ထပ်ကျောင်းဆောင်ပါသည်။(၁၃၄၉)ခု တပို့တွဲလဆန်း(၅)ရက် (၂၃-၃-၈၈)ခုနှစ် ကုလားတောရပ်ကွက်မီးလောင်၍မီးပွားကြပြီး အပေါ်ထပ်မီးလောင်ခဲ့ပါသည်။ထပ်မံပြင်ဆင်နေကြပြီး (၁၃၅၅)ခု နတ်တော်လဆန်း (၂)ရက်(၁၅-၁၂-၉၃)ဗုဒ္ဓဟူးနေ့တွင် မြေခံအမြဲတ္တစုတ် ရက်ရာဇာကြုံသဖြင့် မီးသင့်သောကျောင်းဟောင်းကိုဖျက်ခါ တတိယ အကြိမ်အလျား(၉၃)ပေအနံ(၄၅)ပေ အာစီသုံးထပ်တိုက်ဆောင်ရန် ပနက်ရိုက်ကြပါသည်။

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် သုခဝတီလမ်း ခြံအမှတ်(၁၀)နေ ရဟန်းအမကြီးဒေါ်လှကြီး က (၅)သိန်း'မ'တည်ငွေလှူဒါန်းသဖြင့် (၁၃၅၆)ခုကဆုန်လမှာစတင်ဆောက်လုပ်၍(၁၃၅၉)ခု(၁၉-၈-၉၇)နှစ်တွင် ယခုလက်ရှိဆွမ်းစားဆောင်အပါး(၃၅၀)ဆန့်၍ကုန်ကျငွေသိန်း(၃၀)ကျော် ဖြစ်သည်။ဓမ္မစကြာ ပုံ-ပဠ္စဝဂ္ဂီငါးဦးရုပ်လုံးပေါ်ဘုရားဆောင်ကို မအူပင်မြို့နယ် ရွှေတောင်မှော် ကုလားကျွန်းရွာနေ ဦးတိုး+ဒေါ်ရီ မိသားစုမှလှူဒါန်းပါသည်။

"ကုဋီဆောက်"

(၁၃၃၈)ခု(၁၉၇၆)ခုနှစ်တွင်မအူပင်မြို့ရွှေတောင်မှော် ကုလားကျွန်းရွာဦးဆိတ်တို မိသားစုမှရေလောင်းကုဋီ(၆)ခန်း တခန်း(၂၀၀၀)ကျပ်ဖြင့်လှူကြပါသည်။

"ဓာတဝန်ဆောင်"

(၁၃၃၉)ခု (၁၉၇၇)ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ဗုဒ္ဓဟူး နေ့တွင် မြေတိုင်း၄ာန ဦးသောင်းအေး ပန်းရံဆရာကြီးဦးသိန်းခံ၊ မြေတိုင်းဦးစံမြင့်တို့ပနက်ရိုက်ကြပါသည်။တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်နေ့မှမြေလိုင်းကျင်းများစတင်တူး၍ (၅)ခန်း၊(၄)ခန်း နှစ်ထပ်တိုက်ကို ဦးသိန်းလှိုင်၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဦးဘုန်းလွင် ၊ဓာတ်ပုံနှင့်စာရေးကိရိယာ ကော်ပိုရေးရှင်း ဦးအောင်သာထွန်း၊ဒုအရာခံဗိုလ် ဦးစောအောင် ဆာဂျင် တို့ဦးဆောင်၍ပန်းရံဦးထွန်းလင်း၊ပ-လ-က ဒုလ္လဘဘွဲ့ဦးနန္ဒာသီရိအဖွဲ့နှင့် လက်သမားစစ်ကိုင်းမြို့ ဆင်မြေရွာမှ ဦးညွန့်မောင်တို့အဖွဲ့ဖြင့်

ဆောက်လုပ်ခဲ့ရာ (၁၃၄၁)ခု(၁၉၇၉)ခု ဝါဆိုလဆန်း(၃)ရက်နေ့တွင်ပြီးစီးပါသည်။လှေခါးအဝင်သံပန်းတံခါး၊ပန်ကာများကို စားထွေရုံ ဦးလှသိန်းတို့အဖွဲ့မှလှူဒါန်း၍ ကျန်အားလုံးမှာ စုပေါင်းဘုံအလှူဖြစ်ပါသည်။စုစုပေါင်းကုန်ကျငွေမှာ(၈၂၀၀၀/)ကျော်ကုန်ကျပါသည်။ တဖန် (၁၃၆၆)ခုနှစ် နယုန်လပြည့်ကျော်(၁၀)ရက်(၁၂-၀၆-၀၄)စနေနေ့မှစ၍ စီးပွားကူးသန်းဝန်ကြီးဌာနမှဦးဆောင်၍ အများကောင်းမှုအာစီသုံးထပ်ဆောင် ပြန်လည်ဆောက်လုပ်ပါသည်။သိန်း(၆၀၀) ကျော်ကုန်ကျသည်။ယခုလက်ရှိကျောင်းဆောင်။

"ဂန္ဓာကုဋီဆောင်"

(၁၃၃၄)ခု၊ (၁၉၈၁)ခု ဒုတိယ ဝါဆိုလဆန်း(၁၀)ရက်နေ့တွင် သုဝဏ္ဏ၊ရန်ကုန်သစ်ရပ်ကွက်(၂)လမ်းနေ မိခင်ကြီး ဒေါ်အိမ်သန့်ကို အမှူးထား၍သား၊သမီးများဖြစ်ကြသော ကျန်းမာရေးမှူးဦးချစ်တင်+ဒေါ်ခင်ကြည်မိသားစုမှ ဂန္ဓာကုဋီဆောင်ကို ရေစက်ချလှူဒါန်းခဲ့ပါသည်။

ဤကျောင်းဖြစ်ပုံမှာထူးဆန်းလှပါသည်။'မရည်ရွယ်ဘဲ စော်ကဲမင်းဖြစ်' ဆိုသလို ဘုမသိဘမသိအရေးပေါ်ဖြစ်လာခဲ့ရပါသည်။ သကြန်အပြီး ကဆုန်လထဲမှာမိုးကလေးက ကျလာပြီမို့ ရှုံ့ဘွက်များဖြစ်နေသဖြင့် လမ်းခင်းရန်အုဋ်ကားတစီးဝယ်ပြီးပုံထားပါသည်။

တနေ့ ရန်ကုန်သစ် စံရိပ်ငြိမ်သီလရှင်ကျောင်းမှ ဆရာကြီး ဒေါ်ဧသိဂီက သူ့ရဟန်းဦးသီရိန္ဒထံဆွမ်းပို့လာရင်း မနက်(၈)နာရီ လောက်ရောက်လာပါသည်။ဦးပဥ္စင်းကလဲ ကျောင်းပေါ်ကဆင်းတဲ့အချိန် ဆရာကြီးကလဲဆွမ်းပို့ပြီးပြန်အလာ အုဋ်ပုံရဲ့အနီး အနားမှာဆုံကြပါသည်။အုဋ်ပုံကိုကြည့်ပြီး "အရှင်ဘုရား ဒီအုဋ်တွေကဘာလုပ်မလဲလို့" မေးပါသည်။ဦးပဥ္စင်းကလဲနောက်ပြောင်ပြီး "တိုက်ဆောင်မလို့ပါဗျာ" လို့ပြောလိုက်တယ်။

" ဒေါ်ဧသိဂီနှင့်ကျောင်းတကာ "

ဒီလိုဆိုတကာတစ်ယောက်ကပြောဘူးတယ်။လိုအပ်ရင် စစ်ကိုင်းကျောင်းမှာကျောင်းဆောက်ချင်သတဲ့။အပြန်သူ့အိမ်ကို ဝင်ပြောအုံးမယ်ဆိုပြီးပြန်သွားပါသည်။ကဆုန်လဆန်း(၈)ရက်နေ့ ပြောလိုက်တယ်။

(၁၀)ရက်နေ့ညနေ(၃)နာရီလောက်ကြတော့ ဒေါ်သော်ဂီနဲ့ တကာကြီး၊ တကာမကြီးလာပြီး တပည့်တော်တို့ကျောင်းဆောက်ပါမည်ဘုရား။ အခု(၁၀၀၀၀ိ/)လှူခဲ့ပါမည်။နောက်ထပ်လိုအပ်တာလှူပါမည်။ဝါဆိုအမှီ ပြီးအောင်ဆောက်ပေးပါမည်ဘုရားလို့ လျှောက်သွားလေတော့သည်။

ကြောင်တောင်တောင်အန်းတန်းတန်းရှေ့ဆက်ပြီးဘာပြောလို့ ပြောရမှန်းမသိဝန်ကြီးပိပြီး ရင်ထဲကို အလုံးကြီးဆို့ကာအကြံအတော် အိုက်သွားပါသည်။'ကိုယ်တွေ့ကြုံတော့လဲ သက်လုံကောင်းရမယ်' ဆိုသလို ပ-လ-က ပန်းရံဒုလ္လဘဦးနန္ဒသီရိကလဲရောက်နေတာနဲ့ တိုင်ပင်ကြပြီး (၁၁)ရက်နေ့ကျောင်းဆောက်မဲ့နေရာရှင်းကြပါ တော့သည်။ မြေတိုင်း၊ကျင်းတူး၊အုဌ်ရိုးများတက်ကျပါတော့သည်။စစ်ကိုင်းမှလက်သ မားဆရာကိုကျော်သောင်းတို့ကလဲ ကဆုန်လဆုတ်(၅)ရက်နေ့ ရောက်လာကြတာနဲ့အားလုံးတိုင်ပင်ပြီးနေ့ညမအားဆောက်လုပ်ကြရပါသည်။

ဂန္ဓကုဋီကျောင်းမှာအလျားပေ(၃၀)၊အနံ(၁၈)ပေ ရှေ့လေ့ခါး ဆောင် (၈)ပေနောက်အဖီ(၈)ပေ ရေလောင်းကုဋီ(၂)လုံး၊ (၂)ထပ် တိုက်ဆောက်ခဲ့ရာ (၁၃၃၄)ခုနှစ်နယုန်လပြည့်နေ့တိုင်ထူပြီး ဒုတိယဝါဆိုလဆန်း(၁၀)ရက်နေ့ကျောင်းရေစက်ချပွဲကျင်းပပြီး ဦးပဥ္စင်းကိုလဲသိမ်ထပ်မင်္ဂလာပြုလုပ်ပါသည်။ စုစုပေါင်းကုန်ကျငွေ (၁)သိန်း(၂)သောင်းကုန်ပါသည်။

"သာသနာ့ဥဒ္ဒိတိကပုဗ္ဗာရုံသိမ်တော်ကြီး"

(၁၃၄၆)ခုနှစ်ကဆုန်လဆန်း(၁၁)ရက်သိမ်သမုတ်ပြီး(၁၃၄၇)ခု (၁-၃-၈၆)ခုတပို့တွဲလဆုတ်(၅)ရက်အုဌ်မြစ်ချ၍(၁၃၄၈)ခု(၂၅-၄-၈၆)ခု သောကြာနေ့တွင်စပြီးဆောက်လုပ်ခဲ့ရာ (၁၃၄၉)ခု(၁၄-၂-၈၈) တပို့တွဲလဆုတ်(၁၂)ရက်တနင်္ဂနွေနေ့(၉)နာရီခွဲအချိန် သိမ်တော်ကြီး ရေစက်ချပွဲကျင်းပပါသည်။ကုန်ကျငွေ(၅)သိန်းကျော်ကုန်ပါသည်။

"အုဌ်တံတိုင်းခတ်"

(၁၃၅၁)ခု(၃၀-၅-၈၉)ကဆုန်လဆုတ်(၁၁)ရက်အင်္ဂါနေ့ဦးအာစိဏ္ဏ (ဘိုကလေး)တို့အဖွဲ့ အုဌ်တံတိုင်းမြောက်ဘက်မှစ၍ ခတ်ကြပါသည်။ နယုန်လဆန်း(၁)ရက်(၄-၆-၈၉)ရက်နေ့တွင် အရှေ့ဘက်ယခုလက်ရှိအုဌ်

တံတိုင်းပြီးသည်။

"တာဝတိံသာသုံးထပ်ဆောင်"

(၁၃၅၂)ခုတန်ခူးလပြည့်(၁၉၉၁)ခုမတ်လ(၂၉)ရက် သောကြာနေ့ နံနက်(၇)နာရီအချိန်သိကြားမြေခံရက်ရာဇာ မြောက်ပုဏ္ဏတိထိအရောက်တွင်ပနက်ရိုက်သည်။

(၁၃၅၂)ခု တန်ခူးလပြည့်ကျော်(၁၂)ရက်(၁၉၉၁)ခု ဧပြီလ(၁၀)ရက် ဗုဒ္ဓဟူးနေ့နံနက်(၇)နာရီ(၁၅)မိနစ်အချိန်တွင် သိကြားမြေခံကြိုသဖြင့် သံဃာတော်များကဇယန္တောဂါထာမှစ၍ ပဋ္ဌာနသုတ်အဆုံးတိုင် သုံးကြိမ်ရွတ်ဆိုကြ၍ရွှေအုဌ်၊ငွေအုဌ်၊ပတ္တမြားအုဌ် သုံးမျိုးစီ အရပ်ရှစ်မျက်နှာနှင့်ဗဟို(၉)ဌာန တနင်္ဂနွေဒေါင့် ဣဒ္ဓိ တနင်္လာ ခေမာစသည်နှင့်အလယ်ဗဟိုမှာ ကိတ္တိ ဟု အုဌ်မြစ်ချကြပ်သည်။

(၁၃၅၃)ခု တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်(၂၂-၁၁-၉၁)ခုသောကြာနေ့တွင် အခင်းအမိုးအကြမ်းပြင်ပြီးသွား၍ (၁၃၅၄)ခုနှစ် ဝါဆိုမှီအားလုံးပြီးသွားပါသည်။(၁၁)မီးငြိမ်းစေရန်ရည်ရွယ်၍ အလျား(၁၀)ပေ(၁၁)ခန်း၊အနံ ဗောဓိပက္ခိယ တရား(၃၇)ပါးရည်၍ (၃၇)ပေ ဝရံတာဆင်ဝင်ခင်းများဖြင့် (၃)ထပ်တိုက်ဆောက်လုပ်ကြပါသည်။ ဘိလပ်မြေ၊ကြမ်းခင်း၊လျှပ်စစ်မီးတပ်ဆင်မှုအားလုံးကို ဒုဗိုလ်မှူးကြီးဖေသွင်+ဒေါ်သောင်းသောင်းအေး တိုက်()စုပေါင်း၊သုဝဏ္ဏ မိသားစုကလှူ၍ သွတ်အချပ်(၂၀၀)ကို ကုလသမဂ္ဂစားနပ်ရိက္ခာ (ခေတ္တ-ဟောင်ကောင်)နေ ဦးကြည်ထွန်းမိသားစုက လှူဒါန်းကြပြီး ကျန်ရှိသောပစ္စည်းများမှာအများကောင်းမှုဖြစ်ပါသည်။သိန်း(၂၀)ကုန်ကျပါသည်။

"မုခ်ဦး"

အဝင်ဝမုခ်ဦးကို (၁၃၅၅)ခု ကဆုန်လဆန်း(၅)ရက် (၁၉၉၃)ခု မေလမှာပြီး၍ (၁၃၅၅)ခု ဝါခေါင်လပြည့်ကျော်(၁၁)ရက်(၁၂-၉-၉၃) တနင်္ဂနွေနေ့ နှစ်ဘက်မိဘများအမှူးထား၍ မောင်တင့်ဝေ+မပြုံးတို့မိသားစုက ရေစက်ချလှူဒါန်း ပါသည်။

(၁၃၅၅)ခုနယုန်လမှာတာဝတိံသာသုံးထပ်ဆောင် မြောက်ဘက်ကုဋီ(၉)ခန်းတွဲ အများကောင်းမှုဖြင့်ဆောက်လုပ်ပြီးစီးသည်။(၁)သိန်းကုန်

ကျသည်။

(၁၃၅၅)ခု (၁၉၉၃)ခု ၄င်းကျောင်းဆောင်အတွက် ဦးတိုး+ဒေါ်ရီ မိသားစုရွှေတောင်မှော် ကုလားကျွန်းမှ အဝိစိတွင်းနှင့်ရေကန်လှူသည်။ ဝါဆိုလဆန်း(၁၃) ရက်(၁၄)ရက်ပြီးသည်။သုံးသောင်းကုန်ကျပါသည်။

ယခုလက်ရှိ ဝေဠုဝန်ဆွမ်းစားဆောင် အာစီသုံးထပ်တိုက်ကို (၁၃၅၅)ခုနတ္တော်လဆန်း(၂)ရက်(၁၅-၁၂-၉၃)ဗုဒ္ဓဟူးနေ့တွင် မြေခံကောင်းအမြိတ္တရတ်ရရက်ရာဇာအခါနှင့်ကြုံသောကြောင့် ပနက်ရိုက်ကြသည်။

(၁၃၅၆)ခုကဆုန်လမှာစတင်တိုင်ထူကြ၍ (၁၃၅၉)ခု(၁၉-၈-၉၇) ခုနှစ်တွင်ပြီးပါသည်။ပန်းရံဦးအာစိဏ္ဍ၊ မောင်အောင်သူတို့အဖွဲ့၊ လက်သမားတောင်စွန်းမှမွန် ဦးအောင်တိုးတို့အဖွဲ့ဖြစ်ပါသည်။ အများကောင်းမှုသိန်း(၃၀)ကျော်ကုန်ပါသည်။

"နိုင်လွန်ကတ္တရာလမ်းခင်းခြင်း"

(၁၃၅၈)ခု ပထမဝါဆိုလဆန်း(၉)ရက်(၂၄-၆-၉၆) တနင်္ဂနွေနေ့ မှစ၍ သုဝဏ္ဏ၊ကျောင်းလမ်းနှင့်နှင်းဆီကုန်းဓေယျသုခလမ်းကို ကော်မတီဖွဲ့၍ကျောက်လမ်းခင်းကြပါသည်။

(၁၃၆၀)ခု နယုန်လ (၂၈-၅-၉၈)ခုနှစ်မှာ၄င်း(၂)လမ်းကို နိုင်လွန်ကတ္တရာခင်းပြီးပါသည်။ဆရာတော်နှင့်နီးစပ်ရာတကာ၊ တကာမ များမှ (၈)သိန်းကျော်ပါဝင်လှူဒါန်းခဲ့ပါသည်။ဆရာတော်မှစုပေါင်းလမ်း (၇)သောင်း၊ စိန်ပန်းမြိုင်လမ်း(၆၃၄၀၀ိ)ကျပ်လှူဒါန်းခဲ့ပါသည်။

(၁၃၆၁)ခု တန်ခူးလပြည့်ကျော်(၅)ရက်(၅-၄-၉၉)ခုနှစ် တနင်္လာနေ့ ည(၇)နာရီတွင် ကျောင်းလမ်းထိပ် မုခ်ဦးကို နှစ်ဘက်မိဘ များအား အမှူးထား၍ မောင်တင့်ဝေ+မပြုံး မိသားစု ပုဇွန်တောင်မှ လှူဒါန်းပါသည်။ဦးခင်ညွန့် ရွှေတိဂုံဘုရားထီးတင်သော အလယ်နေ့နှင့် တနေ့တည်းဖြစ်ပါသည်။

"ကသိကာရုံ"

ကုန်သွယ်လယ်ယာကျောင်းဆောင် (၁၃၆၁)ခုသီတင်းကျွတ် လဆန်း(၅)ရက်နေ့မှစ၍ စီးပွါးရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး

ဗိုလ်ချုပ်ကျော်သန်းကြီးမှူး၍အလျားပေ(၅၀)၊အနံ(၂၇)ပေ ကုဋီ(၆)ခန်းကို (၄)လနှင့်အပြီးဆောက်လုပ်လှူဒါန်းပါသည်။

"မိဂဒါဝုန်ဆောင်သစ်"

(၁၃၆၁)ခု သီတင်းကျွတ်၊(၂၀၀၀)ခုနှစ် အောက်တိုဘာလမှာ သစ်သား မိဂဒါဝုန်ကျောင်းဟောင်းဖျက်၍ ပေ(၅၀)၊အနံ(၃၀) အာစီ(၃)ထပ်တိုက် ဆောက်လုပ်ခဲ့ရာ (၁၃၆၄)ခု ဝါဆိုလဆန်း(၁၀)ရက် (၂၀၀၂)ခု ဂျူလိုင်(၁၉)ရက် အများကောင်းမှု သိန်း(၈၀)ကုန်ကျပါသည်။ ကိုယ်တိုင်ဆောက်ကြသဖြင့် ပန်းရံခကုန်ကျမှုမရှိပါ။

ဒေါ်လှကြီး သုခဝတီလမ်း၊ရန်ကင်းမှ (၁၁)သိန်း
စီးပွါးရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ (၁၀)သိန်း
ဦးစံသိန်း+ဒေါ်ဝင်းကြည်မိသားစု(၂၄)ရပ်ကွက်၊
သုဝဏ္ဏမှ (၅)သိန်း
ဦးခင်မောင်ညို+ဒေါ်မြင့်မြင့်ဦး(ခရိုင်ဂျာ)
စစ်ကိုင်းမြို့မှ (၃)သိန်း
ဦးဇော်ဝင်းမောင်+ဒေါ်မေနွယ်ထွန်း မိသားစု
(၂၅)ရပ်ကွက်၊သုဝဏ္ဏမှ (၃)သိန်း

"မီးခ"

(၁၃၆၄)ခု ဝါဆိုလဆန်း(၃)ရက် ဇူလိုင်(၁၂)ရက်နေ့ သောကြာနေ့ နေ့(၁၁)နာရီခွဲ အချိန် မိဂဒါဝုန်ဆောင်မျက်နှာကျက် လျှပ်စစ်မီးရှော့ဖြစ်၍ မီးခလေသည်။စီးပွါးကူးသန်းဝန်ကြီးဌာနမှ သိန်း(၂၀)ကုန်ကျခံ၍ ဝါဆိုမှီ အသစ်မွမ်းမံပြု ပြင်လှူဒါန်းပါသည်။

"မုခ်ဦးဆောင်ပုံ"

'စာပုလွေရင်မှာပိုက်ပါလို့ ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်' ဆိုတဲ့အတိုင်းဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် သားကလေး ဖွါးမြင်လို့ ကျောင်းအပ်ချိန်အရွယ်သို့ရောက်လာတယ်ဆိုလျှင် မိခင်ကဆွမ်းအုပ် ကလေးရွက်ခါ ဖခင်က သားကလေးကို လက်ဆွဲလျက် စာပုလွေ ရင်မှာပိုက်ပြီး ရွာဦးထိပ်က ဘုန်းတော်ကြီးကျောင်းသို့ စာပေပညာများ

သင်ကြားစေရန်အပ်နှံကြတဲ့ ဓလေ့ထုံးစံ ယဉ်ကျေးမှုများရှိခဲ့ကြပါသည်။
ထိုသို့ပညာသင်လို့ ၁၄–၁၅ နှစ်အရွယ်သို့ရောက်လာတဲ့အခါမှာ ရှင်သာမဏေပြုပေးခဲ့ကြပါတယ်။ရှင်သာမဏေဘဝမှအသက်(၂၀)ပြည့်တဲ့အခါ ရဟန်းခံပေးကြပြီး ပိဋကတ်စာပေများကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီးတဲ့အဆုံးမှာမိမိတို့တတ်မြောက်သင်ကြားထားတဲ့ ပညာရပ်များကို သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ပါစေခြင်း အကျိုးငှာ စာသင်တိုက်ကြီးများတည်ထောင်ကြလျက် သာသနာပြုတော်မူကြသည်ကိုရည်ရွယ်၍ဓာတာခွင်စာပုလွေပုံစံအတိုင်းမှခ်ဦးပြုလုပ်ပါသည်။

"အခွန်လွတ် သာသနာ့မြေ"

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ သာသနာရေးသာသနာ့မှုအလို့ငှာ မြေရာအပိုင် ပတ္တာစာချုပ် သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်း(၅၃)မြေကွက်(၃၀)'ဃ'အမှတ်(၅၄) (၄၃)အစိမ်းရောင်ဆေးရေးခြယ်၍ အရှေ့–အနောက်(၂၅၀)ပေ၊တောင်–မြောက်(၂၄၈)ပေ၊လက်ရှိအုဋ္ဌတံတိုင်းအနံရှိမြေဧရိယာအားလုံးကို ပြည်ထဲရေးဝန်ကြီးဌာန၏(၇–၂–၂၀၀၁)ရက်စွဲပါ(၁၀–၅–၂၀၀၂) စာအမှတ်(၂၀၀/၂–၇၊ ဦး ၁–အမိန့်ကြော်ငြာစာအရသာသနာ့ဂရန် ထုတ်ပေးပြီးဖြစ်ပါသဖြင့် အခွန်လွတ်သာသနာ့မြေဖြစ်ပါသည်။

****************************************************

"တိုင်းမှတောင်းခံစာ"

တိုင်းသာသနာရေးဦးစီးဌာန ရန်ကုန်တိုင်း၊
စာအမှတ် ၁၀၂၀/၀၄/တသန ၂၀၀၃/(သာ–ထွေ)
ရက်စွဲ–၂၀၀၃–ခုနှစ်၊နိုဝင်ဘာလ(၁၁)ရက်

အကြောင်းအရာ ။ ။သံဃာအပါး(၁၀၀)အထက် ပရိယတ္တိစာသင်တိုက်ကြီးများ၏ သမိုင်းပြုစုပေးပို့ပါရန်လျှောက်ထား ခြင်းဘုရား။
(၂၅–၁၁–၂၀၀၃)ရက်အတွင်းပေးပို့ပါရန်)
"ကျောင်းတိုက်သမိုင်း"
ပေးပို့ပါသည်။ (၂၅–၁၁–၂၀၀၃)

(က) ကျောင်းတိုက်ဖြစ်ပေါ်လာပုံနောက်ခံသမိုင်း

စစ်ကိုင်းစာသင်တိုက်ဖြစ်ပေါ်လာပုံမှာ (၁၃၃၄)ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့(၁၉၇၂)ခု မေလ(၂၇)ရက် ကြာသပတေးနေ့တွင် သက်န်းကျွန်း မြို့နယ်၊သုဝဏ္ဏနှင်းဆီကုန်း(က)ရပ်ကွက်သဇင်ပန်းလမ်းနှင့်ဇေယျာသုခလမ်း အကြားသုဝဏ္ဏကျောင်းလမ်းထိပ် ဦးကြည်ဝင်း+ဒေါ်မြတို့မိသားစု နေထိုင်သော မြေကွက်အမှတ်(၃၀/က)ကို ရန်ကုန်သစ်(၁၆)လမ်းနေ ဦးအောင်ထွန်း(ဒုတပ်ကြပ်)+ဒေါ်မြင့်တို့မှ ဝတ္ထုငွေ(၅၀၀၀ိ/)ကျပ်ဖြင့် ဝယ်ယူ၍ ပရိယတ္တိစာသင်တိုက်တည်ထောင်ရန်သက်တော်(၃၇)နှစ် ဝါတော်(၁၇)ဝါရ ဆရာတော်ဦးဓမ္မာနန္ဒအား ပုဂ္ဂလိက လှူဒါန်းခဲ့ပါသည်။

ဆရာတော်မှရေစက်ချအလှူခံ၍ ထိုနှစ်ဝါမှာ ရဟန်း(၁၃)ပါး၊ သာမဏေ(၂)ပါး၊ကျောင်းသား(၅)ယောက်ဖြင့် ရန်ကုန်သစ်(၁၆)လမ်းနေ သာသနပါလကျောင်းစာချနေရာမှ သာသနပါလကျောင်း ဆရာတော် ဦးဥက္ကံသအား တောင်းပန်လျှောက်ထားလျက် ခွင့်ပြုချက်အရ စစ်ကိုင်းသားဇာတိဖြစ်သောကြောင့် မိမိမြို့ကိုဂုဏ်ယူသောအားဖြင့် စာသင်တိုက်၏နာမည်ကို "စစ်ကိုင်းစာသင်တိုက်"ဟု အမည်ပေး ကင်ပွန်းတပ်ခါ နှင်းဆီကုန်း(က)ရပ်ကွက် သဇင်ပန်းလမ်းသို့ ပြောင်းရွှေ့၍ စာသင်တိုက်စတင်တည်ထောင်ခဲ့ပါသည်။

ပထမကျောင်းမှာ မြေမှ(၃)ပေအမြင့် မရမပျောတိုင်၊ ဝါးဆင့်၊ ဝါးကြမ်း၊ထရံကာ၊ဓနိမိုး၊ဓနိကဲလားဖြင့်ဆောက်လုပ်ထားသော ဝါးတဲ ကျောင်းဖြစ်ပါသည်။နောက်တဖြေးဖြေး ဝါးကျောင်းမှသစ်သားကျောင်း၊ သစ်သားကျောင်းမှတိုက်ကျောင်းများဖြစ်လာခါ ယခု(နှစ်-၃၀)အတွင်း ဂန္ဓကုဋိနှစ်ထပ်တိုက်၊ဇေတဝန်ဆောင်နှစ်ထပ်တိုက်၊နိဂြောဓာရုံဆောင် နှစ်ထပ်တိုက်၊ ကသိကာရုံနှစ်ထပ်တိုက်(ကုန်သွယ်လယ်ယာ)၊ ပုဗ္ဗာရုံ သိမ်တော်ကြီးနှစ်ထပ်တိုက်၊မိဂဒါဝုန်ဆောင် သုံးထပ်တိုက်၊ ဝေဠုဝန် ဆွမ်းစားဆောင်သုံးထပ်တိုက်နှင့်မီးစက်၊ရေစက်များတိုးတက်လာပါသည်။ ဝါဆိုသံဃာမှာလဲ(၁၅)ပါးမှ(၃၅၀)ကျော်အထိရှိလာပါသည်။အရှေ့ အနောက် (၂၅၀)ပေ၊တောင်မြောက်(၂၄၈)ပေ အုဋ္ဌတံတိုင်းအရံရှိ မြေအကျယ်ကို(၇-၂-၂၀၀၁)ခုနေ့စွဲဖြင့်ပတ္တာစာချုပ်၍ အခွန်လွတ်

သာသနာ့ဂရန်ထုတ်ပေးပြီးဖြစ်ပါသည်။

(ခ) ဆရာစဉ်ဆက်အုပ်ချုပ်မှု

ဆရာစဉ်ဆက်အုပ်ချုပ်မှုမှာ ပဓာနနာယကဆရာတော်၊ တိုက်အုပ်၊ တိုက်ကြပ်၊စာချနာယကများထားရှိလျှက်ထေရ်စဉ်ဝါလိုက် အစဉ်အဆက် အုပ်ချုပ်ပါသည်။

(ဂ) ပရိယတ္တိအားထုတ်မှု

ပရိယတ္တိအားထုတ်မှုမှာ အခြေပြုမူလတန်းမှ ငယ်၊လတ်၊ ကြီး၊ ဓမ္မာစရိယတန်းအထိ စာပေများသင်ကြားပို့ချအားထုတ်ပါသည်။

(ဃ) သာသနာရေးဆောင်ရွက်မှု

သာသနာရေးဆောင်ရွက်မှုမှာ ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဥက္ကဋ္ဌတာဝန်၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်(နိုင်ငံတော်သီး ခြားဝိနည်းဓိုရ်)တာဝန်၊ နိုင်ငံတော်စုံစမ်းရေး တာဝန်၊သုဝဏ္ဏမြို့ဦးစေတီတော်ဂေါပက အဖွဲ့၏ဩဝါဒါစရိယတာဝန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ စာမေးပွဲ၏ ဩဝါဒါစရိယတာဝန်၊ သင်္ဃန်းကျွန်းမြို့အရှေ့ခြမ်းမလွန်ဆန်လူအသင်း၏ဩဝါဒါစရိယတာဝန်၊ သင်္ဃန်းကျွန်းမြို့နယ်လုံးဆိုင်ရာပရိယတ္တိနုဂ္ဂဟစာမေးပွဲ၏ဩဝါဒါစရိယ တာဝန်၊စာပေပို့ချခြင်းတာဝန်များဆောင်ရွက်နေပါသည်။

(င) ထူးချွန်ပုဂ္ဂိုလ်များပေါ်ထွန်းမှု မရှိပါ။

(စ) တိုက်တွင်းစာမေးပွဲကျင်းပမှု

တိုက်တွင်းစာမေးပွဲကျင်းပမှုမှာ ဝါဆိုလပြည့်ကျော်(၈)ရက်မှစ၍ တပိုတွဲလပြည့်အထိ အခြေပြု ငယ်၊လတ်၊ကြီးများကို ဘာသာရပ်အလိုက် တလ(၄)ကြိမ်ဥပုတ်နေ့တိုင်းကျင်းပ၍၊ဓမ္မာစရိယတန်းကို လပြည့်၊ လကွယ်(၂)ကြိမ်ကျင်းပပေးပါ သည်။တပိုတွဲလပြည့်ကျော် (၁)ရက်မှ စ၍(၇)ရက်တိုင် ဘာသာစုံတိုက်တွင်းစာမေးပွဲကျင်းပပေးပြီး စာအောင် သံဃာများကို အောင်လက်မှတ်နှင့်ဆုတော်ငွေများချီးမြှောက်ပါ သည်။

(ဆ) နှစ်စဉ်ဝါဆိုသံဃာစာရင်းလက်ခံမှု

နှစ်စဉ်ဝါဆိုသံဃာစာရင်းလက်ခံမှုမှာ သုံးရာမှ သုံးရာငါးဆယ် အတွင်း သက်ဆိုင်ရာထောက်ခံစာပါရှိမှလက်ခံပါသည်။

(ဈ) နိုင်ငံတော်ဘွဲ့တံဆိပ်တော်ဆက်ကပ်မှု

နိုင်ငံတော်ဘွဲ့တံဆိပ်တော်ဆက်ကပ်မှုမှာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ (၁၃၆၀)ခု (၂၀၀၀)ခုနှစ်၊ အဂ္ဂမဟာပဏ္ဍိတ (၁၃၆၅)ခု (၂၀၀၄)ခုနှစ်

(ဈ) ကျောင်းတိုက်ခွဲများတည်ထောင်မှုမှာ မရှိပါ။

(ည) တိုက်တာစည်းမျဉ်းထားရှိမှု

တိုက်တာစည်းမျဉ်းထားရှိမှုမှာ -

၁။ ဝိနည်းတော်နှင့်အညီလေးစားလိုက်နာနေထိုင်ရမည်။

၂။ နေ့စဉ်မှန်မှန်ဘုရားဝတ်တက်၊စာဝါတက်၊စာအံကျောင်းတက်ရကြမည်။

၃။ ဂိလာနမှတပါးဆွမ်းခံထွက်၊ဆွမ်းစားကျောင်းဆွမ်းစားရမည်။

၄။ တိုက်အုပ်၊ တိုက်ကြပ်၊ နာယကစာချအကြီးအကဲများ၏ စကားကိုရိုသေစွာလိုက်နာရမည်။

၅။ ဂိလာနမှတပါး အပါတ်စဉ်စာမေးပွဲများဖြေဆိုကြရမည်။

၆။ ရုပ်ရှင်၊ဇာတ်ပွဲ၊ဗီဒီယို၊တီဗွီ စသော ပျော်ပွဲ၊ ရွှင်ပွဲများကြည့်ရှုခြင်းမှ အထူးရှောင်ကြဉ်ရမည်။

၇။ နိုင်ငံတော်နှင့်ဆန့်ကျင်သော ပြောဟော၊ရေးသား ပါဝင်လှုပ်ရှားခြင်းတို့မှ အထူးရှောင်ကြဉ်ရမည်။

၈။ ခိုက်ရန်ဖြစ်ခြင်း၊သူတပါးပစ္စည်းခိုးယူခြင်း၊မာတုဂါမများနှင့်ရောယှက်ရှုပ်ထွေးဆက်ဆံခြင်းပြုလုပ်ပါက တိုက်တာမှထွက်ရမည်။

(ကျန်စည်းကမ်းများကျူးလွန်ပါက (၃)ကြိမ်ပြည့်လျှင်ထွက်ရမည်။)

****************************************************

တိုင်းသာသနာရေးဦးစီးဌာနမှ သံဃာအပါး(၁၀၀)အထက်စာသင်တိုက်များ၏သမိုင်းကိုတောင်းခံသဖြင့် အထက်ပါအတိုင်း (၂၅.၁၁.၂၀၀၃)ရက်နေ့က ပေးပို့ခဲ့ပါသည်။

“သံဃာတော်များတိုးတက်လာပုံ”

“ဝါဆိုစာရင်း”

| ခုနှစ် | ရဟန်း | ရှင် | ပေါင်း |
|---|---|---|---|
| ၁။ ၁၃၃၄- ၁၉၇၂ ခု | ၁၃ | ၂ | ၁၅ |
| ၂။ ၁၃၃၅- ၁၉၇၃ ခု | ၁၆ | ၆ | ၂၂ |
| ၃။ ၁၃၃၆- ၁၉၇၄ ခု | ၁၅ | ၉ | ၂၄ |
| ၄။ ၁၃၃၇- ၁၉၇၅ ခု | ၂၀ | ၇ | ၂၇ |
| ၅။ ၁၃၃၈- ၁၉၇၆ ခု | ၂၀ | ၁၀ | ၃၀ |
| ၆။ ၁၃၃၉- ၁၉၇၇ ခု | ၁၇ | ၁၅ | ၃၂ |
| ၇။ ၁၃၄၀- ၁၉၇၈ ခု | ၂၁ | ၂၁ | ၄၂ |
| ၈။ ၁၃၄၁- ၁၉၇၉ ခု | ၂၄ | ၂၈ | ၅၂ |
| ၉။ ၁၃၄၂- ၁၉၈၀ ခု | ၂၈ | ၃၂ | ၆၀ |
| ၁၀။ ၁၃၄၃- ၁၉၈၁ ခု | ၃၄ | ၃၁ | ၆၅ |
| ၁၁။ ၁၃၄၄- ၁၉၈၂ ခု | ၄၁ | ၃၉ | ၈၀ |
| ၁၂။ ၁၃၄၅- ၁၉၈၃ ခု | ၄၂ | ၅၇ | ၉၉ |
| ၁၃။ ၁၃၄၆- ၁၉၈၄ ခု | ၅၀ | ၅၅ | ၁၀၅ |
| ၁၄။ ၁၃၄၇- ၁၉၈၅ ခု | ၄၇ | ၇၂ | ၁၁၉ |
| ၁၅။ ၁၃၄၈- ၁၉၈၆ ခု | ၅၇ | ၇၂ | ၁၂၉ |
| ၁၆။ ၁၃၄၉- ၁၉၈၇ ခု | ၆၁ | ၆၄ | ၁၂၅ |
| ၁၇။ ၁၃၅၀- ၁၉၈၈ ခု | ၇၇ | ၆၄ | ၁၄၁ |
| ၁၈။ ၁၃၅၁- ၁၉၈၉ ခု | ၇၂ | ၄၇ | ၁၁၉ |
| ၁၉။ ၁၃၅၂- ၁၉၉၀ ခု | ၆၈ | ၇၁ | ၁၃၉ |
| ၂၀။ ၁၃၅၃- ၁၉၉၁ ခု | ၇၅ | ၇၇ | ၁၅၂ |
| ၂၁။ ၁၃၅၄- ၁၉၉၂ ခု | ၇၃ | ၉၉ | ၁၇၂ |
| ၂၂။ ၁၃၅၅- ၁၉၉၃ ခု | ၇၇ | ၉၆ | ၁၇၃ |
| ၂၃။ ၁၃၅၆- ၁၉၉၄ ခု | ၁၀၃ | ၉၂ | ၁၉၅ |
| ၂၄။ ၁၃၅၇- ၁၉၉၅ ခု | ၁၂၀ | ၁၂၃ | ၂၄၃ |
| ၂၅။ ၁၃၅၈- ၁၉၉၆ ခု | ၁၂၄ | ၁၃၇ | ၂၆၁ |

| ခုနှစ် | ရဟန်း | ရှင် | ပေါင်း |
|---|---|---|---|
| ၂၆။ ၁၃၅၉- ၁၉၉၇ ခု | ၁၃၅ | ၁၄၂ | ၂၇၇ |
| ၂၇။ ၁၃၆၀- ၁၉၉၈ ခု | ၁၃၄ | ၁၆၄ | ၂၉၈ |
| ၂၈။ ၁၃၆၁- ၁၉၉၉ ခု | ၁၄၅ | ၁၉၀ | ၃၃၅ |
| ၂၉။ ၁၃၆၂- ၂၀၀၀ ခု | ၁၃၈ | ၁၉၄ | ၃၃၂ |
| ၃၀။ ၁၃၆၃- ၂၀၀၁ ခု | ၁၆၁ | ၁၉၀ | ၃၅၁ |
| ၃၁။ ၁၃၆၄- ၂၀၀၂ ခု | ၁၆၀ | ၁၈၁ | ၃၄၁ |
| ၃၂။ ၁၃၆၅- ၂၀၀၃ ခု | ၁၇၁ | ၁၈၀ | ၃၅၁ |

"တိုက်တည်မှစ၍ စာချဘုန်းကြီးများ"

၁။ ဦးပဏ္ဍိစ္စ (ပခုက္ကူ) ယခုမိုးကုတ်ကြပ်ပြင်ဝွေးပင်ရွာ(ကျောင်းထိုင်)
၂။ ဦးအဂ္ဂဓမ္မ (မုံရွာ) ယခုကြို့ပင်ကောက်အညာစု (ကျောင်းထိုင်)
၃။ ဦးသုမန (ဆိတ်ဖြူ)ယခုဆိတ်ဖြူတောင်မရွာ (ကျောင်းထိုင်)
၄။ ဦးသြဘာသ (ပခုက္ကူ)ယခုကျွန်းချောင်း၊ရေနံမြေ (ကျောင်းထိုင်)
၅။ ဦးစက္ကိန္ဒာစာရ (ပုဂံ) ယခုကျုံမငေး၊ဘောပေါက်ရွာ (ကျောင်းထိုင်)
၆။ ဦးကုဝေရ (မုံရွာ)ယခုပုတီးကုန်း၊မယ်ဇလီတိုင်းရွာ(ကျောင်းထိုင်)
၇။ ဦးဝေပုလ္လာစာရ(စစ်ကိုင်း)ယခုစစ်ကိုင်းတောင်၊တောလေးထပ်၊(စာချ)
၈။ ဦးဣန္ဒာစက္က (မုံရွာ)ယခုမအူပင်မြို့၊ရွှေတောင်မှော်(ကျောင်းထိုင်)
၉။ ဦးဣန္ဒဝံသ(ချောင်းဦး)ယခုမအူပင်မြို့၊ငါးဖားအိုင်ရွာ(ကျောင်းထိုင်)
၁၀။ ဦးဝိလာသဂ္ဂ (ကျွဲပွဲမြို့)ယခုကျွဲပွဲတိုက်ကျောင်း (ကျောင်းထိုင်)
၁၁။ ဦးဥာဏဗလ (ဂန့်ဂေါ) (စာချ)
၁၂။ ဦးတိက္ခ (ချောက်မြို့) (လူထွက်)
၁၃။ဦးသုမင်္ဂလ (ဘုတလင်) ယခုမတ္တရာ၊ဥမှင်ကျောင်း (ကျောင်းထိုင်)
၁၄။ ဦးပဏ္ဍိတ (ပဲခူးမြို့) (လူထွက်)
၁၅။ ဦးဓမ္မပိယ (တန့်ဆည်မြို့) (ပျံလွန်)
၁၆။ ဦးခေမာဝံသ (ဒီပဲယင်း) ယခုကျောင်းကုန်းမြို့၊ (ကျောင်းထိုင်)
၁၇။ဦးသောပါက(ဘုတလင်)ယခုပုသိမ်မြို့၊တပ်ဦးကျောင်း (ကျောင်းထိုင်)
၁၈။ ဦးဇောတိက (ကောလင်း)ယခုမန္တလေး၊ကျွဲဆည်ကန်(ကျောင်းထိုင်)

၁၉။ ဦးဝိစိတ္တ (ရွှေဘို) ယခုမ/ဒဂုံ ၁၂–ရပ်ကွက် (ကျောင်းထိုင်)
၂၀။ ဦးသုစိတ္တ (သ၊စ၊အ)ရေဦးမြို့ ယခုမ/ဒဂုံ၊မစိုးရိမ်စာသင်တိုက်တည်၊
၂၁။ ဦးသုမန မလိုင်မြို့ (လူထွက်)

"၁၃၆၅–ခု၊ ၂၀၀၃–ခုနှစ်"

'လက်ရှိစာသင်တိုက်တာဝန်ထမ်းဆောင်လျက်ရှိသောပုဂ္ဂိုလ်များ'

၁။ ဦးဥတ္တရ (စစ်ကိုင်း)တိုက်အုပ် (မြို့နယ်ဝန်ဆောင်)
၂ ဦးသောဘန(စစ်ကိုင်း)တိုက်ကြပ်(ရပ်ကွက်အတွင်းရေးမှူး၊မြို့နယ်ဝန်ဆောင်)
၃။ ဦးပညာဝံသ(ပုသိမ်) (ဆွမ်းစားကျောင်းတာဝန်)
၄။ ဦးဥတ္တရ (စစ်ကိုင်း) (စာချတန်း) (စာချနှင့်မြို့နယ်ဝိနည်းဓိုရ်)
၅။ ဦးကောဝိဒ (မုံရွာ) (စာချတန်း) (စာချနှင့်မြို့နယ်ဝိနည်းဓိုရ်)
၆။ ဦးရာဇိန္ဒ(ဆိပ်ဖြူ)(သာသနဓဇဓမ္မာစရိယ)(စာချ၊ပုစ္ဆကတာဝန်ပထမပြန်)
၇ ဦးသုရိန္ဒ(ရေစကြို)(သာသနဓဇဓမ္မာစရိယ)(စာချ၊ပုစ္ဆကတာဝန်ပထမပြန်)
၈။ဦးဉာဏဓဇ (ဘုတလင်)(သာသနဓဇဓမ္မာစရိယ)(စာချ၊စာစစ်ပထမပြန်)
၉။ဦးသီရိပဝရ(ကန့်ဘလူ)(သာသနဓဇဓမ္မာစရိယ)(စာချစာစစ်ပထမပြန်)
၁၀။ ဦးဝိသုတ (ဘုတလင်)(သာသနဓဇဓမ္မာစရိယ) (စာချ)
၁၁။ ဦးစန္ဒာဇောတိ(စစ်ကိုင်း)(တက္ကသိလဓမ္မာစရိယ–မန္တလေး) (စာချ)
၁၂။ ဦးသောဘန (ဘုတလင်)(သာသနဓဇဓမ္မာစရိယ) (စာချ)
၁၃။ ဦးသီလာစာရ (ဘုတလင်)(သာသနဓဇဓမ္မာစရိယ) (စာချ)

"ပရိယတ္တိစာပေသင်ကြားတိုးတက်မှု"

စာပေသင်ကြားမှုမှာ အခြေခံအဆင့်နှင့် ငယ်၊လတ်၊ကြီးအဆင့်ကို အဓိကသင်ကြားခဲ့ပါသည်။အကြီးတန်းအောင်မြင်သောသံဃာများကို မန္တလေးမြို့ မစိုးရိမ်တိုက်သစ်နှင့်မြတောင်တိုက်များသို့ ဓမ္မာစရိယတန်းကို ဆက်လက်သင်ကြားစေပါသည်။(၁၃၆၀)ခု (၂၀၀၀)ပြည့်နှစ် ဤအချိန်မှ စ၍ဓမ္မာစရိယတန်းပါသင်ကြားပို့ချလျှက်ရှိပါသည်။

"ပါဠိတော်များချပေးပါ"

စာသင်တိုက်တည်ထောင်ပြီး (၁၃၃၅)ခုနှစ် ကဆုန်လတွင်မိမိ၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသောစစ်ကိုင်းတောင်တောလေးထပ်အဂ္ဂမဟာပဏ္ဍိတ စကုမှော်ဆရာတော်ဘုရားကြီးထံကန်တော့၍စာသင်တိုက်တည်သည့်

အကြောင်းလျှောက်ထားရာ "အေး မင်းတို့ခေတ်က စာမေးပွဲခေတ် ဆိုတော့ စာမေးပွဲပြဋ္ဌာန်းစာများကိုသာ ဦးစားပေးသင်ကြားပို့ချ နေကြတယ်ကွဲ။ဒါလဲစာမေးပွဲခေတ်ဆိုတော့စာမေးပွဲအောင်မှဂုဏ်ရှိတာမို့ ခေတ်အခြေအနေရလုပ်ပေးရမှာဘဲ။ငါအထူးတိုက်တွန်းလိုတာကတော့ တဘက်တလမ်းက ဝိနည်းပါဠိတော်ကြီးတွေဦးစားပေးပြီး ပါဠိတော်ကြီး တွေပို့ချပေးပါ။အဲဒီလိုပို့ချပေးမှ ဘုရားနဲ့တွေ့ရတယ်။ဘုရား၊တရားတွေ များများနာ၊များများကြားရတော့ ကြည်ညိုသထက်ကြည်ညိုပြီး သာသနာတော်ကြီး အစွန့်ရှည်တည်တန့်ခါ နှလုံးသားမှာ ကိန်းအောင်းခိုင်မြဲစေပါတယ်။ဒါကြောင့်ပါဠိတော်များကို ပို့ချပါလို့ တိုက်တွန်းပါတယ်။စာချတဲ့သူရော၊စာသင်သောသူရော တရားစာပေထဲ မှာ ကြဲစည်နှလုံးသွင်းမွေ့လျော်ပျော်ပိုက်နေတယ်ဆိုရင် သာသနာ မဆုတ်ယုတ်တော့ဘူး။တည်မြဲသွားမည်။မဆုတ်ယုတ်ပုံကို ဓမ္မပဒဘိက္ခုဝဂ်္ဂ ဓမ္မရာမမထေရ် ဝတ္ထုမှာ–

ဓမ္မာရာမော ဓမ္မရတော ၊ ဓမ္မံအနုဝိစိန္တယံ။

ဓမ္မအနုဿရံ ဘိက္ခု ၊ သဒ္ဓမ္မာနပရိဟာယတိ။

လို့ဟောထားတယ်ကွဲ" ဟုထိုစဉ်ကသက်တော်(၉၄)နှစ်ရှိ ဆရာတော်ကြီး က မမောနိုင်၊မပန်းနိုင် တပည့်အပေါ်သာသနာပြုပုံကို မိန့်တော် မှုခဲ့ပါသည်။

"စာမချရလျှင်ပျင်း"

ဆရာတော်ကြီး၏အဓ္ဈာသယ က ပရိယတ္တိစာပေ သင်ကြားပို့ချမှု အပေါ်၌အလွန်မွေ့လျော်တော်မူပါသည်။အမြဲတမ်းစာကြည့်၊ စာချနှင့် အချိန်ကုန်ပါသည်။"ငါကစာမချရလျှင် ပျင်းတယ်ကွ" ဟု မကြာ မကြာမိန့်လေ့ရှိပါသည်။တနေ့လျှင်နေ့ဝါ(၄)ဝါ၊ညဝါ(၃)ဝါ ဝါ(၇)ဝါတိုင် တိုင် သက်တော်(၉၀)ကျော်အထိပို့ချလျှက်ရှိပါသေးသည်။ မနက်(၉) နာရီမှာ ပါဠိတော်စာဝါပို့ချပါသည်။မိမိကိုယ်တိုင်ဆိုဝါဖြင့် ဝိနည်း ငါးကျမ်းသုတ်နှစ်ကျမ်းတက်ခဲ့ရပါသည်။မိမိသည် ဆရာတော်ကြီးထံ မှာနေစဉ် ဆရာတော်ကြီးကိုကူညီပြီး သာမဏေဘဝမှာပင် အငယ်တန်း၊ အလတ်တန်းစာဝါများပို့ချခဲ့ပါသည်။စာချဝါသနာပါမှန်းသိသဖြင့်

ပါဠိတော်ကြီးများပို့ချပေးရန် သတိပေးမိန့်တော်မူခြင်းဖြစ်ပါသည်။

"ဆရာ့ကျေးဇူးကျေပြီ"

ထိုအချိန်က မိမိမှာလဲပါဠိတော်ကြီးများကို ပို့ချနေဆဲဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဩဝါဒပေးပြီးအဆုံးမှာဝမ်းသာစွာဖြင့် 'တပည့်တော်လဲဆရာတော်ဖြစ်စေချင်တဲ့ဆန္ဒအတိုင်းဝိနည်း၊ပါဠိတော်ကြီးတွေပို့ချလျက်ရှိပါသည်ဘုရား။အခုဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓက ရောက်နေပါပြီဘုရား' လို့လျှောက်ထားလိုက်သောအခါ 'အေး ငါတပည့်ဆရာကျေနပ်ပြီ။စာသင်တိုက်တည်ထောင်ပြီး စာပေပို့ချ နေတယ်ဆိုလျှင် ဆရာ့ကျေးဇူးကျေပြီ။ဆရာ့ရဲ့ကျေးဇူးဆပ်ပြီးပြီလို့ သာမှတ်တော့။ ဆရာ့ကိုတခြားလှူဘွယ်ပစ္စည်းဝတ္ထုတို့ဖြင့်ကန်တော့စရာ၊ ကျေးဇူးဆပ်စရာမလိုတော့ဘူး။ ဆရာ့မှာလဲ အားလုံးပြည့်စုံတယ်' ဟု 'ငါမရှိလျှင် ငါလိုမှာစာချမည့်သူတွေ ရှိပါ့မလား'လို့ စိုးရိမ်ကြောင့်ကြ ပူပန်မှုတွေဟာ ယုံကြည်စိတ်ချငြိမ်းအေးသွားသောအသံဖြင့် အားပါးတရ မိန့်တော်မူပါသည်။သာရဏီယကထာမို့ မိမိမှာလဲအသက်ထက်ဆုံး အောက်မေ့နေမိပါသည်။

"ကျေးဇူးဆပ်"

ဆရာ့ကျေးဇူးဆပ်သောအားဖြင့် မနက်(၇)နာရီ ပါဠိတော်များချပေးပါသည်။သကြံန်အပြီးနှစ်ဦးအစ သံဃာအသစ်များရောက်လာသောအခါကျောင်းစည်းကမ်း၊ မေတ္တာပို့၊ ကမ္မာဝါစာ၊ ရဟန်းလောင်းဆုံးမခမ်း၊ သိမ်နုတ်၊သိမ်သမုတ်စတဲ့ ကမ္မာကမ္မသင်တန်းတစ်လလောက်သင်ပေးပြီး စာမေးပွဲဆိုင်ရာစာဝါများ ဆက်လက်ပို့ချပါသည်။

"စာမေးပွဲများ"

၁။ ဘုရားဖြူစာမေးပွဲ
၂။ သုဓမ္မဝတီသာမဏေစာမေးပွဲ
၃။ ဆုးလေစာမေးပွဲ
၄။ ယောက်ကော်စာမေးပွဲ
၅။ ယက္ခပူရစာမေးပွဲ
၆။ မစိုးရိမ်အဘိဓမ္မာစာမေးပွဲ

၇။ အစိုးရအဘိဓမ္မာစာမေးပွဲ

၈။ ဇာလီတောင်စာမေးပွဲ

၉။ ညောင်တုံးမြို့စာမေးပွဲ

၁၀။ သကျ်န်းကျွန်းမြို့နယ်စာမေးပွဲ

၁၁။ အစိုးရငယ်-လတ်-ကြီး-ဓမ္မာစရိယ စာမေးပွဲ

၁၂။ နိကာယ်စာမေးပွဲ

ဤစာမေးပွဲအားလုံးဖြေဆိုကြရာ၌ စာမေးပွဲတိုင်းအနည်းနှင့်အများ အောင် မြင်ကြပါသည်။တပိုတွဲလမှာ ဘာသာစုံကျောင်းတိုက် စာမေးပွဲ ကျင်းပပေးပါသည်။

"အခြေပြု ငယ်-လတ်-ကြီး စံချိန်"

(၁၃၆၁)ခု (၂၀၀၀)ခုနှစ်မှာစံချိန်အများဆုံးဖြစ်ပါသည်။ အခြေပြုတန်း:(၃၇)ပါး ပထမငယ်တန်း:(၅၈)ပါး၊ ပထမလတ်တန်း (၄၆)ပါး၊ ပထမကြီးတန်း:(၅၆)ပါးစုစုပေါင်း:(၁၉၇)အောင်မြင်ခဲ့ပါသည်။

"၁၃၆၄-ခု ၂၀၀၃-ခုနှစ် အောင်စာရင်း"

အခြေပြုတန်းမရှိတော့ပါ။ ပထမငယ်တန်း:(၃၁)ပါး။

ပထမလတ်တန်း:(၂၅)။ ပထမကြီးတန်း:(၁၄)ပါး။

စုစုပေါင်း:(၇၀)အောင်မြင်ပါသည်။

(၁၃၆၅)ခု (၂၀၀၄)ခု တပိုတွဲလကျောင်းတိုက်စာမေးပွဲမှာ ဓမ္မာစရိယတန်း:(ပါရာဇိကဏ်)(၂)ပါး၊(သီလက္ခန်)(၃)ပါး၊ပထမကြီး:(၅)ပါး၊ ပထမလတ်(၂၀)၊ပထမငယ်(၁၇)ပါး၊အခြေပြုမူလတန်း:(၃၁)ပါး စုစုပေါင်း (၇၈)ပါး အောင်မြင်ပါသည်။(ရာနှုန်း (၅၀%)အောင်ပါသည်) ပရိယတ္တိ စာပေသင်ကြားတိုးတက်မှုကိုသိသာရုံမျှ ဖေါ်ပြလိုက်ပါသည် ကျောင်းတိုက်မှတ်တမ်းစာအုပ်ကြီးထဲမှာအပြည့်အစုံရေးသားထားပါသည်။

"ကျောင်းထိုင်ဘုန်းကြီးများ"

တိုက်တည်၍ နှစ်ပေါင်း:(၃၀)အတွင်းမှာ အနယ်နယ်အရပ်ရပ်သို့ ကျောင်းထိုင်နေကြသော ကျောင်းထိုင်ဘုန်းကြီးများမှာလဲ (၃၀)ကျော် လောက်ရှိနေပါသည်။

ဤတွင်ကျောင်းသမိုင်းပြီး၏။

"ပုဂ္ဂိုလ်သမိုင်း"

သိမ်သမိုင်း၊ကျောင်းသမိုင်းကို ဖော်ပြလျှင်ပုဂ္ဂိုလ်၏သမိုင်းကိုလဲ ဖော်ပြရန်လိုလာပါသဖြင့် ပုဂ္ဂိုလ်၏သမိုင်းအကျဉ်းကိုပါ ဖော်ပြလိုက်ပါသည်။စစ်ကိုင်းမြို့သားဖြစ်သောကြောင့် စစ်ကိုင်းမြို့အကြောင်းကိုလည်း အကျဉ်းဖော်ပြလိုက်ပါသည်။

"စစ်ကိုင်းမြို့တည်"

ခြောက်ရာ့ခုနှစ်ဆယ်၊ ခုနှစ်ခုစွန်းမှာ၊ စောယွန်းအာဒိ၊ နရိန္ဒာအောင် ကိန်းသမယ၊ အောင်မြင်ခါဝယ်၊ အောင်မင်္ဂလာပြဟ္မာညွှန်း၊ ရွှေနန်းရွှေမြို့၊ ပျော်ဘွယ်သာသည်၊ ဓာတ်လေးမျက်နှာ၊ တံခါးဟိတ်ပေါ်ထွန်း၊ စေတီလှနှင့် ဆင်ဖြူကန်၊ သောတာပန်မှာ၊နတ်စံကွန်း၊ ခရုယာဗွေ၊ ရေစင်သွန်းလို့၊ ကွန်းရှန်း၃ာန ကိုးပါးစုံ၊အခါချိန်တော်၊တပြိုင်နက်ဟု၊သမိုင်းစာထွက်၊ မပျက်မော်ကွန်းပုံ၊တန်ခိုးကြီးမြင့်၊ထွင့်စည်းခုံမှာ၊မွေဓာတ်ကိန်းလှို ပျော်စံပလို့၊စေတီလှဟု၊နာမည်ဆောင်၊ထွန်းလင်းထိန်ထိန်ပြောင်၊ နောင်မှတ်သိဘို့၊သမိုင်းဆောင်သည်၊ရွှေညောင်ရိပ်ပျော်၊ဦးပုညတဲ့လေး။ (ဦးပုည–တေးထပ်)

"သတ်+သတ်+သော+မှာ၊သင်္ချာ၊တည်ခါရှစ်စံမှီ" (ရာဇဝင်သံခိပ်)

ညောင်ပင်သာ ဦးပုည တေးထပ် ရာဇဝင်သံခိပ် မှန်နန်းရာဇဝင်အရ စစ်ကိုင်းမြို့ကို သက္ကရာဇ်(၆၇၇)ခုနှစ်တွင် ပင်းယတစီးရှင်သီဟသူမင်းတရား၏သားတော် အသင်္ချာစောယွန်းမင်းသည် ဓေယျာပူရဟု သမုတ်ပြီးလျှင်မြို့ပြအင်္ဂါ စုံလင်စွာနှင့် ထီးသစ်နန်းသစ် တည်ထောင်လေသည်။ တည်ရှိရာဌာနကိုအရှေ့သော်'ယုန်ဖြူတောင်'၊အနောက်သော်'မင်းဝံတောင်'၊ အကြား၊ဘူမိနက်သန်မြေကြန်ကောင်းသော၊ယခုမှာ ဓေယျာကွက်သစ်ရပ်၊ ယခု သန္တိသုခချောင်အပါအဝင်ဟုသိရသည်။ရှင်ပင်နန်းဦးစေတီကား 'နန်းတော်ဦးစေတီ'ပင်တည်း။

"စစ်ကိုင်းမည်ကြောင်း"

တကောင်းပြည်ကို အစိုးရတော်မူသော သတိုးမဟာရာဇာ၏ မိဖုရားသည်သာသနာတော်(BC) (၄၀)တွင် သားတော် စူဠသမ္ဘဝ၊ မဟာသမ္ဘဝ မျက်မမြင်အမွှာညီနောင်ကိုဖွါးမြင်လေရာ မင်းတရားကြီး

ရှုက်တော်မူသဖြင့် မိဖုရားကြီးအားပျောက်ဖျက်ရန်အမိန့်ပေးလေ၏။ မိဖုရားကြီးသည် မျက်မှောက်တွင်မပျောက်ဖျက်ရက်သဖြင့် လှေဖေါင်ဖွဲ့ကာ အထူးထူးသော အစားအစာပြည့်စုံစွာစီမံပြီး ဧရာဝတီ မြစ်ကျော မျှောလိုက်၏။အစဉ်အတိုင်းမျှောလာရာစစ်ကိုင်းအရပ်သို့ရောက်လေသော် ဧရာဝတီမြစ်ဘက်သို့ ခပ်ကိုင်းကိုင်း ပေါက်ရောက်နေသော စစ်ပင်ကိုင်းကိုဖေါင်တိုက်မိလေ၏။ထိုအရပ်၌နေသော စန္ဒမုခီဘီလူးမသည် ဖေါင်ပေါ်တက်ရောက်ပြီးလျှင်မင်းသားညီနောင်တို့အားစားသောစားမြိန်စားထုပ်ကိုမပြတ်ဝင်၍စားလေ၏။ယင်းသို့ "စစ်ပင်ကြီး" ကိုင်းရှိရာအရပ်သည် မူလက "စစ်ပင်ကိုင်း"ဟု ခေါ်ဝေါ်သမုတ်ကြကာ နောက်ကာလကြာညောင်း၊ခေတ်အဆက်ဆက်ပြောင်းသော် "စစ်ကိုင်း" ဟုတွင်လေသည်။(စစ်ကိုင်းသာသနာဝင်မှ)

တနည်း ဧရာဝတီမြစ်သည် ဤအရပ်မှစပြီးကိုင်းသွားသောကြောင့် "စကိုင်း" ဟု တွင်သည်တဲ့။(ရေယာဉ်ပိုင်းတဲ့ရွှေစကိုင်း)

"ဘုရားလေးဆူလက်ထက်"

သုနာပရန္တတိုင်း အပါအဝင် စစ်ကိုင်းသမိုင်းကျမ်းများအရ ဤစစ်ကိုင်းအရပ်ဒေသသည် ကကုသန်ဘုရားလက်ထက်က "ဝိနာသ"၊ ကောဏာဂုံဘုရားလက်ထက်က "နေလာ"၊ ကဿပဘုရားလက်ထက်က "ပေါပေါ"၊ ဂေါတမဘုရားလက်ထက်တွင် "ရတနာ" ဟုတွင်ခဲ့ပြီးနောက်ယခု "စစ်ကိုင်း"ဟုတွင်သည်။

"ဦးပုည၏အတွင်းမှုဋ္ဌောသမိုင်း(၈၀)ခေါ်တေးထပ်"

သုနာပရန် ဤသည့်တိုင်းကို စစ်ကိုင်းသမိုင်းမော်ကွန်းလာ ကကုသံဇိန ပွင့်သောခါဝယ် အမည်သညာ ဝိနာသ။ကောဏာဂမနရှင်တော်ခါမှာ နေလာတပုံလွဲ၍ခေါ်ဝေါ်ကြ ကဿပသမ္ဗုဒ်ရွှေပွဲတော်မှာပေါပေါတွင်ခေါ်ဝေါ်ဟာရ ငါတို့မြတ်စွာဂေါတမ၏ ရွှေလက်ထက်ကရတနာ။ ယခုဝေါဟာတွင် သမိုင်းမှာတော့ စစ်ကိုင်းခေါ်ကြထက်ဝန်းကြေငြာ။ စစ်ကိုင်းတည်စ သခ်ယာသည် ခြောက်ဖြာရောင်ရှိန်ထိန်ထိန်ဝင်းတဲ့၊စကြာ အတွင်း မုဋ္ဌောစိန္တေ ထပ်မံတည်ခဲ့ပေ။မွေတော်ဓာတ်မြတ်ကိန်းဝပ်နေသည်။မာရ်မျိုးပယ်ချွဲဘုန်းရှိန်ထွန်းလှလေး။ ။

"ဘုရားဂုဏ်တော်(၉)ပါးရည်စူး၍တည်ပုံ"

အသင်္ခယာစေတယွန်းမင်းသည် ဓေယျာပူရနေပြည်တော်တည်သည့်အခါရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်(၉)ပါးကို ရည်မှန်းလျှက် (၉)ဌာနတပြိုင်နက်တည်း တည်ထောင်ခဲ့လေသည်။

ကိုးဌာနကား (၁)ရွှေနန်းတော်၊(၂) ရွှေမြို့တော်၊(၃-၄-၅-၆)ဓာတ်လေခါးကြီးလေးဌာန၊ (၇)စေတီလှခေါ်စည်းခုံဘုရား၊ (၈)သောတာပန်နတ်ကွန်း၊ (၉)ဆင်ဖြူကန်တို့ပင်တည်း။

"ဤဓေယျာပူရစစ်ကိုင်းတွင်"

(က) ချောင်းကိုးချောင်းနှင့်တောင်ကိုးတောင်

(ခ) ရတနာကိုးဆူ

(ဂ) အတွင်းမုဌော(၉)ဆူ၊ အပြင်မုဌော(၉)ဆူ

(ဃ) မှော်(၉)မှော်

(င) အတွင်း(၉)ကုန်း ၊ အပြင်(၉)ကုန်း

(စ) အတွင်း(၉)ကျင်း ၊ အပြင်(၉)ကျင်း

(ဆ) ချောင်း(၉)ချောင်း ၊ အင်း(၉)အင်း

(ဇ) သိမ်(၉)သိမ် ၊ ဂူ(၉)ဂူ

(ဈ) နတ်သိကြား(၉)ပါး

တို့ဖြစ်ရာ (၉×၉)လီ နဝင်းကြေတြင်းကြေမြို့ဖြစ်၍ ဘေးဥပါဒ်အန္တရာယ်ရန်စွယ်အပေါင်းတို့မှ ကင်းလွတ်ငြိမ်းချမ်းလျှက်သာသာယာယာဧမြေမြေ ရှင်ပြလျှက်နေကြပါသည်။

"တောပျော်ဆရာတော်များ"

(က) ပင်းယခေတ်က ရေငုံဆရာတော်၊အရိယာဝံသဆရာတော်

(ခ) အင်းဝခေတ်က သာသနာပိုင်တောင်ဖီလာဆရာတော်၊ အရှင်သီလဝံသဆရာတော်၊ ရွှေဥမင်ဆရာတော်၊ ပရက္ကမဆရာတော်၊ တောင်ဘီလူးဆရာတော်၊

(ဂ) ရတနာပုံမန်းခေတ်က ရတနာထွဋ်ခေါင်ဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်၊ ပဏ္ဍဝံသာဘိဓေ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ရဆရာတော်များ သီတင်းသုံးတော်မူခဲ့ကြပါသည်။

အရှင်ကေလာသ ဓမ္မာစရိယ ဂဏဝါစက ပြုစုသော စစ်ကိုင်းသာသနာဝင်စာအုပ်၌ စစ်ကိုင်းတောင်တောပျော်ဆရာတော်ကြီး(၈၂)ပါး၏ ဖြစ်တော်စဉ် ထေရုပ္ပတ္တိများဖော်ပြထားပါသည်။

ဘဒ္ဒန္တဥတ္တမ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဝိနည်းဓိုရ် ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ ဆရာတော်သည် ဝါးချက်မင်းကျောင်း ဆရာတော်ထံ ပညာသင်နေရာမှ သောတာပန်ရပ် ဦးအင်း+ဒေါ်ကျေးနှတို့ ပင့်ဆောင်လှူဒါန်းပါသဖြင့် (၁၇)ဝါအရ မှော်ကိုးမှော် အပါအဝင် စကုမှော်ကျောင်းတိုက်သို့ သီတင်းသုံးခါသံဃာအပါး(၁၀၀)ကျော်အထိ စာချပေးတော်မူခဲ့ပါသည်။ဂျပန်ခေတ် ခေတ်ပျက်သဖြင့်စစ်ကိုင်းတောင် အံတော်ချောင်သို့ ပြောင်းရွှေ့နေခဲ့ပါသည်။တဖန် မိုးဇာရပ်ကျောင်း အမကြီး ဒေါ်ဖွါးဆင်က တောလေးထပ်ချောင်ကို လှူဒါန်းပြန်သဖြင့် အသက်ထက်ဆုံး သီတင်းသုံးနေထိုင်တော်မူပါသည်။(၁၃၃၇)ခု နယုန်လဆန်း(၈)ရက် သက်တော်(၉၆)နှစ် ပျံလွန်တော်မူသည်။မိမိတို့လဲ သာမဏေဘဝမှပင် ဓမ္မာစရိယတန်းတိုင်အောင် ဆရာတော်ကြီးထံမှာ ပညာသင်ကြားခဲ့ပါသည်။

"ချောင်(၉)ချောင်"

ပိတောက်၊ရွှေဝါ၊ကောဏ္ဍညနှင့်ပရက္ကမ၊နူရုဒ္ဓါ၊မဟာ ဗောဓိလွန် သာယာတယ်ယုန်ဖြူ၊ပဘာ၊ဥပါလိ ဟူသော ဦးပုည၏တေးထပ်အရ ပိတောက်ချောင်၊ရွှေဝါချောင်၊ကောဏ္ဍညချောင်၊ ပရက္ကမချောင်၊ အနူရုဒ္ဓါ ချောင်၊ မဟာဗောဓိချောင်၊ ယုန်ဖြူချောင်၊ပဘာချောင်၊ဥပါလိချောင်။ ။တနည်း "ချောင်အစ တောင်ဖီလာက" ဟုဆိုရိုးအရ တောင်ဖီလာ၊ ရွှေဝါ၊ပိတောက်၊အနူရုဒ္ဓါ၊ ပရက္ကမ၊ ကျိုးမနိုး၊ ပဲစား၊ ပဘာ၊ ရေငုံ ဟုပြကြသေး၏။

"အင်း(၉)အင်း"

(၁)ရွှေကြာအင်း (၂)ပြူကမ်းအင်း (၃)တန့်တည်အင်း (၄)ရေမျက်အင်း (၅)ရေစားအင်း (၆)တုံးအင်း (၇)ဒေါင်းမအင်း (၈)သနွင်းတိုးအင်း (၉)ပုဏ္ဏားအင်း။

"မော်(၉)မော်"

(၁)ရင်ရဲမော် (၂)စကုမော် (၃)မိချောင်းတက်မော် (၄)ရွှေတောင်ဦးမော် (၅)နတ်ရဲမော် (၆)ကြက်ယက်မော် (၇)ရှင်လှမော် (၈)လေးကျွန်းမော် (၉)ပွဲတက်မော်။

"သိမ်(၉)သိမ်"

(၁)ရဟန္တာသိမ် (၂)ဇေတဝန်သိမ် (၃)တောင်ဘီလူးသိမ် (၄)ကျောင်းတော်ကြီးသိမ် (၅)လေးထပ်သိမ် (၆)မင်္ဂလာသိမ် (၇)နဒီသိမ် (၈)ဖိလာသိမ် (၉)လက်ယောက်သိမ်။

"စေတီ(၉)ဆူ"

(၁)ပတ္တမြားစေတီ (၂)ရွှေမြင်းမိစေတီ (၃)သရက်ခံဟံသာဝတီ (၄)ဥမင်ကိုးဆယ်စေတီ (၅)ဇေတဝန်စေတီ (၆)တောင်ဘီလူးစေတီ (၇)ကောင်းမှုတော်ကြီး (၈)ထူပါရုံစေတီ (၉)ပုညရှင်စေတီ။

"သိကြား(၉)ပါး"

(၁)ရွှေမြင်းမိသိကြား (၂)ပတ္တမြားသိကြား (၃)ဟံသာဝတီသိကြား (၄)ပြပုံတောင်သိကြား (၅)ပုညရှင်သိကြား (၆)ဇေတဝန်သိကြား (၇)တောင်ဘီလူးသိကြား၊ (၈)ကောင်းမှုတော်ကြီးသိကြား (၉)ထူပါရုံသိကြား။

"ဝါတွင်းပွဲတော်(၁၄)"

(ပုံ+တောင်+ဇေ+ချမ်း+သုံး+နန်း+နံ+လေး+ပ+ထု+ရှင်+ငါး+အောင် +ကောင်း)

(၁)ပုညရှင်ပွဲ (၂)တောင်ဖီလာပွဲ (၃)ဇေတဝန်ပွဲ (၄)ချမ်းသာကြီး ချမ်းသာရပွဲ (၅)ဥမင်သုံးဆယ်ပွဲ (၆)ရှင်ပင်နန်းဦးပွဲ (၇)ရှင်ပင်နံကိုင်းပွဲ (၈)လေးကျွန်းမာရ်အောင်ပွဲ (၉)ပတ္တမြားစေတီပွဲ (၁၀)ထူပါရုံပွဲ (၁၁)ရှင်ဖြူရှင်လှပွဲ (၁၂)ငါးထပ်ကြီးပွဲ (၁၃)အောင်မြေလောကပွဲ (၁၄)ကောင်းမှုတော်ကြီးပွဲ။ (မြို့ဆွမ်းတော်ကြီးအတွက်)

(ကောင်း+ပုံ+ရှင်+မင်+မြား+ဖီ+မိ+ဇော+ချမ်း+နန်း+စေ+လက်+ကောင်း)
(၁)ကောင်းမှုတော်စေတီ (၂)ပုညရှင်စေတီ (၃)ရှင်ဖြူရှင်လှစေတီ
(၄)ဥမင်သုံးဆယ်စေတီ (၅)ပတ္တမြားစေတီ (၆)တောင်ဖီလာစေတီ
(၇)ရွှေမြင်းမိ (၈)ဇောမိကျောက်ပတိုင် (၉)ချမ်းသာကြီးချမ်းသာရစေတီ
(၁၀)ရှင်ပင်နန်းဦးစေတီ (၁၁)ကျောက်စေတီ (၁၂)လက်ယောက်သိမ်
စေတီ (၁၃)ကောင်းမှုတော်စေတီ။

(တောရှာဆွမ်းတော်ကြီးများဝါတွင်းကာလဆွမ်းတော်ကပ်(၁၃)ဆူ(စေတီ)။

"ဓေယျာပုရတိုင်းစစ်ကိုင်းမြို့ (ပဌမ)"

(၁၃၅၂)ခုနှစ် ဥဒဏာစာဂီမဟာထေရ်စီရင်ရေးသားအပ်သော
အောင်သစ္စာစာပေတိုက် ကမာရွတ် ယာယီမှတ်ပုံ(၀၆၇)စာအုပ်ကလေးမှ-

"ဓေယျာပုရမည်ပုံ(ပဌမ)"

စစ်ကိုင်းမြို့ကိုတည်ထောင်သောအခါဝယ် အလယ်ဗဟိုရ်
တည့်တည့်၌ သစ်ခက်တဲနန်းထိုး၍ ဘုရင်မင်းမြတ်စံတော်မူသည်။
အရှေ့၊အနောက်၊တောင်၊မြောက် အရပ်လေးမျက်နှာ တစုတဝေးကြီး
မိမိငန်းတာနှင့်မိမိသုတ်သင်ရှင်းလင်း၍နေကြစဉ် အရပ်လေးမျက်နှာ၌
မထူးခြားဘဲ ဗဟိုရ်တဲနန်းတခုထဲ၌သာလျှင် မြေလျှင်ပမာတုံလှုပ်နေ
တော့သည်။ဘုရင်လည်းစုံစမ်းကြည့်ရှုသောအခါ "ဩော် ငါ၏နန်းတော်
နေရာတခုတည်းသာလျှင် တုံလှုပ်သည်တကား အကြောင်းဘာဖြစ်
အံ့နည်း" ဟုဟူးယားဖွဲ့ဟူးယားညီတို့ကိုခေါ်ပြီးမေးသည်။၄င်းတို့က
မြေအောက်ထဲ တဆယ့်ခြောက်တောင်လောက်မှာ အဆိပ်ပြင်းထန်လှသော
နဂါးကြီးတကောင်ရှိနေပါကြောင်း(၁၈)တောင်မျှ အလျားရှည်ပါကြောင်း၊
ဘုရင်၏ဘုန်းတော်ကံတော်ကိုမခံနိုင်ဘဲရှိနေပါကြောင်း၊ ပြသခြင်းမျှသာ
ဟု သံတော်ဦးတင်ကြသည်။ဘုရင်က မှန်ကန်လျှင်များစွာသော ဆုလာဘ်
တော်ဖြင့်ချီးမြောက်မည်။မမှန်သော် အပြစ်ဒါဏ်ခံရမည် ဟု၄င်းတို့ကို
အကျယ်ချုပ်ဖြင့်ဖမ်းထားလေသည်။နန်းသစ်ပြောင်းခါဆောက်ပြီး ၄င်း၏
နေရာကိုတူးသော် (၁၆)တောင်နက်လျှင်ပင် နဂါးကြီးကိုတွေ့ရပေ၏။
နဂါး၏ကိုယ်လုံးအတိုင်း ဘေးက ကပ်၍တူးစေရာ (၁၈)တောင်မျှရှည်
လျားပေ၏။ကိုယ်လုံးကလှည်းဘီးမျှတည်း။နဂါးနှင့်လျှော်အောင်

သစ်ခေါင်းပြုလုပ်ပြီး ရေထည့်လှည်းဘီးများတပ်၍ သစ်ခေါင်း၌ နေစေသည်။နဂါးလည်းဝင်၍နေပေသည်။နဂါးဦးခေါင်း၌ရွှေချပြီး ဖေါင်ပေါ်တင်၍ အညာသို့ဆန်စေခါ မဲဇာရွှေလီတော်၌လွှတ်ရသည်။ဤသို့မြို့တော်တည်သောအခါဝယ် နဂါးကို ပဌမအောင်နိုင်သောဌာန ဖြစ်သောကြောင့်ဖေယျာပူရ(အတုလဝတီ)မြို့တော်ဟုသမုတ်သည်။ (ပဌမ)တည်း။

"ဒုတိယ အတ္ထုဝိကာပ်"

ဖေယျာပူရမြို့မတည်မီ ပင်းယတစီးရှင်သည် သားတော်(၃)ဦးကို တလှည့်စီခေါ်၍မေးသည်။ပဌမအိမ်ရှေ့သားတော်မှာ ဆင်၊မြင်း၊ ဗိုလ်ပါ မည်မျှရှိပါကြောင်းတင်သည်။ဒုတိယသားတော်ကိုခေါ်ပြီးမေးတော့ ၄င်းမှာ ဆင်၊မြင်း၊ဗိုလ်ပါ ဘယ်လောက်ရှိသည် ဟုတင်သည်။တတိယ သားတော် အသခ်ယာစောယွန်းကိုခေါ်၍မေးသောအခါ ၄င်းမှာ အရိုးကြီးအားလုံးနှင့်လူသူဆင်မြင်း(၈၀)ခန့်သာရှိကြောင်းကိုတင်ပြသောအခါ ပင်းယတစီးရှင်သီဟသူက သားတော်ငယ်အား "ငယွန်းငယ် ငါမရှိလျှင် နင့်ကို နင့်နောင်တော်များက နှိပ်စက်တော့မည်တကား။ဘာပြုလို့ယခုလို အေးအေးဆေးဆေးနေဘိသနည်း။ကဲ ကဲ ငါရှိတုန်းပင် စစ်ကိုင်းဘက်သို့သွား၍နေလော့" ဟု (စကားတည့်၍ ချီးမြောက်သည့် သားကြီး၊သားလတ်များမသိရပေ) ဥပါယ်မှာ မြောက်တလွှား၌ ပေါ်နေသောရန်သူများကို နှိမ်နင်းစေရန်ခိုင်းသောအနေမျှသာပြုသည်။မြို့တည်ပြီး၍မြောက်တလွှားကစစ်သည်ဗိုလ်ပါများရသော်ပင်းယတစီးရှင်က စောယွန်းအားနိုင်နင်းစွာခုခံလော့။ သားတော်ကြီးလာလိမ့်မည် ဟု မှာထားပြီး။ ပင်းယတစီးရှင်ကပင်–

"သားတော်ကြီးရယ် ငယွန်းငယ်ကို ငါက မြောက်တလွှားက ရန်များကိုဖြိုစေသည်။သင်းကား ဒီလိုမဟုတ်ဘဲ မြောက်ဘက်တလွှားက လူတွေကိုကျွန်ပြု၍ မြို့တည်ကာခြားနားလေပြီ "ဟု ပြောပြသည်။ အိမ်ရှေ့မင်းသည် ဆင်၊မြင်း၊ဗိုလ်ပါမြောက်များစွာနှင့်သွား၍စီးသော်လည်း အကြိမ်ကြိမ်အရေးနိမ့်၍ပြန်ခဲ့ရလေသည်။ဒီတော့မှ ပင်းယတစီးရှင်က (စောယွန်းကို စိတ်ချလက်ချနှင့်ထားပြီး) 'သားတော်ကြီး ငယွန်းငယ်ကို ရန်မပြုနှင့်တော့ သူလဲအမွေရထိုက်သည်။ရောဝတီတဘက်၌မင်းပြုပါစေ'

ဟု အမိန့်ပေး၍နှစ်စဉ်ပူဇော်သက္ကာရပြုပြင် ပို့သစေသည်။ဤသို့နောင်တော်ကိုနိုင်၍(ဇေယျာပူရ)ဟု ခေါ်ရပြန်သည်။

"တတိယ အတ္တဝိကပ်"

ပင်းယတစီးရှင်လက်ထက်၌ပင် ပင်းယကိုမနာလိုဝန်တိုသောကျေးကုလားများသည် ကွမ်းကပ်၌ ဓာတ်မွေတော်(၇)ဆူထည့်၍ ရွှေမှီနှုတ်ပြီးဆက်သသည်။တစီးရှင်လည်း မစဉ်းစားဘဲ ကွမ်းခွက်၌ ကွမ်းထည့်၍ သုံးဆောင်မိရာ တကိုယ်လုံးယားယံခံရသည်။နေ့စဉ်ခံရလျှင်အကြောင်းကိုသိချင်၍ ပန်းထိန်တော်ငစိန်သင်အား ထုခွဲစေသည်။မွေတော်၊ဓာတ်တော်(၅)ဆူရလေ၏။ဘုရင်အားဆက်သရာ ကွမ်းခွက်မှာ(သတ္တဟု)တွေ့ရသည်။ဓာတ်မွေတော်(၇)ဆူသာရှိရမည်။(၂)ဆူဘယ်မှာဝှက်ထားသနည်းဟု အယူခိုင်းသည်။စိတ်ရိုးလှသော ပန်းထိန်ငစိန်သင်လည်း(၂)ဆူကိုမပေးနိုင်သဖြင့် ညတွင်းချင်းပင် ပေနှင့်တူကိုထမ်း၍ပြေးရသည်။

ညသန်းခေါင်ကျော်တော့ အင်းဝဆိပ်သို့ရောက်သည်။အညာကတံငါလှေကိုဆီးခေါ်ပြီး စစ်ကိုင်းဘက်သို့ကူးပြေးရသည်။နံနက်ကြမှ မိတ်ဟောင်း၊ဆွေဟောင်းဖြစ်သော ပုညအမတ်အိမ်သွားပြီး ခိုကပ်နေရသည်။ပုညအမတ်သည်ညအခါကြလျှင် ပေထဲ၊တူထဲမှ ဓာတ်မွေတော်များကွန့်မြူးသည်ကိုတွေ့ရသဖြင့် ပန်းထိန်ငစိန်သင်အား ဓာတ်တော်များပါလျှင်ပေးပါဟုတောင်းသည်။ငစိန်သင်က မပါပါဟု ငြင်းသည်။တောင်းမြဲတောင်းလွန်းတော့ ငစိန်သင်က ကျွန်ုပ်မှာသာတကယ်လို့များပါရှိပါက ပေးပြီးသားပါဟု ပြောပြတော့ကာမှ ရွှေခွက်ပန်းတောင်းဖြင့်သစ္စာအဓိဋ္ဌာန်ပြု၍ပင့်သော် ကွန့်မြူး၍ထွက်ကြွလာကြသည်။ဓာတ်တော်(၂)ဆူကိုစေတီတည်ရန် နှစ်ဦးသဘောတူတိုင်ပင်ကြရာယခုပုညရှင်ဌာန၌တည်မိကြလေ၏။(အကျယ်ကိုသမိုင်း၌ယူကြပါလေ)အသခ်ယာစောယွန်းသည် ပုညအမတ်နှင့်ငစိန်သင်တို့စေတီပြီးလျှင်"ငါ့ကို မတင်လျှောက်ဘဲပြုရသလား" ဟု ရာဇမာန်ရှ၍ ပုညအမတ်နှင့်ငစိန်သင်ကို (အင်းရေထဲ၌နှစ်၍)သတ်စေသည်။ရေကဝန်းဝိုင်း၍ ရေမထိစေပေ။ဒါနဲ့ ၄င်းနေရာကို"ရေဝန်းအရပ်"ဟုခေါ်ကြသည်။စောယွန်းလည်း နောင်တကြီး ရ၍

၄င်းနှစ်ဦးကို မသတ်ထိုက်သောရာထူးကြီးပေးခန့်၍ သက်တော်ရှည်ဝန်ကြီးဘဝထားလေသည်။ဤ၌လည်း မင်းကိုပင်နိုင်သောဌာနမို့ (ဧယျာပုရ)တိုင်းဟုတွင်ပြန်သည်။

“စတုတ္ထအတ္ထဝိကပ်”

အသင်္ခယာစောယွန်းဘုရင်နှင့် ပုညအမတ်၊ငစိန်သင်တို့(၃)ဦး ပေါင်းပြီး စေတီကိုငုံပြန်၍ ချဲ့ပြီးတည်ကာ ရွှေသင်္ကန်းကပ်တော်(၃၁)ဘုံ ကလူ၊နတ်၊ဗြဟ္မာသတ္တဝါများအားအမျှဝေသည်။၄င်းအထဲမှ ရှင်ဖြူ ရှင်လှတောင်စောင့်နတ်ကြီး၊သရက္ခန်တောင်စောင့်နတ်ကြီးစသော ဝဿဝရော တာနေဒက္ခ ယက္ခကိုးယောက်သိကြား၊ ကုမ္ဘဏ်(၇၇) ယောက်ဧတဝဘီလူစသောသောတာပန်များ(၉၉)ယောက်တို့က တောသံ၊ တောင်သံ ဟိန်းသွားအောင် သာဓုခေါ်ကြသည်။အလှူဒါနပေးတိုင်း အမျှဝေသော်လည်း ပုညရှင်တည်မှ သာဓုခေါ်တာလဲ နတ်များ ကိုအနိုင် ရခြင်းဟု ဆိုကာ(ဧယျာပုရ)တိုင်းဟု သမုတ်ပြန်သည်။ဧယျာပုရတိုင်း ဟု ခေါ်ရပုံကို ဝိကပ်ရှင်းပြချက်။။

“စစ်ကိုင်းမင်း(၇)ဆက်”

ဧယျာပုတိုင်း၊ မြို့စစ်ကိုင်း၊ တင့်လှိုင်းခုနှစ်လီ။(ရာဇဝင်သံခိပ်)

၁။ အသင်္ခယာစောယွန်း
၂။ နောင်တော်တရားဖျားကြီး
၃။ နောင်တော်တရားဖျားကြီး၏သားတော်ရွှေတောင်တက်
၄။ အသင်္ခယာ၏သားတော်ကြီးကျစွာ
၅။ ညီတော်ဆင်ဖြူရှင်တရားဖျားငယ်
၆။ ဆင်ဖြူရှင်နော်ရထာမင်းရဲ
၇။ မင်းပြောက် ဟု မင်း(၇)ဆက်စိုးစံသည်။

ဤသည်လျှင် ဧယျာပုရ(စစ်ကိုင်းမြို့)မည်ပုံသမိုင်းအကျဉ်းတည်း။

**************************************************

" တဲကြီးတိုက်နယ် "

ထိုစစ်ကိုင်းမြို့၏ အနောက်ဘက်အရပ်ဒေသကို တဲကြီးတိုက်နယ်ဟု မင်းအဆက်ဆက်သတ်မှတ်ခဲ့ကြသဖြင့် သက္ကရာဇ် ၁၃၆၇ ခု ခရာဇ်(၂၀၀၅)ခုနှစ်တိုင်အောင်(မြေစာရင်းအင်း-မြေပုံ၌ )တဲကြီးတိုက်နယ်ဟုပင် အမည်တွင်လျှက် ခေါ်ဝေါ်သုံးနှုံးအသိအမှတ်ပြုလျှက် ရှိကြပေသည်။

" တဲကြီးမည်ပုံ "

တဲကြီးမည်ပုံမှာ ကျောက်စာ၊ ပေစာ၊ ပရပိုက်စာ၊ ကျမ်းကြီး၊ ကျမ်းငယ်၊ အထောက်အထားအတိအကျမတွေ့ရှိရသော်လည်း ပါးစပ်ရာဇဝင်၊ ရာဇကထာခေါ်ရာဇပုံ၊ ကထာစာပေ၊ ပုံစာပေများသည် ရှေးမိဘ၊ ဘိုးဘွား၊ဆရာသမားအစဉ်အဆက်မှ " သက်ကြီးစကား၊ သက်ငယ် ကြား" ဆိုသလို ထိမ်းသိန်းစောင့်ရှောက်လာခဲ့ကြသဖြင့် ယနေ့တိုင် အထင်အရှားလက်တွေ့ ခေါ်ဝေါ်သုံးနှုံးလျှက်ရှိသောကြောင့် မဟုတ်နိုင်၊ မဖြစ်နိုင်၊ မမှန်ကန် ဟုတထစ်ချမယူဆသင့်ပေ။မိမိတို့မမှီလိုက်သော မိဘ၊ ဘိုးဘွားဆွေမျိုးစဉ်ဆက်များကို သိမှီသော လူကြီးများကပြောပြ လို့ အဘိုးမည်သူ၊ အဖွါးမည်သူ ဟု မြေးမြစ်များပြောပြကြသောအခါ ကျောက်စာ၊ ပရပိုက်စာတို့ဖြင့် ရေးသားထားခြင်းမရှိသောကြောင့် အသိအမှတ်မပြုနိုင်၊ မဟုတ်နိုင်ဟု မယူဆသင့်ပေ - ဟုတ်မှန်နေသဖြင့် အသိအမှတ်ပြုရပေမည်။

" တောင်ပိုင်းနယ် "

တဲကြီးတိုက်နယ်ကိုလည်း မြေစာရင်းအင်း၌သာနေ၌ တောင်ပိုင်း မြောက်ပိုင်း ခွဲထားပေသည်။ တောင်ပိုင်းတွင်ပါဝင်သောရွာများမှာ ငါးထပ်ကြီးဘုရား၏အနောက်ဘက်

| | | |
|---|---|---|
| ၁။ ကျောင်းတော်ရာရွာ | ၂။ ဘော်ဂါရွာ | ၃။ ချင်းစုရွာ |
| ၄။ အုန်း၌စက်ရွာ | ၅။ အိုးဘိုရွာ | ၆။ ရွာထောင်ရွာ |
| ၇။ ပျူကန်ရွာ | ၈။ မကျီးစင်ရွာ | ၉။ ဓီးချောင်းရွာ |
| ၁၀။ နေပူကုန်းရွာ | ၁၁။တဲကြီးရွာ | ၁၂။ သပြေပင်ရွာ |
| ၁၃။ ညောင်ကုန်းရွာ | ၁၄။ ကနတော်ရွာ | ၁၅။ ဂုံညင်းထောင်ရွာ |
| ၁၆။ ဗျင်ကြားရွာ | ၁၇။နောက်ကြည့်ကျွန်းရွာ | ၁၈။သလွန်ဖြူရွာ |
| ၁၉။ ကြွယ်လူးရွာ | ၂၀။ သဖြူးရွာ | ၂၁။ ဒေါင်းမရွာ |

၂၂။ ဆင်မြေရွာ ၂၃။ မိုးကြိုးရွာ ၂၄။ မအူပင်လေးရွာ
၂၅။ ဆွမ်းချက်ရွာ ၂၆။ ပဲကတိုးရွာ ၂၇။ ညောင်ပင်စင်ရွာ
၂၈။ မြင်းမွေးရွာ ၂၉။ ဖြဲတရော်ရွာ ၃၀။ ဆင်တပ်ရွာ

များနှင့် ချောင်း(၉)ချောင်းအပါအဝင် စင်းကျန်ချောင်း ၊ အင်း(၉)အင်း အပါအဝင် တန့်တည်အင်း၊(ယခု ကောင်းမှုတော်အင်း)၊ တုံးအင်း(ယခင် ရွှေတုံးအင်း)၊ ဒေါင်းမအင်းများပါဝင်လေသည်။ယနေ့တိုင် ခေါ်ဝေါ် သုံးနှုံးလျှက် ပင်ရှိသေးသည်။

" တန့်တည်အင်း "

ကောင်းမှုတော်ဘုရားသမိုင်းအရ သက္ကရာဇ်(၄၇၈)ခုနှစ် ပုဂံပြည် ဘုရင် အလောင်းစည်သူမင်း ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်ရာတွင် ကောင်းမှုတော်ဘုရား တည်မည့်နေရာသို့ရောက်သောအခါ ဖောင်စကြာ ရှေ့သို့မသွားဘဲ ရပ်တန့်နေသဖြင့် စုံစမ်းသော အခါ သီရိဓမ္မာသောကမင်း တည်ထားသော ရွှေမုဋ္ဌောဘုရားကို တွေ့မြင်ရသဖြင့် ဖူးမြင်ပြုပြင်ပြီး ဘုရားကို တန့်တည်ဘုရားဟုလည်းကောင်း(ယခု တန့်တည်ဘုရား)၊ ကောင်မှုတော်ဘုရား၏ တောင်ဘက်မုခ်အရှေ့ဘက်မှာရှိသည်။ထို ဖောင်စကြာ ရပ်တန့်သောအင်းကို တန့်တည်အင်း (ယခုကောင်းမှုတော် အင်းဟုလည်းကောင်း)အမည်တွင်လေသည်။ထိုအခါက ကောင်းမှုတော် ဘုရားမဟည်ရသေးပါ။

" မုခကထာ – ကိရကထာ "

မုခကထာဟူသည် ရှေးလူကြီးများအစဉ်အဆက်ပြောဆိုခဲ့သော ပါးစပ်ရာဇဝင် ဖြစ်သည်။စာပေတွေထဲမှာတော့ ကိရဟု တွေ့ရသည်။(ကိရ တဆင့်စကားကြားဘူးသည်ကား ဟုပြန်ဆိုသည်။)ဤနေရာမှာလည်း တဆင့်စကားကြားဘူးသော ပါးစပ်ရာဇဝင်အရဆိုလျှင် မအူပင်လေးရွာ၊ သာဒွန်းရွာသား စာပေဝါသနာပါသော အသက်(၈၀)ကျော် မူလတန်း ကျောင်းအုပ်ဆရာကြီး(ဦးဘလု) ပြောပြခဲ့သည်မှာ ကောင်းမှုတော်သမိုင်း နှင့် ဆက်နွယ်မှုရှိသောကြောင့် အသင့်ယုတ္တိရှိသည်ဟုယူဆရပေသည်။ သက္ကရာဇ်(၄၇၈)ခုနှစ်ပုဂံပြည်ဘုရင်အလောင်းစည်သူမင်းတိုင်းခန်း လှည့်လည်ရာတွင်စစ်ကိုင်းအနောက်ဧရာဝတီမြစ်မှကောင်းမှုတော်ဘုရား

ဘက်သို့သွားရာတွင် မြစ်ဝသို့ရောက်သောအခါ အနောက်သို့လှည့်ပြီး ကြည့်သဖြင့် ထိုရွာကို နောက်ကြည့်ကျွန်းရွာဟု တွင်လေသည်။

ထိုမှမြောက်တည့်တည့် ကောင်းမှုတော်ဘက်သို့ ဆက်ပြီးသွား ခဲ့ရာ ယခုတဲကြီးရွာနေရာ သို့ရောက်လျှင် တဲနန်းထိုးပြီး ခဏခေတ္တ နားနေခဲ့သောကြောင့် ထိုရွာကို တဲကြီးရွာဟု ခေါ်တွင်ခဲ့ လေသည်။ မင်းအဆက်ဆက်တဲကြီးရွာကိုသာ သမိုင်းဝင်အသိအမှတ်ပြုပြီး ယနေ့တိုင် တဲကြီးတိုက်နယ်ဟုထင်ပေါ်ကျော်ကြားပြီး ခေါ်ဝေါ်သမုတ်လျှက်ရှိကြပေ သည်။ကောင်းမှုတော်ဘုရားဘက်သို့ဆက်သွားသောအခါသီရိဓမ္မာသောက မင်းတည်ထားသော စေတီပေါင်းရှစ်သောင်း လေးထောင်အပါအဝင် ရွှေမုဋ္ဌောဘုရားအနီးသို့ရောက်သောအခါ ပေါင်တန့်ရပ်နေသဖြင့် ဘုရားကိုပြုပြင်ပြီး တန့်တည်ဘုရားဟု ဘွဲ့အမည်ပေးတော်မူသည်။ အင်းကိုလည်းတန့်တည်အင်း ဟုတွင်လေသည်။

" မင်းဦးတင်ဘုရား "

တန့်တည်အင်းမှ အနောက်သို့လာခဲ့ရာ ဒေါင်းမအင်းသို့ရောက် လေသည်။ဒေါင်းမအင်းမှ ဒေါင်းမချောင်းအတိုင်း တောင်ဧရာဝတီမြစ်ဘက် သို့ ပြန်လာခဲ့ရာသာသနာနှစ်(၂၂၄)ခုနှစ်ကသီရိဓမ္မာသောကမင်း တည်ထားခဲ့သော စေတီပေါင်ရှစ်သောင်းလေးထောင်အပါအဝင်ရွှေမုဋ္ဌော စေတီကိုတွေ့မြင်ရပြန်သဖြင့် အလောင်းစည်သူမင်းကြီးကိုယ်တိုင် ရှိခိုး ဦးတင်သောကြောင့် မင်းဦးတင်ဘုရားဟု အမည်တွင်ခဲ့လေသည်။

" မင်းဦးတင်ရွာ (မအူပင်ရွာ) "

ထိုမင်းဦးတင်ဘုရား၏အနောက်ဘက် ပထမတည်သောရွာကို မင်းဦးတင်အနောက်ရွာဟုအမည်တွင်သည်။ဘုရား၏အရှေ့ဘက်ကပ် လျှက် မြောက်ဒေါင်းမအင်းမှတောင်ဧရာဝတီမြစ်သို့ ဆက်သွယ်နေသော ဒေါင်းမချောင်းယခုမအူပင်ချောင်းရှိသည်။ အကျယ်ပေ(၃၅၀)လောက် ကျယ်၍ ရေအမြဲရှိနေသောကြောင့် ဘုရားနှင့်တည့်တည့် အရှေ့အနောက် တံတားဆောက်လုပ်ထားပါသည်။အဆင်းအတက်နှစ်ဘက်တွင် အုန္နလေ့ခါးများပြုလုပ်၍(၃၁)ဘုံဝင္ဇအတွင်းကကင်းလွတ်ရန်ရည်ရွယ်ပြီး (၁၀)ပေခန်း၊အခန်းပေါင်း(၃၁)ခန်းထားရှိပါသည်။အမြင့်(၁၆)ပေ ခန့်မြင့်

သော သစ်သားတံတားဖြစ်ပါသည်။

" ပွဲတော်ကျင်းပ "

ရွှေမုဋ္ဌောဘုရားခေါ် မင်းဦးတင်ဘုရား ယခု ဆုတောင်းပြည့် ဘုရားသည်ရှေးအခါကဤအရပ်ဒေသမှာ ပဲဖြူ၊ပဲနီ၊ပဲကြီးစသောပဲမျိုးစုံကို အဓိကစိုက်ပျိုးရာဒေသများဖြစ်သောကြောင့် ကိုင်းတက်၍ ပဲများပေါ်သော အခါဘုရားပြုပြင်ရန် ဘုရားပွဲကျင်းပရန်အတွက် တစ်အိမ်လျှင်တစ်တင်း၊ တစ်ခွဲ၊တစ်စိတ်၊တစ်ပြည်စသည်ခွဲတမ်းဖြင့် ရွာလူကြီးထံပို့ကြရပြီး သက်ဆိုင်ရာလူကြီးများက ပဲများကိုရောင်းချ၍ ရသောငွေဖြင့် ဘုရားပွဲ ကျင်းပပြုလုပ်သောကြောင့် 'ပဲပေး'ဘုရားဟုလည်းခေါ်ကြသေးသည်။ ပွဲတော်ရက်မှာ သီတင်းကျွတ်လပြည့်ကျော်(၃)ရက်နေ့ကျင်းပသည်။ ဘုရားရှင်တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ဆင်းသက်တော်မူလာသည့် အထိမ်းအမှတ်ဖြင့်မီးထွန်းပွဲ၊ဆွမ်းတော်ကြီးကပ်ပွဲ၊သံဃာ့ဒါနဆွမ်းလောင်းပွဲ ကျင်းပခြင်းဖြစ်သည်။ ကဆုန်လပြည့်ဗုဒ္ဓနေ့မှာလည်း ညောင်ရေသွန်းပွဲ ကျင်းပကြပေသည်။

" မင်းဦးတင် မှ မအူပင်လေးရွာ "

ဘုရား၏တောင်ဘက်ကပ်လျက်တောင်ကျောင်းကြီး၊မြောက်ဘက် ကပ်လျက် မြောက်ကျောင်းကလေးဟု ဘုန်းတော်ကြီးကျောင်း (၂)ကျောင်း ရှိပါသည်။ဘုရား၏အရှေ့ဘက်ကရွာကိုအရှေ့ရွာ၊မြောက်ဘက်ကရွာကို မြောက်ရွာဟုခေါ်ဝေါ်ကြသည်။

" သာဒွန်းရွာ "

အလောင်းစည်သူမင်းကြီးသည် ရွှေမုဋ္ဌောဘုရားကို ရှိခိုးဦးတင်ပြီး၊ ဧရာဝတီမြစ်ဘက်သို့ဆက်လက်စုံခဲ့ရာ သောင်ထွန်းနေသော သောင်အစပ် သို့ရောက်သောအခါ ဖောင်ကိုဆင်းပြီးတွန်းကြရာတွင် 'အသာတွန်း- အသာတွန်း'ဟုပြောဆိုကြသောကြောင့် ထိုသောင်ပေါ်၌တည်သောရွာကို 'အသာတွန်းရွာ'ဟုမည်တွင်ရာမှ ကာလရှေ့လျော၍(အသာတွန်း မှ သာဒွန်း)ဟုခေါ်ဝေါ်ကြလေသည်။ဘုရား၏အရှေ့တောင်ဘက်ယွန်းယွန်း မှာ ဖြစ်သည်။ ဧရာဝတီမြစ်နှင့်နီးကပ်သောကြောင့်လားမသိ၊နောက်တော့ အရှေ့ရွာ၏အရှေ့ဘက်အင်း(၉)အင်းအပါအဝင် တုံးအင်း၏တောင်ဘက်မှာ

ရွှေ့ပြောင်းနေထိုင်ကြလေသည်။ ယခင်ရွာနေရာကို 'ရွာဟောင်းကုန်းသာခွန်းကျွန်း'ဟုအမည်တွင်လျှက် ယနေ့တိုင် ကိုင်းများလုပ်စားလျှက်ရှိပါသည်။

ဘုရားကိုအမှီပြုပြီး ရွာများဖြစ်ပေါ်လာသောကြောင့် 'မင်းဦးတင်လေးရွာ မှ မအူပင်လေးရွာ'ဟုခေါ်ဝေါ်ကြလေသည်။ တဲကြီးရွာ၏အနောက်တစ်မိုင်ကျော်ကျော်လောက်ဝေးပါသည်။ ၁၃၆၄ ခု၊ခရာဇ် ၂၀၀၂ ခုနှစ်က စာရေးသူဦးဆောင်၍ စစ်ကိုင်းမြို့မှ တဲကြီးရွာ၊မအူပင်လေးရွာ၊ ဆင်မြေရွာအထိ (၅)မိုင်ရှိသောမြေလမ်းကိုကျောက်လမ်းပြုလုပ်ခဲ့ပါသည်။၁၃၅၉ ခု၊ ခရာဇ် ၁၉၉၇ ခုနှစ်က ရွှေမှဋ္ဌောဆုတောင်းပြည့်စေတီကို ထီးတော်အသစ်လှူဒါန်းခဲ့ပါသည်။၁၃၆၇ ခု၊ခရာဇ် ၂၀၀၅ ခုနှစ်တွင် သိန်း(၂၀) မတည်၍ 'ရွှေမှဋ္ဌောဆုတောင်းပြည့်ဘုရား'အနီးရှိ အမြင့်အတောင်(၅၀)ရှိသော ပဲနင်းကြီးလှူထားခဲ့သော 'ပဲနင်းစေတီကြီး' ကိုအသစ်တဖန်ပြုပြင်၍ ဝါဆိုလဆန်း(၉)ရက်နေ့မှာ ထီးတော်တင်ပွဲကျင်းပပါသည်။

" ဒေါင်းမရွာ "

အလောင်းစည်သူမင်းကြီးသည် ဒေါင်းမချောင်း၊ ယခု မအူပင်ချောင်း အတိုင်းမြစ်ဝသို့ဆက်လက်စုံသွားရာ ဖောင်၏ဒေါင့်တစ်ဘက်က ညိနေသဖြင့် 'ဒေါင့်က–မ ၊ဒေါင့်က–မ'ဟုပြောဆိုကြသည်ကိုအစွဲပြု၍ "ဒေါင့်မရွာ"ဟုခေါ်ဝေါ်ကြရာမှ ယခုအခါ "ဒေါင်းမရွာ" ဟုဖြစ်ပေါ်လာကြောင်း အသက်(၈၅)နှစ်တွင်အနိစ္စရောက်သွားသော မအူပင်ရွာ၊မူလတန်းကျောင်းအုပ်ဆရာကြီးဦးဘလှ ပြောပြသော မုခကထာစကားစဉ်ဆက်ဖြစ်ပေသည်။

" သမိုင်းဝင်ရွာများ "

ဒေါင်းမရွာ၏ အနောက်တောင် တစ်မိုင်ကွာလောက်တွင် ဘုရင်၏ဆင်များကျက်စားသောကျွန်းကို ' ဆင်မြေကျွန်း 'ယခု 'ဆင်မြေရွာ'၊ ပေါက်လှအမည်ရှိသော ဆင်ထားသောကျွန်းကို 'ပေါက်လှကျွန်း'၊ ရဲလှအမည်ရှိသော ဆင်ထားသောကျွန်းကို'ရဲလှကျွန်း' ၊ထိုကျွန်းများ၏အနောက်မြောက်မြစ်ကမ်းနဖူး ဆင်တပ်ထားသောရွာကို'ဆင်တပ်ရွာ'– ၊ဆင်တပ်ရွာ၏အရှေ့တစ်မိုင်ကွာတွင် ဘုရင်၏လှေတော်မှူထမ်းများနေ၍

ဖြဲတိုက်ထားသောရွာကို 'ဖြဲတိုက်ရွာ'ယခု ' ဖြဲတရော်ရွာ' (သမိုင်းဝင် "ကံတလု"ဘုရားရှိသောရွာ)၊ထိုရှေးယခင်အခါက ဖြဲတရော်ရွာသူများသည် ကဗျာလင်္ကာစပ်ဆိုရာ၌ 'တင်္ခဏုပ္ပတ္တိဉာဏ်'အလွန်ကောင်းသည်ဟု ထင်ပေါ်ကျော်ကြားသည်။ တစ်နေ့သောအခါ မန္တလေး ရတနာပုံနေပြည်တော်မှ လှေမှုထမ်းတစ်ယောက်သည် အကြောင်းကိစ္စတစ်ခုဖြင့် လှေဖြင့် ဖြဲတရော်ရွာသို့သွားလေသည်။ ကမ်းပေါ်တက်သွားသောအခါ ဖြဲတရော်သူတွေ ကောက်စိုက်နေတာတွေ့သဖြင့် စမ်းသပ်လိုသောအနေဖြင့် 'ခင်ဗျား တို့ဖြဲတရော်သူတွေ ကဗျာလင်္ကာအစပ်ကောင်းတယ်'လို့ ပြောကြတယ်၊ ကျုပ်ကို ကဗျာစပ်ပေးကြစမ်းပါ'ဟုပြောပြီး 'ကျုပ်က မန္တလေးမြို့တော်မှာ လှေတော်အမှုထမ်းနေတာပါ၊ ကျုပ်နာမည်က ' မောင်ဝွမ်းဝွမ်း 'တဲ့ဟု ကာရန်အစပ်ခက်အောင်ပြောလိုက်လေရာ သူ့စကားဆုံးတဲ့တပြိုင်နက်တည်း " မန်းရွှေမြို့ပေါ်၊ လှေတော်မှုထမ်း၊ ဖြဲတရော်သူ၊လာလို့စမ်း၊မောင့်ဝွမ်ဝွမ့်ဝွမ်း၊ဟုစပ်ဆိုလိုက်သတဲ့၊ထိုဖြဲတရော်ရွာ၏အရှေ့ဘက်ဘုရင်၏ မြင်းတပ်များ ထားသောရွာကို' မြင်းမွေးရွာ'၊ မန်းကျည်းစဉ်သူဌေး ဦးသာဘေးနေသောရွာကို 'မန်းကျည်းစဉ်ရွာ' (မကျီးစင်ရွာ)စသည်ဖြင့်သမိုင်းဝင်အစဉ်အဆက်ခေါ်ဝေါ်သုံးနှုန်းလျက်ရှိပါသည်။

## သုတေသနမှူးဆရာတော်ဦးသောဘိတ(ရွှေကိုင်းသား)၏ ဩဘာစာ

" နောင်လာ နောက်သား သိစေရန် "

ယုတ္တာ ယုတ္တိံ ဝိစာရေတွာ ဂဟေတဗ္ဗံ -ဟူသည်နှင့်အညီ သုတေသနမှူးဆရာတော်ဦးသောဘိတ (ရွှေကိုင်းသား)ကိုယ်တိုင် ၁၃၂၉ ခုနှစ်က မအူပင်လေးရွာ၊ဆုတောင်းပြည့် ရွှေမုဋ္ဌောဓာတ်ပေါင်းစေတီတော်ကို ထပ်မံပြုပြင် ထီးတော်တင်စဉ်က ရေးသားဖတ်ကြားသောမင်္ဂလာ ဩဘာစာ စာတမ်းကိုလည်းကောင်း၊ တောင်ကျောင်းကြီး ကျောင်းသိမ်သမုတ်ကျောက်စာကိုလည်းကောင်း၊ တဲကြီးတိုက်နယ်အတွင်းရှိ ရွာများ၏သမိုင်းအစဉ်ဆက်ကိုလည်းကောင်း၊စုံစမ်းထောက်ရှု၍ အသင့် ယုတ္တိရှိတန်သလောက်ရှိနေသည်ကိုတွေ့ရှိရသောကြောင့် စစ်ကိုင်းအနောက် တဲကြီးတိုက်နယ်၏သမိုင်းကို နောင်လာနောက်သားများ သိရှိစေရန် တတ်နိုင်သမျှစုံစမ်းရှာဖွေ၍ မှတ်တမ်းတင်ရေးသားထားရခြင်းဖြစ်ပါသည်။

" အထောက်အထားသာဓကများ "

၁၃၂၉–ခု၊ဥတုဂိမှန္တ ပြိဿရာသီ ကဆုန်လပြည့်နေ့
မအူပင်လေးရွာ ဆုတောင်းပြည့်

# ရွှေမုဋ္ဌော ဓါတ်ပေါင်းစေတီတော်ကြီး

ထီးတင်ပွဲဥဒ္ဒဖတ်ကြားအပ်သော
မင်္ဂလာသြဘာစာ။

ပုဗ္ဗေန္တိ ဂေါစရာဂါမာ၊ သမသဒ္ဒါယ စေတသော။
မဟာထုပံ သုသန်တံ၊ ကတောဒါနိ ဓယုဿဝေါ။ ။

ဂေါစရာဂါမာ၊ ရှေ့နောက်ဝဲယာဝန်းရံကာလျှက် ကြည်သာရှုမအိး ဝပြော်ာစီ၍ စုံညီတင့်လှ ရပ်ဒေသဥ္ဒသီလပျော်မွေ့ စောင့်သောလေ့ဖြင့် မမေ့ဒါန ဂါရဝညွှတ်ဆင် "မအူပင်"ဟု ကြည်လင်ညွှတ်ပြောင်း ဂေါစရာဂါမ်ရွာ ဒါယကာ၊ ဒါယိကာမ အပေါင်းသူတော်ကောင်းတို့သည် သမသဒ္ဒါယ၊ကုသိုလ်ပြုရာညီညာတူမျှဝမ်းသာကြ၍ ရှင်ပြကြည်သာသော သဒ္ဓါတရားရှိပေထသော။စေတသော၊မဟာကုသလ ဓောအဇ္ဈတွင် မြင့်လှခေါင်ထိပ် တိဟိတ်ဥက္ကဋ္ဌ ဓောစိတ်မြတ်ဖြင့်။

သုသန်တံ၊မြင်လျှင်မဖွယ် မသပ္ပါယ်သည့် ရှုဘွယ်မကောင်း ရှေးအဟောင်းကို မကောင်းပယ်ကြည် ကောင်းရာယှဉ်၍ အသစ်ပြုပြင် အပ်သော။မဟာထုပံ၊ ရွှေမုဋ္ဌော ရွှေမုဋ္ဌော ဟု နယ်ပြည်ကျော်ဟိး ဆုတောင်းပြည့် စေတီတော်ကြီးကို။ပုဗ္ဗေန္တိ၊ လောကီလောကုတ္တရာ စီပင်သာ၍ နှစ်ဖြာစီးပွား အကျိုးများစေခြင်းငှာ ကြီးစွာသော အားထုတ်ခြင်းဖြင့် တည်ထားကိုးကွယ် ပူဇော်ကြကုန်၏။

ဒါနိက္ကဒါနိ–နော+တိ+ဒွေ+ဇက် ဤသည်နှစ်ဝယ် ပုရစ်ဖူးပြု သပြေနုလျက် ခါရှုပြိဿ ကဆုန်လဟု ပြည့်ထဝင်းဝါ ဝိသာခါနှင့် စန္ဒာလဝန်း တူပြိုင်ထွန်း၍ သွန်းပြုညောင်ရေ ပင်မဟေဒ္ဒ ညာဆွေပေါင်း၍ ပြုသောလေ့ဖြင့် ပျော်မွေ့စဥ်လာ ဤနေ့ဤအခါဌ်၊ဓယုဿဝေါ–

နယ်ပြည်ရပ်ခွင် သမိုင်းတွင်၍ ဂုဏ်အင်ဝင်းကြွ သာသနာ့ကြက်သရေ လက်လက်ဝေလျက် ရောင်ရွှေမြင့်မော် လွှမ်းကျော်ဆင်နဲ့ 'ရွှေထီးတော်တင် အောင်သဘင်ပွဲ'ကို၊ကတော–အများပြည်သူ လွန်ကြည်ဖြူ၍ လူသာရခေါ် နတ်သာရခေါ် ရှင်ပျော်အတု နိဗ္ဗာန်ယူဘို့ ဆိုကြူး ဟစ်ကြွေး နီးဝေးရပ်ရွာ ဘိတ်ကြားခါဖြင့် ပြုလုပ်အပ်ပါသတည်း။

အနန္တဉာဏ ဒွိပဒုတ္တမ တိလောကထွဋ်တင် ဗောဓျင်စက္ကရတ် မန္ဒတ်ဘုန်း လူ သယမ္ဘူသည် ဘဝပုဂမ ဘဝသို့ကပ်ယှဉ်၍ သံယောဇဉ် ကွင်းညွတ်ကျွတ်လွတ် သန့်သက် ရုန်းထွက်ခြင်းငှာမစွမ်း ကြိုးတန်း ပိုက်တွင်းသို့ သက်ဆင်းမိသော ငါး လိပ်သဖွယ် နွမ်းနယ်လှစွာသော သတ္တသမူ ဒုက္ခိလူတို့ကို အာရမ္မဏူပ မနောဒွါရ ဝိထိဖြင့် သိမြင်တော်မူသည်တွင်၊ ဒီပင်္ကရာ မဟာဓမ္မရာဇ် ထွဋ်သင်းကျစ်သည် လေးသစ္စာ ပန်းကြာကြငှန်းကို လက်လှမ်းဆွတ်ချွေ ငှဝေတော်မူရာ။ ။

သုမေဓာကျော် ဝသီဘော်ငါးတန် ဈာန်ယာဉ်စက်စီး ရသေ့ကြီးဖြစ်စဉ် ခါဝယ် သစ္စာလေးမည် ခိုင်မွေးရည်ကို ငါသည်ကေန် သိသည်မှန်က သုံးတန် နတ်လူ သိစိမ့်ဟူသော မနောပဏိဓိ ရှိသည် အလျှောက်ချီးမြှောက်မိန့်ကြားတရား နတ်မောင်း နတ်စောင်းနတ်စည် ပဲ့တင်လည်လျက် သုံးမည်ပိဋကတ် ငါးရပ် နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာရုံးပေါင်း ရှစ်သောင်းလေးထောင် ထုတ်ဆောင် ရေတွက်အပ်သော ဗုဒ္ဓေါဝါဒ ဓမ္မကထာ ဒေသနာတော်မြွတ်၌--

စတုဗ္ဗိ ဗုဒ္ဓစေတိယံ၊ ဥဒ္ဒိဿ စေတိယံ၊
ပရိဘောဂစေတိယံ၊ ဓာတုစေတိယံ၊ ဓမ္မစေတိယန္တိ–

အစရှိသည် ဖြင့်ဟောတော်မူခဲ့ပါသည်။

၁။သုံးလောကဥက္ကဋ္ဌ ဘုရားမြတ်၏အတုအစား ကျောက်'အုဋ္ဌ' သစ်' မြေ' ဘော်'ရွှေ'ကြေး'သံ–စသည်တို့ကို သွန်းခတ်ထုလုပ်သော ကိုယ်စားတော်စားရုပ်ပွား ဆင်းတုတော်သည် 'ဥဒ္ဒိဿစေတီ' မည်၏။

၂။ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့်တကွ ဒုကုဋ္ဌ' ကိုယ်ဝတ်သင်းပိုင်' ခါးပန်းဓမကရိတ်ား' ရေသနုတ်တော်အစရှိသော ဘုရားအသုံးဆောင်တော် ဟူသမျှ သည် "ပရိဘောဂစေတီ"မည်၏။

၃။ဥဏ္ဏာလုံးမွေတော်ရှင်တော်နှင့်တကွ ဆံတော် သွားတော် စွယ်တော် နဖူးသင်းကျစ် ညှပ်ရိုးတော် ဓာတ်တော်တို့သည် "ဓာတုစေတီ" မည်၏။

၄။ပဋိစ္စသမုပ္ပါဒ် တရားမြတ်နှင့်တကွ ပိဋကတ်သုံးပုံ အလုံးစုံသော မုခပါဌ်တော်သည် "ဓမ္မစေတီ"မည်၏။

အကြင်သူသည် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ကိုးကွယ်ရ၏။

အကြင်သူသည် သက်တော်ထင်ရှား မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်လွန်စံ လွန်သော်လည်း ကိုယ်တော်မြတ်ကိုရည်မှတ်၍ လေးပါးသောစေတီတို့တွင်တပါးပါးသောစေတီကို ပူဇော်ကိုးကွယ်ရ၏။ ။

ထိုသူနှစ်ယောက်တို့သည် စိတ်စေတနာ တူမျှကြသည်ရှိသော တူမျှသော အကျိုးကိုရရာ၏ ဟုဟောတော်မူခဲ့ပါသတည်း။

ယင်းသို့ ဒေသနာတော်လာသည်ပညာဖြင့် ထောက်ရှု၍ ယခုအခါကိုယ်စားတော်စား ရုပ်ပွား ဆင်းတုတော် ဓာတ်တော် မွေတော်အပေါင်းတို့ ကိန်းဝပ်ရာ စေတီတော်ကြီးကို ပူဇော်ကိုးကွယ်ရသော သူတို့သည်လည်း။

သက်တော်ထင်ရှား ဘုရားရှင်ချစ် ကိုယ်တော်စစ်ဟု အားသစ်ရှင်လန်း သဒ္ဓါပန်းဖြင့်လျှဒါန်းဝမ်းမြောက်ပါက မျက်မှောက်သော ဘဝ၌ လောကီလောကုတ္တရာ ချမ်းသာစီးပွားများအံ့သောအကြောင်းကောင်းမြတ်သောယောနိသော မနသိကာရ တရားတို့ကို ဖြစ်ပွားကြစေကုန်ရာသတည်း။

သုံးလောကထွဋ်တင် ဘုရှားရှင်သည် လေးသချင်္ချနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတော်အထူးကို ဆည်းပူးဖြည့်ကျင့်တော်မူမှ သမ္မာသမ္ဗုဒ္ဓ အဖြစ်သို့ ရောက်တော်မူသည်။

သုဒ္ဓေါဒနမင်းကြီး၊ မာယာဒေဝီ မိဖုရားတို့သည်လည်း ကမ္ဘာတသိန်း ပါရမီကိုဖြည့်ကျင့်ရှက်ဆောင် မှ ဘုရားခမည်းတော်၊ ဘုရားမယ်တော်အဖြစ်ကို ရကြကုန်သည်။

ဤသို့ဆိုလျှင် ကမ္ဘာတသိန်း ပါရမီကိုဖြည့်ရသော သုဒ္ဓေါဒန မင်းကြီး၊ မာယာဒေဝီမိဖုရားတို့သည်သားတော်ဖြစ်သော မြတ်စွာဘုရား အား ဆွမ်း၊သင်္ကန်း၊ ကျောင်း၊ဆေးလေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှင့်လှူဒါန်းသကဲ့သို့၊

ယခုအခါ ကိုယ်စားတော်စား ရုပ်ပွားဆင်းတုတော် ဓာတ်တော် ပေါင်း ကိန်းဝပ်ရာစေတီတော်ကိုပူဇော်ကိုးကွယ်ရသော သူတို့သည် လည်း ဘုရားဒါယကာ ဘုရားဒါယိကာမအဖြစ်၌ တည်သည်ဖြစ်၍ ကိုယ်စားတော်စားရုပ်ပွားဆင်းတုတော် စေတီတော်မြတ်အား ဆွမ်းသင်္ကန်း ပန်းဆီမီးထီးတံခွန်စသည်တို့ဖြင့် လှူဒါန်း ပူဇော်ခြင်းကို ပြုကုန်ရာသတည်း။

သုဒ္ဓေါဒနမင်းကြီး၊ မာယာဒေဝီမိဖုရားတို့သည် သားတော် ဖြစ်သော မြတ်စွာဘုရားအား နေ့ညမလပ် ဆီးကပ်ပူဇော်ခြင်းကို ပြုသကဲ့သို့၊

ယခုအခါ ကိုယ်စားတော်စား ရုပ်ပွားဆင်းတုတော်စေတီတော်ကို ပူဇော်ကိုးကွယ်ရသောသူတို့သည်လည်းဘုရားဒါယကာ၊ဘုရားဒါယိကာမ အဖြစ်၌တည်သည်ဖြစ်၍ ကိုယ်စားတော်စား ရုပ်ပွားဆင်းတုတော် စေတီတော်မြတ်အား ညဥ့်ရောနံနက်ရက်မပြတ်ဘဲ ဝတ်တက်မြတ်နိုး ရှိခိုးပူဇော်ခြင်းကိုပြုကုန်ရာသတည်း။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မယ်တော်မာယာဒေဝီ မိဖုရား တို့သည် သားတော်ဖြစ်သော မြတ်စွာဘုရားကို အမှီပြု၍ မြတ်စွာဘုရား အဆုံးမတိုင်း လိုက်နာသောကြောင့် မျက်မှောက်သောဘဝ၌ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို အာရုံပြုနိုင်သကဲ့သို့၊

ယခုအခါ ကိုယ်စားတော်စားရုပ်ပွားဆင်းတုတော် စေတီတော် မြတ်ကို ပူဇော်ကိုးကွယ်ရသော သူတို့သည်လည်း ဘုရားဒါယကာ ဘုရားဒါယကာမအဖြစ်၌ တည်သည်ဖြစ်၍ မြတ်စွာဘုရား မနှစ်သက် အပ်သော မကောင်းမှုဒုစရိုက် အကုသိုလ်တရားကို ဝေးစွာရှောင်ကြည် ၍ မြတ်စွာဘုရားနှစ်သက်တော်မူအပ်သော ဒါန၊ သီလစသော သုစရိုက် ကုသိုလ်တရားတို့ကို ကြိုးစားအားထုတ်ပါကယခုပစ္စက္ခဘဝ၌ပင်လျှင်

မရသေးသော စည်းစိမ်ဥစ္စာရတနာရွှေငွေတို့ကိုရခြင်း ရပြီးသော စည်းစိမ်ဥစ္စာရတနာရွှေငွေတို့သည်အမြဲတည်ခြင်းတရားသဖြင့်ပွားဆင့်ပြောင်းလှယ်ရောင်းဝယ်မြတ်စွန်းခြင်းနှင့်တကွ လူနတ်တို့၏စည်းစိမ်ကို ကြိမ်ဖန်ပျော်ပါးခံစားသုံးဆောင်ရခြင်းဟု ဆိုအပ်သော လောကီစည်းစိမ်ချမ်းသာအဆုံးဘဝ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရနိုင်ခြင်းဟု ဆိုအပါသော လောကုတ္တရာ စီးစိမ်ချမ်းသာ ဤသို့ရေတွက်ပေါင်းရုံး သိမှတ်ကျုံး၍ မဆုံးမကုန်နိုင်ရာသော လောကီချမ်းသာလောကုတ္တရာချမ်းသာ စည်းစိမ်မြတ်ကို ယခုကိုးကွယ်အသစ်တဖန်မွမ်းမံပြုပြင်အပ်သော ဆုတောင်းပြည့် ရွှေမုဋ္ဌောဓါတ်ပေါင်းစေတီတော်ကိုငွေအား၊ လူအား၊ လုပ်အားတို့ဖြင့် ပူဇော်လုပ်ဆောင်ရသော ကုသိုလ်စေတနာ ဇောစိတ္တုပ္ပတ်ကြောင့်မညှိမညင်ဆောင်လျှင်ကေန် အမှန်ငါတို့မချို့ပြည့်စုံပေတော့မည်ဟု ယုံကြည်သော စိတ်စေတနာ သဒ္ဓါတရားတို့ကို တိုးပွားကြစေကုန်ရာသတည်း။ ။

ဤကဲ့သို့သော ရပ်ရွာ၏ကြက်သရေဆောင်၊ နယ်ပယ်၏ကြက်သရေဆောင် စေတီတော်ကြီးတဆူဖြစ်မြောက်အောင်မြင်ရေးမျှော်တွေးလျှက် သံဃာအဖွဲ့ဝင် ဆရာတော်၊ နာယကဆရာတော်များနှင့်မအူပင်လေးရွာဂေါပကဥပသကာလူကြီးများတိုင်ပင်ဦးတည် ခေတ်ဉာဏ်မှီ၍ ကြံစီကာနှီးဆော်ပြီးလျှင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဒါယကာ၊ဒါယိကာမကြီးငယ်တစုတို့ကကာယအား၊ ဉာဏအား၊ ငွေအား၊လူအား၊ လုပ်အား စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့်

ပါတလိပုတ်ပြည်ကြီးကို စည်ထီးနှင့်တကွ အစိုးရတော်မူသော တတိယ သင်္ဂါယနာတင် ဘုရင်သီရိဓမ္မာသောကမင်းကြီးသည် ရင်းနှီးစေတနာကြည်သဒ္ဓါဖြင့် များစွာဗိုလ်လူ ခပ်သိမ်းသူတို့၏ ကြည်ဖြူကိုယ်စီ လောကီ၊လောကုတ္တရာ နှစ်ဖြာ စီးပွားကြီးမားစည်ပင်စေခြင်းငှာသာသနာတော်နှစ်ရေတွက်စစ်လျှင် (၂၂၄)ခုနှစ်က တည်ထားကိုးကွယ်တော်မူခဲ့သော ဆုတောင်းပြည့် ရွှေမုဋ္ဌောဓါတ်ပေါင်းစေတီတော်မြတ်ကြီးကို

ယခုအခါအသစ်နောက်ထပ်တဖန် သာသနာတော်သက္ကရာဇ် (၂၅၁၀) ခုနှစ်က ကောဇာသက္ကရာဇ်(၁၃၂၈)ခုနှစ် နတ်တော်လပြည့်နေ့၌ ပန္နက်ချပွဲမင်္ဂလာ၊ အုဋ်မြစ်ချပွဲမင်္ဂလာကိုင်း၊ တပေါင်းလပြည့်ကျော် တရက်နေ့၌ ဌာပနာ ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကိုင်း သိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါသတည်း။

၁၃၂၉-ခုနှစ် ပြိဿရာသီယှဉ်မိုဗေသာခါ ငွေစန္ဒာနှင့် ကြည်သာ ပျော်မွေ့ ကဆုန်လပြည့်နေ့၌လွေ့လွေ့ပျော်မြူးဥဒါန်း ကြူနိုင်ရည်မှန်း ချက် ပန်းတိုင်သို့ရောက်သဖြင့် "ရွှေထီးတော်တင်မင်္ဂလာ" အစဖြာလျက် "အနေကစာတင်မင်္ဂလာ"ညောင်ရေသွန်းပွဲမင်္ဂလာကိုင်း၊အနေကစာတင်ထေရ် အရှင်တို့အားဆွမ်းစသောအာမိသဒါနမင်္ဂလာ သံဃာ့ပူဇာသဘင်ကိုင်း။

(က) ဓမ္မာနာဒ တိပိဋက ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်၏ညတရားပွဲ၊

(ခ) အမရပူရမြို့ တူမောင်းတိုက် ဓမ္မကထိက လယ်တီအရှင်ဝိလာသ ဆရာတော်၏ညတရားပွဲ၊

(ဂ) နိုင်ငံကျော် ဓမ္မကထိက ဆရာကြီးဦးလှသိန်း ညတရားပွဲ ဓမ္မပူဇာသဘင်တို့ဖြင့်ငင်း၊

ထို့ပြင် ကဇာတ်၊ပြဇာတ်၊ပျော်ပွဲရွှင်ပွဲတို့ဖြင့်ငင်း၊

ယင်းသို့ ဗုဒ္ဓပူဇာသဘင်၊ ဓမ္မပူဇာသဘင်၊သံဃာ့ပူဇာသဘင် အရပ်ရပ်တို့ကို ထက်နတ်ဣန္ဒာဝိုင်းဝန်းကူညီညာလျက် ကြည်သာ လိုက်လှဲ"အောင်သဘင်"ပွဲကြီးဖွဲ့ချီလေရာ ငါတို့အောင်ပြီ ဒို့အောင်ပြီဟု အောင်ခွန်းသံကိုယ်စီ အလိုညီလျက် ထိုဤပုည ဘို့ဘာဂကို အမျှရရှိ ပီတိလိုက်ခွေ့ အကြိုက်တွေ့၍ ချမ်းမြေ့ဂုဏ်ရောင် ဝမ်းမြောက်ကြည်သာ ရွှင်လန်းဖြာလျက် အောင်ပဏ္ဍာနာ တသိမ့်သိမ့်အောင်သြဘာတညိမ့်ညိမ့် ချိန့်ချိန့်သဲအောင်ဘိသိတ်သွန်းလောင်းပြီးခါ ဗြဟ္မာနတ်လူခပ်သိမ်း သူတို့သည် ကြည်ဖြူစွာသာဓု သာဓု သာဓု ခေါ်စေသော်။

သုတေသနမှူး ဦးသောဘိတ(ရွှေကိုင်းသား)၏စာ

သိမ်၊ ဘုရားများ၊ ကျောက်စာနှင့်ဒေါင်းမအင်း၊ တိုးအင်းများ ထောက်ကြည့်လျှင်ဤမအူပင်လေး ရှာသည်(၆၇၇)ခုနှစ် စစ်ကိုင်းမြို့

မတည်သေးမီကပင်ရှိနေသည်ဟုယူဆရပေမည်။

စစ်ကိုင်းမြို့နယ် မအူပင်လေးရွာ
ဆုတောင်းပြည့်စေတီတော် ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့
နာယကဆရာတော်များ

၁။ မိုးကြိုးကျောင်းဆရာတော် ဦးပညာ။
၂။ မအူပင်မြောက်ကျောင်းဆရာတော် ဦးဝါသဝ။
၃။ မဟာသစ်ဝင်ဆရာတော် ဦးသံဝရ။
၄။ ရေလည်တောရဆရာတော် ဦးအာစရ။
၅။ လေးကျောင်းဆရာတော် ဦးဓမ္မသာမိ။

အမှုဆောင်ဆရာတော်များ

၁။ မအူပင်ကျောင်းကြီးဆရာတော် ဦးကောသလ္လ (ဥက္ကဋ္ဌ)။
၂။ မအူပင်ကျောင်းလေးဆရာတော် ဦးဣန္ဒြိယ (အကျိုးတော်ဆောင်)။
၃။ အနုရုဒ္ဓါဆရာတော်(ရွှေကိုင်းသား) ဦးသောဘိတ (သုတေသနဌာန)။
၄။ ဆင်မြေကျောင်းဆရာတော် ဦးကောသလ္လ (အမှုဆောင်)။
၅။ ဒေါင်းမကျောင်းဆရာတော် ဦးကောဏ္ဍည( ။ )။
၆။ မအူပင်ကုန်းတန်းဆရာတော် ဦးဝေပုလ္လ ( ။ )။
၇။ မဟာသီလကန္တဆရာတော် ဦးသဒ္ဓမ္မ ( ။ )။
၈။ မအူပင်ကျောင်းကြီး ဦးဥာဏ ( ။ )။
၉။ မအူပင်ကျောင်းကလေး ဦးဥတ္တရ ( ။ )။

## " မအူပင်လေးရွာဦးထိပ်သိမ် "

သက္ကရာဇ်(၁၂၀၃)ခု သာသနာတော် ၂၃၈၅ * ဝါဆိုလဆန်း (၁၀)ရက်၊တနင်္ဂနွေနေ့ ,နေ့တစ်ချက်မတီးမီ–၁၃–ဘွားနှင့်တစ်ဘိလာတွင်

မအူပင်ရွာဦးထိပ်ကျောင်းတိုက်တွင် သိမ်အလျား ၂၅ ၊အနံ ၂၀ံ–ရှိသော ခေတ္တဌကသိမ်ကို လေးထပ်ဆရာ ၊ ထူပါရုံဆရာ ၊မန်ကျည်းတောဆရာ ၊ မြေတူးတောရ ဆရာတို့နှင့်တကွ အရညဝါသီရဟန်း (၁၆)ပါး ၊ နှစ်ဆယ့်လေးကျိပ်သံဃာအရေအတွက်ရှိသော သီလဝန္တ၊ ဂုဏဝန္တ ၊ သိက္ခာကာမ လဇ္ဇီပေသလဖြစ်တော်မူကြကုန်သောအရှင်မြတ်တို့. ဗျဥ္ဇနဝုဒ္ဓိဆယ်ပါးကို ပြည့်စုံစေ၍ သမုတ်အပ်သောသိမ်ကို နောက်နောက်သော လဇ္ဇီပေသလ ရဟန်းကောင်းတို့. ကုက္ကုစ္စသံသယမရှိ ။သာသနာတော်ငါးထောင်တည်သမျှ ကာလပတ်လုံးချမ်းသာစွာသုံးဆောင်စေခြင်းငှာ သမာနသံဝါသ ၊ အဝိပ္ပဝါသ ၊ ဗဒ္ဓသိမ်ကို ဘွဲ့သမုတ်တော်မူကြကုန်သည် ။

" ဒေါင်းမကျောင်း "

ဆုတောင်းပြည့်ဘုရားကျောက်စာ

သက္ကရာဇ်(၁၂၇၄)ခုနှစ် စစ်ကိုင်းမြို့ဒိစတြိတ် ဒေါင်းမရွာ၊ ဘုရားဒါယကာ ဦးဖိုးတုတ်၊ဘုရားအမ ဒေါ်မိန်းခလေး၊သားသမီးတစုတို့ အသစ်ထပ်မံပြုပြင်သောကောင်းမှု။ ။

စိရံတိဋ္ဌတု ဇိနသာသနံ ဌတွာ ဝဿတု ပုဏ္ဏစန္ဒိဝ ။ ။

ဇိနသာသနံ၊ ဒေဝပုတ္တစသည်ဗဟု၊ ရန်အစုကို၊ မြူနှမကြံ၊ ပါယ်လုံကြွင်းမဲ့ ချိုးဖဲ့အောင်တက် ဘုရားမြတ်စွာ သာသနာတော်သည်။ စိရံ သင်္ချာများမြောင် ငါးထောင်ရှည်ကြာ အနာဂတ ခေတ်ဆုံးကြသဖြင့် လုံးဝရှည်ခန့်တည်တန့်မြဲခိုင်စွာ တိဋ္ဌတု သာသနာအညွန့်အစွန့်ရှည်စွာတည်ပါစေသတည်း။ဌတွာ တည်ပြီး၍၊ ပုဏ္ဏစန္ဒိဝ နတ်နန်းနိမ္မာ ဝတီသာဒ္ဓ တိမ်ဖြာဖြူစင် မြူမှုင်မစွန်း လပြည့်ဝန်းကဲ့သို့ဝဿတု ဆန်းစပွင့်သစ် လနန်းစစ်နှင့်ပန်းစစ်ပဒုမ္မ ကုဏ္ဍလာရည် ကြည်ကြည် မညိုး တိုးပွားခါခါစည်ကားပါစေသတည်း။

ကျမ်းစာပြည့်စုံဒါနဟုန်ကြောင့်ဖြစ်တုံဘဝလေးဝအပါယ်သုံးသွယ်သောကပ် ရပ်ဖြစ်ရှစ်တန် ရန်မာန်အပေါင်း မကောင်းအနိဋ္ဌာ ဘေးဘယာတို့ ဝေးစွာအမြဲ နိဗ္ဗူတသို့ ခဏမကြာ ရောက်စိန့်ငါဟု ပထနာ ဆုတောင်းသည့်ကောင်းမှုကြောင့် လူစုဒေဝါ နတ်ဗြဟ္မာပေါင်း သောင်းသောင်း ဩဘာ ထောမနာမှတ် အတ္ထုတ်ပွါတ်ကို နာဂါတ်သူတွေ မှတ်သိစေဟု ပရမေပညဝါ ကျောက်မျက်နှာထက် အက္ခရာတင်ရွှေနန်းရေးတင် ဝန်းသည် မှော်ကွန်းရွှေစာ သမိုင်းတည်း။

နိဗ္ဗာန်နပစ္စယောဟောတု နတ်လူသာဓုခေါ်စေသော်။။

" မိုးကြိုးကျောင်းဘုရားကျောက်စာ "

စစ်ကိုင်းမြို့နယ်မိုးကြိုးကျောင်းတိုက်အတွင်းရှိချမ်းသာရစေတီတော်သမိုင်းကျောက်စာ

လူနတ်နိဗ္ဗာန် သုံးတန်အကျိုး ပွါးတိုးပြည့်စုံ သမ္ဗုတ္တိဂုဏ်နှင့် လောက်လုံခြင်း အကျိုးငါ လူနတ်တို့၏အာမိသဓမ္မ နှစ်ဝပူဇာ လုပ်ကျွေးရာဖြစ်သော ဘုရားကျောင်းတော်သည် စေတီမည်၏။



ဆရာတော်၏ညီအစ်ကိုမောင်နှမများ



ဆရာတော်၏ဆွေတော်မျိုးတော်များ



သာသနာဒွိတီကပုမ္ဗာရုံသိမ် ယခုပုံ



ဤချမ်းသာရဘွဲ့မည်မြတ်စေတီကို လူတို့ဝေါဟာ ကောဇာသက္ကရာဇ် (၁၂၃၃)ခုနှစ်၌ ဝေဿမျိုးတွင်တယောက်ဝင်ပါ ဂါမဆင်မြေပျော်ရှင် နေသည့် ဦးရွှေဘို ဟုအမည်နာမခေါ်တွင်ပါသော ဒါယကာနှင့် ဘုရားဒါယကာမ ဒေါ်ဒွေးဖြူ တို့ကကြည်နူး သဒ္ဓါ လက်ဟတ္ထာဖြင့် စိတ်မှာပွါးတိုးမြတ်နိုးရှိသေ တည်ထားကိုးကွယ်အပ်လေသတည်း။

" သာဒွန်းရွာဇာတိ "

စာရေးသူသည် မအူပင်(၄)ရွာအပါအဝင် သာဒွန်းရွာသား ဖြစ်ပါသည်။မျိုးရိုးစဉ်ဆက်ကား –

" မျိုးရိုးစဉ်ဆက် "

မယ်တော်သည် မအူပင်အနောက်ရွာမှာ နေထိုင်ကြသော မြေပိုင်ရှင်များ ဖြစ်ကြသော ဦးသဲ+ဒေါ်ရွှေဆုံတို့မှ –

၁။ မသာယာ

၂။ မောင်ညွန့်

၃။ မောင်ကြွယ်

၄။ မောင်ထယ်

၅။ မောင်လယ်

၆။ မငွေအေး

ဟုသားသမီး(၆)ယောက်အနက်အငယ်ဆုံးဖြစ်သည်။

ခမည်းတော်မှာ သာဒွန်းရွာနေ မြေပိုင်ရှင် ဦးကြွယ်+ဒေါ်ဂျမ်း တို့မှ–

၁။ မအေးကြွယ်

၂။ မောင်ပေါပေါ

၃။ မောင်ပေါရှိန်

၄။ မအေးဆယ်

၅။ မောင်ပေါစံ (ဦးကုသလ)

ဟု(၅)ယောက်ရှိသည့်အနက် တတိယမြောက်ဖြစ်သည်။

ထိုမိသားစုတွင် မောင်ပေါ်ရှန်နှင့်မငွေအေးတို့ အိမ်ထောင်ဘက်၍ သာဒွန်းရွာမှာ လယ်၊ယာ၊ကိုင်း၊ကျွန်း လုပ်ကိုင်စားသောက်နေထိုင်ကြရာ

၁။ မောင်လှဦး

၂။ မောင်လှဖူး

၃။ မစိန်မြိုင်

၄။ မစိန်လှိုင်

၅။ မစိန်ကြိုင်

၆။ မောင်လှထူး

၇။ မောင်သန်းစိန် (ကျန်းမာရေးမှူး)

၈။ မစိန်ခိုင် (တနှစ်သမီးတွင်သေဆုံးသည်)

ဟု(၈)ယောက်ဖွါးမြင်ပါသည်။

"မွေးဖွါး"

မွေးချင်း(၈)ဦးအနက် (၆)ယောက်မြောက်မောင်လှထူးကိုသာဒွန်းရွာတွင် ကောဇာသက္ကရာဇ်(၁၂၉၇)ခုနှစ် ဝါခေါင်လပြည့်ကျော် (၁၁)ရက် စနေနေ့ ညဥ့်စက်တနာရီအချိန်တွင် သရဝဏ်နက္ခတ် မေထုံလက် မေထုံစမ်းနှင့်ယှဥ်လျက် ဖွါးမြင်သန့်စင်ခဲ့ပါသည်။မွေးဖွါးစဉ်က အချင်းစလွယ်ဖြင့်မွေးဖွါးလာသောကြောင့် အကြီးအကဲသော်၄င်း၊ ဘုန်းကြီးသော်၄င်း တစ်ခုခုဖြစ်လိမ့်မည်ဟု လက်သည်(ဖွါးမြင်ပေးသော အဖွါးကြီးက) နိမိတ်ဖတ်ပြောဆိုကြကြောင်း အကြီးအကဲ အဒေါ်ကြီးများက ပြောပြလို့သိရသည်။

ပညာသင် ဂျပန်ခေတ်တွင် မူလတန်းကျောင်းအုပ်ဆရာကြီး ဦးဘလှထံမှ မူလတန်းပညာသင်ခဲ့ပါသည်။တခါတရံအရေးပိုင်ပင်စင်စား ဒုလ္လဘဦးပဥ္စင်းကြီး ဦးသန်းတင်မှ ဂျပန်စကားများလာသင်ပေးပါသည်။ ကလေးအရွယ်ဆိုတော့ တောင်တလုံးမြောက်တလုံးမှတ်မိရုံသာရှိပါသည်။ ဂျပန်စစ်အပြီး(၁၃၀၆)ခုနှစ်ဦးရိး ဦးကုသလ စစ်ကိုင်းမြို့ ဘော်ဂါရပ်မှာ ကျောင်းထိုင်သဖြင့် (၉)နှစ်သားအရွယ်ကတဲက ဦးကုသလထံလိုက်နေပြီး သင်ပုံးကြီး၊ ပရိတ်ကြီး၊ အတွင်း အောင်ကြီး၊ အပြင်အောင်ကြီး၊နမက္ကာလ ရတနာရွှေချိုင့်၊လောကနီတိ၊ သချာ်၊ သစ်တန်တွက်၊ စပါးတွက်၊ကျပ်-

ပဲ–ပိုင်တွက်၊လက်သစ်တောင်တာ ယူဇနာတွက်အခြေခံအင်္ဂလိပ် စာများ သင်ခဲ့ပါသည်။

၁၃၁၁–ခု နယုန်လဆန်း(၁၀)ရက် (၁၄)နှစ်သားအရွယ်တွင် စစ်ကိုင်းမြို့ ဘော်ဂါရပ်၊ ဘော်ဂါ ကျောင်း ဦးရီးတော်သူ ဘုန်းတော်ကြီး ဦးကုသလအထံ၌ ခမည်းတော်၊မယ်တော်တို့၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပါသည်။သဒ္ဒါ၊ သင်္ဂြိုလ်၊ ကစ္စာယနသာရ၊ လိင်၊ ဒါဏ် ရှင့်ကျင့်ဝတ်များသင်ရပါသည်။

၁၃၁၂–ခုဝါဆိုလမှာဦးကုသလ၏တပည့်ရင်းဖြစ်သောညောင်ကုန်း အနောက်ဘက် ရွှေဘုံသာကျောင်း ဦးပညာသိရိအထံသို့ တဝါဆိုပြီး သဒ္ဒါ၊ သင်္ဂြိုလ်၊ဝိနည်း၊ဂိုဏ်းပြေး၊ သရုပ်ခွဲစသော ပထမငယ်အခြေခံ ပညာများကိုသင်ယူပါသည်။

၁၃၁၃–ခု ပထမဝါဆိုလဆန်း(၁၁)ရက် (၁၆)နှစ်သားအရွယ် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင် တောလေးထပ်ချောင် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဝိနည်းဓိုရ် စကုမှော်ဆရာတော်ဘုရားကြီးထံ ဦးကုသလ၊ ဦးပညာသိရိ ဆရာတော်နှစ်ပါးတို့ ကိုယ်တိုင်အပ်နှံပေးခဲ့သဖြင့် ဉာဏ်မကောင်းသော်လည်း ဖွဲ့၊လုံ့လ၊ဝီရိယ ထက်သန်စွာဖြင့်စာပေများ သင်ကြားခဲ့ရာ–

၁၃၁၄–ခုနှစ် နတ်တော်လတွင် အဘိဓမ္မာစာမေးပွဲဖြေဆိုရာ ပ–ဒု–တ သုံးဆင့်လုံးအောင်မြင်ပါသည်။

၁၃၁၅–ခုနှစ် နယုန်လတွင်ကျင်းပသော အစိုးရပထမငယ်တန်းကိုအောင်မြင်ပြီး ထို(၁၃၁၅)ခုနှစ်တွင် တပေါင်းလကျင်းပသော အစိုးရ ပထမလတ် တန်းကို အောင်မြင်ပြန်ပါသည်။(မှတ်ချက်) ရွေးအစဉ် အလာက(၁၂)ရာသီပွဲတော်နှင့်အညီ နယုန်လ စာတော်ပြန်ဆိုသည့် အတိုင်း စာမေးပွဲကိုနယုန်လမှာ ကျင်းပခဲ့ကြပါသည်။(၁၃၁၅)ခုနှစ်မှစ၍ နယုန်လစာမေးပွဲကျင်းပရာ၌ နေပူပြင်းသဖြင့်တပေါင်းလသို့ပြောင်းရွှေ့ ကျင်းပခဲ့ပါသည်။

၁၃၁၆–ခုနှစ် နတ်တော်လပြည့်နေ့တွင် နိုင်ငံတော်ဝိနည်းဓိုရ် ဆဋ္ဌသံဂါ ယနာ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ တောလေးထပ်စကုမှော် ဆရာတော် ဘန္ဒန္တဥတ္တမကို ဥပဇ္ဈယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့်စစ်ကိုင်းတောင်(သိမ် ၉ သိမ်တွင်အပါအဝင်ဖြစ်သော) တောလေးထပ်ခဏ္ဍသိမ်၌မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

"ရဟန်းဖြစ်ရက်ချုပ်"

ဧေယျတုသဗ္ဗမင်္ဂလံ (၁၃၁၆)ခု နတ်တော်လပြည့်သောကြာနေ့ နံနက်(၇)နာရီ(၃၇)မိနစ် (၂၁)ဖဝါး(၁)ဗိလာအချိန်တွင် အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် တောလေးထပ်စကုမှော်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈယ်ပြု၍ အဂ္ဂမဟာပဏ္ဍိတ ဓမ္မာစရိယ ပါဠိတက္ကသိုလ်ဆရာတော်ဘဒ္ဒန္တဝိမလဗုဒ္ဓိက ရဟန်းလောင်းဆုံးမ အနုသာသကပြု ဩဝါဒပေးပြီး ကာရက သံဃာ(၂၀) ကျော်တို့ဖြင့်မိဘနှစ်ပါးတို့၏ ပစ္စည်းလေးပါးကိုခံယူကာ တောလေးထပ် ခဏ္ဍသိမ်ဂေဘ်၌ သာသနာနှစ် (၂၄၉၈) ခုနှစ်တွင် ဖေါ်ပြပါ ဆရာတော် ကြီးများက ကမ္မဝါစာဖြင့်ချီးမြှောက်တော်မူသောကြောင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူပါသည်။

"ကမ္မဝါစာဆရာတော်များ"

" ပဌမကမ္မဝါစာ "

၁။ လောကမှန်ကင်းဆရာတော်
၂။ သီရိဟေမာဆရာတော်
၃။ ဓမ္မာစရိယပါဠိတက္ကသိုလ်ဆရာတော်

" ဒုတိယကမ္မာဝါစာ "

၁။ ဘောမဲ့ဆရာတော်
၂။ ခေမာသိဝံဆရာတော်
၃။ ရွာလေးထပ်ဆရာတော်

" တတိယကမ္မဝါစာ "

၁။ ဘုံသာဝေယျံဆရာတော်
၂။ ညောင်လေးပင်ဆရာတော်
၃။ ဓမ္မပြတိဆရာတော်

"စတုတ္ထကမ္မဝါစာ"

၁။ ကျောင်းသစ်ဆရာတော်

၂။ ဦးကုသလ ဘော်ဂါကျောင်းဆရာတော်

၃။ ရွှေဘုံသာဆရာတော်

"ဖြေဆိုခဲ့သောစာမေးပွဲများ"

၁၃၁၇–ခုနှစ်၊ အစိုးရပထမကြီးတန်းအောင်မြင်သည်။

၁၃၁၈–ခုနှစ်၊ သာသနာ(၂၅၀၀)ပြည့်နှစ်၊ ကဆုန်လပြည့်တွင်ကျင်းပသော စစ်ကိုင်းမြို့နယ်၊ဝိနည်းအာဂုံစာပြန်ပွဲတွင် ဝိနည်းငယ်လေးစောင်ပြန်ဆိုသူ(၆)ပါးရှိရာ 'ပထမ' ဖြင့်အောင်မြင်သည်။

၁၃၁၉–ခုနှစ်၊ သီလက္ခန်တစ်ကျမ်းနှင့် စစ်ကိုင်းမြို့နယ်၊ ရဟန်းပျိုများဦးစီး ကျင်းပသော ဝိနည်းရေး–ဖြေစာမေးပွဲ၌ 'ဒုတိယ' ဖြင့်အောင်မြင်သည်။

၁၃၂၁–ခုနှစ်၊ အဋ္ဌသာလိဏီကျမ်းအောင်မြင်သည်။

၁၃၂၂–ခုနှစ်၊ သကျသီဟစာမေးပွဲဝင်ရောက်ဖြေဆိုရာ မအောင်မြင်ပါ။

၁၃၂၃–ခုနှစ်၊ ပါရာဇိကဏ်ကျမ်းအောင်မြင်၍"သာသနဓဇ ဓမ္မာစရိယ" ဘွဲ့ရသည်။

♥ စာပေသင်ယူခဲ့ဘူးသောဆရာတော်ကြီးများ၊

စစ်ကိုင်းတောင် အဂ္ဂမဟာပဏ္ဍိတ တောလေးထပ်ဆရာတော်ကြီးထံမှ အခြေပြုမှစ၍ ငယ်၊လတ်၊ကြီး၊ ဓမ္မာစရိယစာပေများနှင့် ဝိနည်း(၅)ကျမ်း၊ သုတ်(၃)ကျမ်းပါဠိတော်များကို ဆိုဝါဖြင့်သင်ယူခဲ့ခြင်း၊ ဥပုသ်နေ့တိုင်း ဝစ္စဝါစကကျမ်းသင်ရခြင်း၊ဥပုသ်နေ့ရောက်လျှင်ကောသနိပတ္တပိုင်ရတင်ဆောက်တည်ရခြင်း၊ဆရာတော်ကြီးကိုယ်တိုင် ဝတ္ထုငွေမကိုင်၊ ဆေးမသောက်၊ကွမ်းမစား၊မြင်းလှည်းမစီး၊ ဆိုက်ကားမစီးသဖြင့် တပည့်များကိုလည်း အတတ်နိုင်ဆုံးရှောင်ကြဉ်စေခြင်းဟူသော ဝိနည်းကျင့်ဝတ်များကိုလည်း ကျင့်ကြံ လိုက်နာခဲ့ရပါသည်။ဆရာတော်ကြီးထံမှာပင် ငယ်၊လတ်၊ကြီး၊အဋ္ဌသာလိဏီတစ်ကျမ်း အောင်မြင်ပါသည်။

စစ်ကိုင်းတောင် အဂ္ဂမဟာပဏ္ဍိတ ဓမ္မစရိယ ပါဠိတက္ကသိုလ် ဆရာတော်ထံတွင်အဋ္ဌသာလိဏီကျမ်း၊စစ်ကိုင်းတောင် သ၊စ၊အ၊ ဓမ္မာစရိယ

ဧယျသိမ်ပါဠိတက္ကသိုလ် ဆရာတော်ဦးပညိန္ဒာဘိဝံသထံတွင် ပါရာဇိကဏ်ကျမ်း၊ ၄င်းတိုက် တိုက်အုပ် ဆရာတော် သ၊စ၊အ၊ ဓမ္မာစရိယ ဦးအဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံတွင် သီလက္ခန်ကျမ်းများသင်ယူခဲ့ပါသည်။နွေသင်တန်းပဋ္ဌာန်းသိပ္ပံဆရာတော်ဘဒ္ဒန္တက္ကန္ဒက(အဂ္ဂမဟာပဏ္ဍိတ) ထံတွင်ပဋ္ဌာန်းသင်နည်းလေ့လာသင်ယူခဲ့ပါသည်။

"မန္တလေးမစိုးရိမ်"

၁၃၂၀–ခုနှစ် ဝါဆိုလမှာ သကျသီဟစာမေးပွဲဖြေလိုသည့်အတွက် မန္တလေးမစိုးရိမ်တိုက် သာသနနယူပဒေသ အလယ်တိုက်ကြီးသို့ စစ်ကိုင်းမှာအတူနေသွားသော ဦးသုဇာတ၊ဦးတေဇနိယတို့ရောက်နေသဖြင့် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ထိုစဉ်က အလယ်တိုက်ကြီးမှာ ယခုနိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီရိန္ဒာဘိဝံသဆရာတော်ဖြစ်ပါသည်။

မန္တလေးမှာနေစဉ် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ ကောဝိဒါဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသုမန (အဂ္ဂမဟာပဏ္ဍိတ)၊ဘဒ္ဒန္တကောသလ္လ (အစိုးရဓမ္မာစရိယ) ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရု ပဋ္ဌာန်းဆရာတော်၊ ရွှေရေးဆောင် သဒ္ဒါနိယအကျော် ဘဒ္ဒန္တပဏ္ဍာဝံသ ဆရာတော်များထံ စာပေသင်ကြားခဲ့ပါသည်။

" မိုးကုတ်မြို့နေစဉ် "

၁၃၁၉–ခုနှစ်စာမေးပွဲအပြီးမိုးကုတ်မြို့သုသာန်ကျောင်းဆရာတော် ဦးကောသလ္လထံတွင်နွေခေတ္တနေစဉ်မိုးကုတ်ဝိပဿနာဆရာတော်ဘဒ္ဒန္တဝိမလလည်း သုသာန်ကျောင်းမှာတည်းခို၍ ဖေါင်တော်ဦးဘုရားဓမ္မာရုံမှာ ပဋိစ္စသမုပ္ပါဒ်တရားပြကြွလာတာနှင့်ကြုံ၍နေ့မှာသုသာန်ကျောင်းတွင်တဝိုင်းတည်းဆွမ်းအတူစား၍ညအချိန်တွင်ပဋိစ္စသမုပ္ပါဒ်ဟောယစဉ်များကိုကြားနာလေ့လာဘူးပါသည်။ထိုစဉ်ကထိုင်တရားမရှိသေးပါခန္ဓာဉာဏ်ရောက်ဟောပါသည်

" မေမြို့နေစဉ် "

၁၃၂၁–ခုစာမေးပွဲပြီးနွေကာလမှာမေမြို့မဟာစည်သာသနာ့ရိပ်သာခွဲ ဆရာတော် ဦးအာစာရထံ(၁၀)ရက် တရားစခန်းဝင်ခဲ့ပါသည်။

မှတ်တမ်းတင်ဓာတ်ပုံလည်းရိုက်ပေးပါသည်။

" ရန်ကုန်ဘွဲ့နှင်းသဘင် "

၁၃၂၄–ခုနှစ်နတ်တော်လတွင်ကမ္ဘာအေးလိုဏ်ဂူတွင်တော်လှန်ရေးကောင်စီဆက်ကပ်သော သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်နှင့်လက်မှတ်ကို ဦးကေသဝ မုံရွာ ဦးဇယဒိသ ဆင်ဖြူကျွန်းတို့နှင့်အတူဘွဲ့နှင်းသဘင်လာယူခဲ့ကြပါသည်။

" ရန်ကုန်ဝါဆို "

၁၃၂၅–ခုနှစ် နယုန်လပြည့်ကျော် (၁)ရက်နေ့တွင် ရန်ကုန်မြို့ဟာမစ်တစ် မဟာစည်သာသနရိပ်သာ၌ဝါဆို၍ နတ်တော်လပြည့်သည့်တိုင်(၇)လတရားအားထုတ်နေခဲ့ပါသည်။ယခုရွှေတောင်ကုန်းသာသနရိပ်သာ ဘဒ္ဒန္တပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတဆရာတော်ကရဟန်းတော်များနှင့်တရားစစ်တရားပြပါသည်။ထိုနှစ်က မဟာစည်ဆရာတော်ကြီး ဝိသုဒ္ဓိမဂ်မြန်မာပြန်ရေးနေဆဲနှင့်ကြုံကြိုက်၍ ဝိသုဒ္ဓိမဂ်စာချပို့ချသဖြင့်စာအုပ်ငှါးပြီးစာဝါလိုက်ခဲ့ပါသည်ဆရာတော်ဦးပဏ္ဍိတက စာဆို၍ဦးအာဒိစ္စ(ပြည်)၊ ဦးသောဘဏ(ဆိပ်ခွန်)၊ဦးအဂ္ဂ(ဦးဇင်းကြီး)စာရေးသူတို့ ဝါခေါင်လမှာဝါကျွတ်အထိ စာလိုက်ခဲ့ကြပါသည်။ထိုဝါတွင်းမှာ ဆွမ်းခံ၍ ကေသနီ၊ ပတ္တပိုဏ်း၊ ဓုတင်ဆောက်တည်၍ နေခဲ့ကြပါသည်။

" သာကေတ "

ထိုနှစ်ကတရားအတူအားထုတ်ဘက်ဖြစ်သော ဦးဘဒ္ဒိယ ထီးလင်း၊ဂန့်ဂေါနယ် ကင်းပင်းသားနဲ့အချင်းချင်းစပ်မိစပ်ရာပြောရာမှ သူက တောင်မြို့ဂန္ဓာရုံကျောင်းတွင် ပညာသင်ပြီးကျောင်းဘုန်းကြီးဘဝနဲ့နေခဲ့ကြောင်းအရှင်ဘုရားတို့ရွာတောင်ကျောင်းကြီးကျောင်းထိုင်နေသော ဆရာတော်ဦးကောသလ္လကတပည့်တော်တို့ကင်းပန်းသားဖြစ်ကြောင်း အဲဒီဆရာတော်နဲ့ပတ်သတ်ပြီး အရှင်ဘုရားတို့ရွာကိုရောက်ခဲ့ဘူးကြောင်း မိတ်ဆက်စကားပြောဒါနဲ့ ရင်းနှီးသွားပါတယ်။ ကထိန်ပြီးလျှင်ရိပ်သာမှာ ဝါဆိုကြသော သံဃာတော်များ အသီးသီးပြန်ကြကြပါသည်။ဦးဘဒ္ဒိယကလဲ သာကေတမှာလှူထားတဲ့မြေကွက်ရှိတယ်။ တပည့်တော်တို့ နှစ်ပါးကျောင်းတည်ရအောင်ဟု ပြောထားပါသည်။

စာရေးသူလည်းပြန်ကြရန် ကမ္ဗဋ္ဌာနစရိယဖြစ်သော ဆရာတော် ဦးပဏ္ဍိတအား လျှောက်ထားရာအရှင်ဘုရားက ဓမ္မာစရိယဆိုတော့ အရည်အချင်းရှိပါတယ်။ရိပ်သာမှာအကူအညီတရားပြအနေနဲ့ဆက်လက် နေပါ။ဒါမှမဟုတ် မြောက်ဥက္ကလာ တံတားလေးနားမှာ တပည့်တော်ရဲ့ ရိပ်သာခွဲလေးရှိပါတယ်။အဲဒီမှာနေလိုက နေပါဘုရားဟု အမိန့်ရှိပြီး တပည့်တော်မှာ သက္ကတလိုရေးထားတဲ့ အလင်္ကာနိဿယကိုကူးရေးပေး ပါဦးဟုဆိုသဖြင့် ကူးရေးပေးပါသည်။ဒုတိယအကြိမ်လျှောက်တော့လဲ မထွက်စေရန်ဆွဲထားပါသည်။သုံးကြိမ်မြောက်ကြတော့ တပည့်တော်က (၈)ဝါဘဲ ရှိသေးသဖြင့် ငယ်ငယ်ရွယ်ရွယ်ဘဲရှိသေးသောကြောင့် ကမ္မဋ္ဌာနာစရိယနဲ့မထိုက်တန်သေးပါဘူးဘုရား။စာချဘုန်းကြီးနဲ့ဘဲ ထိုက်တန်ပါတယ်။စာချပါရစေဦးဘုရား။အခု သာကေတ(၉)ရပ်ကွက် နဝရက်လမ်းသွယ်(၅)နားပါ။ဦးဘဒ္ဒိယရဲ့တကာကြီးက မြေလှူ ထားပါသဖြင့်ဦးဘဒ္ဒိယနှင့်အတူ ကျောင်းအသစ်တည်မှာမို့ ခွင့်ပြုတော်မူပါဘုရား ဟုလျှောက်ထားခါမှ ဪ ကိုယ်တော်တို့က အစီအစဉ်ရှိပြီးသားတွေကိုး။အေး အဲသလိုဆိုလဲပဲ ကြွကြပါ ခွင့်ပြုရမှာပေါ့ဟု အမိန့်ရှိခါမှ ထွက်ခွင့်ရခဲ့ပါသည်။

နတ်တော်လပြည့်ကျော် (၁)ရက်နေ့ သာသနာ့ရိပ်သာမှ သုံးဘီး ကားငှါးပြီး သာကေတသို့(၂)ပါးသွားကြပါသည်။ဦးဘဒ္ဒိယကကြိုတင်၍ ဆောက်ခိုင်းထားသောနှစ်ခန်းပတ်လည်ကျောင်းကလေးကအမိုးနှင့်ကျမ်းခင်း သာပြီးသေးပါသည်။ ဝါးထရံအကာမပြီးသေးသဖြင့် နတ်တော်လပြည့် ကျော် ဆောင်းဝင်စကွင်းထဲမှာ လေတဟူးဟူးနဲ့ အဲဒီနေ့ည ချမ်းချမ်း စီးစီး မပျော်တပျော် ဆင်းဆင်းရဲရဲ အိပ်ကြ ရပါသည်။ကျောင်းအမည် ကတော့ ဂန္ဓာရုံကျောင်းဟု အမည်တပ်ထားပါသည်။(၂)ပါးအတူ ဆွမ်းခံကြပြီး အနီးအနားရှိတကာ၊တကာမများနဲ့ ရင်းနှီးသွားကြသဖြင့် ဆွမ်းအုပ်များပို့ကြ။ဝေယျဝစ္စပြုကြ။သားသမီးကလေးတွေ ကျောင်းထားကြနဲ့။

ကျောင်းသား(၁၀)ယောက်လောက်နဲ့ ကိုရင်ကလေး (၄–၅)ပါးလောက် ရှိလာပါသည်။ထိုကလေးတွေကိုစာသင်ပေးပါသည်၊နောက်ဦးဘဒ္ဒိယရွာမှာ ကျောင်းသား၊ကိုရင်ကလေး တွေရောက်လာပြီးသကြိန်မှာ ဒုလ္လဘကလေး တွေနဲ့များပြားစီကားလာပါတော့သည်။

"မှော်ဘီသဲအင်းဂူ"

သာကေတက တကာမကြီးတယောက်က သဲအင်းဂူရိပ်သာ မှော်ဘီမှာ ဇရပ်ဆောက်ထားပါသဖြင့် အေးအေးဆေးဆေး ဇရပ်မှာနေပြီး တရားအားထုတ်ရန် အဆင်ပြေပါသည်။ကြွပါဟု ပင့်သောကြောင့် တပေါင်းလဆန်းထဲမှာ (၁၅)ရက် အားထုတ်ခဲ့ပါသည်။

ဂန္ဓာရုံကျောင်းမှာနောက်ပိုင်းတော့ စာသင်တိုက်မလုပ်တော့ဘဲ ဦးဘဒ္ဒိယ ကိုယ်တိုင်က ကမ္မဋ္ဌာနစရိယပြုလုပ်ပြီး မဟာစည်ရိပ်သာခွဲ တည်ထောင်ကာ အဆောက်အဦးများ၊သီလရှင်ယောဂီ၊လူယောဂီများဖြင့် စီကားတိုးတက်လျှက် (၂၀၀၁)ခုနှစ်က မဟာကမ္မဋ္ဌာနာစရိယဘွဲ့ ရရှိတော်မူသည်။

"ပုသိမ်"

၁၃၂၆–ခုနှစ် ကဆုန်လထဲမှာ စစ်ကိုင်းမှ ဦးပဏ္ဍိစ္စရောက်လာပြီး ပုသိမ်ရဟန်းအမများထံအလည်သွားမလို့။ဦးပဥ္စင်းကိုလာပြီးခေါ်တာ ရောက်ဖူး အောင်လိုက်ခဲ့ပါလားဟုခေါ်တာနဲ့ (ဦးဘဒ္ဒိယကိုလျှောက် ထားပြီးဦးဘဒ္ဒိယက(၄)ဝါကြီးပါသည်။ဦးပဏ္ဍိစ္စကတော့သက်တူဝါတူပါ) ပုသိမ်ကိုလိုက်သွားခဲ့ပါသည်။တကောင်းဘုရားအနီး လေးမျက်နှာကျောင်း မှာတည်းပါသည်။(၂–၃)ရက်လည်ပတ် ဘုရားဖူးပြီး ပုသိမ်မှာမစိုးရိမ် ပိဋကတ်ကျောင်းဆရာတော်ဦးကောဝိဒါဘိဝံသ ဦးစီးပြီးတည်ထောင် ဖွင့်လှစ်ထားတဲ့ဓမ္မာစရိယပါဠိတက္ကသိုလ်ကျောင်းမှာ စာရေးသူနဲ့မစိုးရိမ် အလယ်တိုက်ကြီးမှာအတူနေခဲ့တဲ့ ဦးပဏ္ဍဝ(ယော) ဘုန်းကြီးစာချနေ တာရှိပါတယ်။ပုသိမ်မှာပါဠိတက္ကသိုလ်က ခါတော်မှီ ပါဠိတက္ကသိုလ်နဲ့ ဗိုလ်ကနောင်သာသနရံသိပါဠိတက္ကသိုလ်ဟု နှစ်တိုက်ရှိသဖြင့်ကျောင်းက ဦးပဥ္စင်းကလေးတွေ စုံစမ်းကြည့်တော့ မစိုးရိမ်အဆက်ဆိုလျှင် သာသနရံသိပါဠိတက္ကသိုလ် ဖြစ်ပါတယ်။ တပည့်တော်တို့လဲ

အဆက်အသွယ်ရှိပါတယ်ဆိုပြီး လေးမျက်နှာသား ဦးကဝိန္ဒ က လိုက်ပို့သဖြင့် ဦးပဏ္ဍဝနှင့်တွေ့ကြပါသည်။

" သာပေါင်းရောက် "

ပါဠိတက္ကသိုလ်ဦးပဏ္ဍဝထံသွားတွေ့စဉ် မန္တလေးကင်ဝန်မင်းကြီးမှာနေတဲ့ စစ်ကိုင်းဗြဲတရော်သား ဦးကုသလနဲ့တွေ့ဆုံပြန်သဖြင့် ဦးကုသလ ကလဲတပည့်တော် သာပေါင်းသူငယ်ချင်း ကျောင်းထိုင်တဲ့ဆီသွားချင်လို့ တပါးထဲဖြစ်နေ လို့ အဖေါ်လိုက်ခဲ့ပါ။ ရောက်လဲရောက်ဖူးဒါပေါ့ ဟုခေါ်ဒါနဲ့ ဦးပဏ္ဍိစ္စနဲ့တိုင်ပင်တော့ ဦးပဏ္ဍိစ္စက ကိုယ်တော်လိုက်ချင်လဲလိုက်သွားပေါ့။တပည့်တော်ကစစ်ကိုင်းကို ပြန်ရမှာအချိန်ကမရှိတော့လို့လိုက်လို့မဖြစ်တော့ဘူးဆိုပြီး ရန်ကုန်ကိုပြန်သွားနှင့်ပါသည်။စာရေးသူလဲဦးကုသလနဲ့ သာပေါင်းကိုသွားပြီး လည်ကြပါသည်။

ဒီနှစ်ဝါမှာ ရန်ကုန် ဗဟန်း ရွှေတိဂုံဘုရား၏အနီး ရွှေနံ့သာကျောင်းမှာ ဝါဆိုပြီးစာချနေဘို့ မန္တလေးမစိုးရိမ်မှာ အတူနေကြတဲ့သာရဝေါ ခမုံဇာတိ ဦးဣန္ဒက က နယ်သားလဲဖြစ်၊ဆရာလဲဖြစ်တဲ့ရွှေနံ့သာဆရာတော်ကြီးကို စာချဘုန်းကြီးတပါးရှာထားပါသည်။ဝါဆိုလမှာသူကိုယ်တိုင်လာပို့မည့်အကြောင်း ကြိုတင်လျှောက်ထားပါသည်။လာပင့်တဲ့အခါလွယ်ကူစေရန် ကြည့်မြင်တိုင် ကိုးထပ်ကြီးကျောင်းတိုက် လောကပိယကျောင်းဦးကောဝိဒထံ ဆက်သွယ်ရန်လိပ်စာပေးထားပါသည်။ဦးပဏ္ဍိစ္စလဲ ဦးကောဝိဒထံတည်းခိုပါသည်။ဦးကောဝိဒနှင့် ဦးပဏ္ဍိစ္စတို့က စစ်ကိုင်းတောင် တောလေးထပ်မှာအတူနေခဲ့သူများဖြစ်ပါသည်။စစ်ကိုင်းအဆက်အနွယ်ဟူသမျှဦးကောဝိဒဆီမှာ တည်းခိုကြပါသည်။စာရေးသူလဲ သာပေါင်းမှာ (၄-၅)ရက်နေပြီး ရန်ကုန်ကိုပြန်ဘို့အစီအစဉ်ရှိပါသည်။

သာပေါင်းရောက်လို့(၃)ရက်လောက်ကြာတော့ ပုသိမ် ဦးပဏ္ဍဝထံမှ စာတစောင်လူကြုံနဲ့ရောက်လာပါသည်။စာထဲမှာ အရေးကြီးတဲ့ကိစ္စတိုင်ပင်စရာရှိလို့ အမြန်ပြန်လာခဲ့ပါတဲ့။ဘာကိစ္စ၊ ဘာလဲလို့ စဉ်းစားလို့မရဖြစ်နေခဲ့တယ်။ တညအိပ်ပြီး ဦးကုသလနဲ့ပြန်လာခဲ့ကြပါသည်။ကျောင်းရောက်တော့ ဦးပဏ္ဍဝက ပါဠိတက္ကသိုလ်ဆရာတော်ကြီး

ဦးပါမောက္ခထံ ခေါ်သွားပါတယ်။ဆရာတော်ကြီးက တပည့်တော်တို့ ကျောင်းမှာစာချကထိက တပါးလိုနေတဲ့အတွက် နာယကတွေ အားလုံးတိုင်ပင်ပြီး ကိုယ်တော်ကို စာချကထိကအဖြစ်ခန့်ထားလိုက် ကြပါတယ်။ စားဝတ်နေရေးလဲပူစရာမလိုပါဘူး။ဓမ္မာစရိယကျောင်းထဲမှာ ဓမ္မာစရိယ ကျောင်းသားများနှင့်အတူ ဒေါင့်ခန်းမှာ အိပ်ယာခုတင် အဆင်သင့်ပြင်ထားပါပြီ။မနက်ဖြန်ခါကစပြီး အငယ်တန်းသမားတွေ နေ့ဝါ၊ညဝါချပေးပါ။စာအုပ်တွေလဲအဆင်သင့်ရှိပါတယ်ဟုချိုပြီးတုတ်ပြီး တချက်လွှတ်အမိန့်ချလိုက်သဖြင့် မလွန်ဆန်နိုင်ဘဲတာဝန်ယူခဲ့ရသည်

"ရာဟုပြိုလ်"

ရာဟုပြိုလ်ဟာဆိုးသည်။ထိုအချိန်က ရာဟုပြိုလ်ထဲရောက်ခါနီး နေဒါမို့ "မိုးစနေ လေရာဟု"ဆိုသလိုစနေဒေါင့်က လာသောမိုးသည် သည်းထံ၍ ရာဟုဒေါင့်ကလာသောလေသည် ပြင်းထန်ကြမ်းတမ်းစွာ တိုက်ခိုက်သည်ဟု ဆိုသဖြင့်အသက်(၂၇-၂၈)လောက်ကစ၍ စိတ်တွေ ပျံ့လွင့်ကာ ဂနာမညိမ် နေမထိ ထိုင်မထိ တနေရာထဲဖင်ပူအောင် မထိုင်ချင်ဘဲ ဟိုသွားရကောင်းနိုးနိုး၊ ဒီသွားရ ကောင်းနိုးနိုးဖြစ် နေခဲ့သည်။ မိမိကိုယ်ကိုထိမ်းနေရသည်။(၁၃၂၄)ခု (၁၉၆၃)ခုနှစ် ဓမ္မာစရိယဘွဲ့ ရန်ကုန်ကမ္ဘာအေးမှာလာပြီးယူရင်း မပြန်တော့ဘဲ (၁၃၂၅)ခုနှစ် ဝါမှာစိတ်ညိမ်အောင် ရန်ကုန်မဟာစည်ရိပ်သာမှာဝင်ပြီး တရားအားထုတ်သည်။တရားအားထုတ်စဉ် ငြိမ်သက်မှုရှိပြီးသိတင်းကျွတ် တော့ စိတ်လေပြလေနေသည်။

"ပါဠိတက္ကသိုလ်ပျက်"

ပုသိမ်သို့အလည်ရောက်နေသည်တိုင် ဂနာမညိမ်လှသေး။ တက္ကသိုလ် စာချကထိကဖြစ်ပြီးခါမှ တာဝန်တစ်ခုရှိသွားလို့ထင်ပါရဲ့ စာချတဲ့ဘက်ကို စိတ်ဝင်စားပြီး အလိုလိုစိတ်တည် ငြိမ်အေးချမ်းသွား ပါတော့သည်။ရာဟုလေလွင့်လိုက်တာလွင့်ချင်တိုင်းလွင့်ပြီး မစင် တောထဲမကျဘဲ စန္ဒကူးတောထဲကျလို့သာ တော်သေးရဲ့လို့ဆိုရပေမည်။ (၁၃၂၆)ခု (၁၉၆၅)ခု(၃)လပိုင်းလောက်မှာ ဗိုလ်ချုပ်ကြီးနေဝင်းက သံဃာ့ညီညွတ်ရေးအဖွဲ့အစည်း မှော်ဘီအစည်းအဝေးပွဲပြုလုပ်လိုသဖြင့်

လက်ရှိ ပါဠိတက္ကသိုလ်အဖွဲ့အစည်း၊ ဝိနည်းမိုရ်အဖွဲ့အစည်း၊ ရဟန်းပျိုအဖွဲ့အစည်းများကို ပယ်ဖျက်လိုက်သဖြင့် ပါဠိတက္ကသိုလ်အဖွဲ့ ပျက်သွားလေတော့သည်။

"အလုံဇမ္ဗုရတနာရောက်"

ထိုသို့ပါဠိတက္ကသိုလ်များပျက်သွားသဖြင့် စာမေးပွဲအပြီး ပုသိမ်မှ ရန်ကုန်သို့ပြန်လာပြီး ကိုးထပ်ကြီးလောကပိယကျောင်း ဦးကောဝိဒထံတည်းခိုလျှက်အလုံဇမ္ဗုရတနာပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဦးမေဓာနှင့်ဦးနာဂဝံသတို့ထံ လျှောက်ထားရာနေခွင့်ရသဖြင့် (၁၃၂၇–၁၃၂၈–၁၃၂၉)ခု(၁၉၆၅–၁၉၆၆–၁၉၆၇)ခုနှစ်တွင် တိုပ်အုပ်ဆရာတော် ဦးသီဟာစာရ၊ ဦးအဂ္ဂဝံသ၊ဦးဝဏ္ဏသာရတို့နှင့်အတူ ဇမ္ဗုသီရိကျောင်းမှာနေ၍ ပထမကြီးတန်း စာဝါများပို့ချခဲ့ပါသည်။ သံဃာ့ညီညွတ်ရေးမေ့ာ်ဘိအစည်းအဝေးကြီးမှာလည်း ရန်ကုန်ညောင်တုန်းတိုက် ပါဠိတက္ကသိုလ် ဥက္ကဋ္ဌ ဆရာတော် ဦးသုရိယမှ ခေါင်းဆောင်၍ မြန်မာပြည် တပြည်လုံးပါဠိတက္ကသိုလ်များက သဘောမတူကြောင်းဆန္ဒပြကြသဖြင့် ထိုအစည်းအဝေးကြီး မအောင်မြင်ဘဲ ပျက်စီးသွားခဲ့ရပေတော့သည်။ဗိုလ်ချုပ်နေဝင်းက ထိုဆန္ဒပြသောသံဃာအားလုံးဖမ်းဆီး၍ ထောင်(၆)နှစ်ချခဲ့လေသည်။ပုသိမ် သာသနရံသီ ပါဠိတက္ကသိုလ် ဆရာတော်ဦးပါမောက္ခလည်း ထောင်(၆)နှစ်ကျ၍ ထောင်ကထွက်လာသောအခါ စိတ်အနည်းငယ်ဖောက်ပြန်သွားလေသည်။ ပုသိမ်မှာနေစဉ်ခါတော်မှီ ပါဠိတက္ကသိုလ်မှသံဃာများက နှစ်တိုက်ပေါင်း၍ဆန္ဒပြရန် အရှင်ဘုရားတို့တိုက်က ဥက္ကဋ္ဌ(သို့မဟုတ်) အတွင်းရေးမှူးအဖြစ် တခုခု တာဝန်ယူရန်လာပြီးဆွဲဆောင်စည်းရုံးသဖြင့် တပည့်တော်တို့ကတော့ ဝါသနာမပါဘူး။ လုပ်မည့်သူလည်းမရှိဘူး။ အရှင်ဘုရားတို့သာလုပ်ကြပါဟု ညင်းပယ်လိုက်သဖြင့် တစ်ပါးမှမပါဘဲ လွတ်သွားခဲ့ရပေသည်။

"ထွက်ပြေးတိမ်းရှောင်"

ဇမ္ဗုရတနာနေစဉ်(၁၃၂၇)ခု၊တပိုတွဲလမှာ စစ်ကိုင်းမြို့၊ဗြဲတရော်ရွာလေးမျက်နှာကျောင်း ဘထွေးဘုန်းကြီးဦးကုသလ ပျံလွန်တော်မူသဖြင့်



အာနန္ဒာဗောဓိညောင်ပင်
နှင့်
အမှတ်တရ (၁-၁-၉၈)



အိန္ဒိယ ဥရုဝေဠတော၌ တရားအားထုတ်စဉ်



သိမ်အုတ်မြစ်ချပွဲ တရားပေါဘုံ



သိမ်သမုတ်ဓါနီး ရွတ်ဖတ်သရဇ္ဈာယ်ပုံ

ချာပနကိစ္စပြန်သွားရပါသည်။နယ်သံဃာများနှင့် တကာ၊တကာမများက ဘုန်းကြီးပျံအပြီးကျောင်းအပ်ရန် အစီအစဉ် ပြုလုပ်ထားသဖြင့် ချာပနကိစ္စ အပြီးအထိမနေဘဲ နိဗ္ဗာန်ကျောင်းချအပြီး လွယ်အိတ် ထဲသကၤန်းတစုံ ထည့်ကာထွက်ပြေးခဲ့ပါသည်။ထိုအချိန်က ရန်ကုန် ဇမ္ဗူရတနာကျောင်းမှာ လဲ ညီးဖြစ်သူမောင်သန်းစိန်က ကျမ္မာရေးမှူးသင်တန်းတက်ရောက်နေတာ ရှိနေသဖြင့် ကျောင်းပြန်လို့လဲမဖြစ်သေး၍မန္တလေးဘူတာကြီးရောက်တော့ ခြေရာဖျောက်တဲ့အနေနဲ့ပုပ္ပါး၊ပုဂံ၊ညောင်ဦးဘုရားဖူးသွားမည့် အကြောင်း စာရေးထည့်ပြီး ညနေ(၃)နာရီ ရန်ကုန်ကိုရထားစီးခါ ဖျာပုံမှာ မန္တလေး မစိုးရိမ်ဦးရာဇဓမ္မ၏အကို ဦးကောသလ္လရှိသဖြင့် ဖျာပုံသဘော်စီးလျှက် ဦးကောသလ္လထံသွားနေသည်။

တဖန်ဦးကောသလ္လက မော်လမြိုင်ကျွန်း(၁၂)လမ်းမှာ ရဟန်းအမ တွေရှိတယ်။သွားလည်ရအောင်ဆိုလို့(၂)ပါးမော်ကျွန်းသွားကြသည်။ မော်ကျွန်း တုံးလဲကျောင်းမှာ တည်းခိုသည်။ဦးကောသလ္လပြန်တော့ ကျော်နူကျောင်း ဦးဣန္ဒာစာရရှိသဖြင့် သွားလည်ပြန်သည်။ထိုမှတဆင့် ဘိုကလေး ပေချောင်းကြီး ယခုဂန့်ဂေါ် တစ်ထောင်ဦးကေလာသဆီ ရောက်ပြန်သည်။သကြိန်ကျပြီးတော့မှ ရန်ကုန်မြို့ ဇမ္ဗူရတနာကျောင်း ပြန်ရောက်သည်။ဒီလိုမှ မိုက်တိမိုက်ကန်းမထွက်ပြေးခဲ့လျှင် ဆယ်နှစ် ဆယ်မိုး ဓမ္မာစရိယပညာသင်ခဲ့တဲ့စာသင်တိုက်ဖွင့်ပြီး စာချမယ်ဆိုတဲ့ ရည်ရွယ်ချက်ပျက်ပြီးနပ်ချေးတွဲလောင်းကလေးတွေ(က)ကြီး၊(ခ)ခွေးသင်ပေး ရတဲ့အဆင့်သို့ရောက်ပေတော့မည်။လောကဝတ္တရားတော့ပျက်တာပေါ့။ ဤကဲ့သို့သုံးနှစ်လောက်အဆက်အသွယ်ဖြတ်ပြီးတိမ်းရှောင်နေခဲ့ရသည်။

"သိမ်နှုတ်တာဝန်"

ထိုဇမ္ဗူရတနာပါဠိတက္ကသိုလ်မှာ (၁၃၂၈)ခုနှစ် ဝိသုဂါမသိမ်ရ သဖြင့် မော်ကျွန်း(၅)လမ်း သာသနာရက္ခိတကျောင်းဆရာတော် သက်တော်(၇၅)နှစ်ကဦးဆောင်၍ သမုတ်ရာတွင် ထိုဆရာတော်မှ သိမ်နှုတ်နည်း၊ သမုတ်နည်း၊ရဟန်းလောင်းဆုံးမခန်းများသင်ကြားပေး ခဲ့ပါသည်။ထိုသိမ်နှုတ်ရာ၌ မိမိဦးဆောင်၍ သိမ်နှုတ်ခဲ့ပြီး စနေဒေါင့်မှာ သိမ်နိမတ်စောင့်အဖြစ်တာဝန်ယူခဲ့ရပါသည်။

"ဒေသန္တရစရိးစဉ်"

ထို(၁၃၂၈)ခု တပေါင်းလစာမေးပွဲအပြီး မစိုးရိမ်မှာအတူနေခဲ့သော မုဒုံတော်ကူးသား ကျောင်းသစ်မှာစာချနေသော ဦးဇောတိကပါလ ထံသွားလည်သည်။ မော်လမြိုင်၊ ကျိုက်မယော၊ ကျိုက္ခမီ၊ သံဖြူဇရပ်၊ စက်စဲ လိုက်ပို့ပါသည်။ထိုမှတဖန် ရေး၊ ဧးဖြူသောင်၊ ထားဝယ်၊ မောင်းမကန်၊ ပုလော၊ ပလောက်၊ ရှပ်ပုံ၊ မြိတ်၊ တနင်္သာရီအထိ ဒေသန္တရအလို့ငှာလည်ခဲ့ပါသည်။ထိုအချိန်တွင်ရန်ကုန်မှာ တရုပ်–ဗမာ အဓိကရုဏ်းဖြစ်နေ၍ မြိတ်လေယာဉ်ခရီးစဉ်နားထားသဖြင့် ထားဝယ်သို့ တဖန်လေယာဉ်ဖြင့် ပြန်လာခဲ့ပါသည်။ခရီးသည်(၈)ယောက်သာပါသည်။ (၁၃၂၉)ခု နယုန်လပြည့်ကျော်(၁၂)ရက်နေ့ ဇမ္ဗုဒီပတနာကျောင်းသို့ပြန်ရောက်သည်။

"သာသနာမှာကျေးဇူးများ"

၁၃၂၉–ခုနှစ် ဝါကျွတ်ခါနီး ကျုံမငေးမြို့အုံးပင်ကျောင်း ဦးဥာဏိန္ဒထံမှ စာတစ်စောင်ရောက်လာပါသည်။လာမည့်(၁၃၃၀)ခုနှစ်တွင် တပည့်တော်စာသင်တိုက်ဖွင့်ချင်လို့ကျေးဇူးပြု၍ မဖြစ်မနေ အကူအညီပေးစေချင်ပါသည်။အကျိုးအကြောင်းစာပြန်ပါဟု စာရေးလိုက်သဖြင့်စဉ်းစားကြည့်ပါသည်။ငါဒီရန်ကုန်မှာ စာချဘုန်းကြီးဘဝနဲ့ နေရတာစားဝတ်နေရေးအားလုံးအဆင်ပြေပါတယ်။ကျုံမငေးရောက်လျှင် ဒီလောက်ကတော့ စာသင်တိုက်တတိုက်ဖြစ်အောင် ပြုလုပ်နိုင်မှာ မဟုတ်ဘူး။ဒါပေမဲ့စာသင်တိုက်မရှိသေးတဲ့နေရာမှာကျေးဇူးများတယ်။ သာသနာပြုရာရောက်တယ်ဟု စဉ်းစားပြီးတပည့်တော်ကူညီပါမည်။ အရှင်ဘုရားလုပ်စရာရှိတာသာလုပ်ထားပါ။အမြဲတော့မနေနိုင်ဘူး။ မကြီးပွားသေးလျှင်(၃)နှစ် ကြီးပွားလျှင်ကြီးပွားတဲ့အချိန် တပည့်တော်ပြန်မှာဘဲလို့ စာပြန်ပေးလိုက်ပါသည်။

ထိုဦးဥာဏိန္ဒကတခြားမဟုတ် ပုသိမ်ပါဠိတက္ကသိုလ်မှာနေစဉ်က ဦးဥာဏိန္ဒက ပါဠိတက္ကသိုလ်ကျောင်းသား (အဋ္ဌသာလိတကျမ်းစွဲ) အဖြစ်ဖြင့် အတူနေခဲ့ကြသော သူငယ်ချင်းဖြစ်သည်။သူက(၃) ဝါကြီးသည်။ဇာတိမှာ ချောက်မြို့နယ်ကဗြုသားဖြစ်သည်။ ယခု ကျုံမငေး

အုံးပင်ကျောင်း ဘကြီးဘုန်းကြီးက သူမသေခင်စာသင်တိုက်ဖြစ်လိုသဖြင့် ကျောင်းလွှဲအပ်သောကြောင့် စာသင်တိုက်တည်ထောင်လိုသဖြင့် အကူ အညီတောင်း ခြင်းဖြစ်သည်။ဝါကျွတ်တော့ ဦးဉာဏိန္ဒကိုယ်တိုင်လာ၍ ဆွေးနွေးတိုင်ပင်ကြရာ ကျောင်းမှာဒု လ္လဘကြီးတွေ(၁၂)ပါလောက် ရှိတယ်။ဘုန်းကြီးရဲ့မွေးစားသား(၂)ယောက်နဲ့မြေးလေးတွေလဲရှိတယ်။ အဲဒီအခက်အခဲတွေကြောင့် အရင်စာသင်တိုကဖွင့်တာ (၂)ကြိမ်လောက် ရှိပြီ ။တနှစ်တောင်မကြာချင်ဘူးပျက်သွားခဲ့ရတယ်။ပြီးတော့ အုံးပင်ကျောင်း ပဝါရဏာဂိုဏ်းနဲ့ဈေးကျောင်းပဝါရဏာဂိုဏ်းကလဲ အချင်းချင်းကွဲပြီး ဆွမ်းအတူ တူမစားကြဘူး။အဲဒါ ကိုယ်တော်အနေနဲ့ ကြိုတင်သိအောင်ပြောပြထားဒါပါ။ကိုယ်တော့်စာရကထဲက သက်ဆိုင်ရာ တကာတွေဆွေးနွေးတော့တကာတွေကလဲ အားတက်သရော တက်တက် ကြွကြွ စာသင်တိုက်အတွက် လိုအပ်တာကူညီပံ့ပိုးမဲ့ အကြောင်း လျှောက်ထား ကြပါသည်။ကိုယ်တော့်ဆီကလဲ လိုက်နိုင်မဲ့ကိုရင်၊ ဦးပဉ္စင်း လေးတွေခေါ်ခဲ့ပါ။တပည့်တော်လည်း သကြိန်ပြီးအညာပြန် ကိုရင်၊ဦးပဉ္စင်းခေါ်အုံးမယ်။ နယုန်လကို စာသင်တိုက်ဖွင့်မယ်။ ကိုယ်တော့်ကိုလာပြီး ပင့်ပါမည်ဟုတိုင်ပင်ဆွေးနွေးအတည်ပြုကြပါသည်။

"ကျုံမငေးရောက်"

၁၃၃၀–ခု ၁၉၆၀ခု သကြိန်အပြီး ငါးထပ်ကြီး ဘုတာအနီး စံဖဲရွာမှာ ကျောင်းထိုင်နေသော မန္တလေးမစိုးရိမ်မှာအတူနေခဲ့တဲ့ ဦးကုသလရှိသဖြင့် အလည်သွားခဲ့သည်။ပြွန်တဆာ ညောင်လေးပင် မဒေါက် ရွှေကျင်မြို့များသို့လိုက်ပို့သည်။ကဆုန်လကုန်လောက် ရန်ကုန်ရောက်ပြီး နယုန်လဆန်း(၅)ရက်နေ့ ဦးဉာဏိန္ဒလာပင့်၍ ဦးဉာဏိန္ဒနှင့်(၂)ပါးဆရာတော်ဦးနာဂဝံသကိုလျှောက်ထားရာ ဆရာတော် ကလိုက် မသွားရန်အဖန်ဖန်တားပြီး စကားမပြောတော့ဘဲကျောခိုင်းခါ မျက်ရည်များကျနေပါသည်။ (၁၀)မိနစ်လောက်ငြိမ်နေကြပြီး ဦးဉာဏိန္ဒ က ဆရာတော်ခွင့်ပြုတော်မူပါဘုရား။အားလုံးလဲစီစဉ်ပြီးကုန်ပါပြီ။ ဆရာတော်တို့မြို့မှာက စာချဘုန်းကြီးပေါပါတယ်။တပည့်တော်တို့ တောမှာကရှားပါတယ်ဟုလျှောက်တော့မှငါကလဲသူ့ကိုအားကိုးနေရတာ။

သူမရှိရင် ယမိုက်၊ပဋ္ဌာန်းချမည့်သူမရှိဘူး။ငါဘဲချရမှာ။စီစဉ်ပြီးပြီဆို လဲလိုက်သွားပေါ့။အချိန်မရွေးပြန်လာခဲ့ပါ။ကျုံမငေးမြို့က မြို့သေးလေး ကွဲ့။မကြီးပွားနိုင်ဘူး။မြို့ကြီးမှကြီးပွားနိုင်တာ ဟုပြောဆိုကာထသွားပြီး ခါးမောက်သင်ဒုံးခါး၊ဆပ်ပြာမွှေးတဘက်များပေးလိုက်ပါသည်။ထိုနေ့က သရက်တောတိုက်ကျောက်ပတောင်း ကျောင်းမှာ သွားအိပ်ကြပြီး လိုအပ်သောရေနွေးခရား၊ပုဂံခွက်ရောက်ကလေးတွေဝယ်ချမ်းပြီး အညာက ပါလာသောကိုရင်၊ဦးပဥ္စင်းများနဲ့အတူ နောက်တနေ့ညနေ(၃)နာရီ သင်္ဘောနဲ့ကျုံမငေးသွားကြရာ မနက်မိုးလင်းရောက်ကြပါတော့သည်။

"အုံးပင်ကျောင်းစာသင်တိုက်ဖွင့်"

၁၃၃၀–ခုနှစ်နယုန်လပြည့်နေ့မှာ အုံးပင်ဘက်ဈေးကျောင်းဘက် သံဃာတော်များနှင့် တကာ၊တကာမများအားလုံပင့်ဖိတ်၍ စာသင်တိုက် ဖွင့်ပွဲကျင်းပကြပါသည်။ထိုဖွင့်ပွဲ၌ ဦးဉာဏိန္ဒအကို မင်းဘောကျောင်း ဆရာတော်ဦးဝိသုဒ္ဓကအခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပြီး ကျောင်းပိုင် ဆရာတော်ဦးကုဏ္ဍလက ဦးဉာဏိန္ဒအား စာသင်တိုက်ဖွင့်ရန် စာချုပ်စာတမ်းနှင့်တကွ ကျောင်းလွှဲအပ်ကြောင်းအမိန့်ရှိပြီး ဦးဉာဏိန္ဒက ကျောင်းကိုအလှူခံပြီးဆရာတော်ကြီး၏ဆန္ဒအတိုင်း စာသင်တိုက်ဖြစ်ရန် ဝန်ခံလျှောက်ထားပြီး စာရေးသူကစာသင်တိုက်အကြောင်းနှင့် ရည်ရွယ်ချက်များကို (၁)နာရီလောက်အကျယ်တဝင့်ရှင်းပြ၍ အခန်းအနားရုပ်သိမ်းလိုက်ပါသည်။သံဃာဘက်၊လူဘက်အားလုံးက အထူးစိတ်ဝင်စားကြပြီး ညနေရောက်တော့ စားပွဲခုံ၊ဖွန်းပုဂံ၊စားပွဲခင်း၊ဖျာ သံဃာအပါး(၃၀)စာလုံလောက်အောင် တကာ၊တကာမများက အသီးသီး လာလှူကြသဖြင့် အားလုံးကတအံ့တသြဖြစ်မိကြလေသည်။

"ညီညွတ်မှုရှိ"

ဆရာတော်ကြီးက စာသင်တိုက်စည်းမျဉ်းရေးဆွဲပါဟု အမိန့် ရှိသဖြင့် စည်းမျဉ်း(၁၂)ချက်ရေးဆွဲပြီး ဆရာတော်ကြီး၊ စာချဦးဉာဏိန္ဒ၊ ဦးဓမ္မာနန္ဒ၊ ဦးဇဝနတို့ကအုပ်ချုပ်၍ ဦးပညာဝံသက ဆွမ်းစားကျောင်း တာဝန်ယူဆောင်ရွက်ကြသဖြင့် အားလုံးညီညီညွတ်ညွတ် အဆင်ပြေ ပါသည်။ထိုအချိန်မှစ၍ ယခင်က မညီမညွတ် နှစ်ဘက်ကွဲပြားနေသော

သံဃာများလဲအတူတကွဆွမ်းစားခြင်း၊ကံကြီးကံငယ်ဆောင်ခြင်းပြုလုပ်၍ ညီညွတ်မှုရှိသွားသဖြင့် ဒီဦးပဉ္စင်းလေးတွေလာမှ ညီညွတ်သွားပြီဟု ပြောဆိုကာ ရပ်ကွက်ရှင်လူအားလုံးက ဝမ်းသာမဆုံးဖြစ်ခဲ့ကြပါသည်။

မိမိကိုယ်တိုင်ဦးဆောင်၍ သံဃာအပါး(၃၀)ရပ်ကွက်ထဲမှာ တန်းစီဆွမ်းခံခြင်း၊ နွေအခါဆွမ်းဆန်စိမ်းခံခြင်း၊ သင့်တင့်သော အနုမောဒနာတရားဓမ္မဟော ကြားခြင်းများ ပြုလုပ်သဖြင့် (၁)နှစ်အတွင်း အုံးပင်စာသင်တိုက်ဟာ သိသိသာသာအဘက်ဘက်ကတိုးတက်လာပါသည်။သံဃာတော်များတန်းစီ၍ဆွမ်းခံခြင်း၊ဆွမ်းဆန်စိမ်းခံရခြင်းသည် ဆွမ်းလိုချင်လို့၊ဆန်လိုချင်လို့မဟုတ်ပါ။ယခင်ကစာသင်တိုက် မရှိဘူး သေးတဲ့နေရာ ယခုစာသင်တိုက်ရှိလာပြီဟု သိစေခြင်းငှါ သံဃာတော်များ တန်းစီ၍လှည့်လည်သာသနာ ပြုခြင်းမျိုးဖြစ်ပါသည်။အတွေ့အကြုံမှာ ပုသိမ်နေစဉ်က ညနေတိုင်းဦးခေမာစာရနှင့် ကရင်ခြံရက်ကွက်မှဖြတ်၍ ရွှေမုဋ္ဌောဘုရားကို လမ်းလျှောက်ရင်း ဘုရားဖူးသွားကြပါသည်။ လမ်းပေါ်မှာ(၁၀)နှစ်ပတ်ဝန်း ကရင်ကလေး(၄-၅)ယောက်ထိုင်ပြီး ကစားနေပါသည်။ဦးပဉ္စင်းတို့လဲမြင်ရော ကြောက်ပြီးအိမ်ခြံထဲဝင်ပြေး ကြပါသည်။တချို့ကတိုင်ကွယ်ပြီးချောင်းကြည့်ကြပါသည်။တချို့က ကျောပေးတစောင်း ကြည့်နေကြပါသည်။

## " ကရင်လေးတွေယဉ်ကျေးလာ "

ဒီလောက်ရိုင်းတဲ့ကလေးတွေ ယဉ်ကျေးလာအောင်ဆွဲဆောင်လျှင် ရမှာဘဲ နှစ်ပါးတိုင်ပင်ပြီးနေ့တိုင်းသူတို့လမ်းကသွားပြီး ဖိုးခွါး၊ဖိုးမှု ဟု ခေါ်ခါနှုတ်ဆက်ခြင်း စကားလှမ်းပြောခြင်း၊ နေကောင်းသလား၊ ဘာလုပ်နေကြတာလဲ၊ထမင်းစားပြီးပြီလား စသည်ဖြင့် အမြဲတမ်းသွားလာ မေးမြန်းဖန်များလာတော့ ယဉ်ပါးလာပြီးမပြေးတော့ဘူး။ကစားမြဲ ကစားနေကြတယ်။ကြည့်တော့မကြည့်ဘူး။နောက်တော့ သကြားလုံး လေးတွေ၊ မုံ့လေးတွေယူသွားပြီး လမ်းသွားရင်းပြစ်ပေးခဲ့တယ်။ တဖြေးဖြေးနဲ့အကပ်ခံလာတယ်။ စကားပြန်ပြောလာတယ်။ဒီကလေးတွေ ကျောင်းကိုခေါ်အုံးမှဘဲဆိုပြီးခေါ်လာတယ်။လိုက်လာကြတယ်။ပါဠိ တက္ကသိုလ်မှာသံဃာအပါး(၈၀)ရှိတယ်။ကျောင်းတွေသံဃာတွေလှည့်ပြ၊

စားစရာလေးတွေကျွေးမွေးပြီးပြန်သွားကြတယ်။ဒီသင်ခန်းစာကို နမူနာယူပြီး မယဉ်ကျေးသေးတဲ့သူ ယဉ်ကျေးအောင်ဆွဲဆောင်လျှင်ရတာဘဲ။သာသနာပြုတယ်ဆိုတာဟောပြောနေမှမဟုတ်။တန်းစီကြွလာသောသံဃာတော်များကိုမြင်တွေ့နေရသဖြင့် ပုဂ္ဂိုလ်ခင်မှတရာမင်ဆိုသလိုရင်နှီးယဉ်ကျေးသိမ်မွေ့လာပြီး လူလိုတန်းလိုတဲ့စေတနာသဒ္ဓါတရားတွေဖြစ်ပေါ်လာပေတော့သည်။သံဃာတော်များတန်းစီကြွခြင်းသည်ဟောပြောဆွဲဆောင်နေစရာမလိုဘဲ သမဏာနုဋ္ဌဒဿနမင်္ဂလာဖြစ်ပြီးအလိုလိုကြည်ညိုသဒ္ဓါတရားဖြစ်ပေါ်လာသဖြင့် အဓိကကျသောသာသနာပြုခြင်းဟု မှတ်ချက်ချရပေသည်။

"တရားမဟောရန်တားမြစ်"

သာရေးနာရေးရှိလျှင်တရားလဲဟောရပါးသေးတယ်။စာသင်တိုက်သံဃာတော်များ စာသင်ရပုံအကြောင်းလေးတွေတည့်ပြီးပြောပြတာမို့တကာ၊တကာမ များကသဘောပေါက်ကြပြီးလှူဒါန်းသူလဲပေါ်များ လာကြပါသည်။ထိုနှစ်ကျောင်း ကထိန် မှာလဲကထိန်တရားဟောရပါသည်။ငယ်ရွယ်ချိန်ဆိုတော့ယပ်လှဲဆန်ဆန် အဆွဲအငင် အသံနေအသံထားနဲ့ဟောပါတယ်။အခုမှမဟုတ်ပါဘူး။ ရှင်သာမဏေဘဝ(၁၅)နှစ်သားအရွယ်စာသင်တိုက်မရောက်သေးခင်ရွှေဘုံသာကျောင်းနေစဉ်ကလဲ သကြံန်အခါဥပုသ်သည်များကို ဗောဓိကုမာရဇာတ်ကို ဆရာတော်ဦးပညာအမိန့်အရဟောခဲ့ဘူးပါတယ်။ပုသိမ်နေစဉ်ကလဲဟောခဲ့ရပါတယ်။ကထိန်မှာပဝါရဏာဂိုဏ်းသံဃာအားလုံး ကြွရောက်အားပေးချီးမြှောက်တော်မူကြပါတယ်။တရားဟောပြီးတော့ သက်တော်(၇၃)နှစ်မျက်စေ့နှစ်ကွင်းအလင်းမရရှောသော ပဝါရဏာဂိုဏ်း ဒု-ဥက္ကဋ္ဌ ကျွဲတုံးဆရာတော်ကြီးကအနားခေါ်ပြီး မောင်ပဥ္စင်းကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေပြောရမှာဘဲ။နောင်ကိုတရားမဟောပါနဲ့။တကာ၊တကာမတွေကဘာမဟုတ်တာလေးနဲ့တရားဟောပင့်လို့ ခဏခဏလိုက်ဟောနေရလျှင်စာမချရဘဲစာသင်တိုက်ပျက်သွားနိုင်တယ်။ဒါကြောင့်ဘုန်းကြီးကတားမြစ်တာဟု တိုတိုတုတ်တုတ်စိုးရိမ်စိတ်ဖြင့်အမိန့်ရှိသဖြင့် မှန်ပါဘုရား။ဆရာတော်များမကြိုက်လျှင်နောင်တရားမဟောတော့ပါဘူးဘုရားလို့ဦးချ၍

ာတိပြုပြီး ထိုအချိန်မှစ၍ ဟောတရားမဟောတော့ဘဲ အနုမောဒနာ ပြောတရားဘဲပြောပါတော့သည်။

"သာကေတပြန်ရောက်"

၁၃၃၁-ခုနှစ် ဝါဆိုအပြီး ဝါဆိုလပြည့်ကျော်(၅)ရက် (၆)ရက် လောက်မှာ စစ်ကိုင်းတောင်ဇေယျညွန့်ကျောင်း ဦးစန္ဒာဝရထံမှ ဆရာဘုန်းကြီး အသဲအသန် ဖြစ်နေ၍အမြန်ပြန်လာပါဟု ကြေးနန်းစာ ရောက်လာသည်။အားလုံးတိုင်ပင်ကြပြီးဝါပန်ပြီးပြန်ဒါပေါ့ဟု ဆုံးဖြတ် ကြခါ ဘာပစ္စည်းမှမယူဘဲ ဆွဲအိပ်ကလေးယူကာ ဦးတင်မောင်၊ ကိုပွကြီး၊ ဘန်ဂါတီး အမာခံဝေယျာဝစ္စလူကြီး(၃)ယောက်တို့သည် လိုက်ပို့ရင်းစိတ်အားငယ်စွာနဲ့ မျက်ခွက်မျက်နှာမသာမယာအမြန်ပြန် ကြွလာရန်တတွတ်တွတ်လျှောက်ထားကာ မျက်ရည်များယိုစီးကျလျှက် သင်္ဘောထွက်တော့ ဝမ်းနည်းစွာဖြင့်ပြန်သွားကြလေသည်။ပြန်လာရ ပေ့မယ့် စိတ်တော့မကောင်းပါ။ ရန်ကုန်လောကပီယကျောင်း ဦးကောဝိဒထံရောက်တော့ ဘာမှမဟုတ်ဘူး။ကျုံမငေးအဆက်အသွယ် ဝေးတဲ့ နေရာသွားနေလို့ပြန်ခေါ်တာ။စစ်ကိုင်းကိုမသွားနဲ့တော့ဆိုတာနဲ့ ကျုံမငေါ်မပြန်တော့ဘဲ သာကေတဦးဘဒ္ဒိယကျောင်းမှာဘဲ ဒုတိယ ဝါဆိုပြီး ဦးပဥ္စင်း၊ကိုရင်(၁၅)ပါးလောက်စာချပြီး ဘယ်မှအဆက်အသွယ် မလုပ်ဘဲ ခိုအောင်းနေခဲ့ပါတယ်။ယနေ့(၁၃၆၆)ခုနှစ်တိုင် အုံးပင်ကျောင်း စာသင်တိုက်သည် သံဃာအပါး(၅၀)ပတ်ဝန်းကျင်ရှိသောစာသင်တိုက် တတိုက်အဖြစ်တည်ရှိလျှက်ရှိပေသည်။

"ရန်ကုန်သစ်ရောက်"

တပို့တွဲလရောက်တော့ ကျောင်းတော်ရာဝဲဒေါင့်သား လောကပီယ ကျောင်းမှာတဲ့ ဦးအာစယ ကကျောင်းတော်ရာထီးတင်ပွဲနှင့် ရွှေစက်တော်ဘုရားပွဲရှိတယ် လိုက်ခဲ့ပါလားဟုလာခေါ်တာနဲ့ (၁၃၃၁) ခုနှစ် တပို့တွဲလမှာ ကျောင်းတော်ရာဘုရားထီးတင်ပွဲ၊ ရွှေစက်တော် စက္ကိန်းတဲ၊ လယ်ကိုင်း၊ပွင့်ဖြူဘုရားလေးဆူကျောင်းတော်ရာ၊မကွေး မြသလွန်ပြေဆံတော် စသောဘုရားများဖူးမြော်ပြီး ကဆုန်လမှာ ရန်ကုန်ပြန် ရောက်ပါသည်။ဦးကောဝိဒ က တပည့်တော်ရဲ့ဆရာဘုန်းကြီး

ရန်ကုန်သစ်မှာရှိတယ်။ကိုယ်တော့အကြောင်းစပ်မိစပ်ရာပြောတော့ ငါ့ကျောင်းလဲစာသင်တိုက်ဖွင့်ချင်တယ်။အဲဒီဦးပဉ္စင်းလာရင် ခေါ်ခဲ့ပါလို့ ပြောတယ်။သွားကြည့်ရအောင်ဆိုပြီး ရန်ကုန်သစ် သာသနပါလကျောင်း သွားကြည့်ကြပါသည်။ဆရာတော်ဦးဥက္ကံသက ငါစာသင်တိုက်ဖွင့်ချင်တယ်။ တတ်နိုင်ရင်လုပ်ပေးပါ။အားလုံးတာဝန်ယူပါတယ်လို့ပြောတာနဲ့ ဒီလိုဆိုစမ်းပြီးလုပ်ကြည့်ကြတာပေါ့ဘုရားလို့လျှောက်ခဲ့ပါတယ်။

ဘုန်းကြီးက စိတ်တိုတယ်။ရေရောင်းစားတယ် တကာ၊တကာမ များနဲ့လဲ အဆင်မပြေလှဘူး။အရင်သံဃာတွေနဲ့လဲ အဆင်မပြေလို့ ထွက်သွားကြတယ်ဆိုတာ ဦးကောဝိဒ က ကြိုင်တင်ပြောထားလို့ သိပြီးသားဖြစ်နေပါတယ်။ကျောင်းကလဲအိမ်ကြို့အိမ်ကြားဖြစ်နေတော့ စာသင်သားသံဃာတွေနဲ့မဖြစ်နိုင်မှန်းသိပါတယ်။ဦးကောဝိဒနဲ့တိုင်ပင်ပြီး တာဝန်ယူခဲ့ကာ(၁၃၃၂)ခုနှစ်မှာ အလုံဇမ္ဗုရတနာကျောင်း မှာနေကြတဲ့ တပည့်များကလဲပြောင်းရွှေ့လာကြပြီး အပါး(၃၀)လောက်နဲ့စာသင်တိုက် စတင်ဖွင့်ခဲ့ပါသည်။ဆရာတော်ကလဲ ရှုပသိဒ္ဓိချပေးပါသည်။အစပိုင်းမှာ အာလုံး အဆင်ပြေပါသည်။(၁၃၃၃)ခု ပြာသိုလလောက်ရောက်တော့ ကလေးတွေကစားရာမှစပြီး ပုလဲသားဦးသိက္ခိတနှင့် ဒုတ်တပျက် ဒါးတပျက်ဖြစ်ကြလျှက် ဦးပဉ္စင်းတွေနှင်ချပါတယ်။ အာရုံဆွမ်းလည်း မကျွေးတော့ဘူး။ဒီလိုဆိုစာမေးပွဲဖြေပြီးလျှင် နှင်ချပေးပါမယ်။ ဒီကြားတော့တပည့်တော်တာဝန်ယူပါတယ် ဟုလျှောက်ထားပြီး ဦးပဉ္စင်း တွေကိုလဲ စာမေးပွဲပြီးလျှင်တခြားနေရာ ရှာပြောင်းဖို့ ပြောထားပါတယ်။ ဦးပဉ္စင်းလဲတခြားကိုပြောင်းမည့်အကြောင်းပြောတော့ ဦးပဉ္စင်းတွေက တခြားလဲပြောင်းမနေနဲ့တော့ ကိုယ်ကျောင်းကိုယ်တည်တာကောင်းတယ် ဟု တိုင်ပင်ကြပြီး (၁၃၃၄)ခုမှာ စာသင်တိုက် တည်ကြပါသည်။

"ထေရာဝံသပရမ္မရစာတမ်း"

ဘုရားလက်ထက် ဝိနည်းရိုးရာအရာ ဧတဒဂ်ရသော ရှင်ဥပါလိမထေရ်၄င်း၏ တပည့် ရှင်ဒါသက ၄င်း၏တပည့်ရှင်သိဂ္ဂဝ၊ ရှင်စန္ဒဝဇ္ဇီ ၄င်း၏တပည့် ရှင်မောဂ္ဂလိ ပုတ္တတိဿ၊

(မဇ္ဈိမဒေသ(၅-၆)ပါး)

ငှင်းရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ တပည့်အဆက်ဆက် ရှင်သာမဏေ၊ ရှင်ဥတ္တရ၊ ရှင်သောဘိတ၊ ရှင်သောမတ္တ၊ ရှင်သုမနတိဿ၊ ရှင်သောပါက၊ ရှင်အနောမဒဿီ၊ ရှင်အဓိသီလ၊ ရှင်ပြာဏဒဿီ၊ ရှင်ဥတ္တရ၊ ရှင်မဟာကာဠ၊ ရှင်ဓမ္မဒဿီ။
(သထုံပြည် တကျိပ်နှစ်ပါး)(၁၂ ပါး)

ငှင်းရှင်ဓမ္မဒဿီကား ပုဂံပြည်သို့ရောက်သောအခါ ရှင်အရဟံ တွင်သည်။ ငှင်းရှင်အရဟံ၏ တပည့်အဆက်ဆက် ရှင်ဂုဏသာဂရ၊ ရှင်အဂ္ဂပဏ္ဍိတ၊ ရှင်အဂ္ဂဝံသ၊ ရှင်ဥတ္တရာဇီဝ၊ ပထမဆပ္ပဒေါ ရှင်သဒ္ဓမ္မပါလ၊ ဒုတိယဆပ္ပဒေါရှင်ဉာဏသဒ္ဓမ္မ၊ တတိယဆပ္ပဒေါရှင်ဓမ္မသီရိ။(ပုဂံပြည် -၇- ပါး)

ငှင်း၏တပည့် ပုခန်းကြီး ခေမကတိုက်နေ အရှင်သုမဓမ္မစာရီ၊ ငှင်း၏တပည့် ပုခန်းကြီးမြို့အနောက်ဝါကျဉမှင်ကျောင်း အရှင်အဂ္ဂဓမ္မာလင်္ကာရ၊ ငှင်း၏တပည့် ပုခန်းကြီးမြို့ နှောင်းဘရွာ အရှင်ဓမ္မနန္ဒ၊ ငှင်း၏တပည့် နွယ်နီမုခ်ကျောင်း အရှင်ပုညဝါသီ၊ ငှင်းတပည့် ပုခန်းကြီးမြို့မြောက်လက် မအူလေးရွာ သရက်တော ကျောင်းတိုက်ဆရာတော် အရှင်သောမ၊ ငှင်း၏တပည့်စစ်ကိုင်းမြို့ စကုမှော်ကျောင်းတိုက်နှင့်စစ်ကိုင်းတောင် တောလေးထပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဝိနည်းဓိုရ်ဆဋ္ဌသံဝါယနာဩဝါဒါစရိယ အရှင်ဥတ္တမ၊ ငှင်းတပည့် အရှင်ဓမ္မာနန္ဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတပရိယတ္တိသာသနဟိတဓရ နိုင်ငံတော် ဝိနည်းဓိုရ် ( ဘဒ္ဒန္တဓမ္မာနန္ဒ ) မိမိဖြစ်သည်။

ဤတွင် ပုဂ္ဂိုလ်သမိုင်းပြီး၏။ ။

" ပရိယတ္တိသာသနာဟိတရေ "

ပရိယတ္တိစာသင်တိုက်တည်ထောင်၍ တပည့်သံဃာ(၃၀၀)ကျော်တို့အား နေ့ဝါ ညဝါများပို့ချခြင်း၊ ကျောင်းတိုက်ကြီး၏ ပဓာန နာယကတာဝန်များထမ်းဆောင်နေခြင်းများကြောင့် မန္တလေးမြို့ ပရိယတ္တိသာသနာဟိတ သင်္ကျသီဟ အသင်းကြီးက နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဖြင့် ၁၃၆၀–ပြည့်နှစ် တပိုတွဲလဆန်း(၁၄)ရက် ၁၉၉၉–ခု ဇန်နဝါရီ(၃၀)ရက်နေ့တွင် " ပရိယတ္တိသာသနာဟိတဓရဂုဏဝိသိဋ္ဌ " ဘွဲ့တံဆိပ်တော်ကိုသက်တော်(၆၃)နှစ်တွင် ချီးမြှင့်ဆက်ကပ် လှူဒါန်းခြင်းခံခဲ့ရပါသည်

" ဘွဲ့တော်ဆက်ကပ်ခြင်း "

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သာသနာရေးဝန်ကြီးဌာနမှ ၁၃၆၁–ခုနှစ် နတ်တော်လပြည့်ကျော်(၁၃)ရက် ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီ(၄)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၀) ဖြင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သက်တော်(၆၄)ခုနှစ်တွင် ဆက်ကပ်လှူဒါန်းခြင်းခံခဲ့ရပါသည်။

" အဂ္ဂမဟာပဏ္ဍိတ "

၁၃၆၅–ခု ပြာသိုလဆန်း (၁၃)ရက် ခရစ်သက္ကရာဇ် ၂၀၀၄–ခုနှစ် ဇန်နဝါရီ(၄)ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)ဖြင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သက်တော် (၆၈)နှစ်တွင် ဆက်ကပ်လှူဒါန်းခြင်းခံခဲ့ရပါသည်။

" နိုင်ငံတော်ဝိနည်းဓိုရ် "

၁၃၆၆–ခု တပေါင်းလပြည့် ခရစ် သက္ကရာဇ် ၂၀၀၅–ခု မတ်လ(၂၄)ရက်နေ့တွင် နိုင်ငံတော်ဝိနည်းဓိုရ် လက်မှက်ဆက်ကပ်ခံခဲ့ရပါသည်။

" ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ "

၁၃၆၆–ခုတန်ဆောင်မုန်းလပြည့်ကျော် (၁၃)ရက် ကြာသပတေးနေ့မှ(၁၅)ရက် စနေနေ့ (၉–၁၂–၂၀၀၄ မှ ၁၁–၁၂–၂၀၀၄)အထိ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ တော်ကြီး၌ကျင်းပသော

ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံ အစည်းအဝေးကြီးသို့စာသင်တိုက် ပဓာန နာယကအဖြစ်ဖြင့်တက်ရောက်ခဲ့ရပါသည်။နိုင်ငံ(၃၆)နိုင်ငံ တက်ရောက်ကြသည်။ဗဟိုဝန်ဆောင်အဂ္ဂမဟာပဏ္ဍိတ သံဃာ (၂၅၀) အထက်ရှိသော စာသင်တိုက်ကြီးများကို အထူးဧည့်သည်တော်အဖြစ် သီးခြားပင့်ဘိတ်၍ အဓိကဖြစ်သော ဒုတိယနေ့၊ တတိယနေ့(၂)ရက်တက် ရောက်ခဲ့ရပါသည်။ရိုးရိုးပင့်သော သံဃာတော်များမှာ ပထမဖွင့်ပွဲနေ့ တရက်သာတက်ရောက်ခွင့်ရှိကြသည်။

" ကြုံကြိုက်ခဲ့သော ထီးတင်ပွဲ "

၁၉၉၉ ခု မေလ (၄-၅-၆)ရက်နေ့က နှစ်ပေါင်း(၁၂၈)နှစ်ရှိသော မင်းတုံးမင်းကြီး၏ထီးတော်ဟောင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအဖွဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗိုလ်ချုပ်ခင်ညွန့် ဝန်ကြီးချုပ်ဦးဆောင်၍ ရွှေတိဂုံဘုရားကြီးထီးတော်အသစ်တင်လှူပွဲ၌ နိုင်ငံတော်ဗဟိုဝန်ဆောင် အဆင့်ဖြင့် ထီးတော်ကြီး အနေကဇာတင်ပွဲ ပါဝင်ဆောင်ရွက်ခဲ့ရသော ကြောင့် တသက်မှတခါ အလွန်တိုက်ဆိုင် ကြုံကြိုက် ခဲ့သောပွဲဖြစ်သည့် အတွက် ဆရာတော်များအားလုံး နှစ်သက်ဝမ်းမြောက်လို့မဆုံး ဖြစ်ခဲ့ ကြရသည်။

" အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲ "

၁၃၆၆-ခု ပြာသိုလဆန်း (၁၃ - ၁၄ )ရက် ၂၀၀၅-ခုနှစ် ဇန်နဝါရီလ(၂၂- ၂၃ )ရက် စနေ-တနင်္ဂနွေ နေ့တို့၌ ရပ်၊ ကျေး၊ မြို့နယ်၊ တိုင်း နိုင်ငံတော် ဗဟို မ.ဟ.န နှင့် ရန်ကုန်မြို့ပေါ်မှ ပင့်သံဃာ (၁၅၁) ပါးတို့အား ခြင်း၊ ထီး၊ ဖိနပ်၊ စီဝိုင်စီဒွိစုံ ဝတ္ထုငွေ (၅၀၀၀) ကျပ်စီ အနယ်နယ် အရပ်ရပ်မှ ပင့်သံဃာနှင့် ကျောင်းထိုင်တပည့်(၁၈၀)ပါး တို့အား (၂၆၀၀)တန်ဆွဲအိပ်နှင့် ထီး၊ ဖိနပ်၊ စီဝိုင်စီဒွိစုံ ဝတ္ထုငွေ(၅၀၀၀)စီ ကျောင်းတိုက်ရှိ စာသင်သံဃာ(၃၃၀)တို့အား ဆွဲအိပ်၊ ဖိနပ်၊ စီဝိုင်စီဒွိစုံ လှူဒါန်း၍ နယ်မှဧည့်သည်(၃၀၀)ကျော်လာပါသည်။ မြို့ပေါ်နှင့် ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူး ပို့ပေးပြီး တစ်ဦးလျှင် မုန့်ဘိုး(၃၀၀၀) ကျပ် စီပေးဝေရာ ငါးသိန်းရှစ်သောင်းကုန်သည်။ (၂၂)ရက်နေ့ တွင်

မြန်မာ့ခြင်းအဖွဲ့နှင့် ကိုကိုလင်းဇာတ်အငြိမ့်၊ (၂၃)ရက်နေ့တွင် မွန်ပြည်နယ် ကိုကိုနိုင်ဆိုင်းအဖွဲ့ ဖြင့် ဧည့်ခံ၍ စီးပွါးကူးသန်းဝန်ကြီးဌာန အကူ အညီဖြင့် အခမ်းအနားမှူး ဒေါ်သန်းသန်းဝင်း၊ အဆိုကျော် ရီရီသန့်အဖွဲ့ တို့ဖြင့် စီးကားသိုက်မြိုက်စွာ တပည့်တကာတကာမ အပေါင်းတို့က ပူဇော်ပွဲကျင်းပပြုလုပ်ကြပါသည်။(ထိုပွဲ၌သိန်းရှစ်ဆယ်ကျော်ကုန်ကျ ပါသည်။)



ဘွဲ့တံဆိပ်ဆက်ကပ်နေပုံ




အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ်ပြီး လိုက်ဂူမှထွက်ပုံ



အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲ ရေစက်ချပုံ





မကွေးဆရာတော်ကြီး ဘဒ္ဒန္တ ကုမာရ မထေရ်ပုံ



သိမ်အုတ်မြစ်ချကြွလာပုံ



ပဲခူးမြို့မဆရာတော်ကြီး အုတ်မြစ်ချပုံ



အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲတွင်ကြွရောက်လာသော
ဓမ္မာဝင်မြေဘုံစံ ဘဒ္ဒန္တပညိန္ဒာဘိဝံသမထေရ်



အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲ အခမ်းအနားပွင့်ပုံ



အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ပူဇော်ပွဲတွင် လှူဒါန်းစဉ်



အဂ္ဂမဟာပဏ္ဍိတဘွဲ့ပူဇော်ပွဲတွင် ဆွမ်းကပ်ပုံ





နှစ်စဉ်စာအောင်သံဃာများကို ဆုပေးပုံ



အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲ အစမ်းအနား

စစ်ကိုင်းစာသင်တိုက် ဆရာတော်ဘုရား၏
" စစ်ကိုင်းအရှင်၏ သမိုင်းစဉ် " ရတုပါဘုရား

၁။ တင့်လျှမ်းဝေဖြာ ။ ဇေဇေယျာတည့်၊ ရေဇလာရစ်ဝိုင်း၊ ရွှေစစ်ကိုင်း၏၊ ညို့မှိုင်းဖြာလွင်၊ မအူပင်ဟု၊ ဝန်းကျင်တင့်ရွှန်း၊ ရွှာသာဒွန်းရှင့်၊ ဖဿွန်းဖော်ပြန်၊ ဦးပေါ်ရှန်နှင့်၊ သက်နံ့ဖြည့်ပေ၊ ဒေါ်ငွေအေးမှ၊ ရင်သွေးရတနာ၊ ထေရ်မြတ်လျာသည်၊ ကောဇာ သက္ကရာဇ်၊ ပြန်လည်စစ်သော်၊ တစ် နှစ် ကိုး ခွန်၊ နှစ်မြတ်မွန်၌၊ လဆွန်ဝါခေါင်၊ရေဖောင်ဖောင်တည့်၊ပြုံးရောင်ရွှင်သစ်၊ ပြည့်ကျော် ဖြစ်၏၊ ဆယ့်တစ်ရက်မှာ၊ ချိန်သင့်ခါ၌၊ကြည်သာချမ်းမြေ့၊ စနေနေ့တွင်၊ မထေရ်လောင်းလျာ၊ မြင်ခဲ့ပါ၏၊ နှစ်ဖြာမိဘ၊ မြင်တွေ့ရသော်၊ အလုလည်းထူး၊ ရွှင်ရွှင်မြူးမို့၊ ကြည်နူးချမ်းမြ၊ အေးငြိမ်းရရှင့်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါထွန်းပ၊ ကယ်ကူ မမည့်၊ သားလုရင်သွေး၊ မယ့်ရင်သွေးမို့၊ပိုက်ထွေးယုယ၊ ချစ်ခင်ကြသည်၊ ကမ္ဘအောင်ပန်း တင့်တယ်ဘုရား .....

၂။ မြင့်မှန်းရွှေစာ ။ ဖွေဖွေရှာတည့်၊ ဆရာထေရ်မြတ်၊ လောင်းလျာသတ်သည်၊ သိမှတ်ဖွယ်ရာ၊ တတ်ပညာတို့၊ တတ်ပါ စေကြောင်း၊ စိတ်နေကောင်းဖြင့်၊ ငြိမ့်ပြောင်းဧရာ၊ စီးဆင်းဖြာ သည့်၊ ဇေယျာပူရ၊ မြို့ဌာန၏၊ သာစွသာယာ၊ ဘောဂါရွှေကျောင်း၊ နေကာပြောင်း၍၊ နောက်နောင်းကာလ၊ မြတ်ဗုဒ္ဓ၏၊ ဓမ္မအမွေ၊ ရရှိစေဟု၊ ဘုန်းထေရ်ကုသလ၊ ဦးကြီးဘထံ၊ ရှင်ရပြန်လျက်၊ ဉာဏ်ထက်ထက်ဖြင့်၊ ရွှန်းလန်းပညာ၊ သင်ခဲ့ပါရှင့်၊ကျမ်းစာထွေ ထွေ၊ တက်မြောက်စေဖို့၊ မာန်ကိုကျို့၍၊ အမြို့မြို့နယ်၊ အသွယ် သွယ်၏၊ပွဲလယ်ခေါင်ထိပ်၊ ကျော်သံဟိတ်သည့်၊ ကဝိပဏ္ဍိ၊ ပညာရှိ(တို့)ထံ၊ နည်းစုံခံ၍ ပြန်မြန်စိုးရ၊ ထိုဌာနမှ၊ကျင်းပခင်းရာ၊ မေးပွဲစာကို၊ ဓမ္မာစရိယ၊ အောင်ပန်းရသည်၊ဉာဏရောင်လျှမ်း ဝင့်ထယ်ဘုရား....

၃။ ဆင့်လှမ်းပြေရှာ ။ ထေရ်ဆရာကား၊ ပညာပိဋကတ်၊ ကျမ်းစာတတ်၍ ဟိုရင်ဟိုရှာ၊ မြို့တကာ၌၊ သံဃာတော်အား၊ စာပေများကို၊ ဆပွားမေတ္တာ၊ ပို့ချကာဖြင့်၊ဆရာကျင့်ထုံး၊မပျက်သုံးခဲ့၊ ကိုယ့်ဘုန်းကိုယ့်ကံ၊ ပြုစိမံဖို့၊ ချိန်တန်ရောက်က၊ သုဝဏ္ဏခေါ်၊ ရွှေမြို့တော်၌၊ ဆွေဖော်ပတ်ဝိုင်း၊ ရံယှက်သိုင်း၍၊ စစ်ကိုင်းသာစွ၊ ဤဌာနကို၊ ဒုက္ခများစွာ၊ ရင်းပြုကာဖြင့်၊ဘာသာပြန့်ရေး၊ စတည်ပေးခဲ့၊ ဟိုရှေးကတည်း၊ ဆိုရေးရှိရှင့်၊ လယ်လုပ်မခက်၊ လယ်တီခက်၏၊ ကျောင်းထိုင်မခက်၊ ကျောင်းတည်ခက်၏ စဉ်ဆက်စကား၊သိပါပြောလည်း၊ မြတ်ဖျားသာသနာ၊သုံးသိက္ခာ၏ အခြေကျသည့်၊ ဂဏ္ဌဓုရကိုယ့်ကိစ္စကို၊နေ့ညမကွာ၊ သင်ပေးပါ၏။ ပညာပြည့်လျှမ်း လုံ့လစွမ်းကြောင့်၊အောင်ပန်းဆင်ရာ၊ ခုချိန်ခါ၌ သုံးရာကျော်ကောင်း၊ သံဃာပေါင်းနှင့် နှစ်ထောင်းရှင်ပျံ၊ဖူးတွေ့ရရှင့်၊ ထေရ်ရဂုဏ်ရည်၊ စုံအညီမို့၊ မြန်ပြည်စိုးရ၊ ကြည်ညိုလှ၏။ အဂ္ဂမဟာ၊ပဏ္ဍိတာဟုဆက်ကာနင်းလှူ ကုသိုလ်ယူ၍၊ ရှင်လူဖျဖျ၊ ပူဇော်ကြသည်၊ သံဃာခေါင်ပန်း၊မြင့်ကြွယ်ဘုရား .....

အရှင်သောဘဏ
( ရွှေမြင့်မိုရ်ကျောင်းတိုက် )

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တဓမ္မာနန္ဒ
မဟာထေရ်မြတ်အား
ဂုဏ်ပြုပူဇော်အပ်သော
ထပ်ကွန့် ( ၈၀ ) ပေါ်တေးထပ်

⁘ သဃင်္န်းကျွန်းမြို့နယ် ကြငှာန်းအခေါင်တင့်၊
နန်းဆောင်အမြင့် ကျက်သရေဖြာ။
လျှမ်းပြောင်သဘင့် အခက်ဝေဆာသည်၊
တက်နေပမာညီ ရောင်ထိန်လင်း။
သမိုးလွှာတင်ထိုက်, ကသိုဏ်းမဟာယှဉ်ခိုက်,
စစ်ကိုင်းစာသင်တိုက် စံနိုင်းစရာအတည်၊
မြန်တိုင်းဌာနီ ရန့်လှိုင်လို့သင်း။ ။ ။

⁘ အမှန်ဆယူပြ, စံအလှမူချ,
ဂန္ထဓူရ ပရိယတ်စာပေ၊
အသိဓာတ်ဖြာခြွေဆောင်ရှက်လင်း။
ကဝိမြတ် သဒ္ဒါဝေ ခေါင်ကနက်ချင်းစေဖို့၊
အောင်စက်နဝင်း စုံလင်။
ဓမ္မာစရိယာ ဟိတ်အရှိန်ကြွပါလို့၊
နိမိတ်သရိန်ခ မြူးကြွဂုဏ်ရောင်လွင်။ ။ ။

⁘ သာသန မာမက, ဂါရဝ ပဏ္ဏာသ,
ပဓာနနာယက ထေရ်ဘုန်းအရှင်သည်၊
နေနှုန်းအသွင် ဇမ္ဗူမြေတင့်ပါလို့။
သမုဒ္ဒေရှင့် သမိုင်းဖော်ညွှန်းယှဉ်၊
"စစ်ကိုင်း"မော်ကွန်းတင်။ ။ ။

✽ အနဂ္ဃရတနာ စံညီပြ, ထက်လှသဘာ ဉာဏ်ရှိစွ,
အဂ္ဂမဟာပဏ္ဍိတ နိမိတ်စန်းယှဉ်သည်၊
တံဆိပ်ပန်းသဇင် ဂုဏ်မြင့်ယဉ်ဖျာ့လေး။ ။ ။

✽ ပြိုင်စံမဟော် အချိုးကျ, ကြိုင်လျှံမော် တန်ခိုးကြွ,
နိုင်ငံတော်အစိုးရ ထက်ရပ်ယူမျှော်၊
ဆက်ကပ်ပူဇော် လှူဒါန်းသည်ဖျာ့လေး။ ။ ။

✽ မြေပထဗျာ စံအလှ, ရွှေစာအမှန်ပြ,
ထေရ်ဓမ္မာနန္ဒ အနဂ္ဃမဟာဂုဏ်၊
အဂ္ဂနှစ်ဖြာစုံ မကိုင်ရှုဆင်ဖျာ့လေး ။ ။ ။

✽ ပူဇော်ကြောင်းပြု , တူပျော်ကောင်းမှု ,
ယူမျှော်တောင်းဆု အမိဋ္ဌာန်ခြွေရည်၊
နိဗ္ဗာန်ရွှေပြည် အတူလှမ်းရန်ဖျာ့လေး ။ ။ ။

ဦးသုရ
ပထမကျော် (ကျော်လေးကျော်)
သာသနာရေးဦးစီးဌာန

ရှစ်ဆယ်ပေါ် ထပ်တွန့်တေးထပ်

၁။ ထုံစွာစုံစွာ အကုန်ပန္နာတင့်
ရဂုံဝနာတစ်ခွင် ကြိုင်လျှမ်းစွာ
ပဒုမ္မာအပွင့် ခိုင်ပန်းမာလာရယ်
မြိုင်တန်းသာသနာ ကြူကြူသင်း။
အချက်ကြမှန်စွာသိရ၊ အနဂ္ဃရတနာလျှံပြည့်ဝ
အဂ္ဂမဟာပဏ္ဍိတ၊ ပူဇော်သဘင်ကို
တူပျော်ရွှင်ရွှင် အသေချာခင်း။

၂။ နှိုင်းရန်ကုန်စွာ၊ ဝိုင်းပြန်စုံလှ
တိုင်းရန်ကုန်က ရှုတိုင်းကောင်းမြိုက်ပါသည်
စစ်ကိုင်းကျောင်းတိုက်တာ ဂုဏ်ဝါသတင်း။
သမိုင်းကောင်းမြိုက်ခါ စုံစွာလင်းသည်မို့
ဒဂုံမြန်မာအတွင်း မွေးရန့်ဖြာ။
ထက်စွအလျှင် အလှူတော် အလှူတော်ရဲ့ပါလို့
အဂ္ဂအရှင်ပူဇော် ပူဇော်ပွဲတွေက
တူပျော့ တူပျော်နွဲတဲ့ မင်္ဂလာ။

၃။ သီလ သမာ ပညာ သတင်းတွေက
ပီသစွာ ထင်စွာလင်းပါလို့
သင်္ဃာအတွင်း နိုင်ငံမြေအပြင်၊
လှိုင်ရန့် ကြိုင်ပျံ့ဝေလွှင်။
“ အဂ္ဂမဟာပဏ္ဍိတ ” ဂုဏ်ပန်းသခင်ကို
စုံပြွမ်းလှူရှင် ပူဇော်ဆင်လို့လေး။

၄။ အမြင်စန်းဝင်းအရှယ်လှ၊ အသွင်မှန်းညွန်းဖွယ်ပ၊
သဃ်န်းကျွန်းနယ်က စစ်ကိုင်းထေရ်မြတ်သခင်ကို
ပရမေမြတ်အသွင် ရှိခိုးတင်လို့လေး။
အကယ်အရာရာကြောင်းကြည့်
အသွယ်သွယ်အရာရာကောင်းဘိ။
အနယ်နယ်ဒကာ ဒကာမအပေါင်း၏
ပေါင်းစုသဘင်ကို ကောင်းမှုအစဉ်
သာဝုခေါ်ဘုရားလေး။ ။

အရှင်တေဇနိယ ( စာချဆရာတော် )
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊
ဗဟန်း။

## "သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ"

ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်သော ထုံးတမ်းအစဉ်အလာသည် ယခုခေတ်မှ ပေါ်ပေါက်လာသည် မဟုတ်ပေ။ လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော် ဗုဒ္ဓလက်ထက်တော်ကပင် ပေါ်ပေါက်ခဲ့ပေသည်။ အရာဌာနအလိုက် အများနှင့်မတူ သူတကာထက်ထူးချွန်သော ပုဂ္ဂိုလ်များအား ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် စတင်တီထွင်၍ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်တော်မူခဲ့ကြောင်းကို နိကာယ်ငါးရပ်အပါအဝင် အင်္ဂုတ္တရနိကာယ်၌ တွေ့ရှိရပါသည်။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မိမိတို့ ရှေးဆုတောင်းကောင်းမှု ပါရမီအားလျော်စွာ သူတကာထက် ထူးချွန်သော မထေရ်မြတ် (၄၁)ပါး၊ ထေရီ (၁၃)ပါး၊ ဥပါသကာအမျိုးသား (၁၀)ဦး (တဖုဿနှင့် ဘလ္လိက ညီနောင်နှစ်ဦးကို ပူးတွဲထားသည်။)၊ ဥပါသိကာအမျိုးသမီး (၁၀)ဦးတို့အား " ဧတဒဂ် " ဘွဲ့ထူးဖြင့် ချီးမြှင့်ခဲ့သည်။

ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်တော်မူပြီး နှစ်အတော်အကြာတွင် ဗုဒ္ဓသာသနာသည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင်မှေးမှိန်လာခဲ့ပြီး သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာနိုင်ငံ)၌ ထွန်းကားလာခဲ့လေသည်။

သီဟိုဠ်ကျွန်း မင်းဆက်များအနက် ဗုဒ္ဓဘာသာကို ကြည်ညိုကြသော မင်းများလက်ထက်၌ စာပေကျမ်းဂန်တတ်ကျွမ်းသော သာသနာပြုရဟန်းတော်တို့အား သံဃရာဇာဘွဲ့၊ ရာဇာဂုရုဘွဲ့၊ မဟာသာမိဘွဲ့၊ ကဝိစက္ကဝတ္တိဘွဲ့၊ ဝါစိဿရသံဃရာဇာဘွဲ့ စသည်ဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရပေသည်။

မြန်မာနိုင်ငံ၌လည်း ဗုဒ္ဓသာသနာပြု မင်းကောင်းမင်းမြတ်များသည် သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် ပြည့်စုံတော်မူသည့် ကျမ်းတတ်အကျော်ဆရာတော်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့ကြောင်းသိရှိရပေသည်။ ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ် ဟူသည်နှင့်အညီ ( ၁၂၄၇ )ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရပေသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့၏ ဗုဒ္ဓသာသနာအပေါ် အထူးယုံကြည်လေးစားမှုများကို သိရှိကြသဖြင့် မြန်မာပြည်ကို အုပ်ချုပ်သည့် အင်္ဂလိပ်အစိုးရက ပိဋကတ်စာပေ တတ်မြောက် ကျွမ်းကျင်ကြသူရဟန်းရှင်လူတို့အား ပညာအရည်အချင်းအလိုက် ရွေးချယ်သို့နိုင်း၍ ဘွဲ့တံဆိပ်တော်နှင့် ဆုတော်ငွေများ ထောက်ပံ့လှူဒါန်းလိုကြောင်း၊ မည်သည့်ပညာ အဆင့်အတန်းမှာ မည်သည့်ဘွဲ့တံဆိပ်တော်မျိုးနှင့် သင့်လျော်ကြောင်း ဆရာတော်သဘောရှိရာ စိမံချက်ကို လိုက်နာမည့် အကြောင်း မုံရွာမြို့ရှိ လယ်တီဆရာတော်ဘုရားထံ လျှောက်ထားခဲ့ဖူးကြောင်း သိရလေသည်။

အင်္ဂလိပ်အစိုးရသည် ( ၁၂၇၆ ) ခုနှစ်မှစ၍ ( ၁၃၀၂ )ခုနှစ်တိုင်အောင် နှစ်စဉ် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့လေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် မြန်မာအစိုးရမင်းများက ( ၁၃၁၂ ) ခုနှစ်မှစ၍ နှစ်စဉ် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့လေသည်။

( ၁၃၁၅ ) ခုနှစ်မှစ၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အပြင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ပါ ဆက်ကပ်လှူဒါန်းခဲ့ရာ(၁၃၂၃) ခုနှစ်အထိဖြစ်ပါသည်။ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ကောင်စီလက်ထက်တွင် ( ၁၃၄၀ )ပြည့်နှစ်မှစ၍ အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့လေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ လက်ထက်တွင် ယခင်အစိုးရများက ဆက်ကပ်လျက်ရှိသော အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ် တော်များအပြင် စာချဘွဲ့တံဆိပ်(၃)မျိုး၊ ကမ္မဋ္ဌာန်းနည်းပြ ဘွဲ့တံဆိပ် (၃)မျိုး၊ ဓမ္မကထိကဘွဲ့တံဆိပ်(၂)မျိုး၊ အမျိုးသား သာသနနုဂ္ဂဟ ဘွဲ့တံဆိပ်(၄)မျိုး၊ အမျိုးသမီး သာသနာနုဂ္ဂဟဘွဲ့တံဆိပ်(၄)မျိုးတို့ကို အသစ်တီထွင်၍ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၄၁/၉၁)ဖြင့်၊ (၁၉၉၁)ခုနှစ် အောက်တိုဘာ(၂၄)ရက် (၁၃၅၃-ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းခဲ့ပေသည်။ယင်းအမိန့်ကြော်ငြာစာအရ သာသနာပြုဘွဲ့တံဆိပ် တော်ပေါင်း(၂၂)မျိုးရှိကြောင်း သိရှိလေသည်။

အဆိုပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်(၂၂)မျိုးတို့မှာ ဖော်ပြပါအတိုင်း ဖြစ်ပေသည်။

(၁) အဘိဓဇမဟာရဋ္ဌဂုရု
(၂) အဂ္ဂမဟာပဏ္ဍိတ
(၃) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ( ပထမစာချ )
(၄) မဟာဂန္ထဝါစကပဏ္ဍိတ ( ဒုတိယစာချ )
(၅) ဂန္ထဝါစကပဏ္ဍိတ ( တတိယစာချ )
(၆) အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ( ပထမအဆင့် )
(၇) မဟာကမ္မဋ္ဌာနစရိယ ( ဒုတိယအဆင့် )
(၈) ကမ္မဋ္ဌာနစရိယ ( တတိယအဆင့် )
(၉) မဟာဓမ္မကထိကဗဟုဇနဟိတဓရ (ပထမအဆင့်)
(၁၀) ဓမ္မကထိကဗဟုဇနဟိတဓရ ( ဒုတိယအဆင့် )
(၁၁) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ( အဆင့်မြင့်)
(၁၂) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ( ပထမအဆင့် )
(၁၃) မဟာသဒ္ဓမ္မဇောတိကဓဇ ( ဒုတိယအဆင့် )
(၁၄) သဒ္ဓမ္မဇောတိကဓဇ ( တတိယအဆင့် )
(၁၅) အဂ္ဂမဟာသီရိသုဓမ္မဏိဇောတဓရ ( အဆင့်မြင့်)
(၁၆) သီရိသုဓမ္မဏိဇောတဓရ ( ပထမအဆင့် )
(၁၇) သီဟသုဓမ္မဏိဇောတဓရ ( ဒုတိယအဆင့် )
(၁၈) သုဓမ္မဏိဇောတဓရ ( တတိယအဆင့် )
(၁၉) အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ (အဆင့်မြင့် )
(၂၀) သီရိသုဓမ္မသိင်္ဂီ ( ပထမအဆင့် )
(၂၁) သီဟသုဓမ္မသိင်္ဂီ ( ဒုတိယအဆင့် )
(၂၂) သုဓမ္မသိင်္ဂီ ( တတိယအဆင့် )

အထက်ပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်(၂၂)မျိုးအပြင် သာသနာရေးဦးစီးဌာနမှနှစ်စဉ်ကျင်းပသော တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကတ် သုံးပုံကို အာဂုံသဘော ရေး/ ဖြေနှစ်မျိုး အောင်မြင်တော်မူပြီးသည့် ဆရာတော်များအား သတ်မှတ် ထားသည့် နှစ်ကာလပြည့်မြောက်ပါက နိုင်ငံတော်အစိုးရက အခါအား လျော်စွာ "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ချီးမြှင့်ကြောင်း လေ့လာသိရှိပါသည်။

ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် ဖော်ပြခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များကို လွတ်လပ်ရေးနေ့ရောက်တိုင်း အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ လူပုဂ္ဂိုလ် အမျိုးသား၊ အမျိုးသမီးတို့အား ဆက်ကပ်လှူဒါန်းအပ်နှင်း ခဲ့ပါသည်။ ယင်းသို့ အမိန့် ကြော်ငြာစာထုတ်ပြန်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း ခြင်းခံရသည့် ပုဂ္ဂိုလ်များ အားပင့်ဖိတ်၍နှစ်စဉ်တပေါင်းလပြည့်နေ့တွင်ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် တက်ရောက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများ၊ လူပုဂ္ဂိုလ် အမျိုးသား၊ အမျိုးသမီး တို့အား သာသနာတော် ဆိုင်ရာဘွဲ့တံဆိပ်တော်လက်မှတ်နှင့် အဆောင်အယောင်များကို ဆက်ကပ် လှူဒါန်းအပ်နှင်းခဲ့ပါသည်။

" အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ " ဘွဲ့တံဆိပ်တော်ရ ဆရာတော် များအတွက် နိုင်ငံတော် အစိုးရက ဖော်ပြပါအဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြောင်း သိရှိရပါသည်။

( ၁ ) ဘွဲ့ရဆရာတော်များ၏ အမည်နှင့် ဘွဲ့တံဆိပ်တော်အမည်ပါရှိသော ငွေရောင်ခံဆုံလည် ကြေးတံဆိပ်တုံး အဝိုင်းတစ်ခု၊
( ၂ ) ဘွဲ့ရဆရာတော်။ ဘွဲ့အမည်နှင့် ဘွဲ့တံဆိပ်အမည်ပါရှိသော ရိုးရိုးရာဘာတံဆိပ်တုံး အဝိုင်းတစ်ခု၊
( ၃ ) တံဆိပ်ရိုက်မှင်ခံနှင့် မှင်ပုလင်းတစ်စုံ၊

( ၄ ) အမှတ်စဉ် (၁၊ ၂၊ ၃၊)ရှိ ပစ္စည်းများထည့်ရန် ပိုးဖဲအတွင်းခံ လုပသော ကျွန်းသေတ္တာတစ်လုံး၊

( ၅ ) ဘွဲ့တံဆိပ်တော်အမည်ပါ ပိုးဖဲရွှေချည်ထိုးအလံတစ်ခုနှင့်ခုံ၊

( ၆ ) ဘွဲ့ရဆရာတော်အတွက် ကန္တကဒဏ်ထီးဖြူတစ်လက်၊

( ၇ ) ဘွဲ့တံဆိပ်တော်အမည်ပါ ဘွဲ့လက်မှတ်ကြီးတစ်ခုတို့ဖြစ်ပါသည်။

အထက်ပါ အဆောင်အယောင်များအပြင် " အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ကုန်း/ရေ အခမဲ့ စီးခွင့်လက်မှတ်ကို လှူဒါန်းကြောင်းသိရှိရပါ သည်။ ခရီးသွားရာတွင် ဘွဲ့ရဆရာတော်နှင့်အတူ ပစ္စာသမဏ(သို့မဟုတ်) ကပ္ပိယတစ်ဦးကို အခမဲ့စီးခွင့်ပြုကြောင်းလည်း သိရသည်။ နှစ်စဉ် နဝကမ္မ ငွေကျပ် ( ၁၀၀၀၀/)-( ကျပ် တစ်သောင်းတိတိ ) ကိုလည်း လှူဒါန်းကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ကြည်ညို သဒ္ဓါပွားနိုင်စေရန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအကြောင်း သိကောင်းစရာများကို လေ့လာတင်ပြ လိုက်ရပေသတည်း။

ဦးမြတ်ထွေး ( ဘုန်းမြိုင် )
ဒေါပုံမြို့နယ် စာနယ်ဇင်းအဖွဲ့၊ နာယက

သုတေသနစာကြည့်တိုက်
အမှတ် ၂၇၅၉၃
ရက်စွဲ...... ...... .... ...


# သိမ်ကျောင်းအတွက်တိုက်တွန်းချက်

************************************

၁။ သာသနာပြုလို မျှားလူဗိုလ် သိမ်ကိုအမိက လှူဒါန်းကြ၊

၂။ သိမ်မရှိလျှင် ရဟန်းပင် ပြုချင်ပါလှ ပြုမရ၊

၃။ ရဟန်းသံဃာ ဆိတ်သုဉ်းပါ သာသနာကွယ်ရ မြဲမှုချ၊

၄။ ဗုဒ္ဓသာသနာ ကွယ်သောခါ သုံးပြာကုသလ ပြုမရ၊

၅။ ထိုကြောင့်သာသနာ တည်လိုပါမူ ကြည်ပြုသဒ္ဓါ
ထက်သန်စွာပြင့် မဟာသိမ်ကြီး အပြီးတိုင်မြောက်
ဆုံးခန်းရောက်အောင် ကျိုးမျှော်ထောက်ရှု ပေါင်းစုညီညာ
ပေးလှူပါလော့၊



## ✽ သိမ်ကျောင်းအတွက် တိုက်တွန်းချက် ✽

၁။ သာသနာပြုလို များလူမိုလ် သိမ်ကိုအဓိက လှူဒါန်းကြ။

၂။ သိမ်မရှိလျှင် ရဟန်းပင် ပြုချင်ပါလှ ပြုမရ။

၃။ ရဟန်းသံဃာ ဆိတ်သုဉ်းပါ သာသနာကွယ်ရ မြဲမုချ။

၄။ ဗုဒ္ဓသာသနာ ကွယ်သောခါ သုံးဖြာကုသလ ပြုမရ။

၅။ ထို့ကြောင့် သာသနာ တည်လိုပါမူ ကြည်ဖြူသဒ္ဓါ ထက်သန်စွာဖြင့် မဟာသိမ်ကြီး အပြီးတိုင်မြောက် ဆုံးခန်းရောက်အောင် ကျိုးမျှော်ထောက်ရှု ပေါင်းစုညီညာ ပေးလှူ ပါလော့။

design New Day Tel: 201437, 298642.